

ငါသည်သာ ပန်းဖြစ်ရျ
နောက်တစ်ကြိမ်ပြန်ပွင့်ခွင့် ရခဲ့သော်...
တာရာမင်းဝေ
www.mmcybermedia.com

# ငါသည်သာ ပန်းဖြစ်၍ နောက်တစ်ကြိမ်ပြန်ပွင့်ခွင့် ရခဲ့သော်

## တာရာမင်းဝေ

### အခန်း ၁

ဘတ်(စ်)ကားကတော့ ခပ်ကျပ်ကျပ်ပဲဖြစ်သည်။ ဗိုက်ထဲမှာ 'ဉ' တွေကို အများကြီးသယ်ဆောင်ထားသည့် ကိုယ်ဝန်ဆောင်လိပ်မကြီး (ဆေးထိုးဆေးသောက်ရမှာကိုလည်း ကြောက်သည့်အပြင်၊ ပိုက်ဆံလည်း နမြောတတ်သော လိပ်မကြီး) အထူးကုဆရာဝန်ဆီ သွားနေသည့်နှယ် တရွေ့ရွေ့နှင့် လေးလံစွာရွေ့လျား သွားလာနေသည်။ ဘတ်(စ်)ကားစီးလေ့စီးထမရှိသော 'ဓာရီ' အတွက် အတော်ပင် ကသိကအောက်နိုင်သောကိစ္စ ဖြစ်လေသည်။ ဆင်းရမည့်မှတ်တိုင်ကလည်း အတော်လိုသေးသည်။ လူက မလူးသာ၊ မလွန့်သာ။ ဤမျှပြည့်ကျပ်နေသော လူများကြားမှာ ဖင်ပြန်ခေါင်းပြန် တိုးဝှေ့သွားလာ နေနိုင်သော စပယ်ယာကိုလည်း အံ့ဩမိ၏။ ထိုစပယ်ယာသာ 'လူ' မဟုတ်ဘဲ 'ဘောလုံး' ဆိုလျှင် ဟိုဘက်ဂိုးပေါက်နှင့် ဒီဘက်ဂိုးပေါက်ကို ကူးချည်သန်းချည်ဖြစ်နေပြီး ပွဲကလည်း အတော်ကြည့်ကောင်းနိုင်သည်။

အကြံ့သမားယောက်ျားတစ်ယောက်က 'ဓာရီ'ကို ခန္ဓာကိုယ်ချင်း ထိကပ်နိုင်ရန် မသိမသာ ကြိုးစားနေ၏။

"ဟင်..."

ချက်ချင်းဆိုသလိုပင် 'ဓာရီ'က ရိပ်မိလိုက်ပြီး...

"ဟေ့လူ..."

"အင်... အဲ... ဗျာ"

ထိုသူက အူကြောင်ကြောင်မျက်နှာထားလုပ်နေသဖြင့်...

"ကျွန်မက 'တိုင်' မဟုတ်ဘူးနော်"

"ဗျာ..."

"ကျွန်မက 'တိုင်' မဟုတ်ဘူးလို့၊ ခုံစောင်းလည်း မဟုတ်ဘူး၊ လာဖိမှာစိုးလို့ ကြိုပြောထားတာ"

"ဩော်ဗျာ ... ကားက ကျပ်လို့ပါ"

"ကျွန်မလည်း ကျပ်တာပဲ၊ ဒါပေမဲ့ ဘယ်ယောက်ျားနားမှကပ်ဖို့ မကြိုးစားဘူး"

ကားပေါ်မှလူများက ဓာရီနှင့် ထိုလူကို အကဲခတ်ကြည့်ကြ၏။ နဂိုကမှ ဥပဓိရုပ်မကောင်းလှသော ထိုသူသည် မျက်နှာပုပ်သိုးသွားကာ…

"အသားလွတ်ကြီး လာဟောက်နေပါလားဗျ ခင်ဗျားက…"

စပယ်ယာက သူတို့ကို တစေ့တစောင်းကြည့်ပြီး…

"ကားက လူကျပ်ချိန်ဖြစ်နေတယ်ဗျာ၊ တစ်ယောက်နဲ့တစ်ယောက် မောင်နှမလို သဘောထားပြီး စီးကြပါ"

ထိုအချိန်မှာပင် ထိုင်ခုံမှာ ထိုင်၍ လိုက်ပါလာသော လူငယ်တစ်ဦးက နေရာမှထလိုက်ပြီး…

"ကဲ… ကဲ…"

ဓာရီကော၊ အကြံသမားပါ ထိုလူငယ်ကို လှမ်းကြည့်လိုက်မိကြ၏။ ထိုလူငယ်က…

"ဒီခုံမှာ လာထိုင်လိုက်ပါ"

မိန်းကလေးဖြစ်ပြီး ဣန္ဒြေအတွက် ကာကွယ်နေရသူ 'ဓာရီ'ကို ဖယ်ပေးသည် ထင်သော်လည်း မဟုတ်ပါချေ။ သူဖယ်ပေးသည်က အကြံသမားကို …

"ထိုင်… ထိုင်…. ခင်ဗျားထိုင်လိုက်"

အကြံသမားကလည်း အငမ်းမရပင် ဝင်ထိုင်လေ၏။ သူတို့နှစ်ယောက် နေရာချင်းလဲသလို ဖြစ်သွားကြပြီး ထိုလူငယ်က ဓာရီ့အပါးမှာ လာရပ်၏။ အကြံသမားက ခုံပေါ် ထိုင်ကနန်း ကျသွားပြီးချိန်မှာ လူငယ့်ကို ကြည့်ပြီး…

"အေးဗျာ… ခင်ဗျားတို့က နားလည်တတ်တယ်"

လူငယ်က  အေးအေးဆေးဆေးပင်။

"နားလည်ပါတယ်"

"ခင်ဗျားက ဘယ်ထိသွားရမှာလဲ"

"ဆူးလေ"

"ဟင်… ဂိတ်ဆုံးပဲကိုး၊ အဝေးကြီးပဲ"

"ရပါတယ်… ထိုင်ပါ၊ ခင်ဗျားက ထိုင်မှဖြစ်မှာ၊ နို့မို့ ဒီကောင်မလေးနား မကပ်ရရင် တခြားကောင်မလေးနား သွားကပ်နေဦးမယ်၊ အဲဒီတော့ ခင်ဗျား ခုံမှာပဲထိုင်နေ"

"ဟင်... ဘာ.... ခင်ဗျား"

အကြံသမားမျက်နှာက ပြန်လည်ရှုံ့တွပုပ်သိုးသွား၏။ ခုံဘေးမှ လူများက လူငယ်၏ စကားကို သဘောကျသွားဟန်ဖြင့် ပြုံး၏။ ဓာရီကလည်း ထိုလူငယ်၏ လုပ်ရပ်ကို ယခုမှပင် သဘောပေါက်နားလည်သွားသည်။ ထိုလူငယ်၏ အပေါ်မှာလည်း ကျေးဇူးတင်စိတ်နှင့်တကွ ခင်မင်စိတ်ပါ ပါသွားသည်။

လူငယ်ကို တစေ့တစောင်း အကဲခတ်မိသည်။ ဥပတိရုပ်က ချောမောသည်ဟု မဆိုနိုင်သည့်တိုင်သန့်ပြန့် ကြည်လင်သည်။ အသက်(၂၅)နှစ်ခန့် ရှိနိုင်၍ သူမနှင့်ရွယ်တူခန့်ဟု ထင်ရသည်။ မျက်နှာက အတော်တည်ကြည်သည်။ မည်သည့် ခံစားချက်မှမပေါ်ဘဲ ငြိမ်သက်လျှို့ဝှက်သော အသွင်အပြင် ပိုင်ရှင်ဖြစ်သည်။ အသားအရေက ကြည်လင်ဝင်းဝါနေပြီး သူ့ကို ကြည့်ရတာ အေးချမ်းမှုကို ခံစားရလေသည်။ 'ဓာရီ'က လူငယ်ကို တစ်ချက်ပြုံးပြလိုက်ပြီး...

"သူက ကျွန်မကို 'တိုင်' မှတ်နေတာ"

"အဲဒီလိုရယ်တော့လည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုပါလိမ့်"

"သူက ခင်ဗျားကို 'တိုင်' အောက်မေ့ရင် နပ်လုမ်းသုတ်မှာပေါ့"

"အမ်... အဟင်း"

"အခုဟာက ခင်ဗျားကို 'တိုင်'မဟုတ်မှန်း သိလို့ပါ"

ထို့နောက် လူငယ်က 'ဓာရီ'ကို တစ်ချက်စေ့စေ့ကြည့်ကာ . . .

"ကျွန်တော်ကတော့ ခင်ဗျားကို ခင်ဗျားမှန်းသိပါတယ်"

"ကျေးဇူးပဲ၊ ကျွန်မလည်း ကားပျက်သွားလို့ ရရာဘတ်(စ်)ကားကို တက်စီးရတာ"

"သိပါတယ်"

"ဟင်... ဘယ်လိုလုပ် သိတာလဲ"

"ကျွန်တော် ပြတင်းပေါက်ဘေးကခုံမှာ ထိုင်နေတာပဲ။ မှတ်တိုင်နားမှာ ခင်ဗျားရဲ့ကိုယ်ပိုင်ကားလေး ပျက်နေတာကိုလည်း တွေ့တယ်၊ ပြီး... ခင်ဗျားကားကို ဒရိုင်ဘာနဲ့ထားခဲ့ပြီး ဒီဘတ်စ်ကားကို စီးဖို့လာနေတာလည်း တွေ့တယ်။ နောက်... ဒီနားမှာ လာရပ်နေတာကိုလည်း တွေ့တယ်"

"သြော်..."

ဓာရီ ဘာဆက်ပြောရမည် မသိတော့။ လူငယ်က သူမကို မကြည့်ဘဲ ဆက်ပြောလေသည်။

"အဲဒါကြောင့် ခင်ဗျားကို သူဌေး ဒါမှမဟုတ် သူဌေးသမီးဆိုပြီး ဖားယားကူညီတာလို့ ထင်မသွားဘူးလား"

"အာ... ရှင်... မဟုတ်တာ"

"မဟုတ်ပါဘူး၊ ကျွန်မစိတ်ထဲမှာ အဲဒီလို သဘောမထားပါဘူး... ဘာညာတွေ ပြောမနေပါနဲ့တော့ဗျာ"

မပြောပါဘူး။ ဓာရီ အနည်းငယ် အောင့်သက်သက်ဖြစ်သွားသည်။ လူငယ်ကတော့အေးအေးဆေးဆေးပင်။ ဘာမှလည်း ဆက်မပြောတော့။ နှစ်ယောက်သား စကားမဆိုတော့ဘဲ ငြိမ်သွားကြသည်။ ခုံမှာဝင်ထိုင်နေရသည့် အကြံသမားက မျက်နှာ မပူချင်ယောင်ဆောင်နေသော်လည်း ထိုင်ရတာ ဖင်ပူပုံတော့ရသည်။ ကားအပြင်ကိုသာ မဲကြည့်ပြီး မရိုးမရွလည်း ဖြစ်နေသေး၏။

ကားက တစ်မှတ်တိုင်ပြီးတစ်မှတ်တိုင် ကျော်ဖြတ်လာသည်။ ဓာရီကလည်း သူ့လိုပင်ဆူးလေကျမှဆင်းရမည်ဖြစ်၏။ ရောက်ဖို့က လိုတော့လိုပါသေးသည်။ လူငယ်ကို မသိမသာစောင်းငဲ့ကြည့်လိုက်တော့ ဓာရီစိတ်ထဲမှာထူးဆန်းသလို ခံစားလိုက်ရ၏။ လူငယ်က တစ်စုံတစ်ရာကိုအာရုံခံစားနေသည့်ဟန်ဖြင့် မျက်လုံးအစုံ တောက်ပငြိမ်သက်ကာ မျက်နှာကလည်း လေးနက်နေသည်။

သူမ ကြည့်နေသည်ကိုလည်း သတိထားမိပုံမပေါ်။ ထို့သို့ဖြင့် မသိမသာမဟုတ်တော့ဘဲ သိသိသာသာပင် ဓာရီ သူ့ကို ငေးကြည့်နေလိုက်သည်။ ခဏကြာမှ လူငယ့်မျက်နှာက ပြန်လည်လှုပ်ရှားလာကာ

"ဦးလေးကြီး"

မလှမ်းမကမ်းမှ သားသားနားနားဝတ်ဆင်ထားသည့် လူကြီးတစ်ယောက်ကို လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။ ထိုလူကြီးက သူ့ခေါ်သည်ကို သတိပြုမိပုံမပေါ်။ သူက ထပ်ပြီး . . .

"ဦးလေးကြီး၊ ဟို... လွင်မိုးပုဆိုးဝတ်ထားတဲ့ ဦးလေးကြီး"

ဒီတစ်ခါတော့ သူ့အသံက အတန်ငယ်ကျယ်သွားလို့လား၊ ဘာကြောင့်လဲတော့မသိ။ အသက်ငါးဆယ်ခန့်ဝန်းကျင် လူကြီး အားလုံးကလှည့်ကြည့်ကြသည်။ တစ်ယောက်မှတော့ ခန့်ချောကြီးတွေ မဟုတ်ကြချေ၊ သူက လူရွေးပေး၏။

"ဒီ... ဦးလေးကြီးကို ပြောတာ"

သူပြောသည့် ဦးလေးကြီးက အံ့သြသွားဟန်ဖြင့် . . .

"ငါ့ကို... ဟုတ်လား"

ထိုဦးလေးကြီးက ဟိုတုန်းက ရုပ်ရှင်မင်းသားကြီး ဦးကျော်လုံးနှင့် တူသည်။ သူက . . .

"ဟုတ်တယ်... ဦးလေးကြီးကို ပြောတာ"

"ဘာများတုံး"

"ဦးလေးကြီးရဲ့ လက်ကိုင်အိတ်ကို ခါးပိုက်နှိုက်က ဓားနဲ့ခွဲထားတယ်၊ ပစ္စည်းကိုတော့ သူနှိုက်မယူရသေးဘူး၊ အိတ်က ပေါက်နေပြီဆိုတော့ ပစ္စည်းတွေထွက်ကျကုန်မှာ စိုးလို့"

"ဟေ"

သူ့စကားကြောင့် ဘတ်စ်ကားပေါ်က ခရီးသည်အားလုံး မျက်လုံးပြူးသွားကြ၏။ မျက်မှန်တပ်ထားသူများကမူ မျက်မှန်ကို ချွတ်၊ မျက်လုံးကို လက်နှင့်ပွတ်ပြီးမှ သူများတွေနှင့်အမီ လိုက်ပြူး၏။

"ဟာ...ဟုတ်ပါရဲ့"

ထိုဦးလေးကြီးကသူ့အိတ်ကို စစ်ဆေးရင်း အထိတ်တလန့် ရေရွတ်၏။ အတော်အသင့်ရှည်လျားသော ဓားချက်ရာ တစ်ခုနှင့်အတူ အိတ်က ပိပိရိရိကွဲနေသည်။ ပစ္စည်းတွေကတော့ ထွက်မကျသေး။

"ဒါ... ဒါဆို ကားပေါ်မှာ ခါးပိုက်နှိုက် ပါလာတာပေါ့"

"ဘယ်သူလဲ၊ ဘယ်မှာလဲ"

"စပယ်ယာ စပယ်ယာ လာပါဦး"

တစ်ယောက်တစ်ပေါက် အသံတွေ ဆူညံပြီး ထိုလူကြီးနံဘေးမှ လူများသည် ရှဲခနဲ ဘေးကို ခွာထွက်ကြ၏။ စပယ်ယာက အနားသို့ရောက်လာကာ...

"ဘာဖြစ်ကြတာတုံး"

"ခါးပိုက်နှိုက် အိတ်ကို ခွဲသွားတယ်"

"ဘာတွေ ပါသွားလဲ"

"ဘာမှတော့ မပါသေးဘူး အိတ်ကိုပဲ ခွဲရသေးတယ်၊ မနှိုက်ရသေးဘူး"

"ဟင်... ဒါဖြင့် ဒီခါးပိုက်နှိုက်က ကားပေါ်မှာပဲ ရှိနေသေးတာပေါ့"

ခရီးသည်များက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။ စပယ်ယာကတော့ ထိုမျှ အချိန်မပေးနိုင်သဖြင့် ထိုလူကြီး၏ မျက်နှာကိုပဲ ကြည့်ကာ...

"ဒီနေရာမှာပဲ ရပ်နေတာကြာပြီလား"

"ကြာပြီ"

"အိတ်ကွဲနေတာကို ဘယ်တုန်းက သိတာလဲ"

"ခုပဲသိတာ၊ ဟို… ဒွေးအင်္ကျီဝတ်ထားတဲ့ကောင်လေး ပြောတာ"

ရှုပ်ထွေးနေသော အခြေအနေကြားထဲမှာပဲ ဓာရီ ရယ်ချင်သွား၏။ လူငယ့်ကိုလည်း စောင်းငဲ့ကြည့်မိပြန်သည်။ ဒွေးနှင့် မတူပါ။ ဂျက်လီနှင့်တူသည်။ သို့သော် သူ့မျက်နှာက သိမ်မွေ့ပျော့ပျောင်းသည်။ စပယ်ယာက…

"ခါးပိုက်နှိုက်က ဒီအိတ်ကို ဓားနဲ့ခွဲတာ ညီလေးတွေ့လိုက်လို့လား"

သူက အေးအေးဆေးဆေးပင် ခေါင်းညိတ်ပြလိုက်၏။

"အင်း…"

"ဘယ်တုန်းက ခွဲတာလဲ"

"စောစောကပဲ"

"ဒါဖြင့် ခါးပိုက်နှိုက်က ကားပေါ်မှာပဲပေါ့"

"အင်း…"

စပယ်ယာက ကပျာကယာပင် ဒရိုင်ဘာကို

"ဆရာရေ… ရဲစခန်းကို မောင်း"

ဒရိုင်ဘာကလည်း နားစွန်နားဖျားကြားနေပြီဖြစ်၍…

"ခါးပိုက်နှိုက်ကို မိထားပြီလား"

"အခု… သူ… ကားပေါ်မှာပဲ၊ စခန်းရောက်မှ ရှင်းမယ်"

ဒရိုင်ဘာက ဘာမှဆက်မမေးတော့ဘဲ ရဲစခန်းဘက်ဆီသို့သာ ချိုးကွေ့ပြီး ကားကို အမြန်မောင်းတော့၏။ လမ်းပေါ်မှ တခြားကားများက သူတို့ကားကို အံ့သြသလို ကြည့်ကြ၏။ အရေးပေါ်ကိစ္စ တစ်ခုခု ဖြစ်မှန်းတော့ ရိပ်မိကြပုံရသည်။ ကားပေါ်က ခရီးသည်တွေက ခေတ္တငြိမ်သွားကြသည်။ တချို့ကလည်း ကိုယ့်အိတ် ကိုယ်စစ်နေကြသည်။ အတန်ကြာတော့ ပွစိပွစိအသံလေးတွေ ထွက်လာသည်။

"ဒုက္ခပါပဲကွာ… အလုပ်တော့နောက်ကျပါပြီ"

"အေးဗျာ… ရဲစခန်းမှာ ကြာဦးမှာ"

"ဟုတ်ပါ့တော်"

တချို့ကလည်း အိတ်ခွဲခံရသော ဦးလေးကြီးကို ဖျောင်းဖျသောလေသံဖြင့်...

"ခင်ဗျားပစ္စည်းလည်း ပါသွားတာမှ မဟုတ်ဘဲဗျာ၊ ရဲ တိုင်မနေပါနဲ့တော့"

ဦးလေးကြီးက ရှုံးရှုံးရွဲရွဲဖြစ်သွား၏။ (ဦးကျောက်လုံးနှင့်တူသောကြောင့် သူ့ကို ဦးကျောက်ပြားဟု ယာယီမှည့်ခေါ်လိုက်ကြပါစို့)

ဦးကျောက်ပြားက . . .

"ရဲ မတိုင်လို့ ကျုပ်က ဘယ်သူ့တိုင်ရမှာလဲ"

"အဲ..."

သူပြောတာကလည်း ဟုတ်တုတ်တုတ်ဖြစ်နေသဖြင့် ဘယ်သူကမှ ဘာမှ ပြန်မပြောနိုင်။ ဦးကျောက်ပြားကဆက်၍...

"ပစ္စည်းပါမသွားဘူး ဆိုဦးတော့။ ကျုပ်အိတ်က ကွဲသွားပြီ၊ ကျုပ် ဘယ်လိုလုပ် ကျေနပ်လို့ရမှာလဲ"

"ရဲတိုင်တော့လည်း ခင်ဗျားအိတ်ကြီးက ပြန်စေ့သွားမှာမှ မဟုတ်ဘဲ"

"အေးလေဗျာ... အိမ်ရောက်မှ မိန်းမကို ပြန်ချုပ်ခိုင်းလိုက်ပေါ့"

"ဟုတ်ပါ့တော်... ရဲကများ အပ်နဲ့အပ်ချည်ယူပြီး သူ့အိတ်ကို ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်ချုပ်ပေးမှာ ကျနေတာပဲ"

"ဟုတ်တယ်၊ ကျုပ်တို့လည်း အဲဒါပြောနေတာပေါ့။ ရဲစခန်းသွားလို့လည်း ဘာထူးမှာလဲ။ အခုအကုန်လုံး နှောင့်နေးကြရတယ်"

ထိုအချိန်တွင် အသားမည်းမည်း ပိန်ရှည်ရှည်နှင့် တိုက်ပုံအင်္ကျီပေါ်တွင် ရင်ထိုးတစ်ခုထိုးထားသော လူတစ်ယောက်က...

"ကျုပ်တို့ဆင်းနေပြီ၊ ကားပြောင်းစီးရင် ကောင်းမယ်ထင်တယ်"

"ခင်ဗျားက ခါးပိုက်နှိုက်မို့လို့ ဆင်းမှာလား"

"ဟင်... ကျုပ်က ဘာလို့ နှိုက်ရမှာတုန်း၊ ကျုပ်ရုံးကို လာကြည့်ပါလား၊ ကျုပ် ဘာကောင်ဆိုတာ ခင်ဗျားသိသွားရမယ်"

စပယ်ယာက စိတ်ရှုပ်လာဟန်ဖြင့် ဝင်အော်၏။

"တော်ကြပါတော့ဗျာ တော်ကြပါတော့"

"မဟုတ်ဘူးလေ... ဒီလူလုပ်တာက ခါးပိုက်နှိုက်ဆင်းပြေးလို့ရအောင် 'ဂွင်' ဖန်ပေးသလို ဖြစ်နေတယ်"

"ဘာမှ မဆိုင်ဘူး ကိုယ့်လူ၊ မတရားမပြောနဲ့၊ နေရင်းထိုင်ရင်း ရဲစခန်းမလိုက်ချင်လို့"

"အို... ကိုယ့်စိတ်ကိုယ် လုံရင်ပြီးတာပါပဲဗျာ၊ ခါးပိုက်နှိုက် ဘယ်သူဆိုတာ ရဲစခန်းရောက်ရင် ပေါ်သွားမှာပဲ၊ ခင်ဗျားမဟုတ်ရင်ပြီးတာပဲ"

"ဟာ... ကျုပ်က ရင်ထိုးကြီးနဲ့ဗျ"

"ဘာဆိုင်လို့တုံး"

"သူပြောတာလည်း ဟုတ်သလိုလိုပဲရှင့်၊ ခါးပိုက်နှိုက်ကတော့ ရင်ထိုး ထိုးထားမှာ မဟုတ်ဘူး"

"ရင်ထိုးပေါ်မှာ ခါးပိုက်နှိုက်လို့ ဘယ်ရေးထားမတုံး"

"တော်ကြပါတော့၊ တော်ကြပါတော့"

စပယ်ယာ၏ အော်သံအဆုံးမှာ ဒရိုင်ဘာကလည်း စိတ်မရှည်သလို လှည့်မေး၏။ သူ့စိတ်ကို တစ်နာရီ မိုင်သုံးဆယ်ထက် မပိုရန် ထိန်းချုပ်ထားရပုံ ပေါ်သည်။

"ဘယ်လိုလဲ... ရဲစခန်းကိုမောင်းရမှာလား၊ မမောင်းရဘူးလား"

အားလုံးကိုယ်စား စပယ်ယာက ဝင်ဖြေသည်။

"မောင်းဆရာ မောင်း...၊ ဆရာမောင်းမှ ရဲစခန်းကိုရောက်မှာ၊ ရဲတွေက သူတို့ဂိတ်တဲကို ဒီထိ တွန်းလာမှာ မဟုတ်ဘူး"

ထို့နောက် စပယ်ယာကပင် . . .

"ကဲ... ခရီးသည်အားလုံး နားထောင်ကြ"

အားလုံးငြိမ်သွားကြ၏။ စပယ်ယာက မည်သို့မည်ပုံ ဖြေရှင်းပေးမည်ကို စိတ်ဝင်စားသွားကြပုံရသည်။

"ကျွန်တော်တို့အနေနဲ့ ခါးပိုက်နှိုက် ဘယ်သူဘယ်ဝါ ဆိုတာကို ခုချိန်ထိ မသိသေးပါဘူး၊ ကျွန်တော်တို့ရဲ့ဝတ္တရားအရ ရဲစခန်းကို မောင်းပေးဖို့ပဲရှိပါတယ်"

ထို့နောက် 'အဟမ်း... အဟမ်း'ဟု ချောင်းရှင်းကာ ဆက်ပြော၏။

"တခြားအကြောင်းတွေလည်း ရှိပါသေးတယ်၊ တချို့ခါးပိုက်နှိုက်တွေဟာ ဒရိုင်ဘာတို့၊ စပယ်ယာတို့နဲ့ ပေါင်းပြီး လုပ်ရှားတတ်ကြပါတယ်၊ ကျွန်တော်တို့က အဲဒီထဲမပါ,ပါဘူး၊ အဲဒီကိစ္စကိုလည်း အမြင်ရှင်းအောင် လုပ်ရပါလိမ့်မယ်"

ခရီးသည်အတော်များများ၏ ပါးစပ်အတော်များများက စပယ်ယာ၏ စကားအဆုံးမှာ ဦးကျောက်ပြား၏ အခွဲခံရသော အိတ်ကြီးလို ဟပြဲကြီးဖြစ်သွားကြသည်။ သို့သော် ဦးကျောက်ပြား၏အိတ်ထဲမှ ပစ္စည်းများနယ် ဘာမှတော့ ထွက်ကျမလာချေ။ အဝမှာပဲ တစ်နေကြ၏။ အတန်ကြာမှ တစ်ယောက်က...

"အဲဒီ ခါးပိုက်နှိုက်ကိုက ရိုက်သတ်ဖို့ကောင်းတယ်"

"အေးလေ... သေဒဏ်ပေးပစ်လိုက်ရင် ပြီးရော"

"နောက်ဆို ဘတ်(စ်)ကားတွေပေါ်မှာ လျှပ်စစ်ကုလားထိုင်တပ်ပြီးတော့ ထိုင်ခိုင်းပြီးသတ်ပစ်ရမယ်"

မအူမလည်လူတစ်ယောက်က မျက်လုံး ပေကလပ် ပေကလပ်နှင့် ထိုစကားဝိုင်းထဲသို့ ဝင်ပြော၏။

"ခါးပိုက်နှိုက်ဖြစ်တာလေးနဲ့တော့ သေဒဏ်မပေးသင့်ပါဘူးဗျာ"

"ခင်ဗျားက ခါးပိုက်နှိုက်နဲ့ ဘာတော်လို့တုံး"

မနေနိုင် မထိုင်နိုင် ဝင်ပြောမိသူက မျက်နှာမဲ့ခွက်ခွက်နှင့်ဖြစ်၏။ မျက်နှာမှာ 'စ၊ ခ၊ ဗ၊ ဝ' တံဆိပ် နှိပ်ထားသလို ဉပမိမျိုး ဖြစ်သည်။

"အင်း... ခါးပိုက်နှိုက်က သူ့ဆွေမျိုးဖြစ်နိုင်တယ်"

"ဟုတ်တယ်...၊ သူနဲ့ မျက်နှာပေါက်တူတဲ့လူကို ရှာကြည့်စမ်း"

ကျန်သော ခရီးသည်များပင်လျှင် ကိုယ့်ကိုယ်ကို ထိုသူနှင့် ရုပ်ချင်းဆင်မိမှာကို အသည်းတယားယား ဖြစ်သွားကြ၏။ နီးစပ်သူများက အိုးတိုးအမ်းတန်းဖြစ်ကုန်ကြပြီး လုံးဝကွဲပြား ခြားနားသူများကမူ ခေါင်းကို မော့ထားကြသည်။ ထိုကဲ့သို့ ပွစိပွစိစကားသံများနှင့်ပင် ဓာရီတို့၏ ဘတ်စ်ကားကြီးက ရဲစခန်းဝန်းအတွင်းသို့ ဝင်ရောက်လိုက်ပြီ ဖြစ်လေ၏။

အခြေအနေကို ရိပ်စားမိပုံရသော တာဝန်ကျရဲသားများက ဘတ်(စ်)ကားကို ဝိုင်းထားလိုက်ကြသည်။

"ကဲ... ဆင်း... အကုန်လုံးဆင်းကြ"

ဓာရီလည်း လိုက်ဆင်းရ၏။ လူငယ်ကလည်း ဓာရီနောက်မှ ကပ်ပါလာသည်။ ရဲသားများ စနစ်တကျ စစ်ဆေးနိုင်ရန် အတွက် သူတို့တွေ စနစ်တကျစီတန်းပြီး ရပ်ပေးရသည်။ ထိုသို့ ရပ်ကျတော့လည်း လူငယ်က 'ဓာရီ' နားမှာ။

"ခါးပိုက်နှိုက်ကို ညီလေးက မြင်လိုက်တယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်သူတုန်း လက်ညှိုးထိုးပြပါ"

လူငယ်က လက်ညှိုးထိုးမပြချေ။ အင်းမလှုပ် အဲမလှုပ်ဖြစ်နေသည်။ ပုံစံကတော့ ခပ်တည်တည် ခပ်အေးအေးဖြစ်၏။

"ညီလေး ခါးပိုက်နှိုက် ဘယ်သူလဲဆိုတာ တစ်ခါတည်း ပြောပြလိုက်ပါ"

"ကျွန်တော် မပြောချင်ဘူး"

"ဘာဖြစ်လို့လဲ"

"မပြောချင်ဘူးဗျာ"

ထိုအခါ ကြွက်စီကြွက်စီအသံများ ထွက်လာကြပြန်၏။

"ဟုတ်သားပဲ... သူ ဘယ်ပြောရဲမလဲ၊ ခါးပိုက်နှိုက်က သူ့ကိုရန်လုပ်မှာပေါ့"

"ဒါပေါ့ ... ခါးပိုက်နှိုက်တွေကလည်း အဖွဲ့လိုက် လှုပ်ရှားတတ်ကြတာ၊ ဒီခါးပိုက်နှိုက် အဖမ်းခံရရင် ပါလာတဲ့အဖော်က သူ့နောက်မသိမသာလိုက်သွားပြီး ဓားနဲ့ကပ်ထိုးလိုက်ရင် ဘယ်လိုလုပ်မတုံး"

"ခက်တော့ ခက်သားပါပဲဗျာ . . .၊ အမှန်တော့ ဟိုလူကြီးကကို မကောင်းတာ"

သူတို့ရည်ညွှန်းသူက အိတ်ခွဲခံရသူ ဦးကျောက်ပြားကို။ ဦးကျောက်ပြားက ဒေါ်ပွသွားကာ . . .

"ဘယ့်နယ်လုပ် ကျုပ်က တရားခံပြန်ဖြစ်နေရတာတုံး"

"မနေနိုင်မထိုင်နိုင် ဘတ်စ်ကားပေါ် ဒီအိတ်ကြီးနဲ့ တက်လာတာကိုးဗျ၊ လူအထင်ကြီးအောင် ဆွဲလာတာကိုး"

"ဘာကွ"

စစ်ဆေးနေသော ရဲသားက အသံမာမာဖြင့် . . .

"ကဲ... အားလုံးတိတ်ကြစမ်းဗျာ၊ နားညည်းတယ်"

အားလုံး ငြိမ်သွားကြပြန်သည်။ တစ်ယောက်မှ မလှုပ်ကြတော့။ ထိုခရီးသည်များတွင် ရာဇနေဝင်း ပါလာလျှင်တော့ မည်သို့နေမည် မပြောတတ်ချေ။ (ဤကား စကားချပ်)

"ညီလေးက ခါးပိုက်နှိုက်ကို တကယ်မပြောဘူးလား"

ရဲသား၏အမေးကို လူငယ်က မည်သို့မှပြန်မဖြေ။ သူ့ကြည့်ရတာကြောက်၍ မပြောခြင်းတော့ ဟုတ်ပုံမရ။ သူ့ကို ဓာရီဖြင့် နားမလည်နိုင်ချေ။ ထိုအချိန်မှာပင် ဝါရင့်နေပြီဖြစ်ပုံရသော ရဲကြပ်ကြီးတစ်ဦး ရောက်ရှိလာကာ အခြေအနေကို မေး၏။ လူငယ်က ခါးပိုက်နှိုက် မည်သူမည်ဝါဖြစ်သည်ဟု ထုတ်မပြောခြင်းသည် ထိန်ချန်မှုများ ဖြစ်သွားနိုင်မလား။ အာဏာဖီဆန်မှုနှင့်ရော အကျုံးဝင်သလား။ နံဘေးမှ ဓာရီ စိုးရိမ်စိတ်ဝင်လာသဖြင့် အနီးရှိ အဘွားကြီး တစ်ယောက်ကို လက်ညှိုးညွှန်ပြကာ...

"သူလား"

"မဟုတ်ဘူး"

နောက်ထပ်ချာတိတ်လေးတစ်ယောက်ကို ညွှန်ပြလိုက်သည်။

"သူရော..."

"မဟုတ်ဘူး"

နောက်ထပ်အဘိုးကြီးတစ်ယောက်ကို ညွှန်ပြကာ...

"သူရော..."

"နီး..."

"သူ..."

"နော်"

သူက ပြင်သစ်လို ပြန်ဖြေခြင်းဖြစ်သည်။ အဓိပ္ပာယ်ကတော့ မဟုတ်ဘူးဟဲဖြစ်၏။ အစဉ်လိုက်အတိုင်းတွင် တွေ့ရသော အမျိုးသမီးတစ်ယောက်ကို လက်ညှိုးထိုးကာ...

"ဒီအန်တီကြီးလား"

"အိုကွယ်... အိုးစွတ်မစား၊ ခွက်စွတ်မစား၊ ကျုပ်က ခါးပိုက်နှိုက် ဘယ့်နှယ်ဖြစ်ရမှာတုံး"

ထိုအန်တီကြီးကို လှည့်ရှင်းနေရသေး၏။

"သည်းခံပါ အန်တီရယ်...။ အန်တီက ဟိုအန်ကယ်လ်ကြီးရဲ့ခါးကိုပိုက်ပြီး ပိုက်ဆံမနှိုက်ဘူးဆိုတာတော့ ကျွန်မလည်း သိပါတယ်။ ဒါပေမဲ့ မျက်မြင်သက်သေရှေ့မှာ သေချာအောင် ကျွန်မလည်း မေးရတာပါ"

ထိုအချိန်မှာပင် ထိုလူငယ့်ထံမှ အသံထွက်လာ၏။

"တမေပါ"

ကရင်လို 'မဟုတ်ဘူး'ဟု ဖြေခြင်းဖြစ်သည်။ အမြင်ကပ်ကပ်နှင့် ဓာရီသူ့ကို မျက်စောင်းထိုးမိသေး၏။

"သူရော"

"ဟင့်အင်း"

"သူ..."

"ကြံကြီးစည်ရာဗျာ"

"ဒီတစ်ယောက်"

"အဝေးကြီး"

"ဒီပုဂ္ဂိုလ်ကြီးကော..."

"တောက်တီးတောက်တဲ့"

ထိုကဲ့သို့ စဉ်ကာဆက်ကာ မေးသွားပြီး တစ်နေရာအရောက်တွင်တော့ 'ဓာရီ'အမေးအတွက် သူ့ထံမှ အဖြေစကား ထွက်မလာချေ။

"ခါးပိုက်နှိုက်က သူလား၊ ဟိုအန်ကယ်လ်ကြီးရဲ့အိတ်ကိုဓားနဲ့ခွဲတာ သူလား"

" ..."

"ဖြေလေ"

"...."

"ဒါဆိုရင် သူပေါ့၊ သူက ခါးပိုက်နှိုက်ပေါ့... ဟုတ်လား"

လူငယ်က ဘာမှပြန်မဖြေဘဲ သက်ပြင်းတစ်ချက်ချ၏။ သို့ဆိုလျှင် ဓာရီ လက်ဆွဲပြလိုက်သည့် လက်ရှိလူက ခါးပိုက်နှိုက်ပဲပေါ့။ အားလုံး အံ့သြမှင်သက်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုခါးပိုက်နှိုက်က ကိုယ်ဝန်ဆောင် မိန်းမကြီးတစ်ဦး ဖြစ်နေသောကြောင့်ပင်။ အရပ်စကားဖြင့်ပြောရလျှင် ခါးပိုက်နှိုက်က 'ဗိုက်ကြီးသည်' ဖြစ်နေသည်။

ထိုအချိန်မှာပင် ဝါရင့်ရဲကြပ်ကြီးက လူငယ်အား စေ့စေ့ကြည့်ကာ...

"ဩော်… ဒါကြောင့် ငါ့ညီက မပြောချင်တာကိုး"

ခေါင်းတဆတ်ဆတ်ညိတ်လျက် ဆက်ပြော၏။

"ဒါပေမဲ့ မပြောလို့လည်း မပြီးဘူး ငါ့ညီ၊ လောကမှာ ဘယ်သူ့မှ မသနားနဲ့၊ သနားသင့်ခြင်း၊ မသနားသင့်ခြင်း ဆိုတာဟာ လောကပါလစည်းမျဉ်းတွေ၊ တရားဥပဒေတွေနဲ့ပဲ ပတ်သက်တယ်၊ သူ့ကို လွှတ်ပေးလိုက်လို့ လွတ်သွားရင် နောက်ထပ် အခွဲခံရမယ့် အိတ်တွေက မင်းကိုကျိန်ဆဲကြမှာပေါ့ကွယ်"

ထိုအခါကျမှ လူငယ်ထံမှ စကားသံ ထွက်လာ၏။

"ကျွန်တော့်အထင်ပြောရရင် သူ့မှာ အပေါင်းအသင်းပါသေးတယ်"

"အထင်လား"

"ဟုတ်တယ်… အထင်ပဲ၊ ဒါပေမဲ့ သေချာမှာပါ"

"ဒါဆိုရင်လည်း ပြောစရာရှိတာပြောလိုက်ပေါ့ ညီလေးရယ်၊ ခုမှတော့ မထူးတော့ပါဘူး"

လူငယ်က ဓာရီ့အနားတိုးကပ်ရန် ကြိုးစားသော အကြံသမားကို လက်ညှိုးညွှန်ပြကာ…

"အဲဒီလူက ဒီအမျိုးသမီးနားကို အတင်းဝင်ကပ်ဖို့ ကြိုးစားရင်း စကားကတောက်ကဆ ဖြစ်ကြတယ်၊ ကားပေါ်က လူတွေက သူတို့ဆီအာရုံရောက်သွားတဲ့အချိန်မှာ ဒီအမျိုးသမီးက ဒီအန်ကယ်လ်ကြီးရဲ့အိတ်ကို ခွဲလိုက်တယ်၊ မျက်လုံးထဲမှာ လက်ခန် မြင်လိုက်ရသလိုရှိပေမယ့် မသေချာသေးဘူး၊ သူတို့ အကွက်ဆင်ပြီး လုပ်တာမှန်း နောက်မှ တဖြည်းဖြည်း သိလိုက်တာ"

ဝါရင့်ရဲကြပ်ကြီးက အကြံသမားကို ခပ်စူးစူးကြည့်ပြီး ထို့နောက် ခါးပိုက်နှိုက်အမျိုးသမီးကို ထပ်ကြည့်၏။ လူငယ်က ဆက်ပြောသည်။

"အခု ဒီမှာရပ်နေရင်းကမှ ကျွန်တော် ထပ်သိလာတာရှိတယ်၊ အဲဒီအမျိုးသမီးရဲ့ ကိုယ်ဝန်က အစစ်မဟုတ်ဘူး၊ အတုကြီးဗျ"

"အဲဒါကို ရှင်က ဘယ်လိုလုပ်သိတာလဲ"

လူငယ်က ပြန်မဖြေလိုက်ရပါ။ ရဲကြပ်ကြီးက အခုမှ အောင်မြင်ခန့်ညားသောလေသံကိုသုံးကာ…

"ရပြီ ညီလေး၊ မင်း… ဘာမှဆက်ပြောစရာ မလိုတော့ဘူး"

ထို့နောက် ရဲသားဘက်သို့ လှည့်ကာ…

"ဒါကြောင့် ဒီခါးပိုက်နှိုက်မိန်းမကို ငါ မြင်ဖူးပါတယ် အောက်မေ့နေတာ"

"သူက အရင်အမှုဟောင်းရှိလို့လား ဆရာ"

"အိုး... တသီကြီးပေါ့ကွာ"

"ဟိုယောက်ျားနဲ့ ပင်းပြီး ခါးပိုက်နှိုက်တာ ဟုတ်လား"

"အေး... သူတို့က လင်မယားလေ"

"သြော်... နှစ်ယောက်စလုံး ခါးပိုက်နှိုက်တွေပဲပေါ့"

"ပြောနေစရာ လိုသေးလို့လားကွာ၊ မင်းကလည်း တုံးလိုက်တာ၊ ခါးပိုက်နှိုက်လောကမှာ ကိုကိုကြီးတို့လင်မယား ဆိုတာ နာမည်ကြီးပေါ့"

"သြော်... သြော်"

"ကိုကိုကြီးတို့ လင်မယားကို ခေါ်ထားလိုက်၊ ကျန်တဲ့ခရီးသည်တွေအားလုံး ကားပေါ်ပြန်တက်ပါစေ၊ သွားခွင့် ပြုလိုက်တော့"

ဤသို့ဖြင့်ပင် သူတို့တွေရဲ့စခန်းမှ ပြန်လည်လွတ်မြောက်လာကြလေသည်။ သို့သော် ကားပေါ်ပြန်အတက်မှာ ထိုလူငယ်က ဓာရီ့နောက်မှာ ပါမလာချေ။ ကားနောက်ပေါက်အနီးမှာ ဘာကိုမှ စိတ်မဝင်စားသလို အေးအေးလူလူ ရပ်နေ၏။ 'ဓာရီ'ကသာ သူ့ကိုလှမ်းကြည့်သော်လည်း သူက 'ဓာရီ့'ကို မကြည့်ချေ။

ဓာရီ ထိုနေ့က အရှေ့ဆုံးခုံကို နောက်ကျပြီးမှ ရောက်၏။ အရှေ့ဆုံးစာရေးမလေးတွေက ဗိုင်းမေးကြသည်။

"မမ ဘာလို့ နောက်ကျတာတုံး"

"ခလုတ်တိုက်လို့"

ထိုသို့သာ ပြန်ဖြေလိုက်၏။ နောက်တစ်နာရီကြာလျှင် 'ဓာရီ' နောက်ကျခြင်း၏ အကြောင်းအရင်းသည် 'ဖားပြုတ်ကိုက်လို့' ဟု ဖြစ်သွားလေသည်။ ထို့ထက် ပိုကြာသွားလျှင် 'တရုတ်ရိုက်လို့'ဟု ဖြစ်သွားပေလိမ့်မည်။ ဘာပဲပြောပြော ဓာရီကတော့ ဟိုလူငယ်ကို 'အပုတ်ကြိုက်' သွားလေသည်။

အချစ်ရေ . . .

ကြိုမသိနိုင်တဲ့

အိပ်မက်တစ်မက် မက်ဖို့အတွက်

ကိုယ့်အား

အိပ်စက်ခွင့်ပြုပါ။ ။

ဤနေ့တော့ ကားကို ဒရိုင်ဘာအား မမောင်းခိုင်းဘဲ ဓာရီကိုယ်တိုင် မောင်းထွက်လာခဲ့သည်။ ခေါင်းထဲမှာတော့ အလုပ်ကိစ္စတွေ ပလုံစီဝေနေသည်။ တွေးရင်းမမောင်းနဲ့ မောင်းရင်းမတွေးနဲ့ဟုဆိုကြသော်လည်းကိုယ်မှမတွေးလျှင် ဘယ်သူမှဝင်တွေးပေးမည်မဟုတ်။ ဓာရီတို့တွင် စတိုးဆိုင်ကြီး လေးဆိုင်ရှိသည်။အားလုံးကို ဓာရီကပဲ အုပ်ချုပ်ရသည်။ ပစ္စည်းအသယ်အပို့၊ အတင်အထုတ် ကိစ္စတွေကအကြောင်းမဟုတ်၊စိတ်ချရသည့်လူယုံတွေ၊ အလုပ်သမားတွေရှိသည်။ အားမရသည်က ဆိုင်မှအရောင်းဝန်ထမ်းတွေ။ တစ်ယောက်ကနားလေးနေသည်။ ခန့်စဉ်ကာလက အကောင်း၊ ခုမှ တဖြည်းဖြည်း နားလေးလာသဖြင့် ထုတ်ပစ်ရအခက်၊ ဆက်ထားရအခက် ဖြစ်နေသည်။

တစ်ယောက်ကတော့ ဂဏန်းပေါင်းစက်ကို ခလုတ်မှားမှားနှိပ်သည်။ ငွေအပေးအယူကိစ္စများတွင် မကြာခဏ အငြင်းအခုံ ဖြစ်နေရ၏။ တစ်ယောက်ကတော့ ကြက်သွန်ဖြူတွေ စားလွန်းသဖြင့် ခန္ဓာကိုယ်မှ ကြက်သွန်ဖြူနံ့တွေ ထွက်နေတတ်သည်။

သူ့ကိုဆိုလျှင် ဓာရီ ခပ်လှမ်းလှမ်းမှပဲ ဆက်ဆံနိုင်၏။ တစ်ယောက်က မျက်လုံးမသိမသာစွေနေသည်။ 'ဝယ်သူက သူ့ကိုဂရုမစိုက်၊ သူမေးတာကိုစိတ်ဝင်တစား နားမထောင်'ဟူသော အမြင်မျိုးကိုဖြစ်စေသည်။ အများစုကတော့ အရောင်းစာရေးမ တန်မဲ့နှင့် မင်းသမီးရှုံးအောင် ဝတ်စားပြင်ဆင်လာတတ်သော မိန်းမမျိုးလေးများ၊ လီယိုနာဒိုနှင့် ဒမ်မီမိုးတို့အကြောင်းကို လျှာပါးအောင် ပြောနေလေ့ရှိကြသည်။

ဈေးဝယ်လာသူကို အရေးတယူမရှိလှသောပုံစံဖြင့် သူ့လက်သည်းကိုသာ သူငုံ့၍ ဆေးဆိုးနေတတ်ကြသည်။ သွေးရိုးသားရိုး အားနည်းချက်များက အကြောင်းမဟုတ်၊ အလုပ်ကိုမလေးစားသော ထောင့်မကျိုးမှုများက ဓာရီလက်မခံနိုင်သော အချင်းအရာများဖြစ်သည်။

"ကျွိ... ကျွိ"

ဓာရီ ကမန်းကတန်း ဘရိတ်ကို အုပ်လိုက်သည်။ မလှမ်းမကမ်း ပလက်ဖောင်းပေါ်မှာ ဆူဖြိုးသန်မာသည့် သူတောင်းစားတစ်ယောက်ကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။ ကားတံခါးပိတ်၍ ဆင်းလိုက်ပြီး ထိုသူတောင်းစားထံ လျှောက်သွားလိုက်သည်။ ညကပဲ ဟာသတိုလေးတစ်ပုဒ်ကို ဖတ်ခဲ့ရသည်။ သူတောင်းစားနှင့်ပတ်သက်၏။

သူတောင်းစားတစ်ယောက်က ဦးထုပ်ကိုရှေ့ချပြီး လမ်းဘေးတွင် ပိုက်ဆံတောင်းနေသည်။ လူတစ်ယောက်က ဦးထုပ်ထဲကို ပိုက်ဆံပစ်ထည့်ပေးရင်း သိချင်သည့်မေးခွန်းတစ်ခုကိုမေး၏။

"ခင်ဗျားကဦးထုပ်နှစ်လုံးတောင် ချထားတာကိုး၊ ဒီဦးထုပ်က ပိုက်ဆံတောင်းတဲ့ ဦးထုပ်ဆိုရင် ဟိုဘက်ဦးထုပ်က ဘာတုံး"

"ဟိုဘက်ဦးထုပ်ကလည်း ပိုက်ဆံတောင်းတာပါပဲ၊ ခုတလော အလုပ်အကိုင်ကောင်းလို့ ဆိုင်ခွဲဖွင့်ထားတဲ့ သဘောပါ"

ထိုဟာသတိုလေးကိုဖတ်ပြီး စတိုးဆိုင်ခွဲတစ်ခုထပ်ဖွင့်ရန် ကြိုးစားနေသောဓာရီပင် တွန့်သွားမိသည်။ နောက်တစ်ပိုဒ် ရှိသေးသည်။ သူဌေးကြီးက ပိုက်ဆံစွန့်ကြဲတာ နည်းသဖြင့် သူတောင်းစားက စောဒက တက်သည်တဲ့။

"သူဌေးကြီးက ဒီလောက်ပဲလားဗျာ...။ မနေ့ကသူဌေးကြီးရဲ့သားကျွန်တော့်ကို စွန့်ကြဲသွားတာ ဒီဆယ်ဆလောက် ရှိတယ်"

သူဌေးကြီးကအေးအေးဆေးဆေးပင်ပြန်ပြောသည်တဲ့။

"ဒါကတော့ သူကသူဌေးသားကိုး၊ ငါကသူဌေးသားမှမဟုတ်တာ" ... တဲ့

သူတောင်းစားကြီးရှေ့ကို ဖြည်းဖြည်းမှန်မှန်နှင့် ဓာရီလျှောက်သွားလိုက်သည်။ ထိုကဲ့သို့ ဖြည်းဖြည်းမှန်မှန် လျှောက်သွားခြင်းသည် မည်သူ့အဆုံးအမကြောင့်မှ မဟုတ်သလို ဣန္ဒြေထိန်းလိုသောကြောင့်လည်း မဟုတ်ချေ။ သူမ စီးထားသည့် ဒေါက်ဖိနပ်၏ အကန့်အသတ်ကြောင့်ဖြစ်လေသည်။

"ရော့"

သူတောင်းစား၏ရှေ့မှ ခွက်ထဲသို့ ငါးရာတန်တစ်ရွက်ကို ပစ်ထည့်ပေးလိုက်သည်။

"ဟင်"

သူတောင်းစားကြီးက အံ့ဩသွားပုံရသည်။ အလှူရှင်ဖြစ်သော သူမကို ငါးရာဖိုးပြန်ပြုံးပြ၏။ သို့သော် ဓာရီက ထိုအပြုံးကို ငါးရာတန်သည်ဟု မထင်မိချေ။ တန်အောင်မေးခွန်းတချို့ မေးလိုက်သည်။

"ဦးလေးကြီးက ဘာလို့သူတောင်းစားလုပ်နေတာလဲ"

"ဗျာ..."

"ဦးလေးကြီးက ဘာကြောင့် သူတောင်းစားလုပ်နေတာတုံးလို့"

"ဘာ... ဘာဖြစ်လို့တုံး"

"ဩော်... စကားတစ်ခွန်းရှိတယ်လေ၊ ဘာအလုပ်မှမလုပ်တဲ့လူက သူတောင်းစားလုပ်ရတယ်တဲ့၊

ဦးလေးကြီးက တခြားဘာအလုပ်မှ မလုပ်လို့ ခုလို သူတောင်းစားလုပ်နေတာလား"

"မဟုတ်... မဟုတ်ဘူး"

"ဒါဖြင့် ဘာလို့ သူတောင်းစားလုပ်နေတာလဲ၊ မျိုးရိုးရှိလို့လား"

"ဟာ... မရှိပါဘူး"

"ဒါဖြင့်ဦးလေးကြီးက တစ်မိပေါက်တစ်ယောက်ထွန်းပေါ့"

"ဟုတ်... ဟုတ်တယ်၊ အဲ... မဟုတ်ပါဘူး၊ ဟို... ဘယ်လိုပြောရမလဲ"

ဓာရီက သူတောင်းစားကြီး၏နံဘေး ခပ်လှမ်းလှမ်းမှာ ဆောင့်ကြောင့်ထိုင်ပြီး ကျကျနန မေးနေခြင်း ဖြစ်သောကြောင့် သူတောင်းစားအနေနှင့် မဖြေ၍လည်းမဖြစ်တော့ချေ။

"ကျွန်တော်က အရင်က ရုံးတစ်ရုံးမှာအလုပ်လုပ်တယ်"

"အင်း..."

"ငွေကွာလို့ဆိုပြီး ထောင်ချခံရတယ်"

"အင်း..."

"အဲဒီနောက်မှာ ရောဂါရလာတယ်၊ သွေးချိုရော၊ ဆီးချိုရော၊ နှလုံးရော၊ အဆစ်အမြစ်ရောင်တာရော၊ အစာအိမ်ရော... စုံလို့ပဲ"

"ဆွေမျိုးတွေက ထောင်ဝင်စာလာမတွေ့ဘူးလား"

"ရှက်လို့တဲ့၊ ဘယ်သူမှလာမတွေ့ဘူး"

"ဦးလေးကြီးကရော မရှက်ဘူးလား"

"ရှက်တာပဲပေါ့"

"အင်း... ဒါဖြင့် ဆက်ပြောပါဦး"

"တခြားအလုပ်တွေ လိုက်ရှာတော့လည်း ရောဂါသည်ထောင်ထွက်ကြီးကို ဘယ်သူကမှမခန့်ချင်ဘူး"

"ဦးလေးကြီးကြည့်ရတာ ဆူဖြိုးလို့ပါပဲ"

"ဆူဖြိုးတာမဟုတ်ဘူး၊ ဖောနေတာ"

"ကဲ... ထားပါတော့၊ အဲ... ဒါနဲ့ပဲ သူတောင်းစားဖြစ်ရောလား"

သူတောင်းစားကြီးက သက်ပြင်းအပူငွေ့ကြီးကို သူ့ခွက်ထဲတော့ မှုတ်မချဘဲ ပလက်ဖောင်းပေါ် မှုတ်ချလေသည်။

"ကြားထဲမှာ ထပ်ထောင်ကျလိုက်သေးတယ်"

"ရော်... ဘာဖြစ်လို့လဲ"

"စားစရာမရှိ၊ နေစရာမရှိဆိုတော့ ဒီလိုပဲပေါ့၊ မှောင်ရိပ်ခိုမှု၊ မသင်္ကာမှုတို့နဲ့ ထပ်ထပ်အဖမ်းခံရတာ"

"အဲဒီလိုနဲ့ပဲ နောက်ဆုံး သူတောင်းစားဖြစ်သွားတယ်ပေါ့၊ ဟုတ်လား..."

"ဟုတ်တယ်"

"ဦးလေးရဲ့အသိအကျွမ်းဟောင်းတွေကို အကူအညီတောင်းကြည့်လို့ကော မရဘူးလား"

"ရှက်လို့မတောင်းဘူး"

"မရှက်ပါဘူး၊ ဒါ... သမ္မာအာဇီဝပဲ"

"ဦးလေးကြီးသူတောင်းစားလုပ်နေတာကို ဆွေမျိုးတွေ၊ အသိမိတ်ဆွေတွေက မတွေ့ဘူးလား"

"တစ်ခါတစ်ခါတော့ ကြုံတတ်ပါတယ်"

"ဦးလေးကြီးက မခေါ်ဘူးလား"

"ဒီခွက်ကြီးနဲ့ ဘယ်လိုလုပ်ခေါ်မတုံး"

"သူတို့ကရော မခေါ်ဘူးလား"

"မခေါ်ပါဘူး"

"ပိုက်ဆံရော ထည့်မသွားဘူးလား"

"ဟင့်အင်း"

မေးမည်ဆိုလျှင် မေးစရာတွေက ကျန်သေးသည်။ သို့သော်ဝိုက်စိုက်ဝိုက်စိုက်ဖြင့် လျှောက်လာသော ဟိုတစ်နေ့က သူငယ်ကို ပလက်ဖောင်းတစ်လျှောက်တွင် လှမ်းမြင်လိုက်သဖြင့် ဓာရီထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်မိ၏။

လူငယ်က သူမကိုမြင်ပုံမပေါ်။ မမြင်ဆို ကြည့်လည်းမကြည့်။ သူ့ရှေ့တည့်တည့်ကိုသာ သူကြည့်ပြီး ခြေလှမ်းစိပ်စိပ်ဖြင့် လျှောက်လာခြင်းဖြစ်သည်။ သူမတို့အနီးသို့ရောက်လာရန် အတန်ငယ်လိုပါသေးသည်။ ထို့ကြောင့် မတ်တတ် အနေအထားနှင့်ပင် သူတောင်းစားကြီးကို...

"ဦးလေးကြီးရဲ့ဘဝတက်လမ်းအတွက်ကော ဘာတွေများမျှော်လင့်ထားသေးတုံး"

"မိန်းမမယူသေးဘူး။ အဆင်ပြေလာရင် မိန်းမယူမယ်"

"သူတောင်းစားမကိုပဲလား"

"မဟုတ်ဘူး"

"ဒါဆိုရင်လွယ်ပါ့မလား"

"ထီထိုးထားတယ်"

ထိုအချိန်မှာပင် လူငယ်က သူမတို့အနီးသို့ရောက်လာပြီးဖြစ်သောကြောင့် သူတောင်းစားကြီးထံမှ မျက်နှာလွှဲလိုက်ပြီး . . .

"ဟေ့လူ... ဟေ့လူ"

လူငယ်က လှည့်ကြည့်သည်။ သူမကိုမှတ်မိပုံရသော်လည်း အံ့သြဟန်မပြချေ။ သူ့ဟန်ပန်အတိုင်း ခပ်တည်တည်ပဲ ဖြစ်သည်။

"ရှင်ဘယ်သွားမလို့တုံး"

"ဒီနားတင်ပါ"

"ကျွန်မကို တစ်ခုကူညီစမ်းပါ"

"ဘာများလဲ"

"ဟိုမှာ ကျွန်မကားလေ..."

"အင်း... အဲဒါဘာဖြစ်လဲ"

"စက်ရပ်သွားလို့ နည်းနည်းတွန်းပေးစမ်းပါ"

"ခင်ဗျားကဘယ်သွားမှာလဲ"

"ဒီနားတင်"

"အဲဒါဆိုလည်း ခင်ဗျားကိုပဲ တွန်းပို့ပေးမယ်ဗျာ"

"ဘာရှင့်"

"ခင်ဗျားကားကို ကျွန်တော်တစ်ယောက်တည်း တွန်းလို့ ဘယ်နိုင်မလဲဗျ"

"ရပါတယ်ရှင့်၊ ဒီတီကိုကားသေးသေးလေးကို"

"ကဲ... ပြီးရောပြီးရော၊ မရွေ့ရင်တော့ အပြစ်မပြောနဲ့"

ဓာရီက ကားပေါ်တက်လိုက်သည်။

"တွန်းရတော့မလား"

"အင်း... တွန်း ရပြီ"

လူငယ်က သေသေချာချာအားစိုက်ပြီးတွန်း၏။ သို့သော်လည်း ကားသေးသေးကမရွေ့ချေ။ လူငယ် မျက်မှောင်ကြုံ့သွားကာ ပိုမိုအားစိုက်ပြီး ထပ်တွန်း၏။ ကားလေးက နေမြဲအတိုင်းဖြစ်၏။ ဓာရီကသူ့ကို လှည့်ကြည့်ကာ...

"မရဘူးလား"

"မရဘူး"

"ကားကပေါ့ပေါ့လေးပါ"

"ခင်ဗျားကိုယ်ကလေးတာဖြစ်မယ်"

ဓာရီ အောင့်သက်သက်ဖြစ်သွားသည်။

"ဖိတွန်းစမ်းပါရှင်"

"တွန်းတာပဲ၊ ခင်ဗျားကားက ရှေ့မထွက်ဘဲ ကျွန်တော်က နောက်ပြန်ကွေ့နေတယ်"

ဓာရီ တလွင်လွင်ရယ်လိုက်သည်။

"ကဲ... တော်ပါပြီရှင်၊ တော်ပါပြီ"

"နောက်တစ်ယောက်လောက် အဖော်ရရင်တော့ ဖြစ်မှာပါ"

ထိုသို့ပြောကာ လူငယ်က ဘေးဘီသို့လှည့်ကြည့်၏။ အနီးဆုံးမှာက ဆူဖြိုးနေသော ခုနကသူတောင်းစားကြီးပဲ ရှိသည်။ ထိုသူတောင်းစားကြီးက သူနှင့်မဆိုင်သလို မျက်နှာလွှဲနေသည်။ သူတောင်းစားဖြစ်ရခြင်း အကြောင်းအရင်းကို ခုမှပဲ ဓာရီသေသေချာချာသိသွားတော့၏။

"နည်းတောင်နည်းသေးတယ်" ဟုစိတ်ထဲမှ တွေးမိလေတော့၏။ သို့သော် ထိုသူတောင်းစားကြီးအကြောင်း ဆက်မတွေးနိုင်အားပါ။ လူငယ့်ကိုသာ ရယ်ကျဲကျဲမျက်နှာဖြင့်...

"ရပါပြီ၊ ကျွန်မက ရှင့်ကို သက်သက်မဲ့နောက်တာပါ"

"ဘာရယ်... နောက်တာဟုတ်လား"

"ဟုတ်တယ်... ကျွန်မကားအစတည်းက ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့်တွန်းတာတောင် ဘာလို့မရွေ့လဲ"

"ကျွန်မက ဘရိတ်ဆွဲထားတာကိုး"

"ဟာဗျာ... ခင်ဗျားကလည်း"

"ကျွန်မက ရှင့်စိတ်ကိုစမ်းချင်လို့ပါ"

"ဘာလုပ်မလို့လဲ"

လူငယ်၏ တုံးတိတိတုံ့ပြန်မှုကြောင့် ဓာရီ အပြောရကျပ်သွားသည်။ ထို့နောက်မှ စကားလုံးရွေးပြီး...

"ကျွန်မအမြင်မှာ ရှင်က နည်းနည်းထူးဆန်းနေသလားလို့"

လူငယ်က ဘာမှပြန်မပြောချေ။ ဘဝတစ်လျှောက်လုံးမှာ ပွင့်လင်းသွက်လက်စွာနေခဲ့သော ဓာရီကပဲ...

"ကျွန်မကိုရော ရှင်ဘယ်လိုမြင်တုံး"

"သိပ်မလှပါဘူး"

"ရှင်..."

"ဩော်... နည်းနည်းတော့လုတယ်ပေါ့"

ထုံးစံအတိုင်း လူငယ်ကဘာမှပြန်မပြော။

"ကဲလေ... ကားပေါ်တက်၊ ရှင်သွားမယ့်ဆီကို ကျွန်မလိုက်ပို့ပေးပါမယ့်"

"မစီးချင်ပါဘူးဗျာ... ခင်ဗျားကားကသေးသေးလေး၊ ကိုယ့်ဘာသာကိုယ်ပဲ လမ်းလျှောက် သွားလိုက်တော့မယ်၊ ရောက်တော့မှာပါ"

စကားအဆုံးမှာ လူငယ်က ချာခနဲလှည့်ထွက်သွားသည်။ "ကားကသေးပေမယ့် ကျွန်မကကြီးပါတယ်" ဟုလည်း ဓာရီပြန်မပြောဖြစ်လိုက်ချေ။ အိုးတိုးအမ်းတမ်းနှင့် ကျန်ရစ်ခဲ့ကာ ထွက်သွားသောလူငယ့်နောက်ကျောကို ကားနှင့်ဝင်ဆောင့်ပစ်လိုက်ချင်စိတ်များ ပေါက်သွားရ၏။

"ပွမ်... ပွမ်"

ကားဟွန်းတီးလိုက်တော့ သူကလှည့်ကြည့်၏။

"ဘာလဲ"

"ရှင့်နာမည်ဘယ်လိုခေါ်တုံး"

သူကခေါင်းလေးငုံ့ကာ ရုက်စနိုးနှင့် 'သိဘူး' ဟုပြန်မဖြေချေ။ သူ့နာမည်ကိုပဲ သူနှင့်မဆိုင်သလိုပြောပြီး ထွက်သွား၏။

"ရဲဘုန်းမင်း"

နာမည်ကတော့ အပုံစားပဲဖြစ်သည်။ ဓာရီနောက်မှ အော်ခေါ်လိုက်၏။

"ကိုရဲဘုန်းမင်း... ကိုရဲဘုန်းမင်း"

"ဘာလဲဗျ"

"ဘာမှမဟုတ်ပါဘူး၊ခေါ်ကြည့်တာ"

ထိုသို့ပြောကာ ကားကလေးကို ဝူးခနဲမောင်းထွက်လာခဲ့တော့သည်။ ကားနှင့် သူ့ကိုကျော်တက်ချိန်မှာ တစ်ယောက်နှင့် တစ်ယောက် "တာ့တာ" မလုပ်ကြပါ။ သူတောင်းစားကြီးကသာ ခုမှပဲမျက်စိရှုပ်သက်သာတော့တယ် ဟူသောအချိုးမျိုးဖြင့် ကျန်ရစ်ခဲ့၏။

စတိုးဆိုင်သို့ ရောက်သောအခါ ဓာရီရင်မောသွားသည်။ အဘယ်ကြောင့်ဆိုသော် သိန်းသန်းစု ရောက်နေသောကြောင့် ဖြစ်သည်။ ဓာရီကိုအလွန်အပူကပ်တတ်သော သူငယ်ချင်းဖြစ်သည်။ ကျောင်းပြီး၍

ကိုယ့်စီးပွားကိုယ် ရှာကြရသည့်တိုင်အောင် သူ့ကိုတော့ ဓာရီအတော်အချိန်ခွဲပေးထားရ၏။ ခုကော ဘာအပူကပ်မလို့ပါလိမ့်။ ပိုက်ဆံချေးမလို့လား။ သိန်းသန်းစုဟူသော သူ့နာမည်က သိပ်စိတ်ချရသော နာမည် မဟုတ်ချေ။ သူများဆီကချေးပြီး မစုဟုဘယ်သူမှမပြောနိုင်။

"ဟယ်... ဓာရီရယ် စောင့်ရတာကြာလိုက်တာ"

"နင်ကဘယ်အချိန်တည်းက ရောက်နေလို့တုံး"

"နေထန်းတစ်ဖျားလောက်တည်းက ရောက်နေတာ"

"ဒါများဟယ်... ဘာမှမကြာသေးပါဘူး။ ခုမှ ဘုန်းကြီးဆွမ်းခံကြွချိန်ပဲ ရှိပါသေးတယ်"

"မိန်းမရှင့်ကိုကျုပ် ပြောစရာရှိတယ်"

"ဘာလဲ"

"နေဦး၊ ရှင်နဲ့နောက်မှပြောမယ်၊ အခု မီမီထွေးနဲ့ပြောလိုက်ဦးမယ်"

ထိုသို့ဆိုကာ ကောင်တာမှဖုန်းခွက်ကို ကောက်မလိုက်၏။ ဓာရီပင့်သက်ရှိုက်လိုက်မိသည်။ သိန်းသန်းစုက ဖုန်းပြောလျှင် အလွန်ကြာတတ်သူဖြစ်၏။ အရောင်းစားရေးမလေးတစ်ယောက်က သူနှင့်သိန်းသန်းစုအတွက် နို့နှစ်ခွက် လာချပေးသွားသည်။ သိန်းသန်းစုက ကြိုတင်ပြင်ဆင်သည့်အနေနှင့် နွားနို့တစ်ကြိုက်ကို အရင်သောက်လိုက်၏။ ပြီးမှ...

"မီထွေးလား"

"................"

"အေး... ငါပါ ... မိစု"

"................"

"ထုံးစံအတိုင်းပေါ့၊ ဓာရီတို့ဆီကဆက်နေတာ"

"................"

"အေး... အဲဒီကောင်မကတော့ အပျိုကြီးဖြစ်မှာပါဟယ်၊ စတိုးဆိုင်မှာတက်ရပ်ပြီး သူ့ကိုယ်သူ ခေါ်ဈေး ဘယ်လောက် တင်ထားလဲမှမသိဘဲ"

"................"

တစ်ယောက်တည်းနှင့် ကျွတ်ကျွတ်ကိုညံနေသည်။ ပြီးမှဖုန်းခွက်ကို တစ်ရှုးနှင့် သုတ်ရဦးမယ်။ နားညည်းလာသဖြင့် ဓာရီ သူ့အပါးမှခွာကာ ဆိုင်ထဲသို့လှည့်ပတ်စစ်ဆေးလိုက်သည်။

"နာရီတွေထပ်ရောက်ပြီလား"

"ရောက်ပါပြီ"

"Uniball တွေကုန်နေပြီ ဆိုတာရော"

"ညနေလာချလိမ့်မယ်"

"ဟိုတလောက အမျိုးသမီးတွေမေးတဲ့ ကြယ်သီးလေးတွေရော"

"အာ... အဲဒါကတော့ သိပ်အဆင်မပြေသေးဘူး"

"ဦးဝင်းကို,ကိုခေါ် လိုက်စမ်း"

"ဟုတ်ကဲ့"

အရောင်းစားရေးမလေးက ဆိုင်မန်နေဂျာဦးဝင်းကို,ကို သွားခေါ် သည်။ ခါးကိုင်းကိုင်းကိုင်းကိုင်းနှင့် ဦးဝင်းကို ရောက်လာ၏။

"ဟုတ်ကဲ့၊ အေ့... ပြောပါ ... အေ့"

"ဟင်... ဒါကဘယ်လိုဖြစ်ရပြန်တာလဲ"

"ညတုန်းကတော့ အေ့... အကောင်းကြီးပဲ၊ အေ့... မိုးလင်းတော့... အေ့... ကျို့ထိုးနေတယ်... အေ့"

"ဦးဝင်းကိုကလည်း ပြဿနာပဲရှင်"

"ဘာပြောမလို့လဲအေ့..."

"မပြောတော့ဘူး မပြောတော့ဘူး၊ မှာစရာရှိတာ နောက်မှပဲမှာတော့မယ်"

ယောကျာ်းကြီးတန်မဲ့နှင့် ကိုယ့်ကို တအေ့အေ့စကားလာပြောနေသည်ကို အမုန်တရားမျိုးစုံရှိသည့် ပို့စ်မော်ဒန်ခေတ်ကြီးမှာပင် ဓာရီ ခံစား၍မရချေ။

"ဟုတ်ကဲ့... အေ့ ... ဟုတ်ကဲ့... အေ့"

ဦးဝင်းကိုလှည့်ထွက်သွားပြီးမှ ဓာရီက...

"ခြော်... ဦးဝင်းကို လာဦး လာဦး"

"ဟုတ်ကဲ့... အေ့... ပြောပါ... အေ့"

ဓာရီက သူမ၏စားပွဲဆီသို့ ဦးဝင်းကိုကိုခေါ်သွားကာ အံဆွဲထဲမှစာရွက်တစ်ရွက်ကို ထုတ်ယူလိုက်သည်။

"ဆေးသောက်ပြီးပြီလား"

"မသောက်ရသေးဘူး... အေ့"

"အဲဒီမှာ ကျို့ထိုးတာကိုပျောက်စေတဲ့ဆေးနည်း ရေးထားတယ်၊ ကြည့်ကျက်သောက်လိုက်"

"ဟုတ်ကဲ့ဟုတ်ကဲ့... အေ့၊ ကျေးဇူးပါပဲ... အေ့"

ဦးဝင်းကိုက စာရွက်ကိုဖတ်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ သိန်းသန်းစုကတော့ ဖုန်းပြော၍ကောင်းတုန်းဖြစ်၏။

"ဒါပေါ့ မီမီထွေးရယ်...၊ မိစုတဲ့တစ်စုတည်းရှိတယ်၊ ဘာရမလဲ၊ အဲဒီကောင်ကြွေသွားတာပေါ့၊ ပုလဲတွေ ဘာတွေတောင်ခရလို့"

"..........."

"အို... ငါကဘာဖြစ်ရမှာတုံး၊ မနက်တိုင်းကော်ဖီမစ်သောက်နေတာ၊ မိစုတဲ့... တစ်စုတည်းရှိတယ်"

ဘာမှလည်းမဆိုင်ချေ။ ဟိုဘက်မှမီမီထွေးလည်း တော်တော်စိတ်ညစ်နေတော့မည်။ မီမီထွေးတဲ့... တဲ့ တစ်ထွေးတည်း ရှိတယ်ပော့ဆိုပြီး ဖုန်းချလိုက်မှာကိုစိုးရသည်။

ဓာရီဆိုင်ထဲသို့ လှည့်ပတ်စစ်ဆေးလိုက်ပြန်သည်။ အတန်ကြာသတိရမှလှည့်ကြည့်တော့ ဦးဝင်းကိုက တုတ်တုတ်မလှုပ်ဘဲ ဆေးစာရွက်ကိုမျက်မှောင်ကြီးကြုံ့ပြီး ဖတ်နေလေသည်။ (သိန်းသန်းစုကလည်း ဖုန်းပြော၍ကောင်းတုန်း)

ဦးဝင်းကို့ကိုပေးထားသော ဆေးစာရွက်ထဲတွင် ကျို့ထိုးပျောက်နည်းကို အောက်ပါအတိုင်း လက်ာသွားနှင့် ရေးထားလေသည်။

"ကြို့ကြီးထိုးသော်၊ ကြိတ်ကြေဇာဒိဖ္ဖိုလ်

တမူးကိုလျှင်၊ ပျားချိုတမတ်

နှောလတ်မွှေကာ၊ လျက်ပါစေလော

(တစ်နည်း)

တမူးမှန်စွာ၊ ကပ္ပူရာနှင့်

အိမ်မှာဒေါ်ရင်း၊ တမတ်ချင်းကို

သစ်လင်းဆေးအိုး၊ ဆေးတံထိုး၍

အခိုးရှူစေ၊ ပျောက်ဖြေကျို့တတ်။

(တစ်နည်း)

နည်းတစ်ချက်ကား၊ ထန်းလျက်တကျပ်

လက်ပတ်နှစ်မူး၊ ချိန်တူနယ်ကာ

ရတနာမြတ်၊ သုံးလူ့နတ်ကို

ရည်မှတ်အညီ၊ သုံးခုလီမှ

တစ်နာရီခြား၊ သုံးကြိမ်စားလော့။

(တစ်နည်း)

ဆားပါဆယ့်လေး၊ ကန့်ချပ်ဆေးကို

မြသွေးဇာဒိပ္ပိုလ်၊ အရည်ညှိနှစ်

သောက်မျိုတသီး၊ ခွက်ချင်းပြီးသည်

ကျို့ကြီးကုပုံ တခဏ်းတည်း။

ဦးဝင်းကို ဦးနောက်ခြောက်နေဟန်ကိုကြည့်ပြီး ဓာရီမအောင့်နိုင်ဘဲ တခစ်ခစ်ရယ်မိသည်။

"ဦးဝင်းကို"

"ဟုတ်ကဲ့အေ့… ဆေးနည်းက… အေ့… ဖတ်လို့နားမလည်းဘူးအေ့"

"ဖတ်မနေနဲ့၊ သက်သက်နောက်ပြီးပေးတာ၊ ဒါကကျို့ကြီးထိုးတာပျောက်တဲ့ဆေးနည်း၊ ဦးဝင်းကိုက ရှိုးရှိုးကျို့ထိုးတာ"

"ကျို့ကြီးဆိုတာ... အေ့... ရှိသေးလို့လား... အေ့"

"သိဘူးလေ... ကျွန်မလည်းကြားပဲကြားဘူးတာ၊ သွား... သွားလုပ်စရာရှိတာသွားပြန်လုပ်"

"ဟုတ်ကဲ့ပါ... အေ့၊ ဟုတ်ကဲ့ပါ ... အေ့"

ဓာရီစားပွဲမှာ ပြန်ထိုင်သည်အထိ သိန်းသန်းစုက ဖုန်းပြော၍ကောင်းတုန်း၊ ဖုန်းပြော၍သာတော်တော့သည်။ ဖော်ပြောလျှင် မည်သို့နေမည်မသိ။ အရောင်းစားရေးမတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"ခင်သီတာဝင်း လာစမ်း"

"ဟုတ်ကဲ့၊ ဘာခိုင်းမလို့လဲမမ"

သိန်းသန်းစုသောက်လက်စ နို့ခွက်ကိုလက်ညှိုးညွှန်ပြကာ

"အဲဒီခွက်ကိုပြန်သိမ်းသွား၊ ဒိန်ချဉ်တစ်ခွက်ပြန်ချထားပေးလိုက်"

အတော်ကြီးကြာမှပင် သိန်းသန်းစုက ဖုန်းပြော၍ပြီးသည်။ သောက်လက်စနို့ခွက်ကို အာခြောက်ပြေအောင် မော့သောက်ပြီးမှ . . .

"ဟင်... ခုနကငါသောက်တာနို့ပါ၊ ဘယ့်နယ် ခုဒိန်ချဉ်ဖြစ်သွားရတာလဲ"

သိန်းသန်းစု ရှက်ကိုးရှက်ကန်းဖြစ်သွား၏။ ခုတော့လည်း တစ်စုတည်းမရှိတော့သလိုလို။

"ကဲ ... မရွှေစု"

"အေးအေး... ပြော"

"ငါပြောရမှာမဟုတ်ဘူး၊ နင်ပြောရမှာလေ၊ နင်ပဲပြောစရာရှိလို့ဆို"

"သြော်... ဒီလိုဟဲ့"

သိန်းသန်းစုက အလွန်အရေးကြီးသော လျှို့ဝှက်ချက်တစ်ခုကို ထုတ်ပြောတော့မည့်ပုံဟန်ဖြင့် ဘေးဘီဝဲယာသို့ လှည့်ပတ်ကြည့်သည်။ ပြီးမှ...

"နင်... သူများတွေကိုလျှောက်တော့မပြောနဲ့နော်"

"အေး... မပြောပါဘူးဘာတုံး"

"ငါ... ပွေးတွေပေါက်နေလို့"

"ဟယ်..."

ဓာရီ သိန်းသန်းစုကို သူငယ်ချင်းအချစ်ထက် ပိုမချစ်နိုင်သဖြင့် အနည်းငယ် ခွာထိုင်လိုက်သည်။ သိန်းသန်းစုက အားငယ်စွာဖြင့်...

"နင်ကလဲဟယ်"

"ပြောပါ၊ ပြောမှာဆက်ပြော"

"ငါတစ်ယောက်တည်း ပေါက်တာမဟုတ်ဘူးဟ...၊ ငါတို့တစ်ဆောင်လုံးပေါက်နေတာ"

"ဟင်... ဟုတ်လား၊ တစ်ယောက်ယောက်ဆီကစပြီး ကူးတာနေမှာပေါ့"

"အေးပေါ့ ...၊ ငါတော့မေခင်နှင်းဆီကို မသင်္ကာဘူး၊ သူကစတာဖြစ်မယ်"

"ဘယ်လိုဖြစ်လို့တုံး"

"သူ့အစ်ကို ဂျပန်ကပြန်လာတယ်လေဟာ"

"နင်ကလည်းဟာ... မဆိုင်တာတွေ၊ အဲ... ထားပါ၊ အဲဒါဘာဖြစ်လဲ၊ ဆက်ပြော"

"အဲဒါ... ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ နင့်ဆီလာတိုင်ပင်တာ"

"ဟင်... ဆရာဝန်ဆီသွားပေါ့၊ ငါကဘာလုပ်ပေးတတ်မှာတုံး"

"ဆရာဝန်ဆီသွားပြရမှာလည်း ရှက်တယ်ဟ"

"အမျိုးသမီးဆရာဝန်ဆီသွားလေ"

"အဲဒီကိစ္စကို နောက်ဆုံးအဆင့်မှာမှ စဉ်းစားမယ်ဟာ၊ လောလောဆယ်မှာ နည်းနည်းပါးပါးအကြံပေးစမ်းပါ၊ နင်က ဟိုစပ်စပ်ဒီစပ်စပ်ရပါတယ်"

သိန်းသန်းစုပြောမည်ဆိုလျှင်လည်း ပြောစရာပင်။ ဓာရီက ဟိုစပ်စပ်ဒီစပ်စပ် အကုန်ရသည်။ ကြံ့ကြံ့ဖန်ဖန် ကပ်သီးကပ်သပ်တွေကို သိတတ်သလို ဖြတ်ထိုးဉာဏ်လည်း အလွန်ကောင်း၏။

"ကဲ... ခု... နင်တို့ဘာတွေလုပ်ထားတုံး"

"ပွေးကိုင်းရွက်နဲ့ပဲပွတ်တာပေါ့"

"မပျောက်ဘူးလား"

"မပျောက်ပါဘူးဟာ"

"အင်း... ဆေးနည်းတစ်နည်းအရ ဆိုရင်တော့ ဂုံမင်းသီးရယ်၊ နန်းလုံးကြိုင်သီးရယ်လိုတယ်"

"မြင်တောင်မမြင်ဖူးဘူး"

"နောက်တစ်နည်းအရဆိုရင်တော့ ကျီးသီးဆန်နဲ့ ကျစုလိုတယ်"

"ဟာ... ဒါလည်းမဟန်သေးပါဘူးဟာ၊ ကြားတောင်မကြားဖူးဘူး"

"အဲဒါဆိုရင် နောက်တစ်နည်းကတော့ 'ငှ' ပင်ရဲ့ပဋ္ဌငါးပါးရှာဟာ"

သိန်းသန်းစု 'ငှ' သွားပုံရသည်။

"အဲဒီလို ခဲရာခဲဆစ်ကြီးတွေမပြောနဲ့ဟာ"

ဓာရီကပြုံးစစနှင့်...

"ဒါဖြင့်အလွယ်ဆုံးနည်းကို ပြောပြလိုက်ပါမယ်"

"အေး... အဲဒီလိုလုပ်စမ်းပါ"

"ပွေးကိုင်းကို ဒီတိုင်းမပွတ်ဘဲ ပွေးကိုင်းရွက်ကို ဓာတ်ဆီဆွတ်ပြီးမှပွတ်၊ ပျောက်သွားလိမ့်မယ်"

"ဟယ်... တကယ်လား"

"ဓာရီတဲ့... တစ်ရီတည်းရှိတယ်ဟေ့"

ဝမ်းသာအားရ တကယ်ရယ်လိုက်သူက သိန်းသန်းစုဖြစ်၏။

"အဲဒါများဟယ်... စောစောစီးစီးတည်းက ပြောလိုက်တာမဟုတ်ဘူး"

"နင်ပြောချင်တာဒါပဲလား၊ ပြီးပြီလား"

"အေး... ပြီးပြီ၊ဘာလဲ... နင်ကငါ့ကိုနင်ပြီလား"

"နင်လည်းသွားမှာမှမဟုတ်ဘဲ၊ မနင်ပါဘူး၊ ငါကလည်းပြောစရာရှိလို့"

"အောင်မာ... ဘာများပါလိမ့်"

"နင်... ရဲဘုန်းမင်းနဲ့သိလား"

"ဟင့်အင်း... မသိဘူး"

ဓာရီက ဂုဏ်ယူဝံ့ကြွားဟန်ဖြင့်...

"အေး... ငါနဲ့သိတယ်၊ သိလား"

"နေပါဦး... ရှင်းအောင်ပြောပါဦး၊ ဘာတွေတုံး"

ဓာရီက ရဲဘုန်းမင်းနှင့်တွေ့ဆုံကြုံကြိုက်ခဲ့သမျှ အကြောင်းအရာအားလုံးကို မခြွင်းမချန်ပြောပြလိုက်သည်။ သိန်းသန်းစုကလည်း စိတ်ဝင်စားချင်ယောင်ဆောင်ပြီး နားထောင်သည်။

"အလဲ့..."၊ "အို..."၊ "အဲလိုလား..." စသည်ဖြင့် အာမေဋိတ်သံတွေလည်းပြုသေး၏။ ဓာရီ့စကားဆုံးမှ...

"ဓာရီ"

"ဟင်..."

"အဲဒီတော့ နင့်သဘောက ..."

"သူ့အဖြေတောင်းရင်တော့ ငါပေးလိုက်တော့မယ်ဟာ"

"ဟယ်တော့... ဟိုကဖြင့် နင့်ကို နာမည်တောင်မသိပဲနဲ့"

"ဘာဖြစ်လဲ... သူ့အဖြေတောင်းရင် ငါကတော့ပေးလိုက်မှာပဲ"

ခဏအကြာမှာ သိန်းသန်းစု ကုတ်ကုတ်ကလေးပြန်သွားတော့၏။ သူသွားမှပဲ ဓာရီကဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"ဟဲလို... မီမီထွေးလား"

ဒီနေ့အဖို့ရာ မီမီထွေးတော့ သေဖို့သာပြင်ပေတော့။

*တစ်စုံတစ်ယောက်ဟာ*

*တံခါးချပ်လေးအကွယ်မှာ အဝတ်အကျစောင့်နေ။*

*သုသစ်*

*(နွေရာသီမှတ်တမ်းမှ)*

ဓာရီက မွေးနေ့မနက်စောစောအချိန်တွေမှာ ဘုရားသို့တက်တတ်သည်။ ရွှေတိဂုံရယ်မှမဟုတ်ပါ။ ဆူးလေကို ပို၍ပင် အတက်များသေးသည်။ ဘုရားမှဆင်းလျှင် မြို့ထဲမှစတိုးဆိုင်များကို လှည့်ပတ်စစ်ဆေးလိုက်၍ အဆင်ပြေ၏။ ဤနေ့မနက် ဓာရီဘုရားပေါ်မှအဆင်း မြို့တော်ခန်းမရှေ့မှာ ခင်နှင်းသဇင်နှင့်သွားတိုး၏။

"ဟဲ့… ဓာရီ"

ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာသောဓာရီကမမြင်မိ။ ခင်နှင်းသဇင်ကအသံပြု၍ လှမ်းခေါ်ရခြင်းဖြစ်သည်။ လည်ချောင်းရော၊ ပါးစပ်ရော၊ နှုတ်ခမ်းရော၊ လက်ရော၊ အသုံးချရခြင်းဖြစ်၍ အတော်ပင်ပင်ပန်းသွားလေသည်။

"ဩော်… အေး… သဇင်… ဘယ်သွားမလို့တုံး"

"အိမ်ပြန်မလို့လေ"

"ဟဲ့… ဒါဆိုဘယ်ကပြန်လာတာတုံး၊ စောစောစီးစီး"

"ဘုရားကလေ"

"ဒီ… ဆူးလေစေတီကလား"

"အေးလေ"

"ဟဲ့… ငါလည်းခုပဲအဲဒီကဆင်းလာတာ၊ နင့်ကိုမတွေ့ခဲ့ပါဘူး"

"ဟုတ်လား… ငါလည်းနင့်ကိုမတွေ့ဘူး၊ ငါပုတီးစိပ်နေတာ တစ်နာရီလောက်ကြာတယ်"

"ငါရောပဲ"

ဖြစ်တတ်ပါတယ် . . . ဖြစ်တတ်ပါတယ်ဟုဆိုကာ နှစ်ယောက်သားရယ်မောကြရသေး၏။ ဓာရီ၊ သိန်းသန်းစု၊ မီမီထွေးနှင့် ခင်နှင်းသဇင်တို့က ကျောင်းမှာကတည်းက တစ်အုပ်စုတည်းဖြစ်ကြ၏။ ကျောင်းပြီးတော့လည်း တစ်ယောက်နှင့် တစ်ယောက် အဆက်အသွယ်မပြတ်ကြ၊ ဘယ်သူမှလည်းအိမ်ထောင်မကျသေးသဖြင့် တစ်ခါတစ်ရံ ချောင်းသာသို့ပင် သွားပျော်ကြသေးသည်။

"ဓာရီ... နှင်ကတစ်ယောက်တည်းလာတာလား"

"အေး... နှင်ရော"

"ဒက်ဒီပါတယ်ဟ"

"ဘယ်မှာတုန်း၊ မတွေ့မိပါဘူး"

"ဘုရားပေါ်မှာကျန်ရစ်ခဲ့တယ်၊ သူဆက်ပြီးတရားထိုင်ဦးမယ်တဲ့၊ ငါက အိမ်မှာချက်ရပြုတ်ရဦးမှာမို့လို့ အရင်ပြန်လာတာ"

"သြော်... အေး၊ အန်ကယ်လ်က ကျန်းမာရေးကောင်းတယ်နော်"

"ကောင်းလွန်းလို့ခက်နေတယ်ဟေ့၊ မပြောလိုက်ချင်ဘူး"

"ဘာဖြစ်လို့တုံး"

"သူ့အသက်က (၆၀)ကျော်ပြီဟာ၊ ဒါပေမဲ့တော်ရုံတန်ရုံလူတွေထက်တောင် သူကပိုပြီးတော့သန်မာသတဲ့"

"ပြောပါစေပေါ့ဟာ... ဘာဖြစ်လဲ၊ လူကြီးစိတ်ချမ်းသာရင်ပြီးတာပဲ"

"ပြောတာမဟုတ်ဘူးဟေ့၊ ပြတာပြတာ"

ဓာရီလန့်သွားသည်။

"ပြတာဟုတ်လား...၊ ဘာကိုပြတာတုံး"

"ငါတို့ခြံထဲမှာဟာ... ချိုင့်ကြီးတစ်ခုရှိတယ်"

"အင်း... အဲဒါဘာဖြစ်လဲ"

"သိပ်အကျယ်ကြီးမဟုတ်ပေမယ့် ဟိုဘက်နဲ့ဒီဘက်ကို လူတစ်ယောက်ခုန်ကူးဖို့တော့သိပ်မလွယ်ဘူးဟ၊ တော်ရုံတန်ရုံ လူငယ်တွေတောင် ခုန်မကူးနိုင်ဘူး"

"အဲဒါကိုအန်ကယ်လ်က ခုန်ကူးနိုင်လို့လား"

"အေး... ဟဲ့၊ ကူးနိုင်တယ်"

"ကျန်းမာတာကောင်းတာပေါ့ဟဲ့"

"ကျန်းမာတာကတော့ကောင်းတာပေါ့ဟာ၊ ဒါပေမဲ့ အိမ်ကိုဧည့်သည်လာရင် သူသန်စွမ်းကြောင်းကြွားတယ်လေ၊ အဲဒီချိုင့်ကြီးကို ခုန်ခုန်ကူးပြတယ်"

"အဲတော့..."

"ဧည့်သည်ကလည်းပြုံးစိစိ၊ အဲဒါကိုမြင်နေတဲ့ လမ်းထဲကလူတွေကလည်းပြုံးစိစိဆိုတော့ ငါတို့ကရှက်တာပေါ့ဟဲ့"

"ဧည့်သည်လာတိုင်း ခုန်ခုန်ကူးပြတာပဲလား"

"ဧည့်သည်မလာဘဲနဲ့ကို ခုန်ခုန်ကူးနေသေး"

"အေးပေါ့၊ ကျန်တဲ့အိမ်သားတွေက ရှက်စရာကြီး၊ နင့်ဒက်ဒီကို အကျိုးအကြောင်းပြောပြပေါ့ဟ"

"ပြောတာပဲ၊ မရဘူး"

"ရအောင်ပြောပေါ့ဟ"

"တုတ်ကောက်ပဲရမယ်၊ သူလမ်းလျှောက်နေတဲ့တုတ်ကောက်ပဲရမယ်၊ တစ်ချက်ဆိုမှတ်လောက်သားလောက်ပဲ"

သူမတို့နှစ်ယောက် ပလက်ဖောင်းပေါ်မှာ မတ်တပ်ရပ်စကားပြောနေကြခြင်းဖြစ်သည်။ ဓာရီက ခင်နှင်းသဇင်ကို ရဲဘုန်းမင်းအကြောင်း ပြောပြရန်ကြံသေးသည်။ သို့သော် စကားလမ်းကြောင်းက ဘယ်လိုမှမသင့်ချေ။

အတန်ကြာမှ...

"ဓာရီ ငါသွားလိုက်ဦးမယ်၊ မဟုတ်ရင်အိမ်မှာ မာမီတစ်ယောက်တည်းချက်နေရဦးမယ်"

"နေဦး... နေဦး"

"ဘာတုံး... ဟဲ့"

ရဲဘုန်းမင်းအကြောင်းကတော့ ပြော၍ရမည်မဟုတ်သဖြင့် စိတ်လျှော့လိုက်သည်။

"နင့်ဒက်ဒီကိစ္စကို ငါစဉ်းစားမိလို့ပါ"

"အေး ... အကြံရရင်ပြောပါဦးဟာ၊ ဘာများလဲ"

ခင်နှင်းသဇင်က ဝမ်းမြောက်ဝမ်းသာပြန်မေးခြင်းဖြစ်သည်။ သူမတို့အုပ်စုထဲမှာတော့ ဓာရီကညာဏ်ကြီးရှင်ဖြစ်၏။ မည်မျှ ခက်သောပြဿနာဖြစ်စေ ဓာရီက ဖြတ်လမ်းနည်းမှ လွယ်လင့်တကူရှင်းလင်းနိုင်စွမ်းရှိသူဖြစ်သည်။

"အဲဒီကိစ္စက ထင်သလောက်မခက်ပါဘူး"

"အေး… ပြောစမ်းပါဦး"

"အဲဒီချိုင့်ကိုဖို့လိုက်လေ"

"ဟေ…"

"သူ့အပြင်သွားတုန်း နင်တို့အဲဒီချိုင့်ကို ဖို့ထားလိုက်လို့"

"ဩော်… အေးဟုတ်သားပဲ၊ အဲဒီလိုလုပ်လိုက်ရင်ရတာပဲ"

ခင်နှင်းသဇင်က ထိုကဲ့သို့အားပါးတရကြီး ရေရွတ်ပြီး…

"တော်လိုက်တာမိဓာရီရယ် … နင်ကသိပ်မြင်တတ်တာပဲ၊ ငါသာယောကျာ်းလေးဆိုရင် နင့်ကိုယူမှာပဲသိလား"

ခွင်ဝင်လာပြီဖြစ်သဖြင့် ရဲဘုန်းမင်းအကြောင်းပြောရန် ဓာရီအချိန်မီကြိုးစားသော်လည်း မအောင်မြင်လိုက်ချေ၊ ခင်နှင်းသဇင်က . . .

"ကဲ… ကဲလစ်လိုက်ဦးမယ်၊ နောက်တစ်ခါတွေ့မှပဲ နင့်လက်ထဲကထီးကြီးအကြောင်း သေသေချာချာမေးဦးမယ်၊ အတော်လှတာပဲ"

ဓာရီ့ထီးက ချာလီထီးလိုမျိုးအရှည်ကြီးဖြစ်သည်။ နိုင်ငံခြားမှမိတ်ဆွေတစ်ယောက်က ပို့ပေးလိုက်ခြင်းဖြစ်သည်။ ခပ်သုတ်သုတ်ထွက်သွားသည့် ခင်နှင်းသဇင်၏ကျောကိုကြည့်ရင်း ဓာရီပင့်သက်ရှိုက်ကာကျန်ရစ်ခဲ့၏။

အနီးဆုံးစတိုးဆိုင်ကို ဝင်ရောက်စစ်ဆေးပြီး လိုတာတွေကို မှာကြားရ၏။ ဆိုင်မှာ တစ်နာရီခန့်ကြာသည်။ အိမ်မှကားကလည်း ဒရိုင်ဘာနှင့်အတူနောက်တစ်ဆိုင်မှာ စောင့်နေလောက်ပြီ။ တစ်ဆိုင်မှတစ်ဆိုင်သို့ကူးရန် ဓာရီပြန်အထွက် ပလက်ဖောင်း ပေါ်မှာဘဲ ဆုံခြင်းဖြစ်၏။ ရဲဘုန်းမင်းနှင့်တော့မဟုတ်ချေ။ ခင်နှင်းသဇင်တို့ ဒက်ဒီနှင့် ဖြစ်၏။

"ဟေး… သမီးဓာရီပါလား"

"ဩော်… အန်ကယ်လ်ပုတီးစိပ်လို့ပြီးပြီလား"

"အန်ကယ်လ်ဘုရားလာတာကို သမီးကသိနေတာကိုး"

"သမီးလည်း ဘုရားတက်တယ်လေ။ ခင်နှင်းသဇင်နဲ့တောင်တွေ့လိုက်သေးတယ်"

"ဩော်... အေးအေးဟုတ်ပြီ၊ အန်ကယ်လ်က မနက်တိုင်းဂုဏ်တော်ကွန်ချာကိုအဓိဋ္ဌာန်နဲ့စိပ်တယ်လေ...၊ အစွဲရေးမှာ နေတုန်းကလည်း စိပ်တာပဲ၊ ဂျာမဏီရောက်တုန်းကလည်း စိပ်တာပဲ၊ နယူးဇီလန်ရောက်တော့လည်း စိပ်တာပဲ"

ဒါတွေကလည်း ပါလာရသေးသည်။ ခင်နှင်းသဇင်တို့ဒက်ဒီက ခင်နှင်းသဇင်ပြောသလိုပဲ အသက်အရွယ်နှင့် မလိုက်အောင် ကျန်းမာသန်စွမ်းသူဖြစ်၏။ တုတ်ကောက်ကြီးတမြှောက်မြှောက်နှင့် စကားပြောနေပုံမှာ မာန်ပါလှသည်။

"ဒါနဲ့ မောင်ငြိမ်းအေးတို့ပွဲကျရင် သမီးလာရမယ်နော်"

"ဘာပွဲပါလိမ့်"

"ဟင်... ခုနကသဇင်ပြောမသွားဘူးလား၊ မောင်ငြိမ်းအေးမိန်းမယူတော့မယ်လေ၊ လေးဆယ်ကျော်မှ ကံပေါ်တယ်ဆိုတာ အဲဒါပေါ့သမီးရယ်...၊ ဟား... ဟား... ဟား... ဟား..."

မောင်ငြိမ်းအေးဆိုသည်မှာ ခင်နှင်းသဇင်၏အစ်ကိုအကြီးဆုံးဖြစ်၏။ သို့သော် ခင်နှင်းသဇင်နှင့် မောင်နှမချင်း စကားမပြောကြ။ ငယ်စဉ်က ဘုတ်တလုပ်တောက်တဲ့ကစားရင်း ဖြစ်ခဲ့သောပြဿနာဟု သိရသည်။

"မင်္ဂလာပွဲက ဘယ်နေ့တုံးအန်ကယ်လ်ရဲ့"

"လိုတော့လိုပါသေးတယ်၊ လကုန်မှ"

"လာခဲ့မှာပေါ့အန်ကယ်လ်ရဲ့၊ ကိုငြိမ်းအေးကြီးကို ကောင်းကောင်းလက်ဖွဲ့ရမှာပေါ့၊ တာရာမင်းဝေတို့ မင်္ဂလာဆောင်တုန်းကတောင် ကိုငြိမ်းအေးက အယ်လ်ဘမ်သေးသေးလေးတစ်အုပ် လက်ဖွဲ့ထားသေးတာပဲ"

အန်ကယ်လ်ကြီးက လေပူတစ်ချက်ကို ခပ်ပြင်းပြင်းမှုတ်ထုတ်၏။

"ခက်နေတာတစ်ခုကရှိတယ် သမီးရဲ့"

"ဘာများတုန်း အန်ကယ်လ်"

"နှာခေါင်းလေ...၊ သူ့နှာခေါင်း"

ကိုငြိမ်းအေး၏နှာခေါင်းက သိမ်းငှက်နှုတ်သီးလို ကောက်နေသည်။ ကြီးလည်းကြီးသည်။ လူကိုမမြင်ရခင်မှာ နှာခေါင်းကိုပဲ အရင်မြင်ရသူဖြစ်၏။

"အင်း... နှာခေါင်းကတော့ဟုတ်ပါတယ်၊ အန်ကယ်လ်က ဘာကိုခက်နေတာတုံး"

"သတို့သားလုပ်ရမှာဆိုတော့ သူကလည်းလှချင်တယ်လေ၊ အဲဒီနှာခေါင်းနဲ့ ဘယ်လိုလုပ်ရပါ့မလဲလို့ သူ အကြပ် ရိုက်နေတယ်"

"ဩော်..."

ဓာရီ၏ အသံမှမဆုံးသေးခင် အန်ကယ်လ်ကြီးက အလန့်တကြား . . .

"ဟဲ့... သမီးဓာရီ"

"ရှင်"

"သဇင်ကပြောဘူးတယ်၊ ဓာရီက အရမ်းဉာဏ်ကောင်းတာတဲ့၊ စဉ်းစားပေးစမ်းပါဦးသမီးရယ်"

"အမ်..."

နားသယ်စပ်မှ ဆံမျှင်လေးများကို လက်နှင့်ကုတ်ဖွရင်း ဓာရီလည်းခေါင်းစားသွားရ၏။

"ထိုင်ပြောကြရအောင်အန်ကယ်လ်"

ရေတမာပင်အောက်မှ ပတ်လည်သစ်သားခုံတန်းပေါ်တွင် သွားထိုင်ကြရင်း ကိုငြိမ်းအေး၏ အခက်အခဲအတွက် အကြံထုတ်နေမိကြ၏။

"သမီးလည်း စဉ်းတော့စဉ်းစားတယ်အန်ကယ်လ်"

"အေး... လုပ်ပါဦး၊ ဘာအကြံထွက်သတုံး"

"မျက်လုံးကန်းတဲ့သူက မျက်လုံးအစားထိုးကြည့်လို့ရတယ်နော်"

"အေး..."

"ကျောက်ကပ်မရှိသူကလည်း ကျောက်ကပ်အစားထိုးပြီး အသက်ရှင်နိုင်တယ်"

"အေး..."

"နှာခေါင်းအစားထိုးအသက်ရှူမှု ဆိုတာတော့ ဓာရီမကြားဖူးဘူး"

"အေး... အန်ကယ်လ်လည်းမကြားဖူးဘူး၊ အစ္စရေးတို့၊ ဂျာမဏီတို့၊ နယူးဇီလန်တို့မှာတောင်မကြားခဲ့ရဘူး"

လုပ်လာပြန်ပြီ၊ မြန်မြန်စကားဖြတ်မှပဲဖြစ်တော့မည်။ ထို့ကြောင့်

"ဘာလုပ်ရမယ်ဆိုတာကိုတော့ သမီးစဉ်းစားမရဘူး၊ ဘာမလုပ်ရဘူးဆိုတာကိုတော့ သမီးစဉ်းစားလို့ရတယ်"

"အေး... ပြောပါဦးကွယ်"

"သူ့ကိုကြက်တူရွေးရောင်တွေ မဝတ်ခိုင်းနဲ့"

"ဟေ..."

"ကြက်တူရွေးရောင်တွေ မဝတ်ခိုင်းနဲ့လို့ ..."

"အဲ... အေး... ဒါလည်းဟုတ်တာပဲ၊ အစ္စရေးတို့၊ ဂျာမဏီတို့၊ နယူးဇီလန်တို့မှာလည်း ဝတ်ကြတာ သိပ်မတွေ့ပါဘူး၊ ဒါပေမဲ့ ဒီကောင်ကပိုအရေးကြီးတာပေါ့၊ ဟုတ်တယ်... ဟုတ်တယ် သမီးပြောတာဟုတ်တယ်"

ခဏအကြာမှာ အန်ကယ်လ်ကြီးနှုတ်ဆက်ပြီးထွက်သွား၏။ အိမ်ရောက်၍ ခုန်ကူးစရာချိုင့်မရှိတော့လျှင် ဘယ်လိုခံစားရမည် မသိ။ ဓာရီလည်း စတိုးဆိုင်ဆိုင်ခွဲ(၂)ဆီ ကိုယ့်အတွေးနှင့်ကိုယ် ဆက်လျှောက်လာခဲ့တော့သည်။ ထိုအခါကျမှပဲ တစ်ဘက်ကားလမ်းမှဖြတ်ကူးလာသော သူ့ကို ဓာရီကြုံလိုက်ရတော့၏။

ဤကဲ့သို့ ခဏခဏဆုံနေရခြင်းကိုပင် ဓာရီက ဖူးစာဟုသတ်မှတ်သည်။ သူ့မှာသားကြီးမယားကြီးမရှိရင်ပေါ့လေ။

ဤအကြိမ်တွင်တော့ သူကလည်းဓာရီ့ကို အဝေးကပင်လှမ်းမြင်ပုံရသည်။ တစ်ချက်နှစ်ချက်လှမ်းကြည့်ပြီး မျက်မှောင်ကြုံ့နေ၏။ မျက်နှာချင်းဆိုင်ဆုံတွေ့ကြတော့ သူကပဲဆီးပြော၏။

"ဒီနားတင်ပါ"

ထို့နောက် ဓာရီ့ကိုကျော်သွားမည့်ဟန်ပြုနေ၍ စိတ်တိုတိုနှင့်လှမ်းအော်လိုက်မိသည်။

"ရှင်ဘယ်လိုဖြစ်နေတာတုံး"

ထိုအခါကျမှ ခြေလှမ်းရပ်သွားပြီး...

"ဟင်... ဘာဖြစ်လို့တုံး"

"ကျွန်မကရှင့်ကိုမေးမလို့"

"ဘာမေးမှာတုံး"

ရှင့်မှာသားကြီးမယားကြီးရှိလားဟူ၍တော့ မဟုတ်ပါ။ တခြားသိချင်တာကို မေးလိုက်သည်။

"ရှင်က ဘာအလုပ်လုပ်တုံး"

"ဒီလိုပါပဲ၊ ရရစားစားပါ"

"ဘာရယ်... ရရစားစားဟုတ်လား၊ ဖြစ်မှဖြစ်ရလေရှင်"

"ဘာဖြစ်လို့တုံး"

"ဟိုနေ့က ခါးပိုက်နှိုက်မိန်းမရဲ့ကိုယ်ဝန်ဟာအတုမှန်း ရှင်ဘယ်လိုလုပ်သိတာတုံး"

"ဒီလိုပါပဲ"

"အဲဒီ ဒီလိုပါပဲဆိုတာက ဘယ်လိုလဲ"

"ဒီလိုပါပဲဆိုတာ ဒီလိုပါပဲပေါ့"

"ရှင်နဲ့စကားပြောရတာ ခွကျလိုက်တာ၊ ဒီမယ်ကျွန်မလိုရင်းပြောမယ်"

"ဘာလဲ"

"ရှင်ကျွန်မတို့ဆိုင်မှာ အလုပ်လုပ်မလား"

ဦးဝင်းကိုကလည်း ကျို့ထိုးနေတာနှင့်အတော်ပဲဖြစ်၏။ သူကနဖူးကျောရှုံ့တွပြီး . . .

"ဆိုင်... ဟုတ်လား"

"အင်း..."

"မလုပ်ချင်ပါဘူးဗျာ"

"ဘာဖြစ်လို့တုံး"

"ဈေးလည်းမရောင်းတတ်ဘူး၊ ဈေးသည်လည်းမလုပ်ချင်ပါဘူး"

"အောင်မာ... ရှင်ကများ ကျွန်မဆိုင်ကိုဘာအောက်မေ့နေလဲ၊ လာ... ကျွန်မနဲ့လိုက်ခဲ့၊ ရွှေနားဆိုရောက်ပြီ ရှင်တွေ့လိမ့်မယ်"

သူကပျာပျာသလဲခေါင်းခါ၏။

"အာ... မလိုက်ချင်ပါဘူးဗျာ၊ ခင်ဗျားကဒီပုံကြီးနဲ့"

"အောင်မာ... ကျွန်မကဘာဖြစ်နေလို့လဲ"

"ခေတ်ဆန်ဆန်ဝတ်ထားတဲ့ မိန်းမပျိုလေးဖြစ်ပြီး တုတ်ကောက်ကြီးနဲ့လမ်းလျှောက်လာတာ မဟန်ပါဘူး

ဗျာ"

"ဟယ်... ဗုဒ္ဓေါ"

ထိုအခါကျမှ ဓာရီကိုယ့်ကိုယ်ကို ငုံ့ကြည့်မိ၏။ ခင်နှင်းသဇင်တို့ဒက်ဒီ၏ တုတ်ကောက်ကြီးက သူ့လက်ထဲမှာ။ အန်ကယ်လ်ကြီးက သူ့မိန်းမဆောင်းထီးကောက်ကြီးနှင့် ခရီးဆက်သွားပုံရသည်။

ရှက်လိုက်တာ။

ဤတုတ်ကောက်ကြီးနှင့် သူမလျှောက်လာသော ခရီးအကွာအဝေးကိုတွက်ကြည့်လျှင် မျက်နှာပင် ဘယ်နားထားရမည်မှန်း မသိ။ လူတွေကိုယ့်ကိုကြည့်ကြည့်သွားကြသည်ကို တွေ့ရသော်လည်း လှလို့ကြည့်တာဟု ကိုယ်ကထင်နေမိသည်။

ခေါင်းထဲမှာ ပျာသွားချိန်ဖြစ်၍ ဉာဏ်ကြီးရှင်မလည်းဘယ်လိုလုပ်ရမည်မှန်း မသိတော့ဘဲ သူ့ကိုသာ အားကိုးတကြီးနှင့်...

"ဘယ်... ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ဘာလုပ်မလို့တုံး"

"ဒီတုတ်ကောက်ကြီးက ထီးနဲ့မှားပြီးဆွဲလာမိတာ"

သူ့မျက်နှာမှာ ပြုံးယောင်ဝေ့ဝေ့လေးသန်းသွားသည်။ အေးချမ်းသည့်မျက်နှာရှိသော်လည်း အရယ်အပြုံး အတော်နည်းပုံရသည်။

"အဲဒါကို ကျွန်တော်ကဘယ်လိုလုပ်ပေးရမှာတုံး"

"ကျွန်မဘယ်လိုလုပ်ရမှန်းမသိလို့ ရှင့်ကိုအကြံတောင်းနေတာရှင့်"

"ကဲကဲ... ကျွန်တော်ပဲကိုင်ခဲ့ပါမယ်၊ ခင်ဗျားဆိုင်ကဘယ်မှာတုန်း၊ သွား..." ဟုဆိုကာ သူက လိုက်မပို့ပါချေ။ တုတ်ကောက်ကို တစ်ချက်ကြည့်ပြီး...

"ဒီတုတ်ကောက်မှာ ထီးအရွယ်တပ်လိုက်လေ၊ ပြီးသွားတာပဲ"

ထိုသို့ပြောကာ သူ့လမ်းသူဆက်လျှောက်သွားတော့၏။ ဓာရီ ဒေါကန်ပြီးကျန်ရစ်ခဲ့သည်။ တမင်လုပ်နေတာလား၊ သူ့ပင်ကို သဘာဝလားဆိုတာကို မှန်းရခက်သည်။ ဘာပဲဖြစ်ဖြစ် ဓာရီကတော့ ထိုတုတ်ကောက်ကြီးကိုကိုင်ပြီး ရှူးသလိုပေါသလိုနှင့် စတိုးဆိုင်ထိ လျှောက်ခဲ့ရလေတော့သည်။

ထို့နောက်ပိုင်းမှာတော့ သူမနှင့်ရဲဘုန်းမင်းတို့ မဆုံတွေ့ကြတော့ချေ။ သူနှင့် ဆုံဘူးသောနေရာများသို့ ရောက်တိုင်း ကွယ်ကွယ်ဝှက်ဝှက်ဖြင့် ဓာရီ မျက်လုံးကစားမိပါသေးသည်။ သို့သော် သူနှင့်မဆုံတော့။ ဤကြားထဲမှာ သိန်းသန်းစု၊ မီမီထွေး၊ ခင်နှင်းသဇင်တို့နှင့်ဆုံတိုင်း ရဲဘုန်းမင်းအကြောင်းကိုတော့ အားမနာ၊ လျှာမကျိုး ပြောမိမြဲဖြစ်၏။

မြကျွန်းသာထဲမှာ သူငယ်ချင်းလေးယောက် တစ်နေ့ဆုံဖြစ်ကြသည်။ ကိုငြိမ်းအေး၊ မိန်းမယူသွားသည့် အကြောင်းကို ရယ်ကာမောကာပြောဖြစ်ကြ၏။ ကိုယ့်အတွက်လည်း ကိုယ်စဉ်းစားကြရ၏။

သိန်းသန်းစု...

"ယောက်ျားက ယူတော့ယူရမယ်"

သူပြောတိုင်း ထောက်ခံနေကျ ခင်နှင်းသဇင်က..

"အင်... ဘာဖြစ်လို့လဲ"

"စကားလုံးကိုကကြည့်လေ...၊ ယောက်ျားဆိုတာ ယားကြောက်ပဲ"

"အဲဒါဘာဖြစ်လဲ"

"မယားကိုကြောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဟဲ့"

"ဩော်... အဲဒီလိုလား၊ အဲဒါဆိုရင်တော့ ယောက်ျားယူမှဖြစ်မှာပေါ့၊ လောကမှာ ကိုယ့်ကိုကြောက်မယ့် လူတစ်ယောက်ယောက်တော့ ရှိဦးမှ"

သူတို့ချင်း အတိုင်အဖောက်ညီနေကြသည်။

အူတူတူနိုင်လှသော ခင်နှင်းသဇင်က မှတ်မှတ်ရရမေးခွန်းတစ်ခုကို မေး၏။

"ဟဲ့... မိစု"

"ဘာလဲ"

"ယောက်ျားကတော့ဟုတ်ပါပြီ၊ ခင်ပွန်းဆိုတာကဘာလဲ"

"ဩော် သူ့ကိုခင်ရင် ပွန်းတယ်ပေါ့ဟာ"

"ဟင်... ဘာပွန်းတာလဲ"

"ဟာ...တော်ကြတော့၊ တော်ကြတော့"

"အေးလေ... စကားတွေက တောရောက်တောင်ရောက်နဲ့"

ဓာရီနှင့်မီမီထွေးက ဝင်ဟန့်ရသည်။ အိမ်ထောင်ရေးအကြောင်းကို အတည်အတန့်ဆက်ဆွေးနွေးဖြစ်ကြသည်။ ထို စကားဝိုင်းထဲမှာ ပါဝင်ဆွေးနွေးဖြစ်ကြသည်။ ထိုစကားဝိုင်းထဲမှာ ပါဝင်ဆွေးနွေးနေလျက်က ဓာရီ ရယ်ချင်သလို

ဖြစ်မိသေးသည်။ ဟာသစာတိုတစ်ပိုဒ်ကို သတိရမိသောကြောင့်ဖြစ်၏။ လမ်းသွားလမ်းလာ တစ်ယောက်က နာရီပတ်လာသူ တစ်ယောက်အား အချိန်မေးသည်တဲ့။

"ဘယ်နနာရီရှိပြီတုံးဗျ"

"ထိုးဖို့ငါးမိနစ်"

"ဘယ်နနာရီထိုးဖို့ ငါးမိနစ်တုံး"

"မသိဘူး၊ လက်တံအတိုက ကျပျောက်ထားတာကြာပြီ"

သူတို့လည်း ထိုဟာသကဲ့သို့ပင် ဖြစ်နေသည်။ ချစ်သူရည်းစားတို့၊ အိမ်ကသဘောတူထားသူတို့ မရှိဘဲနှင့် အိမ်ထောင်ရေးအကြောင်း ဆွေးနွေးမိနေကြသည်။ နာရီလက်တံမရှိဘဲ မိနစ်လက်တံချည်းဘဲ လည်ပတ်နေကြရသူများဖြစ်၏။

ထိုသို့ပင် တပိန်ပိန်တလိန်လိန်နှင့် ခြောက်လခန့်ကြာပြီးကာလမှ ဓာရီနှင့်ရဲဘုန်းမင်းတို့ပြန်ဆုံကြရသည်။ ဆုံကြပုံက အကောင်းတော့မဟုတ်။ တစ်နေ့ ဓာရီ ပုဇွန်တောင်မှ ဆိုင်ခွဲအမှတ်(၄)တွင် ပစ္စည်းများ ကြည့်ရှုစစ်ဆေးနေတုန်း...

"ဟေ့ခယ်မလေး ဘာကြောင့်ကြယ်သီးဖြုတ်နေတာတုံး"

နောက်မှပေါ်လာသည့် ကုလားသံဝဲဝဲကြီးကြောင့် ဓာရီလန့်သွားရ၏။ ချာခနဲလှည့်ကြည့်မိသည်။

"ခယ်မလေး ဘာကြောင့်ကြယ်သီးဖြုတ်နေတာတုံး"

ဘယ်သူ့ကိုပြောသလဲ အောက်မေ့သည်။ ကိုယ့်ကိုပြောနေခြင်းဖြစ်၏။ ပြောနေသူက အသက်(၆၀)ခန့် ကုလားကြီး တစ်ယောက်။ ဆိုင်မှာဈေးလာဝယ်သူဖြစ်ပုံရသည်။ မည်သို့ပင်ဖြစ်စေ ဓာရီစိတ်ထဲမှာ ထောင်းခနဲဖြစ်သွားပြီး...

"မာမူကြီး၊ ရှင်ကဘာပြောတာတုံး"

"သတိပေးတာ"

"ဘာသတိပေးတာတုံး၊ ဘယ်သူက ရှင့်ခယ်မတုံး"

ကုလားကြီးက မျက်လုံးအပြူးသားနှင့် ခေါင်းကုတ်၏။ ဓာရီကဆက်၍ . . .

"ဘယ်မှာလဲရှင့်ခယ်မ၊ ဘယ်သူကကြယ်သီးဖြုတ်နေလို့တုန်း၊ ကျွန်မကိုကြည့်ပြီး ဘာကိစ္စ အဲဒီလို လာအော်နေရတာလဲ"

"မဟုတ်ဘူး၊ တူပြောခိုင်းတာ"

ကုလားကြီးက ခပ်လှမ်းလှမ်းမှလူငယ်တစ်ယောက်ကို လက်ညှိုးထိုးပြ၏။ ထိုလူငယ်က ရဲဘုန်းမင်း ဖြစ်နေလေသည်။

"ဟင်... ရှင်ကိုး"

"ဟုတ်တယ်"

သူ့ကိုပြန်တွေ့ရသဖြင့် ဓာရီဝမ်းသာသွားပါသည်။ သို့သော် စိတ်ထဲမှာ ကသိကအောက်ဖြစ်နေဆဲမို့...

"ရှင်က ဒီကုလားကြီးကို ဘာတွေမဟုတ်တရုတ် အော်ခိုင်းနေတာတုံး"

"မဟုတ်ဘူး၊ ခင်ဗျားအကျီက နောက်ဘက်အပေါ်ဆုံးကြယ်သီး ပြုတ်နေတယ်"

"ဟုတ်လို့လား"

ဓာရီ မလုံမလဲဖြစ်ပြီး ပြန်မေးလိုက်၏။

"ဟုတ်တယ်၊ ကျွန်တော်ကခင်ဗျားမှန်းလည်းမသိပါဘူး၊ နောက်ကတွေ့တာဆိုတော့ ဘယ်မှတ်မိမလဲ၊ ကျွန်တော်ပြောဖို့ကျ မသင့်တော်သလိုရှိလို့ ဘေးကဒီအဘိုးကြီးကိုပြောခိုင်းတာ၊ မာမူကြီးကစကားမပီတော့ အဓိပ္ပာယ်တစ်မျိုးကြီးဖြစ်သွားတာ"

ဓာရီက ဘာမှပြန်မပြောဘဲ သူ့ကိုသာစိုက်ကြည့်နေလိုက်သည်။ သူကဆက်ပြော၏။

"ခယ်မလေးမဟုတ်ဘူး၊ ကောင်မလေးလို့ပြောတာ၊ ကြယ်သီးဖြုတ်တယ်လို့ ပြောတာမဟုတ်ဘူး၊ ကြယ်သီး ပြုတ်နေတယ်လို့ပြောတာ"

ဓာရီစိတ်ရှုပ်ထွေးသွားသည်။ နံဘေးမှရောင်းရန်ချိတ်ထားသည့် မျက်နှာသုတ်ပုဝါတစ်ထည်ကို ပခုံးပေါ် လွှမ်းအုပ်လိုက်ပြီး...

"ရှင်ကဘာလာလုပ်တာတုံး"

"ကွန်ပတ်(စ)ရှိမလားလို့လာရှာတာ"

"မရှိဘူး"

"အင်း... မရှိရင်လည်း ဘယ်တတ်နိုင်မလဲဗျာ၊ တခြားဆိုင်သွားရှာရုံပေါ့၊ နေပါဦး... ခင်ဗျားကရော ဒီမှာ ဘာလုပ်နေတာတုံး `

"ကျွန်မက ဒီဆိုင်ရှင်ရှင့်၊ ဒါ... ဆိုင်ခွဲအမှတ်(၄)"

"သြော်... သြော်"

ဓာရီက အင်္ကျီကြယ်သီးတပ်ရန် အတွင်းခန်းသို့ဝင်မည်ပြုပြီးမှ

"နေဦး"

"ဘာတုံးဗျ"

"ရှင်မသွားနဲ့ဦး၊ ကျွန်မ ခုချက်ချင်းပြန်လာမယ်"

"အင်း... အင်း"

ဒီနေ့ သူနည်းနည်းသဘောကောင်းနေသလို ရှိသည်။ ခဏကြာတော့ဓာရီစားပွဲမှာ သူ့ကိုကျကျနနဧည့်ခံပြီး...

"ရှင်အခုဘာလုပ်နေလဲ၊ အရင်လိုရရစားစားပဲလား"

"ဆိုပါတော့..."

"အဲဒါကြောင့် ရှင့်ကိုကျွန်မက ပြောတာပေါ့၊ ကျွန်မရဲ့စတိုးဆိုင်တွေမှာဝင်လုပ်ပါလို့"

သူက အင်းမလုပ်အဲမလုပ်။ တည်ခင်းထားသည့် လက်ဖက်ရည်ကိုလည်းမသောက်။

"နေပါဦး၊ ရှင်ကဘယ်မှာနေတုံး"

"ခြောက်မိုင်ခွဲက အဆောင်တစ်ခုမှာ"

"မိဘတွေကနယ်မှာပေါ့ဟုတ်လား..."

"ဟုတ်တယ်"

"အရင်က ရှင်ဘာလုပ်ဘူးလဲ"

သူကဘာလုပ်ဘူးလဲဆိုတာ သူ့ဘာသာ စဉ်းစားနေသေး၏။ အတန်ကြာမှ...

"ဘောက်ဆင်ပွဲမှာ ကြိုးဝိုင်းဒိုင်လုပ်ဘူးတယ်"

"လက်ဝှေ့ကြိုးဝိုင်းဒိုင်... ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆိုရင် တစ်ကနေတစ်ဆယ်အထိ ရေတတ်မှာပေါ့၊ အဲဒါဆို ကျွန်မစတိုးဆိုင်မှာ အလုပ်ဝင်လို့ရပါတယ်"

"ဟာ… ဈေးသည် မလုပ်ချင်ပါဘူးဆို"

"ခု.. ရှင်တစ်လကို ဝင်ငွေဘယ်လောက်ရှိတုံး"

"တစ်သိန်းဝန်းကျင်ရှိတယ်"

"ဟင်… ရရစားစားဆို"

"အင်းလေ… အဲဒါက တစ်သိန်းဝန်းကျင်ရတယ်"

"ဘာလုပ်တာတုံး"

"ရရစားစားပါပဲ"

သူနှင့်စကားပြောရတာ အတော်စိတ်ရှည်ရှည်ထားရသည်။ ဆိုင်မှဝန်ထမ်းများက သူတို့နှစ်ယောက်ကို ထူးဆန်းသလို အကဲခတ်နေကြသည်။ ဓာရီ့ထံ ထိုကဲ့သို့ ယောကျာ်းလေးဧည့်သည် လာလေ့မရှိ၊ လာမယ့် လာတော့လည်း သားသားနားနားလေးဖြစ်နေသည်။ လူတွေကိုဆွဲဆောင်နိုင်သော ညို့ဓာတ်တစ်ခု သူ့မှာရှိနေ၏။

"ရှင် ကျွန်မနာမည်ကိုသိလား"

"မသိဘူး"

"မသိချင်ဘူးလား"

သူကပဲ စဉ်းစားနေသေး၏။ ပြီးမှ…

"ပြောကြည့်ပါဦး"

"ဓာရီ"

"ဒါလီ… ဟုတ်လား"

"ဒါလီမဟုတ်ဘူး၊ ဓာရီ"

"ဘာအဓိပ္ပာယ်တုန်းဗျ"

"ကျွန်မလည်းမသိဘူး"

"ဟင်… ဘယ်လိုကြီးတုံး"

ဓာရီက အလောသုံးဆယ် ရှင်းပြရသည်။

"ဒီလိုရှင့်...၊ ကျွန်မအဖေက ကျွန်မကိုမွေးတော့ 'ဂန္ဓာရီ' လို့မှည့်တယ်"

"အင်း"

"အဲဒါကို ကျွန်မဦးလေးကငြင်းတယ်၊ ဂန္ဓာရီမဟုတ်ဘူး၊ စာလုံးပေါင်းအမှန်က 'ကန္ဓာရီ' တဲ့"

"အင်း"

"သူတို့နှစ်ယောက် အငြင်းအခုန်ဖြစ်တာနဲ့ ကျွန်မနာမည်က အတည်မကျဘူးဖြစ်နေတယ်၊ အဲဒီမှာ မေမေကဝင်ပြီး အဆုံးအဖြတ်ပေးတယ် '

"အင်း"

"ဂန်ဂန် ကန်ကန် သူကမကြိုက်ဘူး၊ ဂန်ကိုလည်းမကြိုက်ဘူး၊ ကန်ကိုလည်းမကြိုက်ဘူး၊ အဲဒါနဲ့ ကျွန်မနာမည်က ဂန်ရော၊ ကန်ရောပြုတ်ပြီး ဓာရီပဲဖြစ်ကျန်ခဲ့တာ"

"သြော်... သြော်"

"ရှင့်ကုလားကြီး သွားပြီ"

"ကျွန်တော့်ကုလားကြီးမဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ဆိုင်ထဲကျမှ မြင်ဘူးတာ၊ ခင်ဗျားကုလားကြီးပါ"

"အို... ကျွန်မကတော့ အဲဒီကုလားကြီးကို ခယ်မ မတော်နိုင်ပါဘူးရှင်၊ ဒါနဲ့... နေပါဦး"

"ဘာလဲ"

"ခုနက ရှင်သံလိုက်အိမ်မြှောင်မေးတာ ဘာလုပ်ဖို့တုံး"

"အရပ်မျက်နှာကို သေချာခွဲသိအောင်လို့ပါဗျ"

"နေထွက်တာကိုကြည့်ပြီး ခွဲလို့မရဘူးလား၊ အရမ်းတိကျဖို့ လိုနေလို့လား"

"အင်း... ဟုတ်လား၊ ခင်ဗျားကကျွန်တော့်ရဲ့ သောကြာထောင့်ဘက်မှာရှိသလားဆိုတာကို သေသေချာချာသိဖို့ လိုနေတယ်"

ထိုသို့ပြောပြီး နှုတ်မဆက်ဘဲ ထပြန်သွားသည်။ ဓာရီမျက်လုံးအဝိုင်းသားနှင့် ကျန်ရစ်ခဲ့၏။ သောကြာထောင့်။ ဗီးနပ်(စ) ဟုခေါ်သော အချစ်နတ်သမီးစောင့်ရာ သောကြာထောင့်။ ကိုယ်ကစောင့်ရမှာလား။ သူကစောင့်ရမှာလား။ ဘာပဲပြောပြော ဓာရီ ပျော်သွားသည်။

ပီးနပ်(စ)တဲ့

မီးဖိနပ်ကိုစီးရတဲ့ ကရျောသည်

သူ့အတွက်တီးလုံးကိုတော့

မိုးလေးနည်းနည်းအုံ့ပေးကြပါကွယ်။

ရွှေဘုန်းလူ

( ဒိုင်ယာရီအဟောင်းတစ်အုပ်မှ )

ခုတလောမှာ ဓာရီအလုပ်တွေကို ဖိလုပ်ဖြစ်သည်။ ဟိုမိန်းမတွေပြောသလို ယောကျ်ားယူရန် ငွေစုနေခြင်းမျိုးလည်း မဟုတ်ပါ။ စိတ်ကိုအလုပ်ထဲမှာပဲ မြှုပ်ထားကြည့်ခြင်းဖြစ်သည်။ စတိုးဆိုင်တွေကို မနက်အစောကြီးတွေမှာ ရောက်ရောက်နေတတ်သည်။

"ဟာ... အစ်မအစောကြီးပါလား"

"အေး"

ဆိုင်ခွဲ(၃)မှ မန်နေဂျာဥမ္မာဦးက တစ်ယောက်တည်း ဆိုင်ကိုကြိုရောက်စစ်ဆေးနေသော ဓာရီ့ကိုတွေ့သဖြင့် အံ့ဩသွားသည်။ သူ့ထမင်းချိုင့်ကို သူ့စားပွဲမှာ သွားထားပြီး ဓာရီ့ထံပြန်လျှောက်လာကာ

"ဘာပြောစရာရှိလဲ အစ်မ"

ဆိုင်အားလုံးမှ ဝန်ထမ်းများက ဓာရီ့ကိုအစ်မဟုပဲ ခေါ်ကြတာများသည်။ အချို့ရုပ်ရှင်၊ ဝတ္ထုများထဲမှလို 'မမလေး' ဘာညာမခေါ်ကြပါ။

ဓာရီက ဥမ္မာ့စကားကို ချက်ချင်းပြန်မဖြေဘဲ ဆိုင်ကိုလှည့်ပတ်စစ်ဆေးနေသည်။ ဥမ္မာဦးကနောက်က တကောက်ကောက် လိုက်နေသည်။ အတန်ကြာမှဓာရီက . . .

"ဥမ္မာဦး"

"ရှင်... အစ်မ"

"နင် သံဗုဒ္ဓေဂါထာရသလား"

"ရ... ရပါတယ်"

"အေး... ခုကတည်းက ကြိုရွတ်ထား"

"ဘာ... ဘာဖြစ်လို့လဲမမ"

"ဒီနေ့တစ်နေ့လုံး ငါဒီဆိုင်မှာနေမယ်"

"ဟုတ်ကဲ့"

ဥမ္မာဦးက ခေါင်းညိတ်ပြရင်းပင့်သက်ရှိုက်သည်။ ဆိုင်မှဝန်ထမ်းများ၏ လုပ်ပုံကိုင်ပုံကို ဓာရီ လေ့လာဦးမည်ဖြစ်သည်။ အချိုးမပြေသူကတော့ အလုပ်မှထွက်ရလိမ့်မည်။ ဓာရီကထိုဘက်တွင် အလွန်ပြတ်သားသူဖြစ်သည်။

"ငါ... အတွင်းခန်းထဲမှာရှိတယ်၊ ငါရောက်နေတာကို ဘယ်သူ့မှမပြောနဲ့"

"ဟုတ်ကဲ့"

ဓာရီ အတွင်းခန်းထဲဝင်ပြီး မကြာမီမှာပဲ စတိုးဆိုင်ဝန်ထမ်းများတစ်ယောက်ပြီးတစ်ယောက် ရောက်လာသည်။ သူမ၏ အမိန့်အတိုင်း ဥမ္မာဦးက သူမရောက်နေကြောင်းမပြောပါ။ (အခန်းတွင်းရှိတီဗွီမှ အားလုံးကို မြင်နေရသည်) စကားပြောသံတွေကိုလည်း အတွင်းမှကြားနေရသည်။ ဓာရီ ရောက်နေကြောင်းကို ဥမ္မာဦးက အမူအရာနှင့်ဖြစ်စေ၊ မျက်နှာရိပ်မျက်နှာကဲနှင့်ဖြစ်စေ ပြမည်လောဟု အရင်ဆုံးဂရုစိုက်ကြည့်ရသည်။ သို့သော် ဤနေရာတွင်တော့ ဥမ္မာဦးက သစ္စာရှိပါသည်။ သူ့အလုပ်ကိုပဲ သူမဲလုပ်နေသည်။ ဥမ္မာဦးက အသားဖြူသဖြင့် မဲလုပ်နေကြောင်း ပေါ်လွင်ခြင်းလည်း ဖြစ်နိုင်သည်။

အပြစ်ကို အရင်ဆုံးစတင်ကျူးလွန်သူကဇော်ဦးဖြစ်သည်။ ဆိုင်တွင်းသို့လူငယ်တစ်ယောက်ဝင်လာသည်။ အမျိုးသား အဝတ်အစားများထားရာ ကောင်တာဆီသို့လျှောက်သွား၏။ ကောင်လေးက ခေတ်ဆန်ဆန် ဝတ်စားထားသဖြင့် ဆတ်ကော့လတ်ကော့ အရောင်းစာရေးမများက ထိုကောင်လေးကို ခိုးခိုးကြည့်ပြီး ထုံးစံအတိုင်း တခွိခွိရယ်ကြ၏။ တစ်ယောက်ကိုတစ်ယောက် ပခုံးဆောင့်တွန်းကြ၏။

ဓာရီ ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။

"ခြေအိတ်နီညိုရောင်များ ရှိသလားမသိဘူး"

ကောင်တာမှအရောင်းစာရေး ဇော်ဦးက နံဘေးမှ 'ဘိုဘို' နှင့် ဘောလုံးပွဲအကြောင်း ပြောနေချိန်ဖြစ်သည်။

"ဘာပဲပြောပြော မန်ချက်စတာကို သိပ်လျှော့တွက်လို့မရဘူးဗျ၊ သူတို့မှာဘုန်းကံရှိတယ်"

"အဲဒါဆိုရင်တော့ ဘုန်းကံကလည်း အလှည့်ကျဖြစ်လိမ့်မယ်ကိုယ့်လူ၊ ဒီနှစ်ကတော့ အာဆင်နယ် ဘုန်းကံပွင့်မယ့်နှစ်ပဲ"

"တော်စမ်းပါဗျာ. . . ၊ မန်ချက်စတာမှာက ဒေးဗစ်ဘတ်ခမ်းတစ်ယောက်နဲ့တင် . . ."

သူတို့ကဝယ်သူကို ဂရုမစိုက်ဘဲ သူတို့ဘာသာ ဘောလုံးပွဲအကြောင်းပြောနေသည်။ ဓာရီလည်း (မိန်းကလေးဆိုပေမယ့်) ဘောလုံးပွဲကိုကြိုက်ပါသည်။ သို့သော် ဈေးဝယ်သူကိုမထေမဲ့မြင်လုပ်သော ဈေးရောင်းဝန်ထမ်းများကိုတော့ နှစ်ခြိုက်ပေး နိုင်စွမ်းမရှိချေ။

ဘိုဘိုက ဖော်ဦး၏နံဘေးကောင်တာမှ ဦးထုပ်နှင့်အခြားပစ္စည်းအချို့ကို တာဝန်ယူရောင်းချရသူဖြစ်သည်။ ပြောကြေးဆိုလျှင် သူ့မှာလည်းအပြစ်ရှိသည်။

ဈေးဝယ်သူလူငယ်က...

"နီညိုရောင်ခြေအိတ်မရှိဘူးလား"

"အဲဒါအကုန်ပဲ၊ ခင်ဗျားကို အကုန်ထုတ်ပြထားတာ"

"ခင်ဗျားဘာသာ ဘယ်လိုပဲပြပြဗျာ၊ ကျွန်တော်လိုချင်တဲ့ နီညိုရောင်ခြေအိတ်မှမရှိတာ"

"အဲဒါဆိုရင်လည်း မတတ်နိုင်ဘူးပေါ့ဗျာ"

ဈေးဝယ်သူ လူငယ်က မကျေနပ်ချေ။

"ခင်ဗျားတို့ဆိုင်ရဲ့မန်နေဂျာကဘယ်သူလဲ"

ဖော်ဦးက ထိုလူငယ်ကို မျက်နှာထီမျက်နှာထားနှင့်ကြည့်လျက်. . .

"ခင်ဗျားကို ကျွန်တော်ကဘာများ အပြစ်လုပ်မိလို့လဲ"

"အဲဒါကို ခဏကြာရင် ခင်ဗျားသိရလိမ့်မယ်"

"သွားစမ်းပါ"

"သွားမှာပါ... ခင်ဗျားတို့ဆိုင်ရဲ့ မန်နေဂျာကိုသာဘယ်သူလဲ ပြပါ"

ထိုအချိန်မှာပင် ဥမ္မာဦးက သူတို့အပါးသို့ရောက်သွားပြီဖြစ်၏။ ဈေးဝယ်သူ လူငယ်ကို...

"ဘာများလိုအပ်ပါသလဲရှင်"

"မန်နေဂျာနဲ့ တွေ့ချင်တယ်"

"ဒီဆိုင်ရဲ့မန်နေဂျာလား"

"ဟုတ်တယ်"

"ရှိပါတယ်"

"ဘယ်မှာလဲ"

"ကျွန်မပါပဲရှင်"

"ဒါဖြင့် ခင်ဗျားအခုဖြစ်နေတာကို အကုန်မြင်တာပေါ့၊ ဘာဖြစ်လို့ဒီအတိုင်းကြည့်နေရတာလဲ"

လူငယ်က အတော်ပင်ပါးရည်နပ်ရည်ရှိပုံရသည်။ ဥမ္မာကမလှမ်းမကမ်းမှာရှိပြီး လှမ်းကြည့်နေသည်ကို သူက သတိထားပြီးသား။

ဥမ္မာဦးက ...

"တွေ့တော့တွေ့ပါတယ်၊ ဒါပေမဲ့ ဘာဖြစ်နေသလဲတော့ သေသေချာချာမသိပါဘူး၊ တဆိတ်အမိန့်ရှိပါရှင့်"

လူငယ်က အကျိုးအကြောင်းပြောပြ၏။ ဥမ္မာဦးက...

"ဟုတ်ကဲ့၊ သူတို့က ဝယ်သူကို ဂရုမစိုက်သလိုဖြစ်သွားရင် ကျွန်မတောင်းပန်ပါတယ်ရှင်၊ ဒါပေမဲ့ ရှိသမျှခြေအိတ် အကုန်လုံးကို သူတို့ထုတ်ပြခဲ့တာပဲ"

"မဆိုင်ဘူးလေဗျာ...၊ ဝယ်သူမှာ Choice & Right ရှိတယ်ဆိုတာကို ခင်ဗျားတို့ မသိဘူးလား '

"သိပါတယ်၊ အဲဒီအတွက် ရှင်ရွေးချယ်လို့ရအောင် ခြေအိတ်မျိုးစုံကိုထုတ်ပြခဲ့တာပဲ"

"မဟုတ်သေးပါဘူးဗျာ၊ ခင်ဗျားတို့ ဘယ်လိုအရောင်းစာရေးတွေလဲ"

လူငယ့်ကိုကြည့်ရတာ အတော်စိတ်ပျက်သွားပုံရသည်။ ကြည့်ရတာ အနောက်နိုင်ငံကြီး တစ်ခုခုမှာ အနေကြာထားသည့်ပုံဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် အတော်ပင် ရှည်ရှည်လျားလျား ညည်းတွားခဲ့သောကြောင့်ပင်။

ထို့နောက်မှ...

"ဒီမှာ ခင်ဗျားတို့ကို ကျွန်တော်ပြောမယ်"

ဥမ္မာဦးက စိတ်မသက်မသာမျက်နှာနှင့်...

"ဟုတ်ကဲ့... ပြောပါ"

"Choice ဆိုတာက ကျွန်တော့်ဘာသာရွေးထားပြီးသား၊ Choice နီညိုရောင်ခြေအိတ်လို့ ကျွန်တော် ပြောထားတယ်"

"ဟုတ်ကဲ့... အမိန့်ရှိပါ"

"အဲဒီထဲကမှ ခင်ဗျားတို့က နီညိုရောင်ခြေအိတ်အမျိုးအစားလေး ငါးခုထုတ်ပြနိုင်ခဲ့ရင် ကျွန်တော်က ထပ်ရွေးခွင့်ရှိတယ် နားလည်လား"

"ဟုတ်ကဲ့"

"အဲဒီအတွက် ကျွန်တော့်မှာ အခွင့်အရေးအပြည့်အဝရှိတယ်"

ဥမ္မာကဘာမှပြန်မပြော။ လူငယ်ကလည်း ဆက်မပြောတော့ဘဲ ဥမ္မာ့မျက်နှာကို အကဲခတ်သလိုကြည့်သည်။ အတန်ကြာမှ ဥမ္မာက ...

"ဟုတ်ကဲ့...၊ ရှင်လိုချင်တဲ့ပစ္စည်း ဤစတိုးဆိုင်မှာ မရှိလို့ပါ"

"အဲဒါဆိုလည်း တစ်ခါတည်းပြောလိုက်လေ၊ မရှိရင်မရှိဘူးပေါ့"

"အဲ..."

"အဲဒါဆို ကျွန်တော်လည်း အချိန်မကုန်တော့ဘူး၊ ခင်ဗျားတို့ဘက်က မထေမဲ့မြင်လုပ်တာကိုလည်း မခံရတော့ဘူး၊ အချိန်ကဘယ်လောက်တန်ဖိုးရှိသလဲ ခင်ဗျားတို့သိသလား၊ အခုကျွန်တော်က ကားကို နာရီနဲ့ငှားလာတာ၊ ခင်ဗျားတို့နဲ့ စကားပြောသမျှကို ငွေနဲ့စစ်ပြီးပြောနေရတာ၊ ကျွန်တော့်မှာလုပ်ငန်းကိစ္စ စကားပြောစရာရှိတာတွေကို ချိန်းထားတာ နောက်ကျပြီး ဒီမှာစိတ်အနှောင့်အယှက်ဖြစ်ရတော့ ဟိုမှာကောင်းပါ့တော့မလား"

"တောင်းပန်ပါတယ်"

"နောက်ဆို ခင်ဗျားတို့ဆိုင်မှာ ကျွန်တော်ဘယ်တော့မှ လာဝယ်တော့မှာမဟုတ်ဘူး၊ ကျွန်တော့်မိတ်ဆွေတွေကိုလည်း ခင်ဗျားတို့ဆီမှာ ယောင်လို့တောင်မဝယ်နဲ့လို့ ပြောမယ်၊ ခင်ဗျားတို့ထိုက်နဲ့ ခင်ဗျားတို့ကံပဲ"

ထို့နောက် လူငယ်ကထွက်သွားရန်ပြင်သည်။ မထွက်ခင်မှာ ဖော်ဦးဘက်သို့ပြန်လှည့်ပြီး. . .

"ရော့... ဒီမှာ ငါ့ကိုခြေအိတ်တွေထုတ်ပြတဲ့အတွက် မုန့်ဖိုး"

ငါးရာတန်တစ်ရွက်ထုတ်ချပေး၏။ ပြီးမှ...

"မင်းသာ ငါ့ကုမ္ပဏီကဝန်ထမ်းဆိုရင် ပြုတ်တာကြာပြီ"

ထို့နောက် ခြေလှမ်းကြဲကြဲဖြင့် လှည့်ထွက်သွားတော့၏။ ဥမ္မာကမလုံမလဲဖြင့် ဓာရီရှိရာအခန်းဘက်သို့ မသိမသာ လှည့်ကြည့်သည်။ ဖော်ဦးကျေနပ်ပုံမရ။

"ပိုက်ဆံရှိတိုင်း လူပါးဝတယ်"

ဘိုဘိုက ဘာမှမပြော။ ဥမ္မာဦးကလည်းသူ့စားပွဲကို သူပြန်လာသည်။ တစ်စုံတစ်ရာကို စဉ်းစားနေပုံရသည်။ ပြီး...

"ဇော်ဦး"

ဇော်ဦးက ခေါ်ခေါ်ချင်းကြားသည်။ မန်ချက်စတာမှာ ဘုန်းကံရှိသလိုသူ့မှာလည်း ဘုန်းကံရှိသည်ဟု ယုံကြည်ပုံရသည်။

ဉမ္မာဦးက. . .

"ခုနက ကိစ္စအတွက် နင်ဘာပြောမလဲ"

"ဘာပြောရမှာလဲ၊ သူကဘာလိုင်းကြီးရင့်သွားတာ"

"ကောင်းပြီ . . .၊ ညနေကျရင် နင့်အတွက် ရစရာငွေတွေကို အကုန်လုံးငါရှင်းပေးလိုက်မယ်"

"ဘာလဲ . . .ကျွန်တော့်ကိုထုတ်တာလား"

"အေး"

ဉမ္မာဦးက ဘာမှဆက်မပြောတော့ဘဲ ဂဏန်းပေါင်းစက်နှင့် အလုပ်ရှုပ်နေသည်။ ဇော်ဦးကဘိုဘို့ကို လှည့်ကြည့်တော့ ဘိုဘိုက မျက်နှာလွှဲထားသည်။

ဒါပါပဲ။

ဇော်ဦးကတော့ မကျေနပ်နိုင်သေးပါ။

"ဘာအကြောင်းပြချက်နဲ့ ကျွန်တော့်ကိုထုတ်သလဲပြောပါ"

"အများကြီးပဲ"

"များရင်များပစေလေ၊ ပြောပါ"

"တစ်အချက်"

"အင်း"

"နင်တာဝန်ယူထားတဲ့ပစ္စည်းတွေပဲ၊ နီညိုရောင်ခြေအိတ်မရှိမှန်း နင်မသိဘူးလား"

"ဒါကတော့ဗျာ..."

"ဒါကမတော့နဲ့၊ နီညိုရောင်ခြေအိတ်မရှိရင် တခြားခြေအိတ်ကို နင်အစားထိုးရောင်းပါလား၊ နင်ပြောတတ်ဆိုတတ်ရမှာပေါ့"

"အကုန်ထုတ်ပြတာပဲ၊ ဘယ်ဟာကိုမှ သူကမကြိုက်လို့ မဝယ်တာ ကျွန်တော်ဘာတတ်နိုင်မှာလဲ"

"အေး . . . အကုန်ထုတ်ပြတာကိုက နင်မဟုတ်တာဟဲ့၊ နီညိုရောင်ခြေအိတ်မရှိကြောင်းပြောပြီးမှ တခြားခြေအိတ်ကို ဆွဲဆောင်ရောင်းပါလား၊ သူ့ဘောင်းဘီ၊ သူ့ဖိနပ်ဘာအရောင်ဆိုတာကိုနင်ကြည့်ပြီး ရောင်းပါလား၊ ခု... နင်က အဲဒီလို မဟုတ်တဲ့အပြင် လာဝယ်သူကိုပဲ ဂရုမစိုက်သလိုလို အချိုး ချိုးနေတယ်၊ ဘေးလူနဲ့ လှည့်စကားပြော မပျက်ဘူး"

"မတတ်နိုင်ဘူးဗျာ"

"အေး... အဲဒါကြောင့်ကို ထုတ်တယ်၊ ညနေထွက်ပေတော့၊ တစ်ဆက်တည်းပြောထားမယ် ဘိုဘိုလည်း ကောင်းကောင်းသတိထားပါ"

ဖော်ဦးက ဥမ္မာဦးကို အတော်ပင် မကျေမနပ်ဖြစ်နေသည်။ သို့သော်လည်း ဘာမှပြန်မပြောသာ၊ ထိုအချိန်မှာပင် အမျိုးသမီးကြီးတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။

ဥမ္မာဦးကပဲ ထိုင်ရာမှထကာ...

"ဩော်... အန်တီတောင်မလာတာကြာပြီနော်"

"အင်း... ဟုတ်ပါရဲ့ကွယ်"

"ဟိုတလောက အန်တီမေးတဲ့ရင်ထိုးလေးတွေ ရောက်ပြီအန်တီရဲ့"

"ဟယ်... ဟုတ်လား"

ထိုစကားက အတော်ပင်အရာရောက်သွားသည်။ သူ့ကို ဤဆိုင်မှ အမှတ်တရရှိနေခြင်းကို သူအတော်ကျေနပ်သွားပုံ ရသည်။ လူဆိုသည်က အသိအမှတ်ပြုခံလိုသည် မဟုတ်လား။

"ခုရော ဘာလိုအပ်လို့လဲအန်တီ"

"ခေါင်းစည်းပဝါပါကွယ်"

"ရှိတယ်... အန်တီနဲ့လိုက်မှာလေးတွေကိုရှိတယ်"

"အေး... လုပ်စမ်းပါဦးကွယ်"

ဥမ္မာဦးက ခေါင်းစည်းပုဝါလေးတွေကို ကိုယ်တိုင်ယူပေးသည်။ အရောင်းစာရေးမလေးတွေကိုမခိုင်း။ ပြီးစလွယ် ဖြုတ်ယူလိုက်ခြင်းမျိုးလည်းမဟုတ်။ တယုတယလှမ်းယူခြင်းမျိုးဖြစ်သည်။ သူ့လက်နှင့်ထိလျှင်ပင် ပုဝါက နာသွားမည်စိုးသည့် သဘော။

ထို့ကြောင့်ပင်ဝယ်သူကပို၍ ဂရုတစိုက်တန်ဖိုးထားသွားသည်။ ဥမ္မာဦးကလည်း ရွှန်းရွှန်းဝေဝေအောင်ပြောသည်။ ထိုအန်တီကြီးက ထိုပဝါအပြင် ကလစ်အပြင် နှုတ်ခမ်းနီဆေးတောင့်တစ်တောင့်ကိုပင် ထပ်လောင်း၍ ဝယ်ယူသွားသည်။

ထိုအန်တီကြီးပြန်ထွက်သွားသည်အထိ ဥမ္မာဦးကကျေးဇူးတင်စကားပြော၍ ကျန်ရစ်ခဲ့သည်။ ထို့နောက်မှ ဆိုင်အရောင်းစာရေးစာရေးမများအားလုံးဘက်သို့လှည့်ကာ...

"မှတ်ထားကြ၊ ဖောက်သည်ကို အဲဒီလိုမွေးယူရတယ်၊ ဖောက်သည်ကို သတ်မပစ်ရဘူး၊ တစ်နေ့တစ်နေ့ ကိုယ်ဟာ ဖောက်သည်ဘယ်နှယောက်ကို သတ်ပစ်နေသလဲဆိုတာ ကိုယ့်ဘာသာကိုယ် စဉ်းစားကြ"

ထိုသို့ပြောလိုက်တော့လည်း အားလုံးငြိမ်သွားကြသည်။ ဓာရီအနေနှင့်ဥမ္မာဦးကိုတော့ သဘောကျပါသည်။ အစကတည်းက အရည်အချင်းရှိသူဖြစ်၍ မန်နေဂျာခန့်ထားဖြစ်၏။ ဆိုင်တိုင်းမှ မန်နေဂျာတိုင်းသည် ဤသို့သော အရည်အချင်းရှိသူများ ဖြစ်ကြသည်။ ဦးဝင်းကိုတစ်ယောက်မှလွဲလျှင်ပေါ့။ ဦးဝင်းကိုသည်လည်း မတော်ဟုမဟုတ်ပါ။ သို့သော် ဤလုပ်ငန်းခွင်အနေအထားအရ ယောက်ျားများသည် မိန်းမများလောက် မကျွမ်းကျင်ကြချေ။ ဦးဝင်းကိုက သဘောလည်း ကောင်းသေးသည်။ ထိုကြောင့် အလုပ်သမားတွေက သိပ်မကြောက်ကြ၊ ရောင့်တတ်ကြသည်။

ဆိုင်ထဲမှာ ခေတ္တငြိမ်သက်တိတ်ဆိတ်သွားသည်။ သာမန်ဈေးဝယ်သူတချို့ရောက်လာပြီး သာမန်အရောင်းအဝယ်တွေ ဖြစ်နေကြသည်။ သိပ်မထူးခြားပါ။ သို့သော်... သိပ်မကြာလှသော အချိန်အတွင်းမှာ ပြဿနာက စွပ်ကျယ်အပြဲကို ဝတ်ပြီး ရောက်လာသည်။

"ဒီမှာ... ခင်ဗျားတို့ဆီက ဟိုနေ့ကပဲဝယ်လာတဲ့စွပ်ကျယ်"

"ဟုတ်ကဲ့... ဘာဖြစ်လို့လဲ"

"ဒီနေ့ပြဲသွားပြီ"

"ဗျာ... ဟို..."

ဘိုဘို ဘာပြောရမလဲဖြစ်နေသည်။ ဥမ္မာ့ကိုလည်းကြည့်၏။ ဥမ္မာကသက်ပြင်းတစ်ချက်ချကာ ထိုလူ့ဆီသို့ သွားမည်အပြု...

"နေ... ငါသွားလိုက်မယ်"

စကားပြောစပီကာခွက်မှ ထွက်လာသောဓာရီ့အသံကြောင့် ဥမ္မာမှအပ ဆိုင်ဝန်ထမ်းအားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။ သူတို့အမူအရာကိုကြည့်ပြီး စွပ်ကျယ်အပြဲကိုကိုင်ပြီးဝင်လာသူပင် အူတူတူဖြစ်သွား၏။ အတွင်းခန်းထဲမှ ဓာရီထွက်လာတာကိုတွေ့တော့ ဆိုင်ဝန်ထမ်းတွေ နေစရာပင်မရှိသလို ဖြစ်သွားသည်။

ဓာရီက စွပ်ကျယ်အပြဲကိုကိုင်ထားသည့် ပုဂ္ဂိုလ်အာပြဲကြီးဆီ ဦးတည်လျှောက်သွားကာ...

"ဘာကိစ္စများလဲမသိဘူး"

"ခုနကပြောပြီးလေ... ၊ ဒီစွပ်ကျယ်ကို ခင်ဗျားတို့ဆိုင်က တစ်နေ့ကပဲဝယ်သွားတယ်"

"ဟုတ်ကဲ့... ပြောပါ၊ ၁၆ရက်နေ့ မွန်းလွဲ၂နာရီ ၃၅မိနစ်မှာ လူကြီးမင်းကိုယ်တိုင် လာဝယ်သွားတာပါ"

တစ်ဘက်လူ 'တွန့်' သွား၏။ အပြောအားဖြင့် 'တွန့်' သွားခြင်းမျိုးမဟုတ်။ အမှန်တကယ်တွန့်သွားခြင်းဖြစ်သည်။ ဓာရီ့ကိုလည်း အံ့သြသော မျက်လုံးမျိုးနှင့်ကြည့်သည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားဆီကဝယ်တာမဟုတ်ဘူး"

"ဟုတ်ကဲ့... ကျွန်မဆီကဝယ်တာမဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မရှိနေပါတယ်၊ လူကြီးမင်းပြောချင်တာကိုသာ ဆက်ပြောပါ"

"အဲဒါ ဒီနေ့ပြဲသွားပြီ"

"ဘယ်လိုလုပ်ပြဲသွားတာလဲ"

"ဝတ်ရင်းပြဲတာပေါ့ဗျ"

"ချွတ်ရင်းပြဲတာမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး"

"အဲဒီတော့ ကျွန်မတို့က ဘယ်လိုပြန်လုပ်ပေးရမလဲ"

"လျော်ပေးပေါ့ဗျာ"

"ပိုက်ဆံပြန်လိုချင်တာလား၊ စွပ်ကျယ်အသစ်လိုချင်တာလား"

"ခင်ဗျားတို့ဆိုင်ကစွပ်ကျယ်ကို အယုံအကြည်မရှိတော့ဘူး၊ ကျုပ်ကိုပိုက်ဆံပဲပြန်ပေး"

"ကောင်းပြီ"

ထိုသို့ ဓာရီကပြန်ပြောလိုက်သဖြင့် အကုန်လုံးနားလည်ရခက်သွားသည်။ စွပ်ကျယ်အပြဲယူလာသည့် ပုဂ္ဂိုလ်အပြဲကြီးကတော့ ကျေနပ်သွားပုံဖြင့် ပါးစပ်ပါပြဲသွားသည်။ ဓာရီက ကောင်တာဆီသွားကာ အံဆွဲတစ်ခုကိုသော့ဖွင့်၍ တစ်စုံတစ်ခုကို နှိုက်ယူလိုက်၏။ လက်ထဲမှာပါလာသည်က ပလပ်စတစ်အိတ်လေး တစ်အိတ်။

"ရော့"

"ဘာလဲ"

"ရှင်ပေးသွားတဲ့ပိုက်ဆံလေ...၊ ရှင် အဲဒီနေ့ပေးသွားပြီး နောက်နေ့လည်းကျရော သူ့အလိုလိုပြသွားရော"

ပလပ်စတစ်အိတ်ထဲမှာထည့်ထားသည်က နွမ်းဖတ်နေသောငွေစက္ကူအပြတချို့။ ထိုပုဂ္ဂိုလ်အပြုက လက်မခံချင်သလို...

"အို... မဟုတ်တာ"

"အဲဒါဆို ကျွန်မတို့ကလည်း ရှင့်လိုပဲပြင်းလို့ရပါတယ်၊ အိုမဟုတ်တာ၊ ကျွန်မတို့ရောင်းတဲ့စွပ်ကျယ်က ဒီလောက် အမြန်မပြနိုင်ပါဘူးလို့"

"ဒါကတော့ ခင်ဗျားကစကားကပ်တာပဲ"

"ရှင်ကမှ ငွေစက္ကူကိုပလပ်စတစ်နဲ့ကပ်ထားတာ"

"ခင်ဗျားတို့ယူတုန်းကဘာလို့ယူထားသေးလဲ"

"ရှင်လည်း ဒီစွပ်ကျယ်ကိုယူတုန်းက ဘာလို့ယူသေးလဲ၊ ရှင့်ဘာသာအများကြီးကြားထဲက ရွေးသွားတာ၊ ကျွန်မတို့ကမှ ရွေးပိုင်ခွင့်မရှိဘဲ ရှင့်ပိုက်ဆံကိုယူခဲ့တာ"

ပုဂ္ဂိုလ်အပြဲကြီး ဘာဆက်ပြောရမည်မှန်းမသိဖြစ်နေသည်။ အတန်ကြာမှ...

"ဒါဖြင့် ကျုပ်ကဘယ်လိုလုပ်ရမလဲ"

"ဒါကတော့ ရှင့်သဘောပဲလေ"

"ခင်ဗျားတို့လူပါးဝတယ်"

"ရှင်ထင်လို့ပါ၊ တခြားဆိုင်မှာဆို ဒီလိုတောင်ရှင်းပြမနေဘူး"

"ဒါဖြင့် ကျုပ်ကဘာလုပ်ရမှာလဲ"

"ပြန်တော့"

"ဘာ"

"ပြန်တော့ဆို"

"ဒီလိုပဲပြီးသွားပြီလား"

"အဲဒါဆိုရင်လည်း ဒီစွပ်ကျယ်ကိုထားခဲ့ပြီး ရှင့်ပိုက်ဆံကိုပြန်ယူသွား၊ ရှင့်ပုံစံကိုကြည့်ရတာ အဲဒီနေ့ကတည်းက မဟန်မှန်း သိလို့ ကျွန်မသေသေချာချာစစ်ဆေးပြီး သိမ်းထားတာ"

"တောက်"

"တက်"

"ဘာလဲ"

"ရှင်ကတောက်ခေါက်တာမဟုတ်လား"

"ဟုတ်တယ်လေ..."

"ကျွန်မလည်း တောက်ခေါက်တာ"

"ခင်ဗျားဗျာ ... တောက်"

"ရှင့်နယ်နော်... တက်"

ထိုပုဂ္ဂိုလ်အပြကြီး မကျေမနပ်နှင့် လှည့်ပြန်သွားသည်။ သူပြန်သွားမှ ဓာရီက ဘာမှမဖြစ်ခဲ့သလို အမူအရာဖြင့်...

"ဉမ္မာ"

"ရှင်"

"ဟိုပစ္စည်းတွေက နောက်ဘက်ရောက်ပြီး ချောင်ကျနေတယ်"

"ဟုတ်... ဟုတ်ကဲ့"

"သူတို့ကို စိတ်ဝင်စားစရာကောင်းပြီး ထင်ထင်ရှားရှားဖြစ်လာအောင် လိုက်တင်ပေးပါ"

"မီချောင်းသုံးရမှာပေါ့"

"အင်း... သုံးထားလိုက်၊ပြီးရင်စာရင်းတင်"

"ဟုတ်ကဲ့"

"ပြီး... ဒီနေ့ဆိုင်ခါမယ်"

"ရှင်..."

"ဆိုင်ခါမယ်"

"အစ်မပြောတာကို ကျွန်မနားမလည်ဘူး"

"နင်ပဲနေခဲ့၊ ကျန်တဲ့လူတွေအကုန်လုံး ဒီနေ့အလုပ်ထုတ်ပစ်လိုက်၊ စာရင်းတွေရှင်း"

"ရှင်… ဟုတ်… ဟုတ်ကဲ့"

ထိုမျှသာပြောပြီး ဓာရီအတွင်းခန်းထဲပြန်ဝင်လာခဲ့သည်။ သူမဖွင့်ထားသည့် စတိုးဆိုင်များထဲတွင် ဤဆိုင်သည် အမြတ်အစွန်းအနည်းဆုံး ပြဿနာအများဆုံးနှင့် နာမည်ဆိုးထွက်နေသောဆိုင်ဖြစ်သည်။ ဤသို့မှမရှင်းလျှင် မဖြစ်တော့ချေ။

ခုနက…

ဇော်ဦးနှင့် နီညိုရောင်ခြေအိတ်လာဝယ်သူတို့ စကားအခြေအတင်ဖြစ်ပြီး ဥမ္မာကဝင်ရှင်းရချိန်… အရောင်းစာရေးမ ရည်မွန်သန်းသည် မိတ်ကပ်ဘူးဖွင့်ကာ မှန်ကြည့်နေသည်။ မွေးကတည်းက မြင်ဖူးနေသော သူ့မျက်နှာကို အခုမှ မြင်ဘူးသလို ကြည့်နေသည်။ ဒါမှမဟုတ် မြင်ဖူးသလိုလိုရှိတယ်ဟူသော စိတ်မျိုးနှင့်ကြည့်နေသည်။

ခင်လေးဝေက ခေါင်းဖြီးနေသည်။ သူ့ကို ခေါင်းတုံးတုံးပေးရန် ဓာရီစဉ်းစားနေတာကြာပြီ။ အခုတော့မလိုတော့။ နောက်ပြီး… လဲ့လဲ့ဝင်း။ ဘာတွေလဲ့ပြီး ဘာတွေဝင်းနေသည်မသိ။ သူများတကာစကားပြောလျှင် "အဟင်း…အဟင်း" ဟု ချောင်းခဏခဏ ဟန့်သည်။ သူ့ကိုလှည့်ကြည့်ရတာ အလုပ်ပိုသည်။ ဒေါသလည်း ထွက်ရသည်။

သူကတော့ဘာမှမဟုတ်။ လည်းချောင်းအားနေ၍လုပ်ခြင်းလည်းဖြစ်သည်။ သို့သော်လည်း လူမှုရေးအရ၊ လုပ်ငန်း သဘောအရ ရိုင်းပျသည်။ ဉာဏ်နည်းသော၊ ယဉ်ကျေးမှုမရှိသော အပြုအမူလည်းဖြစ်သည်။ ထုတ်ပစ်ချင်နေတာ ကြာပြီ။ အခုတော့တစ်ပါတည်း ကြွပေတော့။ ကိုယ်လည်းသူ့လို လုပ်တတ်သည်ပဲ။

"အဟင်း…အဟင်း"

နောက်ဆုံးတစ်ယောက်က သီတာဝင်းဇော်။ ယောက်ျားလေးများနှင့် ပရောပရီနေလွန်းသည်။ ဆိုင်မှ ယောက်ျားလေးများနှင့် သော်လည်းကောင်း၊ ဆိုင်မှာပစ္စည်းလာဝယ်သော ယောက်ျားလေးများနှင့် သော်လည်းကောင်း ကန့်သြေမရသော ဆက်ဆံမှုကိုပြုတတ်သည်။ ဆိုင်သိက္ခာကျသည်။

ပျံတံတံနန့်တန့်တန့်နှင့်။

ပျံတံတံဆို၍ လက်နှစ်ဘက်ကို အတောင်ပံလိုခတ်နေသည်တော့လည်း မဟုတ်။ နန့်တန့်တန့်ဆို၍ ခါးကိုလှုပ်ယမ်းပြီး (ရှင်းရှင်းပြောရလျှင်သူ့တင်ပါးကြီးကိုယမ်းခါပြီး) နေသည်မျိုးတော့လည်းမဟုတ်။ သို့သော်လည်း ပျံတံတံနန့်တန့်တန့်နှင့်။ ဆိုင်သိက္ခာကျသည်။

အခုတော့အများနှင့်အတူ လိုက်သာသွားပါတော့။ ပြဇာတ်တွေထဲကလိုမလွှဲသာ၍ အသည်းနာနာနှင့် ခွဲခွာရခြင်းမျိုးမဟုတ်။ အမြဲမလာပါနှင့်တော့ဟု ကိုယ်ကပင်တောင်းပန်ပါသည်။ သူတို့ကို (ဆိုင်ခါ၍) အလုပ်မှ ထုတ်ပစ်လိုက်ပြီး ဆိုင်ကို တစ်ပတ်ပိတ်သည်။ ဆိုင်ကိုလိုအပ်သည်များပြင်ဆင်ရန်နှင့် ဝန်ထမ်းအသစ်များ ထည့်သွင်းရန် ဖြစ်သည်။ မခဲယဉ်းပါ။ ကိစ္စနှစ်ခုစလုံး အခက်အခဲမရှိအဆင်ပြေပါသည်။

တစ်ရက်...

နံနက်စောစောပိုင်းမှာ ဓာရီထိုဆိုင်သို့ရောက်ပြီး ဟိုဟိုသည်သည် စစ်ဆေးကြည့်ရှုနေလိုက်သည်။ တံခါးဝကို ဟသည်ဆိုရုံ ဟပြီး ပစ္စည်းအထားအသိုကို စစ်ဆေးသည်။ ဂျာကင်အင်္ကျီတန်းကို ရွှေ့ထုတ်လိုက်သည်။ ထိုအချိန်မှာပဲ ဖုန်းလာသည်။

"ကလင်... ကလင်... ကလင်"

ဓာရီမျက်မှောင်ကြုံ့လိုက်မိသည်။ စောစောစီးစီးဘယ်ကဖုန်းပါလိမ့်။ မဟုတ်နိုင်မှန်းသိသော်လည်း ရဲဘုန်းမင်းမျက်နှာကို ပြေးမြင်မိသည်။

"ဟယ်လိုပြောပါ"

"..."

"သြော်... ဟုတ်ကဲ့၊ ဦးဝင်းကိုပြော"

"..."

"ခြေစွပ်နီညိုရောင်လိုချင်တဲ့လူငယ်၊ ကျွန်မပြောတဲ့ပုံစံ၊ ဒီဆိုင်ကိုလာဘူးတယ်လို့ပြောသွားတယ်ဟုတ်ပြီ"

"..."

"သြော်... အင်း... ပေးလိုက်နိုင်တယ်၊ ရှင့်တို့ဆိုင်ကိုရော၊ ဒီဆိုင်ကိုရော ကျေးဇူးတင်တယ်တဲ့လား၊ ဟုတ်ပြီဟုတ်ပြီ ကောင်းတယ် '

"..."

"ဘာမှပြောစရာမရှိသေးပါဘူး ဒါပဲ...၊ နေ့ခင်းကျရင် အဲဒီကို ကျွန်မဝင်ခဲ့မယ်"

ခြေစွပ်နီညိုရောင်ရသောလူငယ်က လမ်းကြောင်းသင့်ရာသွားရင်း ဦးဝင်းကိုတို့ဆီရောက်သွားနိုင်ကြောင်း မှန်းဆမိ၍ ဓာရီကြိုတင်အကြောင်းအကြားထားခြင်းဖြစ်သည်။အဆင်ပြေသွား၍တော်ပါသေးသည်။

ဓာရီဟာစတိုးဆိုင်များကိုဆိုင်ခွဲတစ်၊ နှစ်၊ သုံး၊ လေးဟုသတ်မှတ်ထားသော်လည်း နာမည်တစ်ခုတည်း ပေးထားခြင်း မဟုတ်။ တစ်ဆိုင်ကိုတစ်မျိုး ပေးထားခြင်းဖြစ်သည်။ ဆိုင်တွေကို ယူနီဖောင်းပေးထား ခြင်းမျိုး ဓာရီမလုပ်။

"ဟင်"

ရှေ့ကိုပြန်အထွက်မှာ ဓာရီရင်ထဲထိတ်ခနဲ ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ဂျာကင်အင်္ကျီတစ်ထည် သိသိသာသာ ပျောက်နေသည်။ ကောင်တာပေါ်မှာလည်း စက္ကူအစအနတွေ။

ဘာလဲ...ဘာတွေလဲ။

စက္ကူစတွေထဲမှာ လိပ်စာကတ်ပြားတစ်ခုပါလာသည်။ ဖတ်ကြည့်လိုက်တော့ ပို၍အံ့ဩသွားသည်။ ရဲဘုန်းမင်း... တဲ့။ Hyphotist... တဲ့။ Hyphotist ဆိုတာကစိတ်ညို့ပညာရှင်ကိုဆိုလိုခြင်းဖြစ်သည်။ သူကတော့ စိတ်ညို့ဆရာလား။ ဖြစ်နိုင်သည်ဟု စိတ်ကအလိုလိုထင်မိသည်။ ရဲဘုန်းမင်းဆိုတဲ့နာမည်ကတော့ ရှားပါသည်။ သူပဲဖြစ်မည်။

ဒါဖြင့်သူကဘာလုပ်တာလဲ။

ဦးဝင်းကိုနှင့်ဓာရီတို့ ဖုန်းပြောတာက ဘာမှကြာသေးသည်မဟုတ်။ နောက်ပြောင်သွားသည်ဆိုလျှင်လည်း သူ့ဤအနားမှာပဲ ရှိဦးမည်။ ဆိုင်ကိုတံခါးပိတ်ပြီး ဓာရီ လမ်းထဲသို့ ခပ်သုတ်သုတ်လျှောက်ထွက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်နေသောသူ့ကိုတွေ့သည်။ ဓာရီလေ။ အဟင်း... အဟင်း... အဟင်း။

အထုပ်ဖြည့်ကြည့်ရင်

ငါဟာဘာလဲ

ရဲရဲမြန်မြန်ဖြေကြ။

"ဟေ့လူ"

လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြသူအားလုံးက လူတွေဖြစ်နေသောကြောင့် ဓာရီ့ခေါ်သံအဆုံးမှာအကုန်လုံးက လှည့်ကြည့်ကြလေသည်။ နောက်ဆုံးမှလှည့်ကြည့်သူကတော့ ထုံးစံအတိုင်း သူပဲဖြစ်၏။

ဓာရီ့ကိုမြင်တော့ သူကမျက်မှောင်ကြုံ့သွား၏။

"ကျွန်တော့်ကိုခေါ်တာလား"

"ဟုတ်တယ်"

သူက တစ်ယောက်တည်းထိုင်နေခြင်းမဟုတ်၊ အပေါင်းအဖော်တွေနှင့်ဖြစ်သည်။ နံဘေးမှာသူနှင့် တစ်ဝိုင်းထဲ ထိုင်နေသော အမျိုးသားသုံးယောက်ရှိသည်။

"ဘာလဲ... ခင်ဗျားက လက်ဖက်ရည်လာသောက်တာလား"

"သူခိုးလာဖမ်းတာ၊ ခိုးရာပါပစ္စည်းနဲ့ကိုမိတာပဲ"

ဒီထက်သေချာတာကတော့ ဘာမှမရှိတော့။ သူတို့စားပွဲပေါ်မှာ ဓာရီတို့ဆိုင်မှဂျာကင်၊ တံဆိပ်ပင်မခွာရသေး။ ဘာလုပ်နေကြတာမှန်းလည်းမသိ။

"သြော်... ဒီဂျာကင်ကခင်ဗျားတို့ဆိုင်ကလား"

"ဟုတ်တယ်"

"ခင်ဗျားက အဲဒီဆိုင်မှာလည်း အလုပ်လုပ်သလား"

"ရှင်အပိုတွေပြောမနေပါနဲ့၊ ဘာကိစ္စ ကျွန်မတို့ဆိုင်ကဂျာကင်ကို လူမရှိတုန်း ဝင်အလစ်သုတ်သွားရတာလဲ"

"ခင်ဗျားရှိမနေဘူးလား"

"ရှိတယ်"

"ဒါနဲ့များလူမရှိဘူးဆို"

"အတွင်းခန်းထဲဝင်နေလို့ရှင့်"

သူက သူနှင့်တစ်ဝိုင်းထဲထိုင်နေသည့် မျက်လုံးပြူးပြူးနှင့်လူကို လှည့်ကြည့်ကာ...

"သြော်... ခင်ဗျားက အပြင်ခန်းကပဲယူလာပုံရတယ်"

သူ့ပုံစံက အေးအေးဆေးဆေးပဲဖြစ်သည်။ ရေနွေးတွေငုံ့သောက်နေသော်လည်း အပူအပင်ရှိပုံမရ။

ဓာရီမှာသာ နားမလည်နိုင်အောင်ဖြစ်နေမိသည်။

"နေပါဦး... ၊ ရှင်က အဲဒါဘာသဘောလဲ"

"ထိုင်ပါဦး"

"မထိုင်ပါဘူး၊ ပြောမှာသာပြော"

"ပြောမလို့ထိုင်ခိုင်းနေတာ"

ဓာရီမကျေမနပ်နှင့် ဝင်ထိုင်သည်။ ဘယ်သူကမှလည်း ခုံဆွဲမပေးချေ။ ကိုယ့်မှာလက်ရှိနေသဖြင့်သာ တော်တော့သည်။

"ကဲ... ပြော"

"ဒီလိုဗျာ..."

"အင်း"

"ကျွန်တော်က စိတ်ညှို့ပညာတွေ ဘာတွေလေ့လာထားတယ်"

"အင်း"

"ဟောဒီပုဂ္ဂိုလ်က မယုံဘူးတဲ့၊ အဲဒါကြောင့် သူ့ကိုညှို့ပြီး ခင်ဗျားတို့ဆိုင်မှာ ပစ္စည်းသွားဝယ်ခိုင်းတာ"

"ဒါဝယ်တာမှမဟုတ်တာ၊ ခိုးတာ"

"ပြောတာကို ဆုံးအောင်နားထောင်စမ်းပါဦး"

"ကဲ... ပြော... ပြောမြန်မြန်ပြော"

"သူ့ကို ကျွန်တော်ကပိုက်ဆံနဲ့ ဝယ်ခိုင်းတာမဟုတ်ဘူးဗျ၊ စက္ကူစုတ်တွေနဲ့သွားဝယ်ခိုင်းတာ"

"ဘာသဘောလဲ"

"ညှို့တာပါဆို...၊ ရိုးရိုးပိုက်ဆံနဲ့တော့ လူတိုင်းဝယ်တတ်တာပေါ့"

"ရှင်ဒီလိုလုပ်စားနေတာ ကြာပြီလား၊ ရှင်ပြောတဲ့ ရရစားစားဆိုတာ ဒါမျိုးလား"

သူကပြုံးသည်။

"မယူပါဘူးဗျာ၊ ခင်ဗျားဂျာကင်ကို ခုပဲပြန်လာပေးကြမလို့ပါ၊ အပျော်လုပ်တာပဲဟာ"

"ကျွန်မဆိုင်မို့လို့ ရှင်သက်သာသွားတာပေါ့၊ တခြားဆိုင်ဆိုရင် ဒီလိုဖြေရှင်းရုံနဲ့ ဘယ်ရမလဲ"

"အင်း... ခင်ဗျားဆိုင်မှန်း ကျွန်တော်မသိဘူး၊ ဒါပေမဲ့ ဒီပုဂ္ဂိုလ်ကပြောတယ်၊ အဲဒီဆိုင်ကမန်နေဂျာ ဒေါ်ဥမ္မာဦးက သူနဲ့ရင်းနှီးတယ်ဆိုလို့ ကိစ္စမရှိလောက်ဘူးဆိုပြီး စိန်ခေါ်စမ်းသပ်ကြတာပါ"

"ရှင်နိုင်တယ်ဆိုပါတော့"

"ဟင့်အင်း"

"ဒါ... ရှင်နိုင်တာမဟုတ်ဘူးလား"

"သူ့ကိုတော့နိုင်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားကိုပြန်ရှုံးသွားတယ်"

"ဘာရှုံးတာလဲ"

"သူကပိုက်ဆံဆိုပြီး ရှိသမျှစက္ကူတွေကို ထုတ်ချခဲ့တာမှာ ကျွန်တော့်လိပ်စာကတ်ပါ ထုတ်ချခဲ့ပုံရတယ်၊ ကျွန်တော်ဘယ်သူလဲ၊ ဘာအလုပ်လုပ်သလဲဆိုတာ ခင်ဗျားသိသွားတာပေါ့"

"အဲဒါ ကျွန်မအတွက် ဘာထူးခြားမှာလဲ"

"အညို့ခံချင်ရင်ပြောလေ"

"အိုး... ဘာလဲဟ"

"ရော့... ရော့ဒီမှာ ခင်ဗျားဂျာကင်၊ ကျွန်တော်တို့ ဘယ်သူနဲ့မှလည်းမတော်ဘူး၊ ပြန်ယူသွား မတော်တာချည်းကို ညှို့ပြီး ဝတ်ခိုင်းလို့လည်းမရဘူး"

ဓာရီက ဂျာကင်ကို ပြန်ဆွဲယူပြီး...

"နောက်နောင်တော့ အဲဒီလိုမလုပ်ပါနဲ့"

"အင်း"

"ရှင့်ကိုတွေ့လိုက်ရရင် တစ်ခုမဟုတ်တစ်ခု ပြဿနာချည်းပဲ"

"ခင်ဗျားနဲ့ကို တိုက်ဆိုင်လွန်းတာပါ"

ဓာရီက ထပြန်မည်လုပ်တော့သူက...

"လက်ဖက်ရည် သောက်မသွားတော့ဘူးလား"

သူ့လက်ဖက်ရည်ကို စိတ်မဝင်စားမိပါ။ စိတ်ထဲမှာ ထူဆန်းနေသလိုဖြစ်နေသည်။ စိတ်ညှို့သည်ဆိုသောကိစ္စ၊ ဝတ္ထုတွေ၊ ဗီဒီယိုခွေတွေထဲမှာပဲ ကြည့်ဖူးပါသည်။ အပြင်မှာ တစ်ခါမှလည်းမကြုံဘူး။ ဒီလူ့နှယ် ရှာရှာပေါက်ပေါက်။

"နေပါဦး... ရှင်ကဆရာဝန်လား"

"မဟုတ်ပါဘူး"

"စိတ်ပညာနဲ့ ကျောင်းပြီးထားတာလား"

"အင်း... အဲဒါတော့ဟုတ်တယ်၊ ဒါပေမဲ့ စိတ်ညှို့ပညာက ကျောင်းမှာသင်ခဲ့တာ မဟုတ်ပါဘူး"

"ဘယ်က သွားသင်လာတာလဲ"

"နိုင်ငံခြားကတော့ မဟုတ်ဘူးပေါ့ဗျာ... ရသေ့ကြီးတစ်ယောက်ဆီကပါ"

"စိတ်ညို့ပြီး ရှင်က ဝင်ငွေဘယ်လိုရှာသတုံး"

"ဟာ... ခင်ဗျားမေးခွန်းတွေက များလိုက်တာ"

ဓာရီအဖို့လည်း ဆက်ထိုင်ရကောင်းနိုး၊ ထထွက်သွားရကောင်းနိုး ဖြစ်နေသည်။ ကိုယ်ထထွက်ကာမှနောက်ကနေ လှမ်းညို့လိုက်မှာကိုလည်း ကြံကြံဖန်ဖန် တွေးကြောက်နေမိသေးသည်။

ထိုအချိန်မှာ လက်ဖက်ရည်ဆိုင်ရှင်နှင့် ဈေးဝယ်သူတို့ ပြဿနာထတက်ကြသည်။

"ခင်ဗျားဘာသာ လုပ်လိုက်တဲ့ကိစ္စပဲ"

"ခင်ဗျားက ကြိုပြောမှပေါ့ဗျ"

"ကဲ... အခု ဘယ်လိုလုပ်မလဲ"

"အဲဒါက ခင်ဗျားကို ကျုပ်ကမေးရမှာ"

လက်ဖက်ရည်လာဝယ်သူက ချိုင့်နှင့်ဖြစ်သည်။ ဘာတွေလွဲချော်ကုန်သည်မသိ။ ငြင်းနေကြတာကတော့

အချေအတင်။ ဓာရီတို့တောင် အာရုံပြောင်းပြီး ငေးကြည့်နေမိကြသည်။

နောက်မှ လိပ်ပတ်လည်ပြီး ရယ်ရသေးသည်။

ဝယ်သူက ပိုက်ဆံကို ချိုင့်ထဲမှာ ထည့်လာခြင်းဖြစ်သည်။ လက်ဖက်ရည်အဖျော်ဆရာက ချိုင့်ထဲကို မကြည့်မိဘဲ လက်ဖက်ရည် လောင်းထည့်လိုက်သည်။ ပြီး... ပြဿနာတက်နေကြခြင်းဖြစ်သည်။ ကပ်သီးကပ်သပ်။

မနေတတ် မထိုင်တတ်ရှိလှသော ဓာရီက...

"ရှင်တို့က ဘယ်လိုဖြစ်ချင်နေကြတာလဲ၊ ဘာကို ငြင်းနေတာလဲ"

"ဒီပိုက်ဆံကို ကျုပ်က ဘယ်လိုလုပ် လက်ခံမလဲဗျ"

"ကျုပ်ကရော ဒီလက်ဖက်ရည်ကို ဘယ်လိုလုပ်သောက်တော့မလဲဗျ"

"ဘဲစားဘဲကြေပေါ့ရှင့်"

"ဘာဖြစ်တယ်"

"ဘဲစားဘဲကြေပေါ့လို့"

"အရေးထဲ ခင်ဗျားက ဘာတွေဝင်ပြောနေလဲ မသိဘူး"

ထိုစကားကို အဖျော်ဆရာက ဝင်ပြောခြင်းဖြစ်သည်။ သို့သော် လက်ဖက်ရည်ပိုင်ရှင်ကမူ အခုမှ ဓာရီ့ကို သတိထားမိသွားပြီး...

"ဟာ... အစ်မကိုး"

"အင်း"

"မလာစဖူး လာလို့ပါလား၊ လက်ဖက်ရည်မှာချင်ရင်လည်း ဆိုင်က ကလေးတစ်ယောက်ယောက်ကို လွှတ်လိုက်ရောပေါ့"

"လက်ဖက်ရည်လာမှာတာ မဟုတ်ပါဘူး။ အသိနဲ့တိုးလို့စကားထိုင်ပြောနေတာ၊ ဒါ့ထက် ရှင်တို့က ဘာဖြစ်နေကြတာလဲ"

သိပြီးကိစ္စကို ထပ်မေးနေသေးသည်။ ဓာရီ့မျက်နှာနှင့် အရှိန်အဝါက အတော်ကြီးပုံရသည်။ ဆိုင်ရှင်ကလည်း ဂရုတစိုက် ပြန်ဖြေသည်။

"နားညည်းလို့ ကျွန်မက ဝင်ပြောတာ"

"ဟုတ်ကဲ့"

"သူကလည်း ပိုက်ဆံစိမ်ထားတဲ့ လက်ဖက်ရည်ကို သောက်ရတယ်ဆိုမှတော့ ရှင်တို့ကလည်း လက်ဖက်ရည် စိုနေတဲ့ ပိုက်ဆံကိုယူလိုက်ပေါ့"

"အင်း... ဟုတ်သားပဲ"

"လွယ်လွယ်လေးကို"

ကိစ္စက ထိုသို့ပင် အူကြောင်ကြောင်နှင့် ပြီးသွားသည်။

"ဩော်... ဒါနဲ့ မဓာရီ"

"ဘာလဲ"

သူခေါ်တာက တောင့်တောင့်ကြီးဖြစ်သည်။

"ခင်ဗျားကို ကျွန်တော့်မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးရဦးမယ်"

"နောက်မှ..."

"ဟင်..."

"နောက်မှပဲ မိတ်ဆက်ပေးတော့၊ ကျွန်မက ဆိုင်ကိုပြန်ရဦးမယ်၊ ပေး... ဒီဂျာကင်"

"ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

"ဘယ်လို..."

"ကျွန်တော်လိုက်ပို့ပေးမယ်လို့"

"မလိုပါဘူး၊ ဘယ်လောက်မှ မပင်ပန်းဘူး"

"အဲဒါကြောင့် လိုက်ပို့ပေးတာပေါ့၊ ပင်ပန်းမယ်ဆိုရင် လိုက်မပို့ပါဘူး"

"ရှင်ဟာလေ... စကားပြောရင် ရိုက်ပေါက်ချည်းပဲ"

"နောင်... ကျွန်တော့်ကိုတွေ့ရင် နီးရာတုတ်ကောက် ပြေးကောက်ထားပေါ့ဗျာ...၊ အုတ်ခဲနဲ့မထုရင် ပြီးရော"

"ဘာကွာလို့လဲ"

"မသိဘူး...၊ တုတ်နဲ့ အရိုက်ခံရတာကမှ နည်းနည်းက္ကန္ဒြေရသေးလားလို့"

ဓာရီ စိတ်ညစ်ညစ်နှင့် ရယ်မိတော့သည်။

"ကဲ... ကဲ... ဒါဖြင့်လည်း လာ၊ အဲဒီဂျာကင်ကြီးကို ရှင့်ဘာသာ ယူခဲ့"

"အင်း..."

ဆိုင်မှာက ဥမ္မာဦးလည်းမရောက်သေး။ တစ်ဆိုင်လုံးမှာသူနှင့်ဓာရီ နှစ်ယောက်တည်း ဖြစ်နေသည်။ သိပ်မသင့်တော်လှ။ ထို့ကြောင့်ဆိုင်ရှေ့မှာပဲ ကုလားထိုင်ထုတ်ပြီး စကားထိုင်ပြောနေလိုက်သည်။

"ရှင့်ကို အသေအချာမေးရဦးမယ်"

"အင်း"

"ဟို စိတ်ညှို့တယ်ဆိုတဲ့ ကိစ္စပါ"

"ဘာဖြစ်လဲ"

"ဘယ်လိုညှို့တာလဲ"

"ဟ…နည်းတွေကတော့အများကြီးပေါ့ဗျာ၊ ကျုပ်က နှစ်နဲ့ချီပြီးလေ့လာခဲ့ရတာ၊ ခင်ဗျားကို တစ်ထိုင်တည်း ဘယ်လို ရှင်းမလဲ"

"ကဲ… ထားပါတော့၊ အဲဒီလို စိတ်ညှို့တတ်တော့ ဘာလုပ်လို့ရသလဲ၊ ထမင်းစားလို့ ရသလား"

"ရတယ်၊ ရေလည်း သောက်လို့ရတယ်"

ဓာရီ သက်ပြင်းချမိသည်။ သူနှင့် စကားပြောရတာ အဆင်မပြေချေ။

"ရှင် မျက်လှည့်ပြလို့ရတာပေါ့၊ ဟုတ်လား"

"ဆပ်ကပ်လည်း ပြလို့ရတယ်"

"စကတ်…၊ ဘယ်က စကတ်က ပါလာတာလဲ"

"ဆပ်ကပ်ကို ပြောနေတာဗျ"

"ရှင့်ကို ကြည့်ရတာ ပေါက်ကရတွေ လျှောက်ပြောနေပုံရတယ်"

"အင်း… ဒါကျတော့လည်း ခင်ဗျား သိသားပဲ"

"ကဲ… အကောင်းပြောစမ်းပါ၊ ရှင်က စိတ်ညှို့ပြီး ဘာလုပ်တာလဲ"

"ဘာမှမလုပ်ပါဘူး၊ လူတွေကိုတတ်နိုင်တာ ကူညီတယ်၊စိတ်ညှို့ပြီး ရောဂါတွေကိုကုပေးနိုင်တယ်ဗျာ၊ အရက်စွဲ၊ ဆေးလိပ်စွဲတွေကို ဖြတ်ပေးနိုင်တယ်ဗျာ၊ မှတ်ဉာဏ်ကောင်းအောင် လုပ်ပေးနိုင်တယ်ဗျာ၊ စကားထစ်တာကို ပျောက်အောင် လုပ်ပေးနိုင်တယ်ဗျာ၊ အဲဒါမျိုးပေါ့…၊ ပြောရရင်တော့ အများကြီးပေါ့"

"တယ်ဟုတ်ပါလား၊ ရှင် အခကြေးငွေယူပြီး လုပ်ပေးတာလား"

"ဘယ်ဟာမှ အလကားမရဘူး မချော၊ ကျုပ်လည်း ဒီပညာကို ဘဝနဲ့ရင်းပြီး သင်ထားရတာ"

"အင်း… စိတ်ဝင်စားဖို့တော့ ကောင်းသား"

ထိုအချိန်မှာပဲ မျက်မှန်ကလေးပင့်ကာပင့်ကာဖြင့် ဉမ္မာဦးရောက်လာသည်။ ရဲဘုန်းမင်းကို အကဲခတ်သလို တချက်ကြည့်သည်။

"အစ်မရောက်နေတာ ကြာပြီလား"

"အေး... ဉမ္မာရောက်လာတာနဲ့ အတော်ပဲ"

"ဘာဖြစ်လို့လဲ အစ်မ"

"သွား... သွား၊ အိတ်တွေ ထီးတွေကို သွားထားလိုက်ပါဦး၊ ပြန်ထွက်လာခဲ့၊ နင့်ကို စိတ်ဝင်စားစရာ ပြမလို့ '

"ဘာလဲ... ကျွန်တော့်ကို စိတ်ညို့ခိုင်းပြီး မျောက်ပွဲလို ကြည့်မလို့လား"

"ကျွန်မက အဲဒီလောက် မရိုင်းပါဘူးရှင့်"

ဉမ္မာဦးက ချက်ချင်းဆိုသလို ပြန်ရောက်လာသည်။ ရသမျှအချိန်လေးကို အသုံးချပြီး မိတ်ကပ်တော့ ဖို့လာပုံရသည်။ ရဲဘုန်းမင်းကို အရဲစွန့်ပြီး ကြည့်သည်။ ပြီး သူ့ဘာသာ တစ်ဖက်သတ်ရှက်ကာ

"ဘာများလဲ အစ်မ"

"နင့်မှာ ကားဟွန်းသံကို ကြောက်တဲ့ရောဂါ ရှိတယ်ဆို"

"ဟုတ်ကဲ့"

"အေး... အခု အဲဒီရောဂါကို အခု ကုပေးမလို့"

"ဒီအစ်ကိုကြီးက အသံတုဝိဇ္ဇာလား"

ဓာရီ ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားသည်။ ရဲဘုန်းမင်းကတော့ ခပ်တည်တည်ပဲဖြစ်သည်။

ဉမ္မာဦးကို မေးဆတ်ပြကာ...

"ချွတ်လိုက်"

"ရှင်"

"ချွတ်လိုက်၊ မျက်မှန် ချွတ်လိုက်"

"အဲဒီလို ရှင်းရှင်းပြောပါရှင့်၊ နေပါဦး... ဟွန်းသံကြောက်တဲ့ ကိစ္စပဲ၊ နားကို ကုရမှာ မဟုတ်လား"

"စိတ်ကို ကုရမှာ"

"အဲဒါနဲ့ မျက်မှန်နဲ့ ဘာဆိုင်လဲ"

"မချွတ်ချင်လည်း နေဗျာ"

ဓာရီကပဲ ကြားဝင်ရသည်။

"ကဲပါ... ဥမ္မာရယ်၊ မျက်မှန်ချွတ်ပေးလိုက်စမ်းပါ"

"ချွတ်ပြီး ဘာလုပ်ရမှာလဲ"

ရဲဘုန်းမင်းက ဓာရီ့ကို...

"ကဲ... မဓာရီ ခင်ဗျားကလည်း ရှင်းအောင်မပြောဘူး"

ထိုသို့ဖြင့် ဓာရီက လိပ်ပတ်လည်အောင် ရှင်းပြလိုက်သည်။ ဥမ္မာသဘောပေါက်သွားသော်လည်း အတန်ငယ် ရှံ့တွန့်တွန့် ဖြစ်နေပုံရ၏။ မပွင့်တပွင့်ဖြင့်...

"စိတ်က ဘယ်မှာညှို့မှာလဲ"

"ဒီအပြင်မှာတော့ မကောင်းဘူးလေ၊ ဆိုင်ထဲ ဝင်ရမှာပေါ့"

"တစ်ခါတည်းနဲ့ ပျောက်သွားမှာလား"

"ဒါကတော့ ကုကြည့်မှ သိမယ်"

"ဘယ်လောက်ပေးရမှာလဲ"

"ခင်ဗျားက ဘယ်ဟွန်းအမျိုးအစားကို ကြောက်တာလဲ၊ လေဘီးကား ဟွန်းဆိုရင်တော့ နည်းနည်းပါးပါးပေါ့၊ ပရာဒို၊ ပါဂျဲရိုးဟွန်းဆိုရင်တော့ ပိုပေးရမယ်"

သူတို့၏စကားကို ဓာရီက ဝင်၍ ကြားဖြတ်ပေးလိုက်၏။

"ကဲပါ ဥမ္မာရယ်...၊ အဲဒါတွေကို နင်ပူနေစရာ မလိုပါဘူး၊ ကဲ... အတွင်းခန်းထဲကို သွား၊ မီးတွေဖွင့်လိုက်"

"ဟုတ်... ဟုတ်ကဲ့"

ရှေ့မှ သွားနေရင်း ဥမ္မာက ဓာရီ့ကို လှည့်မေးသေးသည်။

"အစ်မ သူက ဘယ်လိုညို့မှာလဲ"

"တော်ကြာ တွေ့ရမှာပေါ့ဟာ"

"သူ့မှာဖြင့် ဘာမှလည်း ပါမလာပဲနဲ့"

ထိုသို့ တွန့်ဆုတ်တွန့်ဆုတ်ဖြင့်ပင် ဥမ္မာဦးလည်း ကုတင်ပေါ်မှာ လူနာလို လှဲလိုက်ရတော့၏။

"အစ်မ"

"ဟေ"

"ဘေးကနေ ကြည့်လည်း ထားဦးနော်"

"အေးပါ"

"ဒါမှမဟုတ် အစ်မပဲ အညို့ခံလိုက်ပါလား"

"အောင်မာ... ငါက ဘာကိစ္စ အညို့ခံရမှာလဲ"

"ကျွန်မလည်း..."

"တော်ပြီ စကားရှည်မနေနဲ့တော့၊ နောက်ဆို နင် ဘယ်ကားဟွန်းသံကိုမှ ကြောက်စရာမလို"

"ပွမ်"

"အမေ့"

ဘေးလမ်းမှ ကားဟွန်းသံကြောင့် ဓာရီလန့်သွားခြင်းဖြစ်သည်။ ရဲဘုန်းမင်းက မချိမချဉ်ပြုံးသဖြင့် ဓာရီ မျက်စောင်း ထိုးထည့်လိုက်သည်။ ဖြစ်မှဖြစ်ရလေ...။ ဒီနေရာမှာ အသံတိတ်ဆိတ်ပါသည်။ ဒီကြားထဲ ဥမ္မာက တမော့င့်။

"ဟို... ဟို စိတ်ညို့ဆရာကြီး"

"ပြော"

"ဘယ်လောက်ကြာမှာလဲ"

"သိပ်မကြာပါဘူး"

"ကျွန်မကို လေထဲမြှောက်တင်ပြီး လွှန့်ဖြတ်တာတွေ ဘာတွေ မလုပ်ရဘူးနော်"

"ဩော်... ခင်ဗျားနဲ့တော့ ခက်နေပါပြီ၊ ဘာမှ မတွေးနဲ့၊ မျက်လုံးကို မှိတ်ထားလိုက်"

"..."

"ဟုတ်ပြီ... တစ်ကိုယ်လုံးအကြောတွေကို လျှော့ထားလိုက်"

"..."

"အင်း... မျက်မှောင်နှစ်ခုကြားနေရာကို အဓိကလျှော့"

"..."

"ဟုတ်ပြီ... အသက်ကို ပြင်းပြင်းရှူမယ်၊ (၇)ကြိမ်စီ ရှူသွင်းရှူထုတ်လုပ်မယ်၊ မြန်တယ်...

အရှိန်နည်းနည်းပြန်လျှော့မယ်၊ အစက ပြန်စမယ်"

"..."

"ဟုတ်ပြီ... အိပ်ချင်လာပြီ၊ မျက်လုံးတွေ စင်းလာပြီ၊ တစ်ကိုယ်လုံးလည်း လှုပ်မရတော့ဘူး၊ အိပ်ချင်လာပြီ၊ အိပ်ပျော်တော့မယ်၊ ဟုတ်ပြီ... ကျွန်တော့်အသံကလွဲရင် ခင်ဗျား ဘာသံကိုမှ မကြားတော့ဘူး၊ ကဲ... အခု ကျွန်တော် လက်ခုပ်သုံးချက်တီးမယ်၊ သုံးချက်ပြည့်တာနဲ့ ခင်ဗျားအိပ်ပျော်သွားမယ်"

"..."

"ဟုတ်ပြီ..."

"ဖျောင်း... ဖျောင်း"

"..."

"ဟုတ်ပြီ...၊ နောက်ဆုံးလက်ခုပ်သံ"

"ဖျောင်း"

"အိပ်ပျော်သွားပြီ"

အံ့သြဖွယ်ရာပင် ဉမ္မာဦး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။ ထိုအခါကျမှ ရဲဘုန်းမင်းက အဘယ်ကြောင့် ကားဟွန်းသံကို ကြောက်ရသနည်းဆိုသော အကြောင်းရင်းကို ဖြည်းဖြည်းချင်း ဖော်ထုတ်နေသည်။ သူ့ကို ကြည့်ရတာ အတော်ကျွမ်းကျင်ပုံရသည်။

ဘာမှမကြာခင်မှာဘဲ ရောဂါ၏ ဇစ်မြစ်က ပေါ်သွားသည်။ ရဲဘုန်းမင်းက ကားဟွန်းနှင့်ပတ်သက်ပြီး ဉမ္မာဦး နောက်ထပ်အကြောက်အလန့်မရှိအောင် အမိန့်ပေးနေသည်။

အေးအေးဆေးဆေး သက်သက်သာသာပဲ ဖြစ်၏။ ဓာရီ နံဘေးမှ အံ့သြနေမိသည်။ သဘောကျသလိုလည်း ဖြစ်မိ၏။ ရဲဘုန်းမင်းက အလာကြီးရယ်။ အတန်ကြာမှ ရဲဘုန်းမင်းက အိပ်မွေ့ပြန်ဖြေပေးလိုက်သဖြင့် ဉမ္မာဦး အူကြောင်ကြောင် ပြန်နိုးလာသည်။

"အစ်မ"

"အေး... နင်အခုဘယ်လိုနေသေးလဲ"

"ဒီလိုပါပဲ"

"အေး... နောက်ဆို ဘယ်ကားဟွန်းသံကိုမှ နင်မကြောက်တော့ဘူး"

"ဟုတ်လား"

"အေး... ဒီပုဂ္ဂိုလ်က နင့်ကို ဆေးကုပေးလိုက်ပြီ"

"ဘူး"

"အမ်မယ်လေး"

ဉမ္မာဦး လန့်ဖျပ်သွားရပြန်သည်။ နှစ်ယောက်သား ရဲဘုန်းမင်းကိုလှည့်ကြည့်တော့ သကောင့်သားက ခပ်တည်တည်။

"ဒါ... ကားဟွန်းသံမဟုတ်ဘူး၊ နွားအော်သံ"

ဟုတ်ပေသားပဲ။

ရဲဘုန်းမင်းကပင်ဆက်၍...

"ခင်ဗျားတို့အခန်းက ထင်သလောက်မတိတ်ဆိတ်ပါဘူးဗျ၊ ဒါ... ဒီအမျိုးသမီးက လူငယ်လည်းဖြစ်ပြီး ကျန်းမာရေးလည်းကောင်းလို့ မြန်မြန်သွက်သွက်ပြီးတာ၊ နို့မို့အတော်လုပ်ရမှာ"

"ရှင့်ကို ဆေးကုခ ဘယ်လောက်ပေးရမလဲ"

"မလိုပါဘူး"

"မဟုတ်ဘူးလေ... ကျေးဇူးဆပ်ရမှာပေါ့"

"နေပါဦး... မလောပါနဲ့၊ သူ့အနေအထားကို သူ့ဘာသာစောင့်ကြည့်ပါစေဦး၊ သူကျေနပ်မှုတစ်မျိုးပေါ့"

ဥမ္မာဦးက ကုတင်ပေါ်မှာတင်ပါးလွှဲထိုင်နေလျက်က...

"ကျွန်မ မျက်မှန်ပြန်တပ်လို့ရပြီလား"

"အကုန်ပြန်တပ်လို့ရပြီ"

"ဟင်... တခြား၊ဘာတွေချွတ်ထားမိသေးလို့လဲ"

"ဆံညှပ်"

မအောင့်နိုင်သဖြင့် ဓာရီရယ်မိတော့သည်။ ရဲဘုန်းမင်းကလည်း ရဲဘုန်းမင်း...၊ ဥမ္မာဦးကလည်း ဥမ္မာဦး...။

ရဲဘုန်းမင်းက ဓာရီ့ကို ခပ်စူးစူးကြည့်ပြီး...

"ဒါရယ်စရာမဟုတ်ဘူးလို့ ပြောရမှာလည်း ခပ်ခက်ခက်"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားနာမည်ကကိုက ဓာရီဖြစ်နေတာကိုး"

ဒီလူနှင့်ကတော့လွယ်ကိုမလွယ်ပါချေ။

ထိုအချိန်မှာပဲ ဥမ္မာဦးကအလန့်တကြား...

"အစ်မ"

"ဟေ..."

"သူက ဒီလိုမျိုး ဆေးကုတတ်တော့ လွယ်တာပေါ့"

"ဘာလွယ်တာလဲ"

"ဟိုလေ..."

"ဘာ... ဟိုလေလဲ"

ဥမ္မာဦးက စကားနှင့်မပြော၊ ဓာရီ့ကိုအဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်သည်။ ပထမတော့ ဓာရီသဘောမပေါက်။ နောက်မှ...

"သြော်..."

"ဘယ်လိုလဲမမ"

ဘာမှပြန်မပြောနိုင်ဘဲ ဓာရီမျက်ခုံးအတွန့်ချိုး၍ စဉ်းစားနေသေးသည်။ အတန်ကြာမှ ခေါင်းကို ခပ်လေးလေးညိတ်၏။

"အင်း... ဟုတ်တယ်"

"ဘာတွေ ဟုတ်နေတာလဲဗျာ"

"နေပါဦး၊ ဒီမှာစဉ်းစားနေတယ်"

"အဲဒါဆိုလည်း စဉ်းစားဗျာ၊ ကဲ... ဒီကအမျိုးသမီး"

ဥမ္မာဦးကို လှမ်းခေါ်ခြင်းဖြစ်သည်။ နဂိုကတည်းမှ သူက အရှိန်အဝါထွက်နေသူ တစ်ယောက်ဖြစ်သောကြောင့် ဥမ္မာဦးက ပျာပျာသလဲ...

"ရှင်"

"ဒီနားကလက်ဖက်ရည်ဆိုင်မှာ ကျုပ်မိတ်ဆွေသုံးယောက် ကျန်ရစ်ခဲ့တယ်"

"ကျွန်မမှ မမြင်ဘူးဘဲ"

"တစ်ယောက်က ခင်ဗျားနဲ့သိတယ်၊ ခင်ဗျားအစ်မရဲ့ ရည်းစား ကိုရဲဝင်း"

"သြော်... ဟုတ်လား"

"ကိုယ့်ဘာသာကိုယ်ပြန်နှင့်ကြလို့...၊ ကျွန်တော်ဒီမှာ ဘာမှန်းမသိတဲ့ကိစ္စ ရှိနေတယ်လို့"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

ဥမ္မာဦး ခပ်သုတ်သုတ်ထွက်သွားသည်။ သူ့ခြဲအိုလောင်းဆီမှာ ရဲဘုန်းမင်းအကြောင်းတွေကို စကားလမ်းကြောင်း မဆိုက်ဆိုက်အောင် ကွေ့ပတ်ထိုးရပ်ပြီး မေးဦးမည်ထင်သည်။ (တကယ်တမ်းမှာ ကိုရဲဝင်းကလည်း ရဲဘုန်းမင်း အကြောင်းကို ဘာမှသေသေချာချာသိသူမဟုတ်)

"ကဲ… မစာရီ အမိန့်ရှိပါဗျာ"

"ခဏလေးပါ၊ ကိစ္စကအရေးကြီးကိစ္စမို့လို့"

"အဲဒါဆိုလည်း တစ်ရက်မှ အေးအေးဆေးဆေးဆုံကြမယ်ဗျာ..၊ ကျွန်တော့်မှာလည်း အချိန်သိပ်မရှိဘူး"

"အင်း… ကျွန်မကိစ္စကလည်း ရှင့်ကို သေသေချာချာပြောပြမှဖြစ်မှာ"

"အင်း"

"နောက်ပြီး ရှင့်အကြောင်းကိုလည်း သိထားဖို့လိုတယ်၊ စိတ်ညှို့ပညာရဲ့ အစွမ်းအစကိုရောပေါ့လေ"

ရဲဘုန်းမင်းက ဘာမှပြန်မပြော။ စာရီ့ကိုပဲ ငြိမ်ကြည့်နေသည်။ သူ့အကြည့်ကြောင့် စာရီအနေခက်လာသည်။

"အဲဒီလိုကြည့်မနေပါနဲ့၊ ရှင့်ကိုမဟုတ်တာ အကူအညီမတောင်းပါဘူး"

"ခင်ဗျားကိုကျွန်တော်က ဘာပြောနေလို့လဲ၊ ကျွန်တော့်ဘာသာ စဉ်းစားနေတာ"

"ဘာစဉ်းစားတာလဲ"

"ဩော်… ယောက္ခမနဲ့သားမက်ဆိုတာ တကယ်တော့ အသက်အတူတူပါလား… လို့"

"ရှင်ဘာတွေလျှောက်ပြောနေတာလဲ"

"ခင်ဗျားပဲစဉ်းစားကြည့်လေ…၊ သားမက်ကသားမက်ဖြစ်တဲ့နေ့မှာမှ ယောက္ခမကလည်းယောက္ခမဖြစ်တာ၊ အဲဒီနေ့မှ သူ့မှာ ယောက္ခမဖြစ်ခွင့်ရတာ"

"အဲဒါ ကျွန်မနဲ့ဘာဆိုင်လဲ"

"ခင်ဗျားနဲ့ဆိုင်တယ်လို့ ဘယ်သူကပြောလို့လဲ"

"အခု ကျွန်မတို့ပြောနေတဲ့အကြောင်းအရာနဲ့ရော ဘာဆိုင်လို့လဲ"

"မဆိုင်ပါဘူးလို့ ကျွန်တော်ကလည်းပြောနေတယ်"

"ရှင်ဟာလေ…"

ထိုအချိန်မှာပဲ ဥမ္မာဦးပြန်ရောက်လာသည်။

"ဘယ်သူမှမရှိကြတော့ဘူး"

"အဲဒါလည်းကောင်းတာပဲ၊ ကဲ... ကဲခင်ဗျားတို့ကိစ္စကိုပြော"

"ဒီလိုလုပ်ပါ...၊ သန်ဘက်ခါ ဒီလက်ဖက်ရည်ဆိုင်ကိုပဲ ရှင်လာခဲ့ပါလား"

"အေးအေးဆေးဆေး စကားပြောလို့မရဘူးထင်တယ်"

"ဒီကမှ တစ်နေရာကိုသွားကြတာပေါ့"

"ကောင်းပြီလေ..."

ဥမ္မာဦးက အခုတော့လည်းအိပ်မွေ့မပြယ်သလို ဝါးခနဲသမ်းဝေသည်။ ပြီး... ပါးစပ်ကိုလက်နှစ်ဖက်နှင့် ကမန်းကတန်း အုပ်၏။

"ကဲ... ကျွန်တော်သွားတော့မယ်ဗျာ၊ ဥမ္မာဦးတောင် အောက်ဆီဂျင်အတော်နည်းနေပြီ"

"လုပ်ပြန်ပြီ... ဘာတွေလျှောက်ပြောပြန်ပြီလဲ"

"လူကအောက်ဆီဂျင်နည်းရင် သမ်းတယ်ဗျ"

တချိုးတည်းလှည့်ထွက်သွားတော့သည်။ ဥမ္မာဦးက...

"အစ်မ"

"ဒီလူနဲ့ဖြစ်နိုင်မလား"

"မပြောနိုင်ဘူး"

"လူကအထူးအဆန်းပဲ၊ တော်ပုံရပါတယ်"

"အပြင်ထွက်ရအောင်ဟာ..."

"ဟုတ်"

"အခန်းထဲမှာကလှောင်တယ်၊ ငါလည်း အောက်ဆီဂျင်နည်းလာပြီ"

ထိုသို့ပြောကာ ဓာရီကပါ ဝါးခနဲသမ်းဝေလိုက်သည်။ အောက်ဆီဂျင်များတာကတော့ ရဲဘုန်းမင်းပဲဖြစ်မည်။ အစအနပင်ရှာမတွေ့တော့။

**ကိုယ့်မြင်းကိုယ်စိုင်းတာပါပဲ...**

**ဘယ်အုတ်တံတိုင်းကိုတွေ့တွေ့...**

**ကျော်မယ်။**

တကယ်တော့ ရဲဘုန်းမင်း၏ဘဝက ထူးထူးခြားခြားမရှိလှပါ။ ခမ်းခမ်းနားနားလည်းမဟုတ်။ သူလူမှန်းသိစ အချိန်မှာ နယ်မြို့တစ်မြို့ကို ရောက်နေသည်။ အစကတော့ ရန်ကုန်ဟုပြောသည်။ နောက်တော့လည်း ဘယ်လိုလုပ် နယ်မြို့ကို ရောက်လာမှန်းမသိ။

ရဲဘုန်းမင်း၏အဘိုးက ထိုနယ်မြို့ကလေးမှာ နာမည်ကျော် ကျူရှင်ဆရာကြီးတစ်ဦးဖြစ်၏။ 'တစ်နွယ်ငင် တစ်စင်ပါ' ဆိုသလို ရဲဘုန်းမင်း၏မိခင်ဖြစ်သူကလည်း ကျူရှင်ဆရာမအဖြစ်ပင် ကျောင်းသားထောက်ခံမှု ရထားသည်။ ရဲဘုန်းမင်းပင်လျှင် မနေရ။ ဆယ်တန်းအောင်ပြီးသည်နှင့် နွေသင်တန်းမှာ လုပ်အားပေးအဖြစ် ဝင်ရောက်ကူညီ ရသေးသည်။ စီးပွားရေးအရ ပြေလည်ပါသည်။

အဘိုးနာမည်က ဦးကြည်၊ အမေ့နာမည်က ဒေါ်ခင်။ ကံကောင်း၍ သူ့နာမည် မောင်ကြည်ခင် မဖြစ်ခြင်း ဖြစ်သည်။ အချို့က အဘိုးကို မြန်မာပညာရှိကြီးတစ်ယောက်လို ဆက်ဆံကြသည်။ ရဲဘုန်းမင်းက မြန်မာပညာရှိကြီးများကို မမြင်ဖူးသဖြင့် တကယ်တမ်း တူမတူမသိချေ။ အဘိုးကလည်း ဟုတ်သလိုလိုတော့ နေ၏။ သို့သော် နည်းနည်း ဝကျသည်။ ဒါကကို သူတို့မြန်မာပညာရှိကြီးများ၏ စတိုင်လ်လားမသိချေ။

"အဘိုး"

"ဘာလဲကွ"

"ဒီစာအုပ်ထဲမှာ စာချိုးတစ်ခုပါလာတယ်"

"ဘာတဲ့လဲ"

"ပန်းတကာ့ပန်း ဘယ်ပန်းမွှေးတယ်။ စံပယ်၊ ခေါင်းရမ်း၊ နှင်းပန်းမွှေးတယ်တဲ့"

"အဲဒါဘာဖြစ်လဲ"

"ခေါင်းရမ်းပန်းက မွှေးမှမမွှေးတာ"

"အဲဒါ မင်းအပူပါလား"

အမှန်တော့ ဘယ်သူ့အပူမှ ပါသည်မဟုတ်ချေ။

"မမွေးဘဲနဲ့ ဘာလို့မွေးတယ်လို့ ထည့်ထားရတာလဲ"

"ပြောပြမယ် နားထောင်"

"ဟုတ်"

အဘိုးက သူ့ကွမ်းအစ်ကြီးကိုဆွဲယူပြီး ကွမ်းယာကို စိမ်ပြေနပြေယာနေသေးသည်။ ဘယ်လိုဖြီးဖြန်းရင် ကောင်းမလဲဟု အချိန်မီစဉ်းစားနေတာလည်း ဖြစ်နိုင်သည်။

အတန်ကြာမှ ကွမ်းလေးမြုံ့ကာမြုံ့ကာနှင့်...

"ရှေးမြန်မာဘုရင်တွေရဲ့လက်ထက်မှာ သေဒဏ်ပေးခံရတဲ့ ရာဇဝတ်သားတွေကို ပန်းပေးပြီးမှ လူသတ်ကုန်း ခေါ်သွားလေ့ရှိတယ်"

"ယောက်ျားကြီးတွေကိုကော ပန်းပန်ပေးတာပဲလား၊ ရက်စရာကြီး၊ သေဖို့အရေးပဲ ပန်းပန်ရသေးတယ်လို့"

"အေး... မင်းအလှည့်ကျမှ ပန်ချင်ရာပန်"

"ပြောပါဦးအဘိုး၊ အဲဒါဘာဖြစ်တုံး၊ သိပ်မစဉ်းစားနဲ့အဘိုးရဲ့...။ အဘိုးက တကယ်မသိဘဲ စမ်းတဝါးဝါး ပြောနေသလိုကြီး"

"မင်းကိုငါ ကွမ်းညှပ်နဲ့ ပိတ်ပေါက်လိုက်ရမလား"

ထိုအရည်တွေကိုကြိုမြင်၍ ရဲဘုန်းမင်းက ကွမ်းညှပ်ကို ယူဝှက်ထားပြီးသားဖြစ်သည်။ ကွမ်းအစ်ထဲမှာ ကွမ်းရွက်တွေပဲရှိ၏။ ကွမ်းရွက်နှင့်ကောက်ပေါက်တာကတော့ ပြဿနာမရှိ။ သူမစားရရုံပဲရှိမည်။

"အဲဒီအခါမှာ စံပယ်ပန်းရယ်၊ နှင်းပန်းရယ်၊ ခေါင်းရမ်းပန်းရယ် သုံးမျိုးကို ပန်ပေးလေ့ရှိတယ်။ ရာဇဝတ်သားကို လွတ်ငြိမ်း ချမ်းသာခွင့် ပေးပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်သုံးဦးကို ကိုယ်စားပြုတာပဲ"

"ဘယ်သူတွေလဲအဘိုး"

"သာသနာပိုင်ချုပ်ရယ်...၊ ဘုရင်ရယ်...၊ မိဘုရားရယ်... အဲဒီသုံးဦးပေါ့၊ အဲဒီထဲမှာမှ မိဖုရားကြီးက သူကယ်ပိုင်ခွင့်ရှိတဲ့ ခေါင်းရမ်းပန်းပန်သူ အကျဉ်းသားကို ကယ်လွှတ်လေ့ရှိတယ်။ မိန်းမဆိုတော့ စိတ်ပျော့တာပေါ့ကွာ"

"သြော်... အဲဒါကြောင့် ခေါင်းရမ်းပန်းကိုပါ မွေးတယ်လို့ ထည့်ပြောကြတာပေါ့ ဟုတ်လား..."

"အင်း"

"မိဘုရားကြီးကရော... အဲဒီပန်းကို သူ့ဘာသာ မွှေးကြည့်သေးရဲ့လား"

"ဟော့ကောင် စကားရှည်မနေနဲ့၊ သွား... ရပ်ကွက်ထဲသွားစမ်း၊ ငါခိုင်းစရာရှိတယ်"

"ဘာသွားလုပ်ရမှာလဲအဘိုးရဲ့"

"ငါ့အတွက် နို့နည်းနည်းသွားယူပေးစမ်း"

"ဘာနို့လဲ...၊ နွားနို့လား၊ ဆိတ်နို့လား"

"လူနို့ကွာ... လူနို့"

"ဗျာ"

"သားသည်အမေနို့ကိုပြောတာကွာ...၊ နို့ရည်... နို့ရည်"

"အဘိုးက ဘာလုပ်မလို့တုံး"

"မျက်စိနည်းနည်းနာချင်နေပြီ၊ မျက်စဉ်းခတ်မလို့"

"ဟင်... တခြားမျက်စဉ်းတွေ အများကြီးရှိပါတယ် အဘိုးရယ်"

"သွားမှာသွားစမ်းပါကွာ...၊ ငါငယ်ငယ်တည်းက မျက်စိနာရင် လူနို့နဲ့ပဲခတ်နေကျ"

"ဟာ... အဲဒါကို ကျွန်တော်က ဘယ်လိုလုပ် သွားတောင်းရမှာတုံး"

"ကလေးအမေတွေဆီက တောင်းကွာ၊ ခုချက်ချင်းသွား"

ပွစိပွစိနှင့်ပင် ရဲဘုန်းမင်း လမ်းပေါ်ဆင်းခဲ့ရသည်။ သူမဆင်းလျှင် သူ့အဘိုးဆင်းသွားက ပို၍ဆိုးဖို့ပဲရှိသည်။ ခေါင်းကိုသာ ဖိကုတ်နေမိတော့၏။ ဘယ်လိုအဘိုးမှန်းလည်းမသိ။ သူကမြန်မာပညာရှိဆိုတော့ ကိုယ်က အသားလွတ်ခံနေရသည်။

"မစိန်ငွေ နေကောင်းတယ်မဟုတ်လား"

"အေး... ကောင်းတယ်"

"ဩော်... ဒေါ်သန်းစိန်ကရော ဘယ်ကပြန်လာတာလဲ"

"ကုန်စုံဆိုင်ကပြန်လာတာ၊ နင်ကရော ဘယ်သွားမလို့လဲ"

"ကျွန်တော်က ဟိုလေ... အဟီး... ဒီဘက်ပဲ"

လမ်းမှာတွေ့သမျှ ကလေးအမေတွေကို လိုက်ရယ်ပြနေရသည်။ ဘယ်သူ့ဆီကမှတော့ မတောင်းရဲသေး။ အခုမှ ခွက်ကလေး၊ ဘူးကလေး မေ့လာမှန်းလည်းသတိရသည်။ လက်ဖဝါးနှင့်ဖြန့်ခံလို့ကော ရမှာလား။ ဒါမှမဟုတ် အဲဒီ ကလေးအမေကိုပဲ အဘိုးဆီ တစ်ခါတည်းတန်းခေါ်သွားရမှာလား။

"ဟော့ကောင် ရဲဘုန်းမင်း ဘယ်တုံး"

အသံကြားရာကိုလှည့်ကြည့်တော့ လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ ထိုင်နေသော ကိုချစ်သန်းကိုတွေ့ရ၏။ ကိုချစ်သန်းမှာ ကလေးနှစ်ယောက်ရှိသော်လည်း ယောက်ျားကြီးဖြစ်နေ၍ အကျုံ့မဝင်ချေ။ လက်ပြကာ ကျော်သွားမည်ပြုပြီးမှ စိတ်ကူးရပြီး။

"ကိုချစ်သန်းကြီး တစ်ယောက်တည်းပဲလားဗျ"

"အေး... မင်းဘာသောက်မလဲ"

"မသောက်တော့ပါဘူး၊ ဒါထက် ခင်ဗျားမိန်းမရော..."

"တော်စမ်းပါကွာ... ဒီမိန်းမအကြောင်း မပြောစမ်းပါနဲ့"

"ခင်ဗျားတို့လင်မယားကလည်း ခဏခဏရန်ဖြစ်နေတာပဲ၊ ခုဘာဖြစ်ပြန်ပြီလဲ"

"တော်တော်စော်ကားတဲ့ မိန်းမကွ"

"ခင်ဗျားမိန်းမက ခင်ဗျားကိုစော်ကားလွှတ်လိုက်တယ်... ဟုတ်လား"

"စကားပြောရိုင်းတာကိုပြောတာကွ"

"ဪ..."

"သူက လူရှေ့သူရှေ့ဆိုမေးပြီ၊ ရှင့်ကိုယ်ရှင် ဘာကောင်အောက်မေ့နေလဲ... လို့"

"အေးဗျ၊ နည်းနည်းတော့ရိုင်းတာပေါ့"

"တစ်ခါတစ်ခါကျ ငါ့ကလေးတွေရှေ့မှာတင် အဲဒီလိုမေးတာ"

"ခင်ဗျားကလေးတွေက ငယ်ပါသေးတယ်ဗျာ...၊ ဘာမှမသိသေးပါဘူး"

"အငယ်ကောင်ကသာ နို့မပြတ်သေးတာ၊ အကြီးကောင်က နားလည်တဲ့အရွယ်ရောက်ပြီကွ၊ ငါ့သားကြီးရှေ့မှာ ငါ့ကို အဲဒီလိုပြောတော့ ဘယ်ကောင်းမလဲ"

ရဲဘုန်းမင်းက လက်ဖက်ရည်စားပွဲကို လက်ညှိုးနှင့် တတောက်တောက်ခေါက်လိုက်ရင်း...

"ဒါဆိုရင်ခင်ဗျားကိုကျွန်တော်အကြံတစ်ခုပေးမယ်"

"ဘာလဲ"

"ခင်ဗျားမိန်းမ တစ်ခါတည်းကို ပါးစပ်ပိတ်သွားစေရမယ်ဗျာ"

"ဘာလဲဆို..."

"ဒီတစ်ခါ ကလေးတွေရှေ့မှာ အဲဒီလိုလာမေးရင် တစ်ခွန်းတည်းသာပြန်ပြောလိုက်"

"ဘာပြောရမှာလဲ"

"ငါ့ကိုယ်ငါ ဒီကလေးတွေရဲ့ အဖေထင်တယ်ဟေ့... လို့"

"ဟေ..."

"အဲဒါဆို သူဘာမှပြန်မပြောရဲတော့ဘူးဗျ"

"အေး... ပြောရင်လည်း သူ့အလွန်ပဲ၊ ဟုတ်တယ်... ဒီအကြံကောင်းတယ်"

ကိုချစ်သန်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ ရဲဘုန်းမင်းကိုလည်း ကျေးဇူးတင်သလိုကြည့်၏။ ရဲဘုန်းမင်းကလည်း ရလာသောအခွင့်အရေးကို လုံးဝလက်လွှတ်မခံဘဲ...

"ကိုချစ်သန်း... ခင်ဗျားကလည်း ကျွန်တော့်ကိုပြန်ကူဗျာ"

"လက်ဖက်ရည်သောက်လေကွာ"

"ဟင့်အင်း... အဲဒါကိုပြောတာမဟုတ်ဘူး"

"ဒါဖြင့်ဘာလဲ... ပြော"

"ကျွန်တော့်ကို ခင်ဗျားမိန်းမ နို့နည်းနည်းလောက်"

"ဘာကွ"

"မဟုတ်ဘူး၊ နည်းနည်းလေးပါ"

"မင်း ပြောလေကဲလေပါလား၊ ဘာလုပ်မလို့တုံး"

"လုပ်စရာလေး နည်းနည်းရှိလို့ပါ"

"ဘာကွ၊ လာပြန်ပြီလား"

ပြောရင်းတန်းလန်းမှ ကိုချစ်သန်းနားလည်မှုလွဲနေသည်ကို ရိပ်မိပြီး ရဲဘုန်းမင်း စကားပြန်ပြင်ရသည်။

"မဟုတ်ပါဘူးဗျ၊ ကလေးတိုက်တဲ့နို့ရည်ကို ပြောတာပါ"

"ဘာလုပ်မလို့တုံး"

"ကျွန်တော့်အဘိုးဗျာ... မျက်စဉ်းခတ်ချင်လို့တဲ့"

"အာ... အဲဒါတော့မဖြစ်နိုင်ဘူးထင်ပါတယ်ကွာ"

"ဖြစ်နိုင်တယ်၊ သူ့ အဲဒီလိုပဲ ခတ်နေကျတဲ့"

"မဟုတ်ပါဘူး၊ ငါ့မိန်းမနို့ရည်ကို မပေးနိုင်ဘူးလို့ပြောတာ"

"ခင်ဗျားကလည်းဗျာ... တွန့်တိုစရာမရှိတာကို တွန့်တိုနေတယ်"

"လူကြားမကောင်းလို့မပေးနိုင်တာပေါ့၊ ရှင်းပြီလား...၊ မင်းလိုချင်ရင် ငါဒီလက်ဖက်ရည်ဆိုင်က နွားနို့ဝယ်ပေးလိုက်မယ်"

"နွားကိုကျတော့လည်း ကျွန်တော့်အဘိုးက လူထင်တာမဟုတ်ဘူးဗျ"

ရဲဘုန်းမင်း၏စကားကြောင့် ကိုချစ်သန်း နဝေတိမ်တောင်ဖြစ်သွားသည်။ ထို့နောက်မှ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ဟန်ဖြင့်...

"အို... မရဘူးကွာ၊ မပေးနိုင်ဘူး"

"မပေးလည်းနေပေါ့ဗျာ...၊ ခင်ဗျားမိန်းမက ခင်ဗျားကိုပြောတာ နည်းတောင်နည်းသေးတယ်"

ပြောပြောဆိုဆို ရဲဘုန်းမင်း ထိုင်ရာမှထထွက်ခဲ့၏။ မကြားတကြားလည်း ပြောခဲ့သေးသည်။

"ခင်ဗျားမိန်းမဆီမှာ ကိုယ်တိုင်သွားတောင်းရင်တောင် ဒီလောက်ခတ်မှာမဟုတ်ဘူး၊ အဲဒီကိုပဲ တန်းသွားတော့မယ်"

"ဘာ... ဟေ့ကောင် ရဲဘုန်းမင်း၊ ခု မင်းဘယ်သွားမလို့တုန်း၊ ခုနကဘာပြောတယ်"

ရဲဘုန်းမင်းက ဘာမှပြန်မပြောဘဲ ခပ်တည်တည် ဆက်ထွက်လာခဲ့သည်။ ကိုချစ်သန်းက ထိုင်ရမလို ထရမလိုဖြစ်နေပြီးမှ ထသည့်ဟန်ပန်သို့ ပြောင်းလိုက်ကာ ထရုံတင်မကဘဲ လမ်းပါ ခပ်သုတ်သုတ်လျှောက်ပြီး ရဲဘုန်းမင်းနောက်သို့ အပြေးတစ်ပိုင်းဆန်သော လျှင်မြန်မှုအဟုန်ဖြင့် လိုက်လာလေသည်။

"ခင်ဗျားက ဘာလုပ်တာလဲ"

"မင်းကရော ဘယ်သွားမလို့လဲ"

"ကိုယ့်ဘာသာ ဘယ်သွားသွားပေါ့ဗျ"

"အေး... ငါလည်း ငါ့ဘာသာ ဘယ်သွားသွားပေါ့"

သူတို့နှစ်ယောက် ရထားတွဲကြီးလို ဖြစ်နေကြလေသည်။ အတန်ကြာမှ ကိုချစ်သန်းက လူချင်းမသိမသာခွာကာ ခေတ်ကာလ တရုတ်သိုင်းကားထဲကလို နောက်ယောင်ခံလိုက်ပြန်၏။ လူတွေက သူတို့ကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။

"ကိုချစ်သန်း"

ရဲဘုန်းမင်းက ခေါ်လိုက်သောအသံမဟုတ်ပါ။

ထိုအသံကြောင့် ကိုချစ်သန်း တုန့်ခနဲဖြစ်သွားသည်။ ခေါ်လိုက်သူကသူ့လေဒီဖြစ်၏။ ကိုချစ်သန်းပင် ခေါင်းကုတ်ရမလို ဖင်ကုတ်ရမလိုဖြစ်သွားသည်။

"ဩော်... မင်းကဒီမှာကိုး"

"ရှင်က ကျုပ်ကိုတောင် မမြင်ဘူးပေါ့လေ...၊ ဟုတ်လား"

"မဟုတ် မဟုတ်ပါဘူး"

"ဒါဖြင့် မြင်လျက်နဲ့ ကျော်သွားတာပေါ့ ...၊ ဟုတ်လား"

"အဲဒါ... အဲဒါလည်း မဟုတ်ပါဘူး"

"ဒါဆို ရှင်က ဘယ်ကောင်မနောက် လိုက်နေတာလဲ"

"ရဲ... ရဲဘုန်းမင်းနောက်"

"ဟင်... ရှင်က ဘယ်တုန်းက စိတ်ဓာတ်တွေ ပြောင်းလဲသွားရပြန်တာတုံး၊ ရဲဘုန်းမင်းက လူပျိုလူရွယ်လေ၊ အဲဒါကြောင့် ရှင့်ကို ကျုပ်က ခဏခဏမေးနေရတာ၊ ရှင့်ကိုယ်ရှင် ဘာကောင်အောက်မေ့နေလဲလို့၊ အခုဘာ 'ကောင်မ' အောက်မေ့နေလဲလို့ ပြောင်းမေးရမှာလား ဟုတ်လား"

"မင်း... မင်းကို ဒီမှာတွေ့လိုက်ရတာ ကံကောင်းတာပဲ၊ လာ သွားကြရအောင်"

"ဘာတုံး၊ ဘာကြောင်တာလဲ၊ ဘယ်သွားမှာလဲ"

"အို... ဒီရဲဘုန်းမင်းဆိုတဲ့ကောင်နဲ့ ဝေးရင်ပြီးရောကွာ"

ကိုချစ်သန်းက သူ့လေဒီကို သူခေါ်ပြီး တချိုးတည်း လှည့်ထွက်သွားသည်။ သူ့လေဒီကလည်း နားမလည်နိုင်သလို ရဲဘုန်းမင်းကို ကွက်ကြည့်ကွက်ကြည့်လုပ်သွား၏။ ရဲဘုန်းမင်းလည်း နမြောတသစွာ ငေးကြည့်ကျန်ရစ်ခဲ့ရ၏။

ဟန်မပျက် ဆက်လျှောက်ရင်း အိမ်တစ်အိမ်ရှေ့သို့အရောက် တိုင်ကီအကွယ်မှာ ရေချိုးနေသော မသိန်းနှင့် တိုး၏။ ဆန္ဒကစောနေသဖြင့် မျက်လုံးက အလောသုံးဆယ်ဖြစ်သွားရတာကို ကိုယ့်ဘာသာ မရိပ်မိလိုက်။ မသိန်းက တဘက်ကို ဆွဲယူလိုက်ပြီး သူ့ပခုံးပေါ်မှာ ခပ်စေ့စေ့ခြုံလိုက်၏။ လုံခြုံရေးအစီအစဉ်အရလည်း တိုင်ကီအကွယ်မှာ ထိုင်ချလိုက်သည်။

ရဲဘုန်းမင်းအတွက်တော့ အတော့်ကိုစိတ်ပျက်ရသော နေ့ပင်ဖြစ်လေသည်။ ကြံရာမရသည့်အဆုံးမှာ ကိုချစ်သန်းနှင့် ဆုံခဲ့သည့် လက်ဖက်ရည်ဆိုင်ကိုပဲ ပြန်သွားရသည်။ ထိုဆိုင်မှာပဲ စကားကပြောကြရပြန်သည်။ ဆိုင်ရှင်က...

"နွားနို့ လေးငါးစက်တော့ မရောင်းနိုင်ဘူးကွာ"

"အဲဒါဆိုလည်း အလကားပေးဗျာ"

"သကြ်ာန်... သကြ်ာန်ကျရင် ပေးမယ်ကွာ၊ အခုဝယ်သွားလိုက်၊ ဟုတ်လား..."

"ကဲဗျာ... ဒါဖြင့်လည်းပြီးရော၊ ရောင်း... ရောင်း၊ ဒါပေမဲ့ နွားနို့တော့စစ်မှဖြစ်မှာ၊ နို့မို့ ကျွန်တော့်အဘိုးက ရေတွေမျက်စိထဲ ခပ်ထည့်သလို ဖြစ်နေလိမ့်မယ်"

"အေးပါကွာ... ကြည့်လုပ်ပေးလိုက်ပါ့မယ်၊ လာညည်းမနေနဲ့၊ မင်းအဘိုးမျက်လုံးကဖြင့် သူ့ဟာသူကို ကန်းတော့မှာ၊ အသက်ပဲ ခုနစ်ဆယ်ကျော်နေပြီ"

လက်ဖက်ရည်ဆိုင်ရှင်က မကျေမနပ်ပြော၏။ သူ့အတွက် ကျေနပ်စရာလည်း အကြောင်းမရှိလှချေ။ သူ့သားကလည်း အဘိုးဆီမှာ ကျူရှင်တက်နေသည့် ကျောင်းသားပဲဖြစ်၏။ ရှေးဆရာကြီးဖြစ်သည့် အဘိုးက စာမရသူကိုကြိမ်ဒဏ်ရိုက်ပြီး အပြစ်ပေးတတ်သည်။ တစ်နေ့ကပဲ သူ့သားနံဘေးမှာထိုင်သော ကျောင်းသားကို စာမရသဖြင့် ကြိမ်နှင့်သုံးချက်ရိုက်သည်။ သုံးချက်စလုံးက ဟိုကျောင်းသားကိုမထိဘဲ သူ့သားကိုချည်းထိသည်။ ပြီး... အဘိုးကပဲ 'မှတ်ပလား' ဟု မေးသွားသေးသတဲ့။

အဘိုးက ထိုသို့ခွကျသလို အမေကလည်းမခေလှချေ။ သူ့အတွက် ချွေးခံအင်္ကျီကို သူကိုယ်တိုင်မဝယ်။ သားဖြစ်သူ လူပျိုလေးကို ဝယ်ခိုင်း၏။ ရဲဘုန်းမင်းမှာ ခက်ရပြန်လေတော့၏။ ဈေးထဲရောက်ပြီးမှ မမေးရဲ မစမ်းရဲသဖြင့် (ဆောရီး...) မမေးရဲမမြန်းရဲသဖြင့် ဤအတိုင်းပင် လှည့်ပတ်လျှောက်နေရသည်။

နောက်မှ အရဲစွန့်ကာ ဆိုင်တစ်ဆိုင်ရှေ့သို့ ဖုတ်သွင်းရထားဆိုက်သလို ပြုန်းခနဲဝင်ရပ်လိုက်ပြီး...

"နံပါတ်(၃၇) ရှိလား"

"ရှင်"

ဆိုင်ရှင်ကောင်မလေးက သူ့ကို မျက်လုံးပေကလပ်ပေကလပ်နှင့် ကြည့်၏။

"နံပါတ်(၃၇) ရှိလားလို့"

"ဘာလဲ"

"ဟို... ရင်... ရင်စည်းအင်္ကျီ"

"ဘရာစီယာလား ... ဘော်လီလား"

"နို့... တူတူမဟုတ်ဘူလား"

ကောင်မလေးက ရှင်းပြသည်။ ဘရာစီယာနှင့် ဘော်လီကမတူကြောင်း၊ နားထောင်ရင်းနားထောင်ရင်း ရဲဘုန်းမင်း ရှက်လာသည်။ ကောင်မလေးကတော့ခပ်တည်တည်ပဲဖြစ်၏။ မဆီမဆိုင် ရဲဘုန်းမင်းက ဆင်ခြေဆင်လက်နှင့် ရှင်းလင်းပြမိသဖြင့် ပိုဆိုးသွားသည်။

"ဟိုလေ... ကျွန်တော့်အမေအတွက် လာဝယ်တာပါ"

"ခစ်ခစ်... ကျွန်မကဘာပြောလို့လဲရှင့်"

"ကျွန်တော့်အမေအတွက် ဝယ်တာလို့"

"အင်း... ဟုတ်ကဲ့၊ ဟုတ်မှာပါ"

"ဗျာ"

"ဟုတ်မှာပါ"

ရဲဘုန်းမင်း မျက်နှာကြီးနီရဲပြီး ပြန်ထွက်လာရသည်။ ထိုအကြောင်း အမေ့ကိုလည်းပြန်မပြောပြဖြစ်။ မည်သို့ ပြောရမည်မှန်းလည်း မသိ။ အမေကတော့ သူအောင်မြင်စွာဝယ်လာသည်ဟု ထင်နေသည်။ ထိုကြားကာလထဲမှာပင် အတွေးပေါက်၍ စဉ်းစားမိသေးသည်။ ဘရာစီယာနှင့်ဘော်လီတို့ မတူညီကြတာကို အိမ်မှုမြန်မာပညာရှိကော သိရဲ့လား မသိ။ နောက်တစ်ခါ အခက်ထပ်ကြုံသည်။ အမေက ထပ်ဝယ်ခိုင်းခြင်း ဖြစ်သည်။ သည်အမေနှင့်သည်သားတော့ ခက်ရပါပြီ။

"အမေ့"

"ဘာလဲကွဲ"

"အမေ့မှာ ဓာတ်ပုံက ဒီမှန်ဘောင်ကြီးနဲ့ပုံပဲရှိသလား"

"ဧည့်ခန်းကပုံ ပြောတာလား"

"ဟုတ်တယ်လေ"

"အေး... ငါ့မှာဓာတ်ပုံကောင်းကောင်းဆိုလို့ အဲဒါပဲရှိတယ်၊ ဘာလုပ်မလို့တုံး"

"လိုင်စင်ပုံတို့၊ ဖူးစကာဒ်ပုံတို့ မရှိဘူးလား"

"ဘာလုပ်မလို့လဲ"

"မေးကြည့်တာပါ"

"ရှိပေါင်တော်၊ ကျုပ်ကဓာတ်ပုံရိုက်တာ ဝါသနာမှမပါတာ"

အံဆွဲတွေထဲမှာလည်း လိုက်ရှာကြည့်သေးသည်။ အမှန်တကယ်ပင်မရှိချေ။ ဤတစ်ကြိမ်တွင်ရဲဘုန်းမင်းက အမေ့ဓာတ်ပုံကို ထုတ်ပြပြီး တန်းဝယ်မလို့ဖြစ်သည်။ ခုတော့အစီအစဉ်က အထမမြောက်။ အမေ့ရင်စည်းအင်္ကျီ တစ်ထည်လောက်ကို ခိုးဝှက်ယူသွားလျှင်လည်း ရနိုင်သည်။ သို့သော် အမေ့ဟာမှန်းမသိလျှင် ပိုဆိုးသွားနိုင်သည်။ လမ်းထိပ်အုတ်ခုံတွင် စိတ်ညစ်ညစ်နှင့် ထိုင်နေတုန်း...

"ရဲဘုန်းမင်း ဘာလုပ်နေတာလဲ"

"ဒီလိုပါပဲဗျာ"

ဆိုက္ကားသမား ကိုကျော်မြင့်ဖြစ်၏။ သူတို့အိမ်နားမှာပဲနေသည်။ ရဲဘုန်းမင်းကိုသာ ဘာဖြစ်သလဲမေးသော်လည်း သူ့ကိုကြည့်ရတာ တစ်ခုခုဖြစ်နေပုံပေါ်သည်။

ထို့ကြောင့်...

"ခင်ဗျားကရော ဘာဖြစ်နေတာတုံး"

"သန်ဘက်ခါ ကောင်မလေးနဲ့ချိန်ထားတယ်ကွ"

"ဘယ်ကကောင်မလေးလဲ"

"မတင်ရီလေကွာ"

"ဆိုက္ကားနဲ့လျှောက်လည်ကြမလို့လား"

"အာ... အငှားကားနဲ့ လျှောက်လည်မှာပေါ့"

"အဲဒါကို မျက်နှာက ဘယ်လိုဖြစ်နေတာလဲ"

ကိုကျော်မြင့်က ရဲဘုန်းမင်းနံဘေးမှာ ဝင်ထိုင်လိုက်ပြီး တေက်ပြားအသံဝင်နေသလို စကားလုံးမျိုးနှင့်...

"ငါ့မှာအင်္ကျီကောင်းကောင်း တစ်ထည်တည်းရှိတယ်ကွ"

"အဲဒီတစ်ထည်ပဲ ဝတ်သွားပေါ့ဗျ"

"မင်းပြောတော့လွယ်တယ်၊ အဲဒီလောက် အဆင်မပြေဘူးကွ"

"ဘာဖြစ်နေလို့လဲ၊ ပိုးကိုက်သွားလို့လား"

"မဟုတ်ဘူးကွ၊ အင်္ကျီကတိုသွားတာ"

သူ့ကိုလည်း သေသေချာချာ အကဲခတ်ရနေရသေးသည်။ သူကတော့ ရှည်မလာတာ သေချာပါသည်။

"ဘယ်လိုဖြစ်ပြီး တိုတာတုံးဗျ"

"လျှော်လိုက်ရင်တိုတိုသွားတာ၊ အခုချက်ပေါ်နေပြီ၊ ကုလားမတွေဝတ်တဲ့ ကိုယ်ကျပ်အင်္ကျီလိုဖြစ်နေပြီ"

"အဲဒါဆိုလည်း ချက်မှာ ရွှေကွင်းလေးစွပ်သွားပေါ့ဗျ"

ကိုကျော်မြင့်ကဆဲသည်။ ကိုယ်တိုင်ကစိတ်ညစ်နေရသည့်ထဲမှ ရဲဘုန်းမင်းရယ်မိသေးတော့၏။ ပြီးမှ...

"ခင်ဗျားအင်္ကျီက ဖလန်နယ်လား"

"အေး... မင်းက ဘယ်လိုလုပ်သိတာတုံး"

"ဖလန်နယ်တွေက လျှော်ရင်တိုတတ်တယ်လေဗျာ၊ မတိုချင်ရင် နည်းတော့ရှိပါတယ်"

"ဟေ... ဟုတ်လား၊ ပြောစမ်းပါဦးကွာ၊ မင်းကျေးဇူးကို ငါမမေ့ပါဘူး"

"ပါးစပ်နဲ့သက်သက်တင်တဲ့ ကျေးဇူးဆိုရင်တော့ မရဘူးဆရာ"

"ရပါတယ်ကွာ... ကျေးဇူးဆိုတာ တင်ပြီးမှတော့ ပြန်ဆပ်ရမှာပေါ့"

"ဒါထက် ခင်ဗျားဆိုက္ကားက ဘယ်မှာတုံး"

"ဟိုမှာလေကွာ... ကွမ်းယာဆိုင်နားမှာ ရပ်ထားတယ်"

ကိုကျော်မြင့်က သူ့ဆိုက္ကားကိုတော့ အတော်လေး ဂရုတစိုက် ကိုင်တွယ်သူဖြစ်သည်။ ဆိုက္ကားနာမည်က သူ့ နာမည် ထက်ပင် ကောင်းသေးသည်။ 'မျိုးချစ်ကို' တဲ့။ ကိုကျော်မြင့်က မရှင်းသလို ပြန်မေးသည်။

"ဆိုက္ကားကို ဘာလုပ်မလို့ မေးတာတုံး၊ မင်းကို ငါ ဘယ်ပို့ ပေးရမှာတုံး"

ကိုကျော်မြင့်ကိုတော့ ရင်စီးအင်္ကျီ သွားဝယ်ခိုင်း၍ ရမည်မထင်။ သူကလည်း အရှက်ကြောက်ကြီးသူ ဖြစ်၏။ ဒါကြောင့်လည်း ကောင်မလေးနှင့်တွဲပြီး ခါးတိုအင်္ကျီ ဝတ်မသွားနိုင်ခြင်း ဖြစ်မည်။

"ဒီလိုဗျာ... ခင်ဗျားဆိုက္ကားနဲ့ ကျွန်တော့်ကို တစ်ခုကူညီရမယ်"

"အင်း... ပြော"

"ဒါပေမဲ့ ခုမပြောသေးဘူး၊ ခင်ဗျားရဲ့အခက်အခဲကို ခု အရင်ဖြေရှင်းမယ်"

"အာ... အေး... ကျေးဇူးပဲကွာ"

"လုပ်ပေးရမှာပေါ့ဗျာ...၊ ဖလံနယ်အင်္ကျီတိုတာနဲ့ ခင်ဗျားကပါ လိုက်တိုရရင် ဘယ်ဖြစ်မလဲ"

"ပြောကွာ"

"ရေထဲမှာ ဇဝက်သာတစ်ဖွန်းလောက်ရောထည့်ပြီး လျှော်လိုက်၊ အဲဒါဆို ခင်ဗျားရဲ့ဖလံနယ် မတိုတော့ဘူး"

"ဟာ... ဟုတ်လား"

"နေဦး... မပြီးသေးဘူး၊ လှန်းတဲ့အခါ ရေမညှစ်ဘဲ လှန်း"

"ဘာလဲ... ရေစက်လက်နဲ့ပဲ လှန်းရမှာလား"

"ဟုတ်တယ်၊ ခင်ဗျားရဲ့ဖလံနယ်အင်္ကျီဟာ တွန့်တိုမှုမရှိတဲ့အင်္ကျီ ဖြစ်သွားလိမ့်မယ်"

"ဒီလိုကျတော့လည်း လွယ်လွယ်လေးပါလား"

"ဟုတ်တယ်၊ ခင်ဗျားကလည်း ကျွန်တော့်ကို မတွန့်တိုဖို့တော့ လိုတယ်နော်"

ကိုကျော်မြင့်က အောင်မြင်သူတစ်ယောက်လို ပြုံးလိုက်ပြီး...

"ကဲ… ပြောစမ်း၊ ငါ ဘာလုပ်ပေးရမလဲ"

"ကျွန်တော် ဈေးထဲသွားပြီး အမေ့အတွက် ရင်စည်းအင်္ကျီ ဝယ်ပေးမလို့ဗျာ…၊ ခင်ဗျားဆိုက္ကားနဲ့ လိုက်ပို့စမ်းပါ"

မျှော်လင့်ထားသည့်အတိုင်း သူက တစ်ချက်တွေဝေသွားသေးသည်။ ပြီးမှ…

"မင်းဘာသာမင်း ဆင်းဝယ်မှာ မဟုတ်လား"

"အင်းပါဗျာ"

"ရပါတယ်…၊ ဒီလောက်ကတော့ ဖြစ်ပါတယ်"

"နေဦး… အပြောမလောနဲ့ဦး၊ ဒီလောက်နဲ့ မဖြစ်သေးဘူး"

မျက်မှောင်ကြုံ့လိုက်၍ ဖြစ်မည်။ ကိုကျော်မြင့်၏ မျက်ခုံးတို့ တိုသွား၏။

"ခင်ဗျားမျက်ခုံးလည်း မတိုနဲ့၊ စိတ်လည်း မတိုနဲ့ဦးဗျာ၊ ကျွန်တော်ပြောတာကို ဆုံးအောင်နားထောင်"

"အေး… မင်းကလည်း အရှည်ကြီး မပြောနဲ့ကွာ"

ဘယ်လိုလူမှန်းလည်း မသိ။ တိုတာလည်း မကြိုက်၊ ရှည်တာလည်း မကြိုက်။ လောလောဆယ်တော့ သူ့အလိုကို ကိုယ်လိုက်ရမည်ဖြစ်၍ သွားဖြီးပြလိုက်ပြီး…

"အဲဒီဆိုင်ကို သွားဖို့အတွက်ဗျာ… ခင်ဗျားရဲ့ဆိုက္ကားနာမည်ကို 'အမေ့သား' လို့ပြောင်းပေး စမ်းပါဗျာ"

"ဟ… ဘာဆိုင်လို့တုံး"

"အဲဒါတွေ မမေးနဲ့ဦးဗျာ၊ ဖလံနယ်အင်္ကျီ တိုတဲ့ကိစ္စကို လွယ်လွယ်နဲ့ ရှင်းပြလို့ မရဘူး"

"ဘာကိစ္စ နာမည်ပြောင်းရမှာတုန်း၊ ငါ့ဆိုက္ကားနာမည်က မျိုးချစ်ကို"

"ခင်ဗျားကလည်း နားဝေးနေပြန်ပြီဗျာ၊ အဲဒီဈေးဆိုင်သွားတုန်း ခဏပါပဲ၊ ပြီးမှ ခင်ဗျားဘာသာ ခင်ဗျား၊ ကြိုက်တဲ့နာမည်ပြန်ပြောင်း"

"အာ… မပြောင်းပေးနိုင်ပါဘူးကွာ၊ ငါ့ဆိုက္ကားနာမည်က မျိုးချစ်ကို"

"ခင်ဗျားကလေ… အဲဒါကြောင့် ဖလံနယ်အင်္ကျီတိုဝင်သွားတာ၊ 'အမေ့သား' ထက်ပိုပြီး အမျိုးချစ်တာ ဘာရှိတော့မှာလဲဗျ"

"အင်း… အဲ… အေး ဒါလည်း ဟုတ်တာပဲ"

"ဟုတ်ရင် မြန်မြန်သွားပြောင်းလိုက်… သွား"

ဒီနည်းနှင့်ပင်အဆင်ပြေသွားပါတော့သည်။ နောက်နောင်မှ အမေက ဈေးထဲမှမဝယ်တော့ဘဲ စက်ဆိုင်မှာ သူ့ဘာသာသွားချုပ်သည်။ သူ့အဘိုးနှင့် အမေက ထိုသို့ပင် နားလည်ဆက်ဆံရခက်သူများဖြစ်သည်။ သူတို့နှင့်စာလျှင် ရဲဘုန်းမင်းကမှ အများကြီးတော်သေးသည်။

ရဲဘုန်းမင်း၏ဘဝမှာ လျှို့ဝှက်ခက်ခဲနေသောအကြောင်းအရာက တစ်ခုပဲရှိသည်။ သူ့အဖေအကြောင်း သူဘာမှမသိရခြင်း ဖြစ်သည်။ ရဲဘုန်းမင်းဟူသော အမည်ကိုတော့ အဖေကပေးသည်ဟု သိရ၏။ ထို့အတွက် အဖေ့ကို ကျေးဇူးတင်ပါသည်။

အဘိုးကသော်လည်ကောင်း၊ အမေကသော်လည်းကောင်း အဖေ့အကြောင်းကို စကားပင်အစမခံ၊ စကားဆက်စပ်၍ မေးကြည့်မိလျှင်…

"နင့်အဖေ သေပြီ" ဟုသာ ပြောလေ့ရှိကြ၏။

"တကယ်သေတာလား"

"လူကြီးက မဟုတ်ဘဲ ညာပြောမလား၊ တကယ်သေတာပေါ့"

"ကဲ… ဒါဖြင့် ပြော"

"ဘာပြောရမှာလဲ"

"ကူးတို့ခတစ်မတ်ကို အဖေ့ပါးစပ်ထဲ ဘယ်သူထည့်တာလဲ၊ အဘိုးထည့်တာလား၊ အမေထည့်တာလား"

"ဘယ်သူ့မှ မထည့်ဘူး"

"ဟင်… ဒါဖြင့် အဖေက တစ်ပြားမှ မပါဘဲ ထွက်သွားရတာပေါ့၊ ရက်စက်လိုက်ကြတာဗျာ"

ဘယ်လိုမှ မေးမရ။

သူတို့အလှည့်ကျရင် တစ်မတ်မဟုတ်ဘဲ ငါးမူးထည့်ပေးပါမည်ဆိုတာပင် မေးမရ၊ ဘာတွေမှန်းလည်း မသိ၊ ကြာတော့လည်း မေးရတာ ပျင်းလာသဖြင့် မမေးကြည့်တော့ချေ။

*'ရနံ့မရှိရင် ပန်းမဟုတ်ဘူး' လို့တော့*

*တစ်ဖက်သတ် မပြောပါနဲ့။*

*လမ်းလျှောက်ထွက်လာကြသူများ*

*ငါ့ရင်ထဲက စာတမ်းကို*

*တွေ့မသွားဘူး*

*လွမ်းမိတယ်။ ။*

နိုဝင်းချို

( ပြတင်းပေါက်မှ )

"ရည်းစားစာ"

စာရွက်ပေါ်မှာပဲ နင့်ကို ချစ်ရုံနဲ့တော့
ငါ့ဘ၀ မင်ကုန်တာပဲ အဖတ်တင်လိမ့်မယ်။

မပျံ့သန်းနိုင်တဲ့ ငှက်လိုပြောတိုင်း
ပင်ဂွင်းငှက်ကို ပြေးမြင်ရင်
နင့်ကို ငါ မခေါ်ချင်ဘူး။

ကျောင်းအုပ်ကြီးဖတ်ဖို့ ရေးတဲ့စာမဟုတ်လို့
ကျောင်းသွားဖော်လေး ဖတ်စေချင်တာ
ငါ့စေတနာပါ။

နင့်နှလုံးသားကို နင် ဖုန်းခေါ်ပါ။
ပြီးမှ ငါ့ကို စာပြန်ပါ။

ရဲဘုန်းမင်းက ထိုကဗျာလေးကို ထုတ်ဖတ်နေတုန်း ကိုခင်လှက

"ဟော့ကောင် ဘာတွေဖတ်နေတာတုံး"

"ကဗျာပါပဲ"

"ပြစမ်းပါဦး"

မပြပါဘဲ သူ့ဘာသာ ဆွဲယူဖတ်၏။ ရှေးဟန်ဖြင့် ဖတ်ခြင်းဖြစ်သည်။ နှုတ်ခမ်းတလှုပ်လှုပ်နှင့် ဖတ်ခြင်းကို ဆိုလိုသည်။ စိတ်ထဲမှ ဖတ်၍ ရရဲ့သားနှင့်၊ ထိုကဲ့သို့ ဖတ်ခြင်းမျိုးကို ရဲဘုန်းမင်းက ခံစား၍မရချေ။ ပြီး… ကဗျာကို ဖြောင့်ဖြောင့်တန်းတန်းဖတ်ခြင်းလည်း မဟုတ်။

"သောက်လေကွာ"

"သောက်ပါတယ်ဗျ"

ပြီးမှ ဆက်ဖတ်သည်။ ရဲဘုန်းမင်း၏ လက်ဖက်ရည်ပန်းကန်ကို လှမ်းကြည့်ပြီး ယင်ကောင်မနားအောင် လက်နှင့် ယပ်ခပ် ပေးသည်။ ပြီးမှ ဆက်ဖတ်သည်။

"ခုတလော လက်ဖက်ရည်ရောင်းရတာ အတက်အကျ မရှိဘူးကွ"

ပြီးမှ ဆက်ဖတ်ပြန်သည်။ ဘာကောင်ကိုက်သွား၍မှန်းမသိဘဲ တင်ပါးကို လက်နှင့်ကုတ်သည်။ ပြီး… ထိုလက်ကြီးနှင့် လက်ဖက်ရည်ခွက်ကို ယင်ကောင်ခတ်ပေးပြန်သည်။ ပြီးမှ ပြန်ဆက်ဖတ်ပြီး ကဗျာ ဆုံးသွားသည်။ ထို့နောက်မှ…

"ဒါ… ကဗျာလား"

ရဲဘုန်းမင်းက ချက်ချင်း ပြန်မဖြေ။ တစ်ခုခုအကိုက်ခံလိုက်ရသလို တင်ပါးကို လက်နှင့်ကုတ်ပြလိုက်သည်။ ထိုလက်ကြီးနှင့်ပင် ကိုခင်လှ၏ နှုတ်ခမ်းရှေ့မှာ ယင်ကောင်ယပ်သလို ယပ်ပေးလိုက်ရင်း…

"မေးမှ မေးတတ်တယ်ဗျာ"

"ဘာဖြစ်လို့လဲ"

"ကဗျာလား ဆိုလို့ပါ"

"ဒါနဲ့များ မင်း ခေါင်းစဉ်တပ်ထားတော့ ရည်းစားစာဆို"

"ကဗျာခေါင်းစဉ်က ရည်းစားစာပဲဗျ"

"ဘယ်သူ့ကို ပေးမလို့လဲ"

"ခင်ဗျားကို ပေးမလို့ မဟုတ်ပါဘူး"

"အဲဒါကြောင့် ငါထင်သားပဲ။ မင်း ဒီဆိုင်ကို မနက်အစောကြီး ရောက်နေတာ"

"မင်း ဒီဆိုင်ရှေ့ကနေ စောစောစီးစီး ကျူရှင်သွားတဲ့ ကောင်မလေးတစ်ယောက်ကို ပေးမလို့ မဟုတ်လား"

"ကြံကြီးစည်ရာတွေ လျှောက်ပြောမနေပါနဲ့ဗျာ...၊ ဘယ်ကောင်မလေးချောချောကမှ ခင်ဗျားဆိုင်ရှေ့က ဖြတ်မလျှောက်ဘူး၊ တခြားလမ်းက ကွေ့သွားတာ"

"ဒါဖြင့်... မင်းက ဘာလို့ ငါ့ဆိုင်ကို ဒီလိုဝေလီဝေလင်းကြီး ရောက်လာရတာလဲ"

"စိတ်ညစ်လို့လည်း ပါတယ်ဗျ၊ ဒီကဗျာကြောင့် စိတ်ညစ်တာ"

"ဟေ..."

ကိုခင်လှက တင်ပါးကို လက်နှင့်ကုတ်ပြန်သည်။ တင်ပါးကလည်း အတော်သည်းခံရှာသည်။ အကုတ်ခံ၏။

လက်ဖက်ရည်ဆိုင်ကတော့ အဘိုးအတွက် နို့လေးငါးစက် ဝယ်ရသောဆိုင်ဖြစ်သည်။ နံနက်ငါးနာရီခန့်သာ ရှိသေးပြီး ဆိုင်ထဲမှာ ဆိုင်ရှင်ကိုခင်လှနှင့် ရဲဘုန်းမင်းတို့သာရှိသေးသည်။ ဒီဇင်ဘာလမို့ထင်သည်။ စောစော အိပ်ပြီး စောစော လမ်းမလျှောက်သော်လည်း စောစောထနေသည့် ယင်ကောင်တချို့လည်း ရှိနေသည်။

"ပြောစမ်းပါဦးကွ၊ ဒီကဗျာအတွက် ဘာလို့ စိတ်ညစ်ရတာလဲ"

"ဒီကဗျာကို ကျွန်တော်က မနေ့ည သန်းခေါင်ယံနီးနီးမှ ရေးတာဗျ"

"အေး... ကဗျာဆိုတာ အဲဒီအချိန်ရေးမှ ပိုကောင်းတယ်လို့ ကြားဖူးတယ်"

ကိုခင်လှက သိလည်းမသိဘဲ မဆိုင်တာတွေ ဝင်ပြောပြန်၏။ စောစောထပြီး စောစော လမ်းလျှောက်စရာမလို၍ စောစောမအိပ်သော ခြင်များ၏ဒုက္ခကို သူမှ မခံစားရဘူးပဲ။

"လူတွေ အကျင့်စာရိတ္တပျက်လို့ ရာသီဥတုဖောက်ပြန်တဲ့ သဘောပေါ့ဗျာ"

"မင်းစကားတွေက ဘယ်တွေရောက်နေတာတုံး"

"လေပေါ့ဗျာ... လေတိုက်လိုက်တာ ကဗျာစာရွက်က လွင့်သွားတယ်"

"ဩော်... အေးချမ်းတဲ့ ဆောင်းညကလေးမှာ နှင်းမှုန်တွေနဲ့အတူ လေရူးကလေးကပါ တိုက်သွားတယ်ပေါ့၊ ဟုတ်လား..."

"တော်စမ်းပါဗျာ... အရေးထဲမှ ခင်ဗျားကတမော့မှော့၊ အဲဒီစာရွက်က ဘေးအိမ်က အပျိုကြီးရဲ့ အခန်းထဲကို တည့်တည့်ရောက်သွားတယ်"

"မင်းတို့အိမ်ဘေးက အပျိုကြီး ဒေါ်နော်မူရဲ့ အခန်းလား"

"အစစ်ပေါ့"

"သူကလည်း အဲဒီအချိန်ထိ မအိပ်သေးဘူးလား"

"ဩော်... ခင်ဗျားပြောသလို အေးချမ်းတဲ့ ဆောင်းညကလေးမှာ နှင်းမှုန်တွေနဲ့အတူ လေရူးကလေး တိုက်သွားတာကို စောင့်နေတာပေါ့ဗျာ၊ ကျွန်တော့်မှာ ဒုက္ခရောက်သွားတော့တာပဲ"

"သူက မင်းကို တစ်ခါတည်း အဖြေပြန်ပေးလိုက်လို့လား"

"အဲလိုတော့ဘယ်ဟုတ်မလဲဗျာ၊ဒါပေမဲ့ ကဗျာကိုဖတ်လိုက် ကျွန်တော့်ကိုရွှန်းရွှန်းစားစားကြီး ပြန်ကြည့်လိုက်နဲ့၊ အသည်း ယားစရာကြီးပေါ့ဗျာ"

"မင်းက ပြန်မတောင်းဘူးလား"

"တောင်းတယ်လေ၊ မပေးသေးဘူးတဲ့"

"ဘာဖြစ်လို့လဲ"

"ချက်ချင်းကြီးတော့ မကောင်းပါဘူးကွယ်၊ စဉ်းစားပါရစေဦးတဲ့"

"ဟာ... အဲဒါမှ ခွပဲ"

"အေးပေါ့ဗျာ... အဲဒါကြောင့် ကျွန်တော် စိတ်ညစ်နေတာပေါ့"

"သူက မင်းကို ကြိုက်နေတယ်လို့ ငါကြားဖူးတယ်"

"ကျွန်တော်က သူ့ကို မကြိုက်ဖူးလို့ကော ခင်ဗျားမကြားမိဘူးလား"

"ဟော့အေး"

"အဲဒါပါပဲဗျာ... ယောကျ်ားလေးဘဝဆိုတာ ခံဖက်ကချည်းပါပဲ"

ထိုအချိန်မှာပဲ ဆိုင်ထဲသို့ ရသေ့ကြီးတစ်ပါးဝင်လာသဖြင့် နစ်ယောက်သား စကားစပြတ်သွားကြသည်။ ကိုခင်လှကလည်း ရသေ့ကြီးကိုမြင်လိုက်သည်နှင့် ပျာပျာသလဲဖြစ်သွားသည်။ နေရာထိုင်ခင်းပြင်ဆင်ပေးပြီး ရသေ့ကြီးက မမှာရပါဘဲ လက်ဖက်ရည်၊ နံပြားစသည်တို့ကို သွားချပေးသည်။

ထိုရသေ့ကြီးကို ရဲဘုန်းမင်း တစ်ခါမှ မမြင်ဘူးချေ။ သန့်သန့်ပြန့်ပြန့်တော့ ရှိပါသည်။ မျက်လုံးအစုံက စူးရှ တောက်ပြောင်နေသည်။ အသက်ကို ခန့်မှန်းရခက်၏။ ရသေ့ကြီးက လက်ဖက်ရည်ကို တစ်ကျိုက် မော့သောက်လိုက်ပြီး...

"ဟေ့ သူငယ်"

ဆိုင်ရှင်ကိုခင်လှကို ခေါ်ခြင်းဖြစ်သည်။

"ခင်ဗျာ ပြော... အဘ"

"ဒီနံပြားကို တစ်ခြမ်း ထောပတ်သုတ်ပေးစမ်းပါ"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

ထို့နောက် ရသေ့ကြီးက သူ့ဘာသာ ငြိမ်ငြိမ်သက်သက် ခုံမှာထိုင်ပြီး စားသောက်နေသည်။ ကိုခင်လှက ရသေ့ကြီးကို ကွက်ကြည့်ကွက်ကြည့် လုပ်ရင်း ရဲဘုန်းမင်း၏ စားပွဲသို့ ပြန်ရောက်လာသည်။ ရဲဘုန်းမင်းက အသံကို နှိမ့်၍...

"ခင်ဗျား ကိုးကွယ်တာလား"

"မဟုတ်ပါဘူး၊ သူ့ဘာသာ ဆိုင်ကို ရောက်ရောက်လာတာ၊ သုံးရက်ရှိပြီ"

"ဝယ်သောက်တာလား၊ အလကားသောက်တာလား"

"ငါက လှူတာပေါ့ကွာ"

"ကျွန်တော် ရောက်နင့်ပြီး ခင်ဗျား ဈေးဦးပေါက်နေလို့ တော်သေးတာပေါ့"

ထိုအချိန်မှာပဲ...

"ဟောဒီက ပဲပြုတ်"

ပဲပြုတ်သည် နနထွတ်ပင်လျှင် လမ်းပေါ်ရောက်ပြီ၊ နာမည်က နနထွတ်ဆိုသော်လည်း သူက ပဲပြုတ် ရောင်းနေရသဖြင့် အိမ်က မြန်မာပညာရှင်၏ အဆိုအရတော့ 'ဆန်း' ပျက်နေသည်။

"ဟေ့ သူငယ်မ"

"ရှင်..."

"ဒီ ကျန်တဲ့ နံပြားတစ်ခြမ်းအတွက် ပဲပြုတ်ပေးစမ်း"

နနထွတ်က တရိုတသေလာပေးသည်။ ရဲဘုန်းမင်းက ကိုခင်လှကို အသံနိမ့်မေးရပြန်သည်။

"ဝယ်တာလား၊ အလကားပေးတာလား"

"ခြော်... နနထွတ်က လှူတာပေါ့ကွယ်"

"ဘာကိစ္စ သူ့ကို လှူနေရတာလဲ"

"သူလာတဲ့နေ့ဆို ဈေးရောင်းကောင်းကြတယ်ကွ"

ရသေ့ကြီးကတော့ လက်ဖက်ရည်နှင့် နံပြားနှင့် ထောပတ်နှင့် ပဲပြုတ်နှင့် ရေနွေးတစ်အိုးနှင့် အဆင်ပြေနေသည်။

"ကိုခင်လှ"

"ဟေ..."

"ဘယ်က ရသဲ့ကြီးလဲဗျ"

"ဘာ..."

"ဘယ်က ရသဲ့ကြီးလဲလို့"

"ရသေ့ကြီးပါကွာ...၊ မင်းနယ် ရသဲ့... တဲ့"

"ဟေ့ကောင် အဲဒီလို မပြောရဘူး၊ ငရဲကြီးလိမ့်မယ်"

"အဲဒါဆိုလည်း အပျိုကြီး ဒေါ်နော်မူကို ခင်ဗျားပဲ ယူလိုက်ပါဗျာ... နော်"

"ဟာ... ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင် ကဲ... ရော့ လက်ဖက်ရည်ဖိုး ကျွန်တော်သွားတော့မယ်"

"ဘယ်ကို သွားမှာလဲ"

"ဒီနေ့ ကျွန်တော့်မွေးနေ့ဗျ၊ လူတချို့ကို သွားတွေ့မလို့"

ကိုခင်လှက မသင်္ကာသလို ကြည့်၏။

"လုပ်မနေနဲ့၊ ခင်ဗျားအပျိုကြီးနဲ့ ဘာမှ မဆိုင်ဘူး"

ထိုသို့ပြောပြီး လှည့်ထွက်သွား၏။ ဆိုင်ပြင်ရောက်တော့ ခပ်လှမ်းလှမ်းမှာ တောင်းရွက်လာသော ကောက်ညှင်းပေါင်းသည် ဒေါ်ငွေးကို တွေ့ရသည်။ ရသေ့ကြီးကတော့ ပွဦးမည်ထင်သည်။

လမ်းဆုံလမ်းခွမှာ အိတ်ထဲမှ စာရွက်ကလေးတစ်ရွက်ကို ထုတ်ကြည့်ပြီး သွားတွေ့၍ လွယ်မည့် လူများကို ခရီးလမ်းကြောင်းတစ်လျှောက် ရွေးချယ်နေမိ၏။

ထို့နောက်မှ အနီးဆုံးတစ်နေရာသို့ ချီတက်သွားလိုက်၏။ ဈေးထဲသို့ပင်ဖြစ်၏။ ရင်စည်းအင်္ကျီဝယ်ရန် မဟုတ်သဖြင့် မြန်မာပညာရှိ၏ မြေးပီသစွာ ခန့်ခန့်ညားညား ဝင်ရောက်သွားလိုက်သည်။

ကိုယ့်မြို့ကိုယ့်ရွာ ဖြစ်သော်လည်း ဤဈေးထဲသို့ ရဲဘုန်းမင်းက သိပ်ဝင်လေ့မရှိ၊ ဘယ်နေရာမှာ ဘာရောင်းမှန်းလည်း မသိ၊ ကြုံရာလူကို ကြုံသလို မေးကြည့်ရ၏။

"ဦးတင့်လွင်ကိုများ သိပါသလားခင်ဗျာ"

ကုန်စိမ်းသည်က သူ့ကို ခပ်အမ်းအမ်းမော့ကြည့်ပြီး…

"ဘယ်က ဦးတင့်လွင်လဲ"

"ဒီဈေးထဲမှာ ဈေးရောင်းတာပဲ"

"အာ… အဲဒီလို မေးလို့တော့ ဘယ်ရမလဲဗျ"

"ခင်ဗျားနာမည်က ဘယ်သူတုံး"

"တင်ထူး ဘာလုပ်မလို့တုံး"

"ဦးတင့်ထူးကိုများ သိသလားလို့ ဒီဈေးထဲမှာ မေးကြည့်ရင် ရနိုင်သလား"

"ကျုပ်ကို တစ်ဈေးလုံး သိတယ်"

"အင်း… ဦးတင့်လွင်ကလည်း အဲဒီလို ပြောတာပဲ၊ ဘယ်သူ့မေးမေး သူ့ကို တစ်ဈေးလုံးသိတယ်တဲ့"

"လျှောက်ပြောနေတာ၊ ကျုပ်ကို ဘယ်လိုလုပ် မီမှာတုံး"

အရေးထဲ သူတို့က ဂုဏ်တုဂုဏ်ပြိုင် လုပ်နေကြသေး၏။ တစ်ဈေးလုံးက သိသည့်ဟုပင်ဆိုသော ဘဲဥသည် ဦးညက်ဝင်းနှင့်လည်း ဆုံပြန်သည်။ သူကမူ ဦးတင့်လွင်ကိုကော၊ ဦးတင်ထူး ကိုကော မသိ။ နောက်ဆုံးကျမှ သံပုရာရည်ရောင်းသော ကောင်မလေးက

"အစ်ကိုမေးတာ ဘယ် ဦးတင့်လွင်လဲ၊ တရုတ်လား"

"အေး… ဟုတ်တယ်၊ တရုတ်"

"အစိန် ခေါ် ဦးတင့်လွင်ကို ပြောတာပေါ့၊ ဟုတ်လား"

"ဟုတ်မယ်ထင်တယ်၊ တရုတ်ဦးတင့်လွင်ပဲ"

သံပုရာရည်သည်မလေးက သေသေချာချာလမ်းညွှန်သည်။ သူမပြောသည့် အချိုးအကွေ့အတိုင်း လိုက်ဝင်သွားလိုက်တော့ ဝက်သားတန်းသို့ ရောက်သွားသည်။ မြင်လိုက်ပါပြီ။ သူရှာနေသည့် ဦးတင့်လွင်။ အစိန် ခေါ် ဦးတင့်လွင်။

အရေခွံခွာထားသည့် ဝက်သားတွေကို အပိုင်းပိုင်းခွဲဖြတ်ပြီး သံချိတ်နှင့်တွဲလောင်းချထားသည်။ သူ့ဆိုင်ရှေ့ သွားရပ်ရတာ အနံ့အသက် သိပ်မကောင်းလှ။

"ဦးတင့်လွင်"

"ဘာယူမလဲ… အမြီးလား၊ လျှာလား၊ နားရွက်လား၊ နံရိုးလား၊ အသားလား"

ဦးတင့်လွင်က သူ့ကို မှတ်မိပုံမရ။ ဈေးဝယ်သူဟုပင် အောက်မေ့နေသည်။

"ဦးတင့်လွင် ကျွန်တော့်ကို မမှတ်မိဘူးလား"

သူ့ကို သေသေချာချာကြည့်သည်။ နှာခေါင်းကော၊ နားရွက်ရော၊ အရေရော၊ အခေါက်ရော၊ခြေထောက်ကော၊ လက်ကော အကုန်ကြည့်သည်။ အမြီးမပါတာကိုလည်း တွေ့သွားသည်။ ထို့နောက်မှ…

"သြော်… တိပြီ၊ မှတ်မိပြီ"

"ဘယ်သူလဲ"

"ရဲပုန်းမင်း"

"ရဲဘုန်းမင်းပါဗျ"

"မလာစဖူး လာလို့ပါလား၊ အထဲဝင်ထိုင်လေ"

"မထိုင်တော့ပါဘူး၊ ဦးတင့်လွင်က ဝက်သားရောင်းတာလား"

"ဟုတ်တယ်... ဝက်တားတစ်တွဲလောက် ဝယ်တွားပါလား၊ လျှော့ပေးမှာပေါ့"

"အဲဒီဝက်သားတွေ ဘယ်က ယူတုန်းဗျ"

"ဝကိုယ်တိုင် ပေါ်တယ်လေ"

"ဟင်... ဒါဖြင့် ဦးတင့်လွင်ကိုယ်တိုင် သတ်ရတာပေါ့"

"ပါခက်လဲ... မိုန်းကလေး၊ လုံကလေးရှိရင် ပြီးတာပဲ"

"ဝက်နဲ့ပတ်သက်ရင် ဦးတင့်လွင်ဆိုင်မှာ အကုန်ရသလား"

"ရတယ်၊ အချိန်မရွေးလာခဲ့"

"မလာတော့ပါဘူးဗျာ၊ ကဲ... သွားလိုက်ဦးမယ်"

"လာပါ၊ လာတာလာ... ဝက်ဆိုတာ အော်တံက လွဲရင် အကုန်ရောင်းလို့ရတယ်"

"ခင်ဗျားက ဝက်အော်သံကိုပါ ရောင်းလို့ရရင် ရောင်းဦးမှာလား၊ ဟုတ်လား..."

"ဒါကတော့ စီးပွားရေးပဲလေ...၊ ရောင်းတင့် ရောင်းမယ်"

"ဒါနဲ့ ခင်ဗျားကိုမေးရင် တစ်ဈေးလုံး မသိတဲ့လူ မရှိဘူးနော်"

"ဟုတ်တယ်လေ..."

"ဦးတင်ထူးနဲ့ ဦးဉာဏ်ဝင်းဆိုတာကိုရော သိသလား"

"မတိဘူး"

ပြောတော့ဖြင့် သူတို့သုံးယောက်လုံးကို တစ်ဈေးလုံး မသိတဲ့လူ မရှိဘူးတဲ။ ခုတော့ သူတို့သုံးယောက်ပင် တစ်ယောက်နှင့် တစ်ယောက်မသိကြ။ ရဲဘုန်းမင်း စိတ်ပျက်ပျက်နှင့် ပြန်ထွက်လာခဲ့သည်။ ရင်ထဲမှာ တင်းကြပ်နေသည်။ ဈေးပြင် ရောက်မှပဲ အသက်ကို ဝအောင်ရှူရတော့၏။

ဆိုက္ကားဂိတ်သို့သွားနေတုန်း နောက်ဘက်မှ ဆူညံဆူညံအသံများ ကြားရ၏။ ဆိုက္ကားသမား တွေလည်း ထိတ်ထိတ်ပြာပြာ ဖြစ်နေကြသည်။ လှည့်ကြည့်လိုက်တော့ ရဲတချို့က လူတစ်ယောက်ကို ဖမ်းဆီးလာခြင်း ဖြစ်သည်။

အနီးမှ ဆိုက္ကားသမားတစ်ယောက်ကို မေးကြည့်လိုက်သည်။

"ဘာဖြစ်တာလဲဗျ"

"သူခိုးဖမ်းတာလေ"

"ဘာသူခိုးမို့ ဒီလောက် ကြီးကြီးကျယ်ကျယ်ဖမ်းတာလဲ"

"ရတနာပစ္စည်းတွေကို ဝင်ခိုးနေကျ သူခိုးဗျ၊ ဒီကောင် လေး၊ ငါးခါ ရှိနေပြီ"

ရဲများက လက်ထိတ်ခတ်ဖမ်းလာသည်ကို ခံရသော်လည်း သူခိုး၏မျက်နှာက ခပ်မာမာ ခပ်တင်းတင်းပင် ဖြစ်၏။ ရဲဘုန်းမင်းနံဘေးမှ အဖြတ်…

"ဩော်… ဟော့… မောင်ရဲဘုန်းမင်း"

ဒီတစ်ခါကျတော့ ရဲဘုန်းမင်းက မမှတ်မိ။ သေသေချာချာ ကြည့်ယူရသည်။ သို့သော်လည်း ကောင်းကောင်း မမှတ်မိ။ ဇဝေဇဝါ။ ထိုသူခိုးက သူ့ရှေ့မှာ ရပ်တော့ ရဲတွေကလည်း လိုက်ရပ်သည်။

"မောင်ရဲဘုန်းမင်း မမှတ်မိဘူးလား၊ ဦးတင်မြလေ"

ထိုအခါကျမှ ရဲဘုန်းမင်း မှတ်မိတော့သည်။ (မှတ်ချက် - လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုခင်လှ၏ အစ်ကို မဟုတ်ပါ)

"ဩော်… ဦးတင်မြကိုး"

"အေး… မင်း မှတ်မိပြီကိုး"

"ဦးတင်မြက သူခိုးလား"

"အေးလေ…"

"ဘာလို့ ခိုးရတာလဲဗျာ"

"အေးကွာ… ငါလည်း ခုထိတော့ အဒိန္နဒါနကံကို မထိန်းနိုင်သေးဘူး"

ကျန်သောကံများကိုကျ ထိန်းနိုင်သည့်ပုံစံ ပြောနေခြင်းဖြစ်သည်။ ရဲဘုန်းမင်း အတန်ငယ်ပင်လန့်သွား၏။

"ဦးတင်မြက ရတနာဆိုင်တွေကိုချည်းပဲ ခိုးတာဆို"

"အေး"

"ဘာဖြစ်လို့တုံး"

"ဟ ရတနာဆိုင်မှာမှ ရတနာရှိတာကိုး"

ဦးတင်မြက ဘယ်ရွှေ့ဘယ်မျှ စကားကောင်းချင်သေးမှန်းမသိ။ ရဲတွေက ဆွဲခေါ်သွားသည်။ ရဲဘုန်းမင်းကိုပင် မသကာသလို ကြည့်သွားကြသေး၏။ အပျိုကြီးဒေါ်နော်မူဆီမှာလည်း ရတနာ ပစ္စည်းတွေ ရှိကြောင်း ကိုတော့ မပြောပြလိုက်တော့ပါ။

"ဟူး..."

လေပူကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။ လေပူမှုတ်ထုတ်ရသည့် အကြောင်းကလည်း လေအေးကို မှုတ်ထုတ်၍မရသောကြောင့် ဖြစ်သည်။

ဆိုက္ကားဂိတ်မှာ ခဏသွားထိုင်တော့ ဆိုက္ကားသမားတွေက သူ့ကို ရှဲခနဲ နေရာဖယ်ပေးကြသည်။ အမှန်ဆို ရဲဘုန်းမင်းက ဦးတင်မြ မဟုတ်သလို သူတို့ ဆိုက္ကားတန်းလျားကလည်း သူ့အပိုင်မဟုတ်။

ခက်တော့ ခက်နေပါပြီ။

မြို့ပြင်ဘက်သို့ ထွက်လာခဲ့သည်။ မြို့ပြင်မှာက ကျူရှင်များ၊ ဘော်ဒါဆောင်များနှင့် ဆိတ်ငြိမ်သော လက်ဖက်ရည် ဆိုင်လေးများ ရှိသည်။ လက်ဖက်ရည်တစ်ဆိုင်မှာ ကျဆိမ့်တစ်ခွက်မှာပြီး ဘယ်ဆက်သွားရင် ကောင်းမည်နည်းဟု စဉ်းစားနေမိသည်။

"နင်ငါ့ကို မနောက်ယှက်နဲ့နော်"

"နောက်ယှက်တာ မဟုတ်ပါဘူး၊ ချစ်တာပါ"

"နင် ငါ့နောက် လျှောက်လိုက်မလာနဲ့"

"မလိုက်စေချင်ရင် ဒီစာလေး ယူသွားပေါ့"

ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ရည်းစားစာ လိုက်ပေးနေခြင်းဖြစ်သည်။ လူငယ်တို့ ဘာသာ ဘာဝဖြစ်၍ မထူးခြားလှပါ။ သို့သော် ကောင်မလေးက တစ်ယောက်တည်း ကောင်လေးက အုပ်စုလိုက်၊ ကောင်လေး၏ အဖော်များက ပြီတီတီမျက်နှာထားများနှင့်မလှမ်းမကမ်းမှ လိုက်လာကြသည်။

ကောင်မလေးက လက်မခံ။ ကောင်လေးကလည်း စာအတင်းပေး။ ကောင်လေးက လက်ဆွဲထား။ ကောင်မလေးက ရုန်း။ ကောင်မလေးက အော်။ ကောင်လေးက ဟီးဟီးဟားဟားလုပ်။ ဗရုတ်သုတ်ခ ဆန်လှသည်။

ကြည့်၍လည်း မကောင်းလှတော့။ ထို့ကြောင့် (ရွှေဘမဟုတ်သော်လည်း) ရဲဘုန်းမင်း ထိုင်ရာမှ ထလိုက်သည်။

ထွေထွေထူးထူး ပြောမနေတော့ဘဲ...

"ဟော့ကောင်"

လှည့်အကြည့်...

"ခွပ်"

ကောင်လေး ခွေကျသွားသည်။

"ဟော့လူ ဒါ ဘာလုပ်တာလဲ"

နောက်ဘက် မလှမ်းမကမ်းမှ လိုက်လာသည့် သူ့အဖော်ပြီတီတီကောင်လေးများက လှမ်းမေးခြင်းဖြစ်သည်။ ရဲဘုန်းမင်းကို အန္တရာယ်ပေးတော့မည့်ပုံဟန်မျိုး ဖြစ်၏။

"ဘာလုပ်ရမှာလဲ၊ ထိုးလိုက်တာ မင်းတို့ မမြင်ဘူးလား"

"ခင်ဗျားက ဘာလဲ"

ရဲဘုန်းမင်းက မခိုးမခန့်ပြုံးလိုက်ပြီး လွယ်အိတ်ထဲသို့လက်နှိုက်လိုက်သဖြင့် သူတို့တွေ ဇဝေဇဝါနှင့် တွန့်သွားကြသေးသည်။ ပြီးမှ အရဲကိုးကာ ဆက်တိုးလာပြီးမှ ပြန်တွန့်သွားကြပြန်၏။ ရဲဘုန်းမင်းလက်ထဲမှာ ပါလာသည်က သားလှီးဓားကြီး။

ဦးတင့်လွင် ဝက်သားလှီးသည့်ဓားမကြီး၊ အကြောင်းရှိ၍ယူလာခြင်းဖြစ်သည်။ ကောင်လေးတွေကချိန်းကြိုးတွေ အုတ်ခဲကျိုးတွေနှင့် ရင်ဆိုင်ဖူးသော်လည်း သားလှီးဓားကိုတော့ ရင်ဆိုင်ဖူးပုံမပေါ်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။

ရဲဘုန်းမင်းက လဲကျနေသည့် ကောင်လေးကို...

"ဖော်မင်းလတ်"

"ခင်ဗျာ"

"သွားတော့"

"ဟုတ်ကဲ့"

ကောင်လေးက ဖုတ်ဖက်ခါထပြီး သူ့သူငယ်ချင်းများကို လက်ပြကာ ပြန်လှည့်ထွက်သွားသည်။ သားလှီးဓားကြီး ကိုင်ထားသည့် ရဲဘုန်းမင်းကို ကောင်မလေးကလည်း ကျေးဇူးတင်စကားပင်ပြောမသွား။ ကိုယ်ကလည်း သေသေချာချာ မကြည့်မိသဖြင့် လှမလှပင် မသိလိုက်။

စောစောက ဦးတင့်လွင်ဆိုင်မှာ အသားတွဲကြီးတွေ လှီးဖြတ်နေတာကိုတွေ့ကတည်းက ဒီကောင်မလေးကိုလည်း အမှတ် တမဲ့ မြင်မိသည်။

"သား အဲဒီဓား ငါ့ကိုပေး"

လှည့်ကြည့်လိုက်တော့ ရသဲ့ကြီး၊ ခုနကလိုပင် တွေ့ရာကိုတောင်းနေတော့သည်။ ပြီး...ဒီနေရာကို သူက ဘာလာလုပ်မှန်း မသိ။ ဆယ်တန်းပြန်ဖြေဖို့ ကျူရှင်လာတက်ခြင်းတော့ မဖြစ်နိုင်။

"ဒီဓားကို ကျွန်တော် အကြောင်းရှိလို့ ယူလာတာ"

"ငါ သိပါတယ်။ ဒါပေမဲ့ မင်းလက်ထဲမှာ မထားပါနဲ့၊ ငါ့ကို ပေးပါ"

သူနှင့် ရသေ့နှင့် သားလှီးဓားကြီးနှင့် ရှုပ်နေသဖြင့် လူတွေအံ့ကြည့်တာကို မခံနိုင်တော့ဘဲ ရဲဘုန်းမင်း ကမ်းပေးလိုက်သည်။ ရသေ့ကြီးက ထိုဓားကို မြောင်းထဲလွှင့်ပစ်လိုက်၏။ ပြီး...

"ကဲ... ငါ့နောက်လိုက်ခဲ့"

မလိုက်၍လည်း မဖြစ်။ ကိုယ်သွားရမည့်လမ်းကိုပဲ သူကရှေ့မှ လျှောက်သွားခြင်းဖြစ်သည်။ အတော်အတန် လျှောက်ကြပြီးသောအခါ လမ်းဘေးက ဇရပ်အိုတစ်ခုမှာ သူတို့ ဝင်ထိုင်ကြသည်။

"ကဲ... မင်းခံစားနေရတာတွေ ငါ့ကို ပြောစမ်း"

ရဲဘုန်းမင်းက အဝေးသို့ မျှော်ကြည့်လိုက်ပြီး နင့်နင့်သီးသီးနိုင်လှသော လေသံဖြင့်...

"ဘဝမှာ ကျွန်တော်သွေးလှူခဲ့တဲ့ အကြိမ်တွေ မနည်းတော့ဘူး"

"အင်း..."

"သူတို့ကိုယ်ထဲမှာ ကျွန်တော့်သွေးတွေ ရှိတယ်ဆိုပါစို့၊ သူတို့က ကျွန်တော့်သွေးနဲ့ အသက်ဆက်ရှင်ခဲ့ကြတယ် ဆိုပါစို့။ ကောင်းကောင်းမွန်မွန် မနေကြဘူးဗျာ၊ မကောင်းမှုတွေ လုပ်ကြတယ်"

"အင်း... ဆက်ပါဦး"

"ဒီနေ့ပဲ ကြည့်လေ..."

"ပြော..."

"သုံးယောက်တွေ့ပါတယ်၊ တစ်ယောက်က သားသတ်သမား"

"အင်း"

"နောက်တစ်ယောက်က သူခိုး"

"အင်း"

"နောက်တစ်ယောက်က လမ်းသူရဲလိုလို ဘာလိုလိုနဲ့ လေလွင့်နေတဲ့ လူငယ်၊ ကျွန်တော် စိတ်ပျက်တယ်ဗျာ"

ရသေ့ကြီးက ခေါင်းတဆတ်ဆတ်ညိတ်၏။ အတန်ကြာမှ...

"မင်းပြောတာက မှန်ပါတယ်၊ လူဆိုတာ ပြောင်းလဲချိန်တန်ရင် ပြောင်းလဲရမယ်"

ရဲဘုန်းမင်းက ဘာမှပြန်မပြောဘဲရသေ့ကြီး၏ မျက်နှာကိုငေးကြည့်နေသည်။ ရသေ့ကြီး၏ မျက်နှာက အေးချမ်းသော်လည်း ထက်မြက်တည်ငြိမ်သည်။ သူ့စကားကို သူဆက်ပြော၏။

"ငါးနှစ်ကြာကြာ၊ ဆယ်နှစ်ကြာကြာ နှစ်တွေကြာသွားတယ်ဆိုပါစို့"

"ဟုတ်ကဲ့"

"ကိုယ့်ဘဝကိုယ်ပြန်ငဲ့စောင်းကြည့်လိုက်၊ ဒီကာလအတွင်းမှာမှ ကိုယ်ဟာ ဘာအပြောင်းအလဲမှမရှိခဲ့ဘူးဆိုရင် ကိုယ့်လက်ကောက်ဝတ်သွေးခုန်နှုန်းကိုသာ ကိုယ်ပြန်စမ်းကြည့်လိုက်တော့"

"ဘာဖြစ်လို့လဲ"

"သြော်... သေပဲသွားပြီလား၊ ရှင်နေတုန်းပဲလား၊ သိရတာပေါ့"

"သြော်... သြော်"

ရသေ့ကြီး၏စကားကို ရဲဘုန်းမင်းသဘောကျသွားသည်။

"မင်းကတော့ သူတို့ကိုသွေးသွင်းပေးတာပဲ"

"ဟုတ်ကဲ့"

"ဒါပေမဲ့ သူတို့အတွက် လှုပ်ကုလားထိုင်လေးတစ်ခု ပေးလိုက်သလိုဖြစ်သွားတယ်"

"ဘာကုလားထိုင်"

"လှုပ်ကုလားထိုင်"

"ကျွန်တော်နားမရှင်းဘူး"

"ဒီလိုလေ... အဲဒီလှူပ်ကုလားထိုင်ပေါ်မှာထိုင်ပြီး သူတို့တွေ ယိမ်းခါလှုပ်ယမ်းပြီးရှင်သန်နေလို့ရတယ်၊ ဒါပေမဲ့ အဲဒီလှုပ်ကုလားထိုင်ကြီးက သူတို့ကို ဘယ်ကိုမှရောက်အောင် ပို့မပေးနိုင်ဘူး"

"ဩော်... အင်း... ဟုတ်ကဲ့"

"သူတို့အနေအထားက အဲဒီလိုကြီးဖြစ်နေတယ်၊ မင်းရဲ့ခံစားချက်ကိုလည်း ငါနားလည်ပါတယ်၊ ကဲ... သွားတော့ သွားတော့"

"ဗျာ"

"သွားတော့လို့၊ ဒါပေမဲ့ တို့ပြန်ဆုံကြဦးမှာပါ"

စိတ်ရှုပ်ထွေးစွာနှင့်ပင် ရဲဘုန်းမင်း သူနေထိုင်ရာရပ်ကွက်အတွင်းသို့ပင် ပြန်ရောက်လာခဲ့တော့သည်။ လက်ဖက်ရည်ဆိုင်ရှေ့မှအဖြတ် ကိုခင်လှက အရေးတကြီးလှမ်းခေါ်၏။

"ရဲဘုန်းမင်း... ရဲဘုန်းမင်း"

"ဘာလဲဗျ"

"မင်းခုဘယ်သွားမလို့လဲ၊ အိမ်ပြန်မလို့လား"

"အင်း... ဘာဖြစ်လို့လဲ"

"မပြန်နဲ့၊ မင်းအဘိုး မင်းကိုတုတ်နဲ့ စောင့်နေတယ်"

"ဒီအရွယ်ကြီးကို ရိုက်စရာလားဗျ"

"ရိုက်ရင်လည်းရိုက်မှာပေါ့ဗျ၊ သူကမြန်မာပညာရှိဆိုပဲ"

အနားကပ်၍ တိုးတိုးမေးရသေးသည်။

"ဘာလဲ... အပျိုကြီးဒေါ်နော်မူက သွားတိုင်လို့လား"

"မဟုတ်ပါဘူး"

"မနက်ကတည်းက လျှောက်လည်ပြီး ခုမှပြန်ရောက်လို့ဆိုပြီး ရိုက်မှာလား"

"မဟုတ်ဘူး... မဟုတ်ဘူး၊ အဲဒါတွေတစ်ခုမှမဟုတ်ဘူး၊ မင်းအဘိုးကို မင်းဘာလုပ်သွားလဲ၊ ကိုယ့်ဘာသာကိုယ်မှန်းကြည့်"

"ဘာလုပ်လို့တုန်းဗျ၊ ညကနိုပ်တောင်ပေးသေးတယ်"

ကိုခင်လှကလက်ဖျောက်တစ်ချက်တီးလိုက်ပြီး...

"အေး... အဲဒါပဲကွ၊ အဲဒီကိစ္စ"

"ဟင်... နိုပ်လည်းပေးရသေး၊ ဘာဖြစ်တာတုံး"

ကိုခင်လှက ဆူပူငေါက်ငန်းသော မျက်နှာမျိုးဖြင့်သူ့ကိုကြည့်ကာ...

"ပြောစမ်းပါဦး၊ မင်းဘယ်လိုနိုပ်သွားလဲ"

ရဲဘုန်းမင်းက မျက်လုံးပေကလပ်ပေကလပ်နှင့် စဉ်းစားရင်...

"ဩော်... တစ်ခုတော့ရှိတယ်ဗျ၊ ရိုးရိုးနိုပ်တာမဟုတ်ဘူး၊ ဆေးနည်းနဲ့နိုပ်တာ"

"ဘယ်လိုဆေးနည်းတုံး၊ ပြောပါဦး"

"နွားနို့လေ... နွားနို့နဲ့နိုပ်ပေးတာ၊ နွားနို့လေးနဲ့ပွတ်ပွတ်ပြီးနိုပ်ပေးရင် အကြောအချဉ်တွေ အမြန်ပြေတယ်တဲ့"

"အဲဒါကို မင်းအဘိုးက မသိလိုက်ဘူးလား"

"သူသိလို့ဖြစ်မလားဗျ၊ ကိုယ်နိုပ်ရသက်သာအောင် ခိုးလုပ်တဲ့ကိစ္စကို"

"အေး... အဲဒီတော့ အကြီးအကျယ်ပြဿနာဖြစ်တော့တာပေါ့"

"ခင်ဗျားပြောနေတာကို ကျွန်တော်လုံးလုံးသဘောမပေါက်ဘူးဗျ"

"မင်းအဘိုးက အကြောအချဉ်တွေပြေပြီး တချိုးတည်းအိပ်ပျော်သွားတယ်လေ၊ မိုးလင်းတော့လည်း တော်တော်နဲ့မနိုးဘူး၊ မင်းအမေကသွားကြည့်တော့ မင်းအဘိုးရဲ့ကိုယ်ပေါ်မှာ ပုရွက်ဆိတ်တွေတက်၊ ယင်ကောင်တွေနားလို့ မင်းအဘိုး သေရှာပါပြီဆိုပြီး တစ်ရပ်ကွက်လုံးကြားအောင် အော်ငို၊ တစ်ရပ်ကွက်လုံး ရုတ်ရုတ်သဲသဲဖြစ်၊ သာရေးနာရေးအဖွဲ့တွေ ရောက်လာမှ မင်းအဘိုးကထလာ၊ အကုန်လုံးထပြေးကြ"

"ဟာ... အဲဒီလောက်တောင်ဖြစ်သွားသလား"

"အေး... အခုတော့ မင်းအဘိုးက ရေမိုးချိုးပြီး မင်းကိုတုတ်နဲ့စောင့်နေတယ်"

"တုတ်... တုတ်ကရော ရေချိုးထားသေးလား"

ထားဝယ်ကြိမ်ကို ရေဆွတ်ထားသေးလားဟု မေးခြင်းဖြစ်သည်။

"ဟ… အဲဒါတွေကိုတော့ငါမသိဘူး၊ လောလောဆယ်မင်းဘယ်လိုလုပ်မလဲ"

ဘယ်လိုလုပ်ရမည်မှန်းမသိသဖြင့် ရဲဘုန်းမင်း မြို့ပြင်ပြန်ထွက်ခဲ့ရပြန်သည်။ လမ်းဘေးကဇရပ်မှာပဲ ထိုင်နေဆဲဖြစ်သည့် ရသေ့ကြီးနှင့်တွေ့သည်။ ရသေ့ကြီးက စူးရှတောက်ပြောင်သောမျက်လုံးအစုံနှင့် သူ့ကိုကြည့်ပြီး…

"ကဲ… သားအချိန်မရှိဘူး၊ ငါနဲ့လိုက်ခဲ့တော့"

"ခင်ဗျာ…"

"ငါနဲ့လိုက်ခဲ့တော့၊ တို့သွားကြမယ်၊ ငါမင်းကိုလာစောင့်နေတာ၊ ဒီမြို့ကိုရောက်တာ သုံးရက်ရှိပြီ"

ရဲဘုန်းမင်းမှာ ငြင်းဆန်နိုင်သောအင်အားတို့ ဘာတစ်ခုမှမရှိတော့သလိုပင် ရသေ့ကြီး၏နောက်မှ လိုက်သွားပြီး အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

*ငါဟာ*

*ဆေးပုလင်းတစ်လုံး အမြန်ဆုံးဖြစ်ခဲ့ရပေ့ါ*

*ငါ့ကိုယ်ငါတော့သောက်မျိုချိန်မရလိုက်။*

*နီဝင်းချို*

*( အတ္တမိတ္တူမှ )*

"ဒါပဲလား၊ ရှင့်အကြောင်းက…"

"မပြီးသေးဘူးလေ"

"မပြီးသေးရင် ဆက်ပြော"

"နေပါဦး၊ ဒီမှာ ရေနွေးသောက်ပါရစေဦး"

ရဲဘုန်းမင်းက သူ့အကြောင်းတွေကို ပြောပြနေခြင်းဖြစ်၏။ ဓာရီတို့ စဆုံခဲ့သည့် လက်ဖက်ရည်ဆိုင်မှာပင် ဖြစ်သည်။ မထိုင်စဖူး အမျိုးသားမိတ်ဆွေတစ်ဦးနှင့် လက်ဖက်ရည်ဆိုင်ထိုင်သောဓာရီ့ကို ဆိုင်ရှင်ကပင် အကဲတခတ်ခတ် ဖြစ်နေသဖြင့် မသိချင်ယောင်ဆောင်ထားရသည်။ သိချင်ယောင်ဆောင်စရာလည်း မလိုသောကြောင့်ဖြစ်၏။

ရဲဘုန်းမင်းက ရေနွေးကိုသောက်ပြီး အတန်ငယ် မောသွားဟန်ဖြင့်...

"ကျွန်တော် အဲဒီရသေ့ကြီးနဲ့ လိုက်သွားတယ်"

"ဘယ်ကိုလဲ"

"ထူးခြားပြီး လူသူအရောက်အပေါက်နည်းတဲ့ နေရာတစ်ခု ဆိုပါတော့"

ဓာရီ မျက်စောင်းထိုးချင်ချင် ဖြစ်သွားရသည်။ အရာရောက်မည် မဟုတ်သောကြောင့် မထိုးလိုက်။ ရဲဘုန်းမင်း ထိုင်နေသည်ကကို သူမ၏ မျက်စောင်းထိုးထိုင်ခုံတွင် ဖြစ်သည်။

"အဲဒီမှာ ဘာလုပ်ကြတာလဲ"

"သူက ကိုယ့်ကို စိတ်ညှို့ပညာ သင်ပေးတယ်"

"ဟင်... သူက သင်ပေးတာနဲ့ ရှင်က သင်ရရောလား"

"မဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်၌ကလည်း သင်ချင်စိတ်ရှိနေလို့ပါ"

"အခု ရှင်တတ်တဲ့ပညာက ရသေ့ကြီး၊ အဲ... ရှင့် ရသဲ့ကြီး ပေးတဲ့ ပညာဆိုပါတော့"

"ဟုတ်တယ်... ရသေ့ကြီးလို့ပဲ ပီပီခေါ်ပါတော့ဗျာ၊ ဆရာသမားကြီး"

"သူက ရှင့်ကို ဘယ်လိုသင်ပေးတာလဲ"

"သူသင်ပေးတာက ထူးခြားတယ်ဗျ"

"ဘယ်လိုထူးခြားတာလဲ"

"ကျွန်တော် စာအုပ်တွေထဲမှာ ဖတ်ဖူးတဲ့ နည်းတွေနဲ့ သင်တာမဟုတ်ဘူး"

"ဪ... ရှင်က နဂိုတည်းက Hypnosis စာအုပ်တွေ ဖတ်ထားဖူးတယ်ပေါ့"

"ဟုတ်တယ်... အင်္ဂလိပ်လိုတော့ ဘယ်ဟုတ်ဦးမလဲ၊ မြန်မာလို"

"အဲဒီတော့ သူသင်တာ ဘယ်လိုထူးလဲ ပြောပါဦး"

"သူက စိတ်ညှို့ပညာကိုပဲ ကျွန်တော့်ကို စိတ်ညှို့အိပ်မွေ့ချပြီး သင်ပေးတယ်"

"ဟုတ်ပြီ"

"အဲဒီလိုသူစိတ်ညှို့အိပ်မွေ့ချထားချိန်မှာ ကျွန်တော်ဘယ်လိုပြောမလဲ၊ ခင်ဗျားမြင်အောင်ပြောရရင် အီဂျစ်က ပိရမစ်လို အဆောက်အဦးတွေထဲ ရောက်နေသလို ခံစားရတယ်၊ နောက်...အဲဒီက ရုပ်ထုတွေ၊ ပြီးတော့ မီးရှူးတိုင်တွေနဲ့ အလင်း အမှောင်တွေ အဲဒါတွေကို မြင်နေရတယ်၊ အဲဒီအချိန်ထိ ကျွန်တော် အီဂျစ်နဲ့ ပတ်သက်တဲ့ ကားတွေ ရုပ်ရှင်တွေ တစ်ခါမှ မကြည့်ဖူးသေးဘူး"

"ဒါဆိုရင် အီဂျစ်နဲ့တူတယ်လို့ ရှင် ဘယ်လိုလုပ်သိသလဲ"

"အီတီတီ ဂျစ်တစ်တစ်ဖြစ်နေလို့ နေမှာပေါ့ဗျာ"

ဓာရီက...

"အဲဒါတွေပြီးတော့ ရှင်က စိတ်ညှို့တတ်သွားရောလား"

"အဲဒီလောက်ကြီးတော့ ဘယ်လွယ်မလဲ၊ တခြားလေ့ကျင့်မှုတွေလည်း လုပ်ရတာပေါ့၊ သူအိပ်မွေ့ချသင်တာက ပါဝါတော့ ရတယ်ဗျ"

"ဒီတော့ ရှင်စိတ်ညှို့တာ ပါဝါနဲ့ ညှို့တာပေါ့"

"အင်း... ပါတာပေါ့၊ ကျွန်တော် တခြားစမ်းသပ်မှုတွေနဲ့လည်း သင်ယူ လေ့ကျင့်ခဲ့ပါတယ်"

"ဘယ်လို စမ်းသပ်မှုလဲ"

"မျက်လုံးနဲ့ညှို့တာ၊ အသံနဲ့ ဌာန်ကရိုင်းကျကျ အမိန့်ပေးညှို့တာ၊ စကားအဓိပ္ပာယ်နဲ့ ညှို့တာ၊ ပြီးတော့ Crystlballလို လင်းလက်တဲ့ပစ္စည်းတစ်ခုကို ကြည့်ခိုင်းပြီး ကြားခံပစ္စည်းသုံးညှို့တာ စသဖြင့်ပေါ့၊ ရှေးနည်းတွေရော၊ ခေတ်နည်းတွေရော"

"ဘယ်လောက်ကြာအောင် သင်ခဲ့ရလဲ"

"နှစ်နှစ်"

"ခု အဲဒီရသေ့ကြီးကော"

"သူက ကျွန်တော်နဲ့စတွေ့ပြီး သုံးနှစ်ကြာရင် ဟိမဝန္တာကို သွားရတော့မှာ၊ ကျွန်တော် ပြန်လာပြီးနောက် တစ်နှစ်တည်းက သွားရောပေါ့"

"နှစ်နှစ်လုံး ဒါတွေချည်းသင်ရတာ မပျင်းဘူးလား"

"ပျင်းချိန်တောင် မရှိပါဘူး၊ အများကြီး ကျင့်ရတယ်၊ တိရစ္ဆာန်တွေကိုကြည့်ပြီး ကျင့်ရတယ်၊ နောက်... သစ်ပင်၊ ကောင်းကင်၊ နက္ခတ်၊ ဂြိုဟ်ခွင်တွေနဲ့ လူတစ်ယောက်ရဲ့အရိုးအကြောကို ထောက်ပြီး ညို့တာတွေစသဖြင့် အများကြီး ကျင့်ခဲ့ရတယ်"

"အဲဒီရသေ့ကြီးနာမည်က ဘာတဲ့လဲ"

"ဦးဝီရတဲ့...၊ အခု သူ့ဆရာဆီကို သွားတာလေ"

"သူ့ဆရာက ဟိမဝန္တာမှာ ဘာလုပ်နေတာလဲ"

"သူ့ဆရာကလည်း သူ့ဆရာဆီမှာ ပညာထပ်သင်နေတာ"

ဓာရီက မေးရမြန်းရတာ အာခြောက်လာဟန်ဖြင့် ရေသန့်တစ်ဘူး လှမ်းမှာ၏။ ရေသောက်ပြီးမှ...

"ကျွန်မကို အိပ်မွေ့ချစိတ်ညို့ပညာအကြောင်း နည်းနည်းပြောပြပါလား"

"မသိတဲ့ သူတွေကို ပြောပြရတာ ပါရမီဖြည့်ရာရောက်ပါတယ်၊ ချော်တွင်းကုန်းနားမှာ သွားပြောကြတာပေါ့"

တော်တော်လေးတော့ တစ်ခုခုနှင့် ကောက်ပေါက်ချင်စရာကောင်းအောင် စကားပြောတတ်သူ ဖြစ်၏။

"အိပ်မွေ့ချနည်းက အမျိုးမျိုးပါပဲ"

"အဲဒီအမျိုးမျိုးကိုပဲ အမျိုးအစားခွဲခိုင်းတာရှင့်"

"ခုနက ပြောခဲ့သလိုပေါ့၊ လင်းလက်တဲ့ အရာတစ်ခုကို စူးစိုက်ကြည့်ခိုင်း၊ အကြောလျှော့ခိုင်း၊ ဘေးမှာ နာရီတစ်လုံး ချထားလိုက်၊ စက္ကန့်တံရဲ့အသံကို နားထောင်ပြီး လေးလံအိပ်မွေ့ကျသွားတာမျိုး"

"အင်း..."

"နောက်... ကျွန်တော် မဉ္စမှာဦးကို အမိန့်ပေးအိပ်မွေ့ချတာမျိုး"

"ဟုတ်ပြီ"

"နောက်... လူနာရဲ့ မျက်လုံးတွေကို စူးစိုက်ကြည့်ပြီး လက်နှစ်ဘက်နဲ့ လူနာရဲ့ ခေါင်းကနေခြေထောက်ထိ အသားချင်း မထိဘဲ ခြောက်လက်မ အကွာလောက်ကနေ သပ်ချ ခါထုတ်ပေးရင်း အိပ်မွေ့ချတာမျိုး"

"အင်း... ဟုတ်ပြီ"

"နောက်တစ်နည်းက လက်မနှစ်ချောင်းကို ပူး၊ အသားချင်းထိထားပြီး စူးစိုက်ကြည့်၊ အာရုံကိုလည်း ညို့တဲ့သူပေါ်မှာထား၊ ညို့ခံရသူကိုလည်း ကိုယ့်ကို ကြည့်ခိုင်းထားပြီး ညို့တာမျိုး"

"အဲဒါက ပါဝါနဲ့လား"

"ဟင့်အင်း လူရဲ့ သံလိုက်ဓာတ်ကို သုံးတာပါ"

"နောက်ကော..."

"ဂီတနဲ့လည်း အိပ်မွေ့ချလို့ရတယ်၊ တစ်ခုပဲ သာယာနူးညံ့တဲ့ဂီတသံတော့ ဖြစ်ရမယ်"

"ဒါပဲလား"

"ဒါပဲရယ်တော့ ဘယ်ဟုတ်မလဲ၊ ခင်ဗျားနားလည်အောင် ဒီလောက်ပဲ ပြောတာ"

"ဒီထက်မကလည်း ကျွန်မ နားလည်နိုင်ပါတယ်"

"နားတင်မကဘဲ မျက်စိပါ လည်သွားမှာ စိုးလို့"

ဓာရီ ပြုံးလိုက်ပါသည်။ တကယ်တော့ သူကသာဆရာတစ်ယောက်ကို စာပြန်နေသော ကျောင်းသားနှင့် တူနေတာ၊ သူ့ဘာသာသူမသိ။

"ခင်ဗျားက ဘာပြုံးတာလဲ"

"သြော်... သဘောကျလို့ပါ"

"ကျွန်တော့်ကိုလား"

"ဝေးသေး...၊ ရှင့်ကို အပျိုကြီး ဒေါ်နော်မူလောက်ပဲ ရင်ခုန်မှာ"

"အပြောမကြီးနဲ့လေ... ကျွန်တော့်ရည်းစားစာက ခင်ဗျားဆီ လွင့်မလာသေးဘူး"

မသိမသာပြုံး၏။ ဓာရီက သိသိသာသာပင် မမြင်ချင်ယောင်ဆောင်ထားလိုက်သည်။ သံသရာ

ရှည်လွန်းလို့၊ သူ့ရည်းစားစာကလည်း ကိုယ့်ဆီ လွင့်လာဦးပါ့မလား၊ ကြာလိုက်တာ...။

"အဲဒါနဲ့"

"ဘာလဲ"

"ရှင် နှစ်နှစ်လောက် အဲဒီရသေ့ကြီးနဲ့ လိုက်သွားတာ ရှင့်အိမ်က စိတ်မပူဘူးလား"

"ကျွန်တော်လည်း အဲလိုပဲ မေးတယ်"

"ရှင်... ဘယ်သူ့ကိုလဲ"

"ရသေ့ကြီးကို....၊ ဆရာကြီး ဦးဝီရာကို"

"ရသေ့ကြီးက ဘာပြောလဲ"

"အိမ်က စိတ်မပူအောင် သူ စီစဉ်ခဲ့ပြီးသားတဲ့လေ"

"ဟုတ်လား... ဘယ်လိုစီစဉ်ခဲ့သလဲ"

"အဲဒါတော့ မပြောဘူး"

"ရှင်... အချိန်စေ့လို့ ရှင့်မြို့ပြန်သွားတော့ လူတွေက မအံ့သြကြဘူးလား"

"အင်း... အံ့လည်း အံ့သြကြတယ်၊ မအံ့လည်း မအံ့သြကြဘူး"

"ရှင်... ဘယ်လို"

"ကျွန်တော် ရသေ့ကြီးနဲ့ ပါသွားတာသိတော့ မအံ့သြကြဘူး၊ ဒီလောက်နှစ်ကြာပြီးမှ ပြန်လာသေးတော့ အံ့သြကြတယ်"

"ရှင့်အိမ်ကရော"

"အိမ်ကလည်း ခင်ဗျားလိုပဲ ဘယ်ရောက်ခဲ့လဲ၊ ဘာသွားလုပ်လဲ၊ ဘာတွေတတ်ခဲ့လဲ စသဖြင့်မေးတာပေါ့"

"ရပ်ကွက်ကကော..."

ရဲဘုန်းမင်းက ရယ်၏။

"ဘာရယ်တာလဲ"

"ဩော်... ကျွန်တော် ပြန်ရောက်ခါစမှာ ကြုံရတဲ့ အဖြစ်အပျက်တစ်ခုကို သတိရလို့ပါ"

"ဘာမို့လဲ"

"ဩော်... ရပ်ကွက်ထဲက အမျိုးသမီးတစ်ယောက်က အဘိုးကိုရော၊ ကျွန်တော့်ကိုရောအကူအညီ လာတောင်းတယ်လေ"

"စိတ်ညို့ခိုင်းတာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဆိုင်လို့လဲ"

"ဆိုင်လာပါ့မယ်၊ မလောပါနဲ့ဦး"

မလောနဲ့ဆိုတော့လည်း မလောရုံရှိသည်ပေါ့။ ခပ်အေးအေးပင် ရေသန့်အေးအေးလေးကို ဇိမ်ဆွဲသောက်ရင်း နားထောင် နေလိုက်သည်။ နားတော့မအေးဘူးပေါ့။ သူ့အဘိုးကလည်း အဲ့ဒီအချိန်ထိ သက်ရှိထင်ရှား ရှိနေသေး၍ ရယ်ချင်သလိုလည်း ဖြစ်မိသည်။

"အဲဒီအမျိုးသမီးက သူ့ယောက်ျား ဆေးတံသောက်တာကို စိတ်ညစ်လို့ လာပြောတာ၊ ဘယ်လိုလုပ်ရမလဲတဲ့"

"အဲဒီတော့..."

"အိမ်က မြန်မာပညာရှိက သူတောင် ဆေးတံတစ်ခါတလေ ဖွာတတ်တော့ ဘာမှ အကြံမပေးဘူး၊ ကျွန်တော်ကပဲ..."

"အကြံပေးလိုက်တယ် ဆိုပါတော့"

"ဟုတ်တယ်"

"ဘယ်လိုပေးလိုက်လဲ"

"သူ့ယောက်ျားရဲ့ ဆေးတံပြာတွေကို နည်းနည်း နည်းနည်းအိုးနဲ့ စုထားခိုင်းလိုက်တာ"

"ဘာလုပ်ဖို့လဲ"

"ဩော်... ဧည့်သည်လာရင် ဒါ ကျွန်မယောက်ျားရဲ့ ပြာအိုးလေဆိုပြီး ထုတ်ပြခိုင်းမလို့"

ဓာရီ စိတ်ပျက်လက်ပျက်ရယ်မိ၏။ တတ်လည်းတတ်နိုင်တဲ့ ရဲဘုန်းမင်းပါပဲ။ ယောက်ျားတစ်ယောက် ဆေးတံသောက်တာ (ကျန်းမာရေးကို မထိခိုက်ဘူးဆိုလျှင်တော့) အလွန်မဟုတ်ပါ။ ဖတ်ဖူးသည့် စုံထောက်ဝတ္ထုတွေထဲမှာတော့ ရှားလော့ဟုမ်းက တစ်ခါမှ ချောင်းမဆိုးချေ။

"အဲဒီတော့ အဲဒီလူက ဆေးတံပြတ်ရောတဲ့လား၊ ကြံကြီးစည်ရာရှင်၊ ဘာမှ မဆိုင်လိုက်တာ"

"ကျွန်တော်က သူ့ရှက်ပြီး မသောက်တော့အောင်ပါ"

"အောင်မြင်လား"

"အကြီးအကျယ်အောင်မြင်တာပါ၊ တချို့ဧည့်သည်တွေက တကယ်မှတ်ပြီး သူ့ကို အရှင်လတ်လတ်လည်းမြင်ရော လန့်အော်ထွက်ပြေးကြလို့ လင်မယားရန်ဖြစ်ပြီး ထထိုးလို့ အဲဒီအမျိုးသမီး ဖူးယောင်ရောက်လာပါရောလား"

"ဖြစ်ရတယ်ရှင်"

"ကျွန်တော်လည်း စိတ်မကောင်းပါဘူး"

"ရှင်က စိတ်မကောင်းရုံပဲ မကောင်းတာ၊ ဟိုက ဖူးယောင်ပြီး ထိုးခံရတာ"

"အင်းလေ... ဒါကြောင့် ကျွန်တော် သူ့ကို အဲဒီထက်ကောင်းတဲ့ အကြံပေးလိုက်ပါတယ်"

"ဟုတ်လား... ဘယ်လိုလဲ"

"သူပါ သူ့ယောက်ျားနဲ့အပြိုင် ဆေးတံသောက်ဖို့ အကြံပေးလိုက်တယ်"

"ရှင်..."

ဓာရီ မျက်လုံးဝိုင်းသွားရ၏။ ရဲဘုန်းမင်းကတော့ ခပ်တည်တည်ပင်။ မိန်းမကြီးတစ်ယောက် ဆေးတံကြီး ခဲထားတာကို မျက်စိထဲမှာမြင်ကြည့်ရတာပင် အရုပ်ဆိုးလွန်းလှသည်။ "မယ့်ကျက်သရေ" ခေါင်းပေါင်းများ ပေါင်းထားသေးသလား။ ဘုရား... ဘုရား။

"ရှင်... အဆင်ပြေရဲ့လား"

"ကျွန်တော်က ပြေပါတယ်"

"မပြေတာကသူပေါ့၊ ဟုတ်လား"

"ဟုတ်တယ်...၊ ခင်ဗျားဘဲ စဉ်းစားကြည့် မိန်းမဆေးတံသောက်ရတာ လွယ်တယ်မှတ်လို့"

"ရှင့်ဟာကလည်း ဟုတ်သားပဲ"

"ဒီတော့သူက ဆေးတံမှုန့်အစား သူရှူရ သောက်ရခံသာမယ့်ဟာတွေ ထည့်သောက်တယ်၊ ဒီထိတော့ အဆင်ပြေ နေသေးတယ်"

"ပြီးတော့မှ ဘာဖြစ်လဲ"

ဓာရီ မေးရင်း အသည်းယားသွားရသည်။ ဒီမိန်းမ နောက်တစ်ခါ ထထိုးခံရလို့ကတော့ မလွယ်။ တကယ်ဆို ထိုမိန်းမကိုမထိုးဘဲ ယောက်ျားဖြစ်သူက ရဲဘုန်းမင်းကိုပဲ လာထိုးဖို့ကောင်းတော့သည်။

ရဲဘုန်းမင်းက အေးအေးဆေးဆေးပင်ဖြစ်၏။

"ဧည့်သည်တွေရှေ့မှာ ဆေးတံတကားကားနဲ့ လုပ်နေတဲ့မိန်းမကို ငါ့ကိုကြေးတိုက်တာလား၊ ရွဲ့တာလား၊ ခွတိုက်တာလားဆိုပြီး ထရိုက်တာ။ ချက်ချင်းအိမ်ဘက်ပြေးလာရတယ်"

"ရှင့်နယ်... ရှင်"

ဓာရီစိတ်ပျက်လက်ပျက် ညည်းမိ၏။

"ရှင့်ဟာက ကူညီရာမှမရောက်ဘဲ"

"စေတနာမဖြစ်သေးခင် ဝေဒနာတွေပေါ့ဗျာ...၊ ဒါပေမဲ့အချိန်မီပါတယ်၊ အဲဒီတော့မှ ပညာစွမ်းပြရတော့တာပဲ"

"ရှင် စိတ်ညှို့လိုက်တာလား"

ဓာရီ အားတက်သရောမေး၏။

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီအမျိုးသမီးကိုမဟုတ်ဘူး၊ သူ့ယောကျ်ားကို"

"ဒါတော့သိပါတယ်ရှင့်၊ စောစောတည်းက ရှင်အဲဒီလိုလုပ်ပါတော့လား"

"မယုံမှာက စိုးရသေးတယ်လေ"

ရဲဘုန်းမင်းပြောတာ ဟုတ်တော့ဟုတ်ပါသည်။ ဘယ်သူက စိတ်ချလက်ချယုံပါမည်လဲ၊ ခုလိုပေါက်ကရ အကြံတွေသာ လက်ခံချင်လက်ခံမည်။ ပညာပိုင်းကျတော့ မနည်းအာပေါက်အောင်ရှင်းပြလျှင်ပင် လက်မခံချင်တတ်သော လူ့သဘာဝ မဟုတ်လား။ အမှန်ဆို ဆေးတံထဲမှဆေးများကို ကောင်းကောင်းမီးမကူးအောင် လုပ်ထားရင်လည်း ရနိုင်မည်ထင်ပါသည်။

"အဲဒါနဲ့ ကျွန်တော် သူ့အမျိုးသားကို ခေါ်ခိုင်းလိုက်တယ်၊ အဲဒီလူကလည်း ဆေးတံဆေးဖိုး မတတ်နိုင်တော့လို့ ဖြတ်ချင်နေတာနဲ့ အတော်ပဲ"

"ရှင်ကံကောင်းသွားတာပေါ့၊ အာမပေါက်တော့ဘူး"

"ဖြတ်ပဲဖြတ်ချင်တာ၊ ကျွန်တော့်ကိုတော့ မယုံရဲဘူးတဲ့လေ"

"ရှင်"

"ဟုတ်တယ်... ဒါကြောင့် ကျွန်တော်တို့ အလောင်းအစားတစ်ခု လုပ်လိုက်ရတယ်"

"ဘယ်လိုအလောင်းအစားလဲ"

"လူတွေရဲ့ဗီဇအရ သည်းခြေကြိုက်ငွေနဲ့ပေါ့"

"ဘယ်လောက်နဲ့လဲ"

"တစ်သောင်းခွဲ"

"ရှင်ကကုနိုင်ရင် ရှင်ရမှာ၊ မကုနိုင်လို့ ဟိုကမပြတ်ရင် ရှင်ကပေးရမှာ"

"ဟုတ်တယ်"

"မတရားပါဘူး၊ ကုလည်းကုပေးရသေးတယ်"

"ဟုတ်တယ်... ဒါပေမဲ့ ကျွန်တော်က ကိုယ့်ပညာကို ကိုယ်ယုံတယ်လေ"

ဒီတစ်ချက်တော့ ဓာရီသဘောကျသွား၏။ စိတ်ဓာတ်ကိုဖြစ်သည်။

"စာချုပ်စာတမ်းနဲ့ လောင်းတာလား"

"အင်း... ရပ်သိရွာသိကိုလောင်းတာ"

"ကဲ... ဆက်ပါဦး"

"အဲဒါနဲ့ ကျွန်တော် သူ့ကိုအိပ်မွေ့ချ စိတ်ညှို့လိုက်တယ်ပေါ့"

"ပြီးတော့..."

"အိပ်မွေ့ကျသွားချိန်မှာ သူ့ကို ဆေးတံဖြတ်ဖို့အမိန့်ပေးရတယ်"

"အဆင်ပြေလား"

"ပြေတယ်၊ အိပ်မွေ့ကနိုးလာတော့ သူဆေးတံ လုံးဝမသောက်တော့ဘူး"

"ရှင် နိုင်တာပေါ့"

"ဒါပေါ့"

"တစ်သောင်းခွဲ ရလိုက်တယ်"

"ဟုတ်တယ်၊ အဲဒီကတည်းက ကျွန်တော် နာမည်ကြီးသွားတော့တာပဲ၊ အဲဒီလို ဆေးတံ ဆေးလိပ်စွဲ၊ အရက်စွဲနေတဲ့ သူတွေ အများကြီး ကျွန်တော့်ဆီရောက်လာကြတယ်၊ ကျွန်တော် သူတို့ကို ကျွန်တော်ရဲ့ စိတ်ညှို့ပညာနဲ့ ကူညီနိုင်ခဲ့တယ်"

"ရှင်... ရသေ့ကြီးဆီက ပြန်လာကတည်းက ဒါပဲလုပ်စားခဲ့တာလား"

ရဲဘုန်းမင်းက...

"ဆိုပါတော့... ကျွန်တော် စိတ်ပညာအဓိကနဲ့ ကျောင်းငါးနှစ် တက်တာလည်း ဒီက ဝင်ငွေနဲ့ပဲ တက်ခဲ့တာပဲ"

"ငါးနှစ်... ဟုတ်လား၊ လေးနှစ် မဟုတ်ဘူးလား"

"ကျွန်တော်က ဂုဏ်ထူးတန်းတက်ခဲ့လို့ ငါးနှစ်ကြာခဲ့ပါတယ်"

သူ့ပုံစံက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင်၊ ကြွားဝါလိုစိတ်လည်း ရှိဟန်မတူ။ သတိလစ်ပြီးမေ့မိသော ဓာရီသာ ကိုယ့်ဘာသာကိုယ် အပြစ်တင်ချင်သွားမိသည်။

အေးလေ... တောထဲတောင်ထဲသွားပြီး ဒီလောက် လေ့ကျင့်ခဲ့မှတော့ သူ့အတွက် ဘာခက်တော့မည်လဲ။

"ကဲ... ဟုတ်ပါပြီ၊ ရှင့်အကြောင်းတွေလည်း သိရပြီ"

"ဒီတော့..."

"ရှင့်ပညာနဲ့ပတ်သက်ပြီး မဥမ္မာကို ညို့ပြတာလည်း တွေ့ခဲ့ရပြီ၊ ဒါပေမဲ့..."

"ဘယ်လို ဒါပေမဲ့လဲ"

"ကျွန်မကို တစ်ခုလောက် စမ်းသပ်ပြဦး"

"ဘယ်လိုစမ်းသပ်ပြရမှာလဲ"

ဓာရီ လက်ညှိုးကလေးကိုနှုတ်ခမ်းဖျားမှာ တေ့ရင်းစဉ်းစား၏။ (အမှန်တော့ ဤအတိုင်းစဉ်းစားရင်လည်းရပါသည်။ သူ့ရှေ့ မှာ နဖူးကြောကြီး ရှုံ့မနေချင်၍ ဟန်လုပ်ခြင်းဖြစ်၏။)

"အဲ... သိပြီ"

"ပြောပါဦး"

"ဟိုမှာ တွေ့လား"

"ဘာလဲ"

"စားပွဲထိုးလေး"

"အင်း..."

"သူ့ကို လှမ်းညို့စမ်းပါ"

"ဘယ်လိုလုပ်ရမလဲ၊ ပြောပါဦး"

"တစ်ခုခုပေါ့ရှင်"

"ဟုတ်ပြီ… ဒါဆို စောစောက ဟိုဘက်ဝိုင်းက မှာတဲ့ သံပုရာရည်ခွက်ကို ကျွန်တော့်ဆီ အရောက်ယူလာအောင် ညှိုပြမယ်၊ ဟုတ်ပြီလား"

"အိုကေ"

ဓာရီက ဂျုံမှုန့် ကြော်ငြာလိုက်သည်။ သူက ထရန်စဖော်မာကို မီးတင်လိုက်သည်။ စားပွဲထိုးကောင်လေးကို Channel ဖမ်းလိုက်သည်။

ခဏနေတော့ ရဲဘုန်းမင်း စားပွဲထိုးလေးကို စူးစိုက်ကြည့်နေတာကို တွေ့ရသည်။ သူ့အကြည့်တွေက လင်းလက်စူးရဲလှ၏။ ငြိမ်လည်းငြိမ်သက်လွန်းသည်။ ဆူညံနေသော လက်ဖက်ရည်ဆိုင်ကလေးပင် တိတ်ဆိတ်သွားသည်ဟု ဓာရီ့စိတ်ထဲ ထင်ရလောက်အောင် ရဲဘုန်းမင်း၏ တိတ်ဆိတ်တည်ငြိမ်မှုက အားကောင်းလှသည်။

သိပ်မကြာလှသော အချိန်အတွင်းမှာပင် စားပွဲထိုးကောင်လေးသည် အတွင်းဘက်မှ လှမ်းပေးသော သံပုရာရည်ခွက်ကို ယူကာ မင်သက်နေသောဟန်ဖြင့် သူတို့ဝိုင်းသို့ ခပ်မှန်မှန်ကလေး လှမ်းလာနေသည်ကိုတွေ့ရ၏။

အတိအကျကို လျှောက်လှမ်းလာခြင်းဖြစ်သည်။

ဓာရီ့ စိတ်ထဲမှလည်း ရဲဘုန်းမင်းကို ကြိတ်၍ ချီးကျူးမိသေးသည်။ သို့သော်…စားပွဲထိုးလေး သူတို့ဝိုင်းသို့ရောက်ရန် သုံးလှမ်းခန့်အလိုတွင် ဆိုင်ထဲသို့ ဝရုန်းသုန်းကား ကမူးရှူးထိုးဝင်ချလာသော လူတစ်ယောက်က သူ့ကို ဝင်တိုက်လိုက်ရာ…

"ခွမ်း…"

သံပုရာရည်ခွက် ကျကွဲသွားလေတော့သည်။ ထိုအခါမှ စားပွဲထိုးလေးလည်း အသိစိတ်ဝင်လာသလို အူကြောင်ကြောင်လေးနှင့် ဖန်ခွက်အကွဲများကို ကောက်ယူနေလေ၏။ ပြီး… သူရောက်နေရာ နေရာကိုကြည့်လိုက်၊ သံပုရာရည် တကယ်မှာခဲ့သောဝိုင်းကို ကြည့်လိုက်နှင့် တစ်စုံတစ်ခုကို ဝေခွဲမရဖြစ်နေပုံလည်းရသည်။

သူ့ကိုယ်ပေါ်မှ သံပုရာရည်များကိုလည်း လက်နှင့် သပ်ချနေသည်။ ဝင်တိုက်မိသူက 'လျော်ပေးမည်' ဟု ပေါ့ပေါ့ပြောသွားသည်။

"ရဲဘုန်းမင်း အဲလေ… ကိုရဲဘုန်းမင်း"

"ဗျာ… အဲလေ ညီမလေး ဓာရီ"

"ရှင့်အစီအစဉ်လေး ပျက်သွားပေမယ့် ရှင်အောင်မြင်ပါတယ်"

"အင်း…"

"ကျွန်မလည်း ရှင့်ကို အကြွင်းမဲ့ ယုံသွားပါပြီ"

"ကံဇာတာတွေ တက်လာပြီ"

"ဘာလဲရှင့်၊ ကျွန်မက ရှင့်ပညာကို ယုံတာကို ပြောတာရှင့်"

"ကျွန်တော်ကရော ဘာပြောလို့လဲ၊ ကံဇာတာတက်လာလို့ အကြွင်းမဲ့ ယုံခံရတယ်လို့ပြောတာပါ၊ ခင်ဗျားပဲ ထွေလီကာလီ တွေး တွေးနိုင်လွန်းတယ်"

ဓာရီ့စိတ်ထဲမှာ အကြောကြီးနဲ့ဟု ခံစားလိုက်ရသော်လည်း စိတ်တော့မဆိုးဖြစ်တော့ပါ။ သူ့အကြောင်းလည်း ကိုယ်က အထိုက်အလျောက် သိနေခဲ့ပြီပဲ။ ပြီးတော့ ကိုယ့်မှာက ဥမ္မာဦးပြောသလိုပင် သူ့အကူအညီလိုသည်လေ။

အရေးကြီးပြီး သူကူညီလျှင် ပြေလည်ကောင်းပြေလည်နိုင်သည့် ကိစ္စတစ်ခုရှိနေသည်။ ထို့ကြောင့်...

"ဒီမှာ..."

"ပြော..."

"ကျွန်မရှင့်ပညာနဲ့ပတ်သက်ပြီး ရှင့်ကို အလုပ်တစ်ခုအပ်ချင်တယ်"

"ခင်ဗျားဆိုင်က လူတွေ အကောင်းကောကျန်သေးရဲ့လား"

"ဆိုင်ကလူတွေနဲ့မဆိုင်ပါဘူး"

"ဒါဖြင့်ဘာလဲ"

"ဒါကတော့ အဲဒီအလုပ်အပ်တဲ့နေ့ကျရင် သိရမှာပေါ့ရှင့်"

ဓာရီက ပေါ့ပေါ့ပါးပါးကလေးပြောလိုက်ခြင်းဖြစ်သော်လည်း ဘာကြောင့်မှန်းမသိ၊ ရဲဘုန်းမင်း၏ ရင်ထဲတွင် ချက်ချင်းပင် တစ်မျိုးကြီး ခံစားလာရကာလေလံလာသလိုဖြစ်မိ၏။ ဘာလဲ...။

ဘာများလဲ...။

ဓာရီကတော့ ဆိုင်ရှင်ရှိရာကောင်တာဆီ ကိုယ်တိုင်ထထွက်သွားကာ ပိုက်ဆံရှင်းနေသည်။ ရဲဘုန်းမင်းမှာသာ ဓာရီ့အလုပ်က ဘာမှန်းမသိသေးဘဲ စိတ်ထဲအလိုလိုတစ်မျိုးကြီးခံစားလာရတာကို ဘာကြောင့်လဲဟု ကိုယ့်ဘာသာ စဉ်းစားနေမိသည်။

တစ်မျိုးကြီး...။

ဓာရီနှင့် နှုတ်ဆက်ပြီးလမ်းခွဲခဲ့သည်အထိ သူ့စိတ်တို့ တစ်စုံတစ်ခုကြောင့် လေးလံနေသလိုတစ်မျိုးကြီး ခံစားနေရသည်။ သူ့ရှေ့က ဝင်သွားသောနေသည် တခြားကမ္ဘာဘက်ခြမ်းတွင် ထွက်ပေါ်စပြုလာသောနေမင်း ဖြစ်နေမလားဟု မဆီမဆိုင် တွေးလိုက်မိလေ၏။

*ပြီးပြီ*

*ညနေဟာ ခွဲစိပ်ခန်းထဲက ထွက်လာသလိုမျိုး*

*မိုးသံလေသံ ခြေသံမြေသံ မကြားရ။*

*သုသစ်*

*(တနင်္ဂနွေမဟုတ်သောနေ့များမှ)*

ဘယ်ဘဝက ရေစက်နှင့် ဘယ်အသက်ကျင်လည်မှုမှာ ရင်းနှီးကျွမ်းဝင်ခဲ့ကြသည်မသိ။ ဒီဘဝမှာလည်း ဓာရီနှင့် ရဲဘုန်းမင်းတို့၏ ရင်းနှီးကျွမ်းဝင်မှုက မြန်ဆန်လွန်းနေသည်။

ဓာရီနှင့်ပတ်သက်ပြီး မီမီထွေး၊ သိန်းသန်းစု၊ ခင်နှင်းသဇင်တို့နှင့်အတူ ဥမ္မာဦးကပါ ရဲဘုန်းမင်းနှင့် ရင်းနှီးလာသည်။ ရဲဘုန်းမင်းနှင့်ပတ်သက်ပြီး ကိုရဲဝင်း၊ ကိုမျိုးကြည်၊ ကိုကျော်ဦးညိုတို့နှင့်ပါ ဓာရီတို့အုပ်စု ရင်းနှီးလာသည်။

ဒါကို လုံးဝမရှုစိမ့်နိုင်သူက ဇော်မြင့်မြင့်ဦး။ ဓာရီကို တစ်ဖက်သတ်ချစ်ကြိုက်နေသူ။ ဘယ်ဘက်က ကြိုက်တာလား၊ ညာဘက်ကကြိုက်တာလားတော့မသိ။ သေချာတာကတော့ သူဓာရီ့ကို ဘယ်ဘက်ကမှ ဆွဲဖမ်း၍မမိချေ။

တစ်နေ့မှာ သူတို့တစ်အုပ်စုလုံး ရုပ်ရှင်သွားကြည့်ကြသည်။ ဒါရိုက်တာကလည်း သျှိုညိုထွန်းသိန်းတဲ့။ ပီယညိုထွန်းသိန်းနှင့် ဘာတော်လဲမသိ။ ဇာတ်ကားအမည်က 'ဦးထုပ်ရောင်းရန်ရှိသည်' တဲ့။

ဇာတ်ကားအမည် ထူးခြားနေသဖြင့် သွားကြည့်ကြခြင်းဖြစ်သည်။ ဦးထုပ်ကတော့ ဓာရီတို့ဆိုင်ထက်ပင် ဈေးကြီးနေသဖြင့် မဝယ်ဖြစ်ကြ။ ရုပ်ရှင်အပြီးမှာ မြကျွန်းသာသို့သွား၍ စားကြသောက်ကြသည်။

ဆိုင်မှာ နူတ်သွက်အာသွက်ရှိလှသော သိန်းသန်းစုက ရဲဘုန်းမင်းကိုစသလိုနောက်သလိုနှင့် စကားတောက်သည်။

"ကိုရဲဘုန်းမင်း"

"ပြော"

"ရှင့်ကိုယူရဲတဲ့မိန်းမ ရှိပါ့မလား"

"ကျွန်တော်ယူရဲတဲ့မိန်းမ ရှိဖို့ပဲ လိုတယ်"

"ဘာဖြစ်လို့"

"ခင်ဗျားကို ဘယ်လိုရှင်းပြရမလဲတောင် မသိဘူး"

"သိန်းသန်းစုလို့သာ သဘောထားပြီး ရှင်းပြပါရှင်"

"ခင်ဗျားတောင် စကားကို ကျွန်တော့်လိုပြောတတ်လာပြီ"

"သြော်… ဒါကတော့ရှင်၊ ရေနွေးအိုးနဲ့ပေါင်းမှတော့ ဆူပွဆူပွလုပ်တတ်ပြီပေါ့"

"အင်း… ကျွန်တော်ကအရေးမကြီးဘူး၊ ခင်ဗျားက အဖုံးပွင့်မကျစေနဲ့"

"အဲ…"

သိန်းသန်းစု ဘာပြောရမည်မှန်းမသိဖြစ်သွားသည်။ သူ့ကိုကြည့်ပြီး အားလုံးကဝိုင်းရယ်မိကြ၏။ ကိုကျော်ဦးညိုက သိန်းသန်းစုကို ဝင်၍ သင်ခန်းစာပေးသည်။

"အဲဒါကို ကောင်းကောင်းမှတ်ထား မသိန်းသန်းစု၊ ဒီကောင်က တစ်ပြားမှမစုဘဲနဲ့ ခင်ဗျားထက် စကားလုံး ချမ်းသာနေတယ်၊ သူ့ကိုတုပြီးပြိုင်ပြောဖို့ မကြိုးစားနဲ့"

"ကဲ… ကဲ ထားပါတော့၊ စကားမပြိုင်တော့ပါဘူး၊ ဒါပေမဲ့ ခုနကမေးတာလေးကိုတော့ ဖြေပါဦး"

"ဘာလဲ"

"ပူတဲ့မိန်းမကိုလည်းမလိုချင်၊ အေးတဲ့မိန်းမကိုလည်းမလိုချင်ဆိုတော့ ဘယ်လိုမိန်းမကိုယူမှာလဲ"

"ဘာဖြစ်လို့ဒီလောက်သိချင်နေတာလဲ"

"ရှင့်ကိုမေးနေတာမဟုတ်ဘူး၊ ကိုရဲဘုန်းမင်းကိုမေးနေတာ"

"ရဲဘုန်းမင်းကတော့မသိဘူး၊ ကျွန်တော်ကတော့..."

"ရှင့်ကိုမေးတာမဟုတ်ဘူး၊ မသိချင်ပါဘူး"

"ခင်ဗျားမသိချင်ပေမယ့် ကျန်တဲ့သူတွေ..."

"အိုး... ဆောရီးပါပဲရှင်"

"မသိပါရစေနဲ့ရှင်၊ မသိပါရစေနဲ့"

မီမီထွေးနှင့်ခင်နှင်းသဇင်တို့က ကပျာကရာတားသည်။ ခြေကာကာ လက်ကာကာနှင့် အလန့်တကြား တားမြစ်ကြခြင်းဖြစ်၍ ရယ်ကြရပြန်သည်။ ကိုကျော်ဦးညိုကလည်း လိုက်ရယ်သည်။ ရေနွေးဆူသံကဲ့သို့ တဟဲဟဲရယ်ခြင်းဖြစ်သည်။

ရဲဘုန်းမင်းက သိန်းသန်းစုကို တစ်ချက်ကြည့်ပြီး...

"သူဌေးသမီးဆိုပေမယ့် ခင်ဗျားဈေးတော့ဝယ်ဖူးမှာပေါ့"

"ဝယ်ဖူးတာပေါ့ရှင့်"

"ဓာရီတို့ဆိုင်မှာ ဝယ်တာမျိုးကိုပြောတာမဟုတ်ဘူး၊ ဈေးထဲမှာ သားငါးဝယ်တာမျိုးကိုပြောတာ"

"ဝယ်ဖူးပါတယ်"

"အမဲသားစားလား"

"စားတယ်"

"အမဲသားကိုကိုယ်တိုင်ဝယ်ဖူးတာပေါ့"

"ဒါပေါ့"

"လတ်မလတ် ကောင်းမကောင်းဘယ်လိုရွေးသလဲ"

"အသားကို လက်နဲ့ဖိကြည့်တာပေါ့"

"ဘာထူးလဲ၊ ကောင်းတဲ့အမဲသားဆိုရင်ပေါ့လေ"

"အိဝင်ရုံမဟုတ်ဘူး၊ ပြန်ကြွလာတယ်၊ အဲဒီလိုအမဲသားဆိုရင်ကောင်းတယ်"

"ကျွန်တော်လည်း အဲဒီလိုမိန်းမမျိုးကိုယူမှာ"

"အမဲသားနဲ့တူတဲ့မိန်းမ၊ ဟုတ်လား ..."

"အင်း... ကောင်းတဲ့အမဲသားပေါ့"

"ဘာတွေလျှောက်ပြောနေမှန်းကိုမသိဘူး"

ထိုအချိန်မှာ ကိုကျော်ဦးညိုက တစ်စခန်းထလာပြန်သည်။

"အဲဒီလို ဘာတွေလျှောက်ပြောမှန်းမသိတဲ့ ကောင်ကိုကျတော့သွားမေးတယ်၊ ရှင်းအောင်ပြောပြမယ့်သူကိုကျတော့"

"တော်ပါ"

အားလုံးက ရဲဘုန်းမင်း၏စကားကို စိတ်ဝင်စားနေမိပြီဖြစ်သောကြောင့် ကိုကျော်ဦးညိုကို ဝိုင်းဟန့်ကြသည်။ ထိုအခါကျမှ လက်ဖက်ခြောက်ဖတ်ဆို့နေသည့် ရေနွေးအိုးကြီးပမာကိုကျော်ဦးညို ပါးစပ်ပိတ်သွားသည်။

ရဲဘုန်းမင်းကစကားဆက်သည်။

"ကျွန်တော့်ကို ပူညံပူညံလုပ်နေမယ့်မိန်းမကိုလည်း မလိုချင်ဘူးဗျာ၊ ခုနကအမဲသားကောင်းလိုပဲ၊ နည်းနည်းလည်း ပြန်တွန်းကန်ရမယ်၊ ဒါပေမဲ့ နူးညံ့သိမ်မွေ့စွာလည်းဖြစ်ရမယ်၊ အဲဒါမျိုးကိုဆိုလိုတာ"

တစ်ချိန်လုံးငြိမ်နေသော ဓာရီက...

"ရှင့်ဆီကကြားလိုက်ရမှဖြင့်စကားအဆန်းကြီးပဲ"

ကိုရဲဝင်းကလည်း ထောက်ခံသည်။

"အေးလေ... ဒါနဲ့ မင်းကအမဲသားစားလို့လား"

"ဟင့်အင်း"

ဝိုင်းရယ်ဖြစ်ကြသည်။

"အမဲသားနဲ့တူတဲ့မိန်းမကိုပဲ ယူမယ်ပေါ့လေ"

"အင်း... ရှာတွေ့ရင် ဈေးလည်းတန်ရင်ပေါ့လေ"

"ရှင်ဟာလေ..."

"ကျွန်တော်ဟာဗျာ..." ဟုသူဆက်မပြောပါ။ သူ့ဘာသာ အအေးခွက်ကိုတစိမ့်စိမ့်သောက်ရင်း ငြိမ်သွားသည်။

ကိုမျိုးကြည်က တစ်စခန်းထလာသည်။

"ကျွန်တော်ကတော့ ဝက်သားနဲ့တူတဲ့မိန်းမကို ယူမယ်"

"အဆီတစ်ထပ်၊ အသားတစ်ထပ်ပေါ့ ဟုတ်လား"

"အင်း... အရိုးနုလေးလည်းပါရမယ်"

စကားတွေက တောင်ရောက်မြောက်ရောက်ဖြစ်နေကြသည်။ ဗဟုသုတကိုစိတ်ဝင်စားလေ့ရှိသော မီမီထွေးက ကိုရဲဝင်း၊ ကိုမျိုးကြည်နှင့် ကိုကျော်ဦးညိုတို့ကို...

"ရှင်တို့က ကိုရဲဘုန်းမင်းနဲ့တစ်ဆောင်တည်းအတူနေတာပဲ၊ ရှင်တို့ရော စိတ်မညို့တတ်ဘူးလား"

"ဟ... ဘာဆိုင်လို့တုံး"

"ကြုံတုန်း သင်ထားပါလားရှင်"

"အာ... အဲဒီလောက်မအားပါဘူးဗျာ၊ ကိုယ့်အလုပ်နဲ့ကိုယ်၊ နောက်ပြီး သူ့လိုအပင်ပန်းမခံနိုင်ဘူး"

မီမီထွေး၏မြားဦးက ရဲဘုန်းမင်းဘက်ပြန်လှည့်သွားသည်။

"ကိုရဲဘုန်းမင်း"

"အင်း... ပြော"

"စိတ်ညို့တာနဲ့ အိပ်မွေ့ချတာက အတူတူပဲလား"

"ကျွန်တော့်အထင်ကတော့ မတူဘူးဗျ"

"ဘယ်လို ဘယ်လို"

သူ့စကားကို အားလုံးနားရှုပ်သွားကြသည်။ သူကမျက်နှာထားတည်တည်နှင့် အလေးအနက် ပြောနေခြင်းဖြစ်သည်။

"ပညာရှင်တွေ၊ သုတေသီတွေအားလုံးလိုလိုကတော့ အတူတူလို့ပဲသတ်မှတ်ထားတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ မတူဘူးလို့ထင်တာပဲ၊ ကွဲတော့ကွဲတယ်ဗျာ"

"ရှင်းစမ်းပါဦး"

"ရှင်းပြရမှာနည်းနည်းကပ်သီးကပ်သပ်နိုင်တယ်၊ ခင်ဗျားတို့ကလည်း သေသေချာချာနားထောင်မှဖြစ်မှာ"

"ရှင်းရမှာရှည်လို့လား"

"တိုတိုဖြေလို့လည်းရပါတယ်"

"အဲဒါဆို တိုတိုအရင်ဖြေ"

"ခင်ဗျားတို့ ဂီတသံတစ်ခု နားထောင်တယ်ဆိုပါစို့"

"အင်း… ဟုတ်ပြီ"

"ခင်ဗျားတို့ကို ဂီတသံက အရမ်းဆွဲဆောင်ပြီး ညှို့ယူဖမ်းစားထားတယ် ဆိုပါတော့၊ နားရွက်တောင် မခတ်ရဲဘဲ ခံစားနားထောင်နေမိတယ်ဆိုပါတော့၊ အဲဒါခင်ဗျားတို့ အညှို့ခံထားရတာပဲ"

"ဟုတ်ပြီ"

"ဒါမှမဟုတ် အဲဒီဂီတသံက ပျင်းရိငြီးငွေ့စရာကောင်းတယ်ဆိုပါတော့၊ ခင်ဗျားတို့အိပ်ငိုက်လာတယ် ဆိုပါတော့၊ အဲဒါ အိပ်မွေ့ချခံရတာပဲ"

"ဪ… အဲဒီလိုလား"

"အင်း"

"ဘယ်ဟာကပိုလွယ်လဲ"

"အိပ်မွေ့ချတာက ပိုလွယ်တယ်"

"အိပ်မွေ့ချခံရသူက ဘာဖြစ်လို့ အမိန့်ပေးတာတွေကို နာခံရတာလဲ"

"ပြောပြီးပြီလေ… သူ့ရဲ့မသိစိတ်ထဲကို အဲဒီအမိန့်တွေရောက်သွားတာလို့၊ ဒါတွေကိုလည်း နေ့တိုင်းလိုလို ပြောပြနေပြီးပြီပဲ"

"ခုလိုမျိုး လိုတိုရှင်းလေးသိချင်လို့ပါ"

ထိုစကားကို ဓာရီက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"ခင်ဗျားကလည်း စတိုးဆိုင်ပိုင်ရှင်လို့မပြောရဘူး"

"ဘာဆိုင်သလဲ"

"ဆိုင်တယ်လေ…၊ တစ်ခွန်းဆိုင်ကျနေတာပဲ၊ ဒါဆိုဒါ အပြတ်ဖြစ်ချင်နေတာကိုး"

ဓာရီကမျက်စောင်းထိုးသည်။ သူကဆက်ပြောသည်။

"အသံနဲ့ဖြစ်ဖြစ်၊ အရောင်နဲ့ဖြစ်ဖြစ် ခင်ဗျားတို့ကိုအိပ်မွေ့ချတယ်ဆိုပါတော့၊ အဲဒီအရာထဲမှာ ခင်ဗျားတို့စိတ်ရောက်သွားတယ် ဆိုပါတော့၊ ပြောရရင်ခင်ဗျားတို့ရဲ့သိစိတ်က အဲဒီအရာထဲမှာ စုဝင်သွားတယ်"

"ဟုတ်ပြီ"

"အဲဒီအချိန်မှာ စိတ်ဟာကွက်လပ်ကလေးတစ်ခု ပေါ်လာတယ်၊ အဲဒီကွက်လပ်ထဲကနေ မသိစိတ်က ပြူထွက်လာတယ်၊ အဲဒီမသိစိတ်ကို လှမ်းဖော်ထုတ်ပြီး လှမ်းအမိန့်ပေးတာပဲ"

"သြော်... ဟုတ်ပြီ"

"ရှင်းပြီးလား၊ ရှင်းပြီလား"

ကိုမျိုးကြည်က ရဲဘုန်းမင်းနှင့်တစ်ဆောင်တည်းနေသူဖြစ်သော်လည်း ခုမှပဲရှားရှားပါးပါး တွေ့ရသူလို ဝင်မေးပြန်သည်။

"မင်းစိတ်ညို့အိပ်မွေ့ချခဲ့သမျှ အတွေ့အကြုံတွေထဲမှာ ရယ်စရာတွေရော တွေ့ရသေးလား"

"အင်း... တွေ့ရတာပေါ့"

"အေး... ပြောစမ်းပါဦးကွာ၊ ရယ်ရတာပေါ့"

"ဥပမာဗျာ..."

"အင်း"

"ကျွန်တော်ကအိပ်မွေ့ချလိုက်တယ်၊ သူက တကယ်အိပ်ပျော်သွားတယ်"

"ဘယ်လို...၊ အိပ်ပျော်အောင် အိပ်မွေ့ချတာမဟုတ်လား"

"မဟုတ်ဘူး၊ တကယ်တော့ အိပ်မွေ့ချတယ်ဆိုတာ အစစ်အမှန်အိပ်ပျော်တာမဟုတ်ဘူး၊

ဒါမှ ကိုယ်အမိန့်ပေးတာကို သူကတုန့်ပြန်လက်ခံနိုင်မှာ"

"အင်း... အင်း... ဟုတ်ပြီ"

"သူကတကယ်အိပ်ပျော်သွားတော့ ကိုယ်က ဘာမှအမိန့်ပေးလို့မရတော့ဘူး၊ အကြံပေးလို့ မရတော့ဘူး၊ သူကဟောက်လို့ သွားတွေကြိတ်လို့ ဟိုလှည့်ဒီလှည့် ဖင်ကုတ်ခေါင်းကုတ်နဲ့၊ ပြီး... အပျင်းဆန့်ပြီး ထလာရော၊ ကိုယ်လုပ်သမျှ သွားပါလေရော"

ဖြစ်မှဖြစ်ရလေ။ ကပ်သီးကပ်သပ်။

ဝါးခနဲတော့ မရယ်မိကြပါ။ တစိမ့်စိမ့်တွေးပြီး ရယ်မိကြသည်။ ကိုကျော်ဦးညိုက...

"အဲဒီလိုမျိုး ခဏခဏဖြစ်တတ်သလား"

"အစကတော့ ဖြစ်တာပေါ့၊ အတွေ့အကြုံများလာတော့လည်း မဖြစ်တော့ပါဘူး"

"တခြားပေါက်ကရကိစ္စတွေရော ဖြစ်လေ့ရှိသေးလား"

"အင်း... ပယောဂပူးသလို၊ ရွာသူဝင်ပူးသလိုဖြစ်တာတွေရှိတာပေါ့၊ မထင်ဘဲကြုံရတာတွေပေါ့"

"အဲဒါမျိုးဆိုရင် ဘယ်လိုဖြစ်သလဲ"

"ကြည့်ဖြေရှင်းရတာပေါ့"

"ဘယ်လိုဖြေရှင်းသလဲလို့"

"ဥပမာ... သူက ကာယကံရှင်ကောင်မလေးကို လိုချင်လို့ဝင်ပူးတာဆိုပါတော့"

"အင်း"

"ကိုယ်ကလှည့်စားရတယ်၊ ဒီဘူးသီးပြုတ်လေးစားလိုက်၊ ဒီကောင်မလေးက မင်းကို အဲဒါမှပြန်ကြိုက်မယ်၊ စားပြီး ပြန်ထွက်သွားလို့ အမိန့်ပေးရတာပေါ့"

"စားပြီးထွက်သွားရောလား"

"ဟင့်အင်း... အတွန့်တက်တယ်၊ သူက ဘူးသီးပြုတ်ကို ဒီအတိုင်းမစားနိုင်ဘူးတဲ့၊ ငပိရည်လေးနဲ့ တို့စားလို့မရဘူးလားတဲ့"

"ရှာဖွေကျွေးလိုက်ရော ဆိုပါတော့"

"အင်း... အဲဒီအခါကျမှ ထွက်သွားတာပေါ့"

"နောက်တစ်ခါ ပြန်ဝင်မပူးဘူးလား"

"ကြားထဲမှာ အကာအကွယ်တွေ လုပ်ရတာပေါ့၊ ဘုန်းကြီးတွေ ဘာတွေပင့်ပြီး ပရိတ်တွေ ဘာတွေရွတ်ရတာပေါ့၊ နောက်တစ်ခါ ထပ်လာမပူးရဲအောင် လုပ်ထားရတာပေါ့"

"အဲဒီသရဲက မင်းကိုဘယ်ကျေနပ်မလဲ၊ လာရန်မတွေ့ဘူးလား၊ မင်းကို သူမှတ်မိမှာပဲ"

"အဲဒါတွေကိုထားလိုက်ပါဗျာ... အရမ်းရှုပ်ထွေးတယ်၊ နားထောင်ချင်စရာလည်းမကောင်းပါဘူး၊ နောက်ပြီး သူတို့ကလည်း ကိုယ်ရဲ့ညို့စက်ကွင်းထဲမှာ ပိတ်မိနေမှာကိုကြောက်ကြပါတယ်"

"ဩော်... အဲဒီလိုလား"

"အင်း"

ထိုအချိန်မှာ ဇော်မြင့်မြင့်ဦးက မည်သည့်နေရာမှ သူတို့ကိုမြင်သွားမှန်းမသိဘဲ ဝိုင်းထဲသို့မခုန်ပေါက်ရုံတမယ် ဝင်ရောက် လာသည်။ ရုံဝင်ခပေးရသည်မှ မဟုတ်ဘဲကိုး။

"ဓာရီတို့က ဒီရောက်နေတာကိုး"

ဓာရီမပြောနှင့်၊ မီမီထွေးတို့အုပ်စုတွေပါ စိတ်ရှုပ်သွားသည်။ ရဲဘုန်းမင်းတို့လေးယောက်ကတော့ ခပ်တည်တည်ပင်။ ဇော်မြင့်မြင့်ဦးကို ဂရုတစိုက်လည်းမရှိပဲ ဝတ္တရားအရဆီးကြိုသည်။

ဓာရီတို့ကလည်း ဝတ္တရားအရမိတ်ဆက်ပေးရသည်။ အထူးအဆန်းလိုဖြစ်နေသော ရဲဘုန်းမင်းနှင့်ပဲငြိကြသည်။

ဇော်မြင့်မြင့်ဦးက အလွန်ကြွားတတ်သူဖြစ်၏။ (ထို့ကြောင့် ခင်နှင်းသဇင်တို့အဖေနှင့်မတည့်)။

ထို့အပြင် နာခေါင်းကလည်းကောက်သေး၏။ (ထို့ကြောင့် ခင်နှင်းသဇင်၏အစ်ကိုနှင့်မတည့်)။

သူဝတ်စားဆင်ယင်သော ပစ္စည်းများကိုလည်း ရှိရင်းစွဲဈေးနှုန်းထက်ပိုပြောကာ ကြွားဝါတတ်လွန်းသဖြင့် (ခင်နှင်းသဇင်၏ သူငယ်ချင်း/စတိုးဆိုင်ပိုင်ရှင် ဓာရီနှင့်မတည့်)။

ထို့ကြောင့် ခင်နှင်းသဇင်နှင့်လည်းမတည့်။

သို့သော်...

ငြိမယ့်ငြိတော့ ရဲဘုန်းမင်းနှင့်ငြိသည်။

သူကြွားဝါးသမျှကို ရဲဘုန်းမင်းက နားခံသာပုံမရဘဲ တုံ့ပြန်ပညာပြသောကြောင့်ဖြစ်သည်။ ရဲဘုန်းမင်းမှာက ဘာကိစ္စမှန်း မသိဘဲ ဆောင်ထားသောနားကြပ်တံကလေးများ ပါလာသည်။

"ရှေ့လထဲမှာကြုံရင်တော့ ကျွန်တော်လည်း အမေရိကကိုဦးလေးတွေနဲ့ လိုက်သွားရဦးမယ်"

ရဲဘုန်းမင်းက နားကြပ်တံကလေးနှင့်ထုတ်၍ နားကလော်သည်။ ပြီး... ထိုနားကြပ်တံကိုပါလွှင့်ပစ်လိုက်သည်။

"သူငယ်ချင်းတစ်ယောက်ကလည်း ဂျာမနီကိုအတင်းခေါ်နေတယ်လေ၊ သူက စရိတ်ငြိမ်းခေါ်တယ်ဆိုပေမဲ့ ကိုယ်ကလည်း သိန်းခြောက်ဆယ်လောက် ထည့်သွားရမှာ"

ရဲဘုန်းမင်းက နားကြပ်တံကလေးထုတ်၍ နားကလော်သည်။ ပြီး... နားကြပ်တံကိုပါလွှင့်ပစ်လိုက်သည်။

"ဓာရီက ဘာဖြစ်လို့ဟန်းဖုန်းမကိုင်တာလဲ၊ လိုအပ်ရင် ကိုယ့်ဆီကယူထားလေ၊ ကိုယ့်မှာက နှစ်လုံးသုံးလုံးရှိတော့ အဆင်ပြေပါတယ်"

ရဲဘုန်းမင်းက နားကြပ်တံကလေးကိုထုတ်၍ နားကလော်သည်။ ထို့နောက် ထိုနားကြပ်တံကိုပါ လွှင့်ပစ်လိုက်သည်။ သူတို့တွေ ထိုသို့ချည်းဖြစ်နေကြသည်။ ကြာတော့ ဇော်မြင့်မြင့်ဦးက ရဲဘုန်းမင်း၏ရည်ရွယ်ချက်ကို ရိပ်မိသွားသည်။

ထိုအခါကျမှ ရဲဘုန်းမင်းက တစ်ကွက်ထပ်တိုး၏။

"ဓာရီ"

"ရှင်"

"နားကြပ်တံ ယူမလား"

"အပိုပါလား"

"အင်း... လိုအပ်ရင်သုံးဖို့ 'ဘူး' လိုက်ဆောင်ထားတာ"

"ဒါဖြင့်လည်း ပေးစမ်းပါရှင်"

ရဲဘုန်းမင်းက နားကြပ်တံ အနည်းငယ်ထုတ်ယူထားပြီး ဓာရီ့ကို 'ဘူး' ပေးလိုက်၏။ ထို့နောက်မှ...

"ကျွန်တော်လည်း ကြုံလို့ရှိရင် ရှေ့လထဲမှာ နွားထိုးကြီးကို ဦးလေးတွေနဲ့လိုက်သွားရဦးမယ်"

"ဟုတ်ကဲ့"

"သူငယ်ချင်းတစ်ယောက်ကလည်း ဖာပွန်ကိုအတင်းခေါ်နေတာ၊ သူကစရိတ်ငြိမ်းဆိုပေမဲ့ ကိုယ်ကလည်း ဆယ့်လေးငါးကျပ်တော့ ထည့်သွားရဦးမှာ"

"ဒါပေါ့"

"ဓာရီက ဘာဖြစ်လို့မျက်မှန်မတပ်တာလဲ၊ လိုအပ်ရင်ပြောလေ၊ ကျွန်တော့်မှာ ကိုင်းချည်းပဲ (၂)ခု၊ (၃)ခု အပိုရှိတယ်၊ မှန်တော့မပါဘူး"

"ရှင်ကကျတော့ ဘာလို့မျက်မှန်မတပ်တာလဲ"

"တီဗွီထဲက ကြော်ငြာမင်းသားတွေနဲ့ တူသွားမှာစိုးလို့"

ခဏကြာတော့ သူ့အခြေအနေကို သူရိပ်စားမိပြီး ဇော်မြင့်မြင့်ဦးထပြန်သွားသည်။ မပြန်ခင်မှာ ရဲဘုန်းမင်းကို စူးစူးရဲရဲကြည့်လျက်...

"အပေါင်းအသင်းရဲ့နာမည်က ရဲဘုန်းမင်းနော်"

"ဟုတ်ပါတယ်"

"နောက်ဆုံကြသေးတာပေါ့"

"ရပါတယ်"

အားလုံးထဲမှာမှ ရဲဘုန်းမင်းကိုပဲရွေး၍ ထိုသို့ပြောသွားခြင်းသည် ကောင်းသောအလားအလာမဟုတ်မှန်း အားလုံး သိကြပါသည်။ သို့သော် ရဲဘုန်းမင်း၏အရည်အချင်းကို ယုံကြည်ပြီးသားဖြစ်၍ မည်သူကမှစိုးရိမ်ခြင်းမရှိကြ။

မြန်မာလူမျိုးများ၏ ထုံးစံအတိုင်း စားပွဲဝိုင်းမှထထွက်သွားသူ၏အတင်းကို ကျန်သူများက မလွှဲမရှောင်သာ ပြောကြရ၏။ ထထွက်သွားသူကလည်း တင်ပြပြီးဖြစ်သည့်အတိုင်း ဇော်မြင့်မြင့်ဦးဖြစ်သည်။

ထို့ကြောင့် သိန်းသန်းစုက...

"ဓာရီ"

"ဟင်"

"နင် ဒီကောင့်ကို နည်းနည်းလေးမှ ပြန်မကြိုက်နိုင်ဘူးလား"

"ငါ့အတွက် ရေခဲရေတစ်ခွက်လောက်တောင် မတန်ဘူး"

"ကိုရဲဘုန်းမင်းကိုတော့ အတော်တင်းသွားပုံရတယ်"

"အင်း"

ဓာရီကမကျေမနပ်ပြော၏။

"အဲဒီကောင်က လူလည်"

"ဘာလဲ... နင်တို့အိမ်ကို လာ,လာလည်လို့လား"

"အင်း... လာလည်တိုင်းအကွက်ဆင်တယ်"

"ဘယ်လိုအကွက်ဆင်တာလဲ"

"အိမ်မှာကြောင်တွေရှိတာ နင်တို့သိသားပဲ၊ ရိုင်းလည်းရိုင်းတယ်၊ တစ်မိမ်းအကိုင်မခံဘူး၊ ပြန်ကုတ်တယ်လေ"

"အေး… ဒီကောင့်ကိုကုတ်လိုက်လို့လား"

"သူ့ကကို အကုတ်ခံတာ"

"ဘာအကြံအစည်လဲ"

"ဩော်… အဲဒီအခါကျ ငါကအားနာရတာပေါ့ဟာ၊ အိမ်ရှင်ကိုး…၊ သူ့ကိုဆေးလိမ်းပေး၊ ဂွမ်းလေး ပလာစတာလေး ကပ်ပေးရတာပေါ့၊ သူက အဲဒါကိုသာယာနေတာ"

"ဩော်… အဲဒီလိုလား"

"အဲဒါကြောင့် သူကအိမ်ကိုလာလည်တိုင်း ကြောင်အကုတ်မခံရ ခံရအောင် လုပ်တယ်လေ"

"အိမ်ဖော်တစ်ယောက်ယောက်ကို ဆေးထည့်ခိုင်းလိုက်ပေါ့ဟ"

"မရဘူးဟ၊ အိမ်ဖော်တွေမအားတဲ့အချိန်၊ လက်ညစ်ပတ်နေတဲ့အချိန် အဲဒီလိုအချိန်မျိုးမှာမှ သူက ရွေးရွေးလုပ်တာ"

"နည်းယူထားဦးမှပဲ၊ အဲဒီနည်းလေး မဆိုးဘူး"

ထိုသို့ သံပြိုင်ဝင်ပြောလိုက်သည်က ကိုမျိုးကြည်နှင့် ကိုကျော်ဦးညိုတို့ဖြစ်၏။ ကိုရဲဝင်းကတော့ ဥမ္မာဦး၏အစ်မရှိပြီးပြီမို့ ကုန်ကြွေရနေသည်။

ရဲဘုန်းမင်းကပြုံးပြီး…

"ဓာရီ"

"ရှင်"

"ခင်ဗျားသူငယ်ချင်းတွေကပြောတော့ ခင်ဗျားကဉာဏ်ကြီးရှင်ဆို"

"ရှင့်ကိုတော့ ဘယ်မီပါ့မလဲ"

"အဲဒီလိုမငေါ့ပါနဲ့ဗျာ၊ ကျွန်တော်က အကောင်းအကြံပေးမလို့"

"ဟာ… ဒါဆိုရင်လည်းပြောစမ်းပါဦး"

ရဲဘုန်းမင်းက အစီအစဉ်တစ်ခုပြောပြ၏။ အားလုံးကလည်းသဘောကျ၏။ ဓာရီကလည်း တစ်ပတ်အတွင်းမှာ အကောင်အထည်ဖော်လိုက်လေသည်။ ရာခိုင်နှုန်းပြည့်အောင်မြင်ခဲ့ပါ၏။

တစ်ပတ်ခန့်အကြာမှာ ဇော်မြင့်မြင့်ဦး အိမ်သို့ရောက်လာသည်။ ဓာရီနှင့်ရဲဘုန်းမင်းတို့၏ဆက်နွယ်ပတ်သက်မှုကို သူနှင့်လည်းမဆိုင်ဘဲ အတင်းအဓမ္မလာမေးနေ၏။ ဓာရီကလည်းမဆွတ်ခင်က ညွှတ်ချင်နေသူဖြစ်၍ ရဲဘုန်းမင်း အကြောင်းကို ရွှန်းရွှန်းဝေအောင် ပြောပြလိုက်သည်။

ခဏကြာတော့ သကောင့်သားက...

"အား"

"ဘာဖြစ်တာလဲ"

"ကြောင်ကုတ်ပြန်ပြီ"

"ကုတ်မှာပေါ့၊ ရှင်ကသူ့အမြီးကို သွားဆွဲတာကိုး"

"လုပ်ပါဦးဗျာ... ဆေးလေးဘာလေး ထည့်ပေးပါဦး"

ဓာရီက လျှို့ဝှက်စွာပြုံးကာ ရဲဘုန်းမင်းပေးထားသည့် အကြံညာဏ်အတိုင်း...

"ခဏလေးစောင့်"

မီးဖိုခန်းထဲဝင်၍ ဒယ်အိုးဖင်မှ အိုးမဲများကိုခြစ်ယူလိုက်သည်။ လုံလောက်ပြီဟု ထင်ရသောအခါကျမှ...

"ကိုဇော်မြင့်မြင့်ဦး အနာကိုပြပါဦး"

"ဒီမှာအကြီးကြီးပဲ"

"မပူပါနဲ့၊ ပျောက်သွားမှာပါ"

သူ့လက်ကို အိုးမဲများနှင့်ဖြူးပေးပြီး ဂွမ်းနှင့်ဖိသုတ်ပေးလိုက်သည်။ ဇော်မြင့်မြင့်ဦးက...

"ဟင်... ဘာလုပ်တာလဲ"

"ကြောင်ကုတ်ခံရရင် ဒီဆေးနည်းဟာ အကောင်းဆုံးပဲ"

"ခါတိုင်းလိုပဲ လုပ်ပေးပါလား"

"ဒီဆေးနည်းက ပိုကောင်းတယ်"

လက်မှာ အိုးမဲတွေနှင့် ဇော်မြင့်မြင့်ဦး ရှုံ့မဲ့ပြပြီးပြန်သွားသည်။ ဓာရီ ကျေနပ်အားရစွာ ကျန်ရစ်ခဲ့၏။ ခြံဝရောက်သည်အထိ သူ့မျက်နှာကရှုံ့မဲ့နေသဖြင့်...

"စပ်လို့လား"

"အင်း... စပ်တယ်၊ ဒါပေမဲ့ ရပါတယ်"

"ကားမောင်းလို့ဖြစ်တယ်မို့လား"

"အင်း... ဖြစ်ပါတယ်"

လမ်းမှာတင် သူ့လက်က အရည်အကြည်ဖုတွေ ထွက်လာဦးမည်။ တစ်ရက်ကျော်လျှင် အနာဖေးတွေ တက်လာဦးမည်။ ပြီးမှကွာကျပြီး အမာရွတ်ပျပျကျန်ခဲ့ဦးမည်။ နောက်ကို သူ ဒီအချိုးမျိုး ချိုးရဲတော့မည်မဟုတ်။

ဓာရီ ဝမ်းမြောက်ဝမ်းသာ အိမ်ထဲပြန်အဝင်...

"ဟင်"

မေမေက အောက်ထပ်ရောက်နေသည်။

"မေမေ ဘာလိုချင်လို့လဲ"

မေမေခေါင်းခါပြသည်။

"အပေါ်မှာ ဘယ်သူမှမရှိကြဘူးလား"

မေမေက ဘာမှမပြော။ အိမ်ဖော်မလေးများနှင့် မေမေ့ကိုစောင့်ကြည့်ရသော နာ့စ်မထံမှ အသံထွက်လာသည်။

"ရှိပါတယ်၊ အန်တီက သူ့ဘာသာသူ အောက်ဆင်းချင်တယ်ဆိုလို့"

ဓာရီက...

"ဘာဖြစ်လို့လဲ မေမေ"

မေမေက ခေါင်းခါပြပြန်သည်။ ဧည့်ခန်းထဲမှာ ခဏထိုင်နေပြီးမှ နာ့စ်မအကူအညီနှင့် အပေါ်ပြန်တက်သွား၏။

ဖော်မြင့်မြင့်ဦး၏ ကိစ္စအကြောင်းကို သူငယ်ချင်းတစ်အုပ်စုလုံးကို ပြောပြဖြစ်သည်။ သူတစ်ပါးဒုက္ခရောက်တာကိုပဲ အားမနာလျှာမကျိုး ရယ်မောကြသည်။ ရဲဘုန်းမင်း၏အကြံဉာဏ်ကိုလည်း ချီးကျူးကြသည်။

ဖော်မြင့်မြင့်ဦးက ရဲဘုန်းမင်းအပေါ် အငြိုးကြီးစွာထားနေကြောင်းကိုတော့ သူတို့တွေမရိပ်မိကြ။ (ရဲဘုန်းမင်းကတော့ မပြောတတ်)

ရဲဘုန်းမင်းနှင့် ဓာရီတို့ အအေးဆိုင်တွေမှာ နှစ်ယောက်တည်း အထိုင်များလာသည်။ ကျန်သောသူငယ်ချင်းအုပ်စုကလည်း သူတို့ကို နားလည်မှုကြီးကြီးထားပေးလာသည်။

တစ်နေ့...

အချစ်သီချင်းလေးများကို တိုးတိုးဖွင့်တတ်သည့် အအေးဆိုင်တစ်ဆိုင်မှာ သူတို့တွေ တွေ့ဆုံဖြစ်ကြ၏။ ဓာရီက...

"ကျွန်မကိုချည်းကပ်တဲ့ လူတစ်ယောက်ကပြောဖူးတယ်၊ တက္ကသိုလ်တုန်းကပါ"

"အင်း"

"သူအသက်ရှုရပ်တဲ့အချိန်အထိ ကျွန်မကိုချစ်သွားမှာပါတဲ့၊ ကျွန်မစိတ်ညစ်သွားတယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်မကလည်း အသက်ရှုရပ်တဲ့အချိန်အထိ သူ့ကိုငြင်းနေရဦးမှာပေါ့၊ ပင်ပန်းလိုက်တာ"

ရဲဘုန်းမင်းက ခပ်တိုးတိုးရယ်သည်။ ဓာရီကဆက်ပြောသည်။

"နောက်ပြီး အဲဒီလိုမဖြစ်နိုင်တဲ့စကားတွေကို လာလာပြောတာ ကျွန်မမကြိုက်ဘူး"

"ဘာမဖြစ်နိုင်တာလဲ"

"အသက်ရှုရပ်မှတော့ သေသွားပြီပေါ့ရှင်၊ ကျွန်မကို သူကဘယ်လိုလုပ်ဆက်ချစ်နိုင်တော့မှာလဲ"

"အဲဒီလို ပြောလို့မရဘူးလေ"

"လူမှာ မသေဘဲအသက်ရှုရပ်သွားတဲ့အချိန် ရှိတယ်ဗျ"

"ဟင်... ဟုတ်လို့လား"

"အင်း"

"ဘယ်အချိန်လဲ"

"တံတွေးမျိုချတဲ့အချိန်လေ"

"အယ်..."

ဓာရီစမ်းလုပ်ကြည့်တော့ ဟုတ်နေသည်။ ရဲဘုန်းမင်းက

"အဲဒါကြောင့် ခင်ဗျားကို သူကဒီစကားပြောရဲတာဖြစ်မှာပေါ့၊ ခင်ဗျားကို ကျွန်တော်လေ ဂလုမသေမချင်း ချစ်သွားမှာပါ၊ ဂလုယုံပါဗျာ၊ ဂလုလို့ပေါ့၊ တံတွေးမျိုချရင်း ပြောမှာပေါ့"

နှစ်ယောက်သားရယ်ဖြစ်ကြသည်။ ဘာရယ်မဟုတ်ဘဲ တစ်ဦးကိုတစ်ဦးလည်း ကြည်နူးသာယာစွာ ကြည့်ဖြစ်ကြသည်။ တစ်ယောက်မျက်လုံးထဲမှ အကွာရာကို တစ်ယောက်ကဖတ်နေတုန်း...

"ဓာရီ"

လှစုန်းအော်သံကြားလိုက်ရ၍ လှည့်ကြည့်လိုက်တော့ အနားကိုရောက်နေသည်က ဇော်မြင့်မြင့်ဦး။

"ဓာရီ ဒီကောင်နဲ့မနေနဲ့၊ ဒီကောင်ကကောင်းတဲ့ကောင်မဟုတ်ဘူး၊ ဒီကောင့်အဖေက လူသတ်သမားကြီး"

"ဘာ... ရှင်ဘာပြောတယ်"

"ခင်ဗျား ဘာလာပြောနေတာလဲ၊ ကျွန်တော့်အဖေကဆုံးသွားတာ ကြာလှပြီ"

"ဟုတ်တယ်၊ မင်းအဖေဟာ လူသတ်မှုနဲ့ထောင်ကျသွားပြီးမှ ထောင်ထဲမှာသေသွားတာ"

"အို..."

တစ်လောကလုံးတိတ်ဆိတ်သွားသည်။

ငြိမ်...။

*တကယ်တော့*

*ကမ္ဘာလောကကြီးဆိုတာ*

*အကယ်ဒမီအကြိမ်ကြိမ်ရနေတဲ့ ရုပ်ရှင်ကားကြီးပေါ့။*

*သုသစ်*

*( နွေရာသီမှတ်တမ်းမှ )*

ကိုမျိုးကြည်၊ ကိုရဲဝင်းနှင့် ကိုကျော်ဦးညိုတို့ အဆောင်ပိုင်ရှင်ကို အခြေအတင်စကားဆိုနေကြရလေတော့၏။ ပြဿနာမှာ လေးယောက်အတူနေထိုင်သော အခန်းမှနေ၍ တစ်ယောက်သောသူဖြစ်သည့် ရဲဘုန်းမင်း ပျောက်ဆုံးသွားသောကြောင့် ဖြစ်လေသည်။

အဆောင်ပိုင်ရှင်ကို သွား၍မေးသောအခါ...

"ဟ... မင်းတို့လူပြန်သွားပြီလေ"

"ဟင်... ဘယ်ကိုပြန်သွားတာတုံး"

"မသိဘူးလေ...၊ ပြန်မယ်ဆိုပြီး ပြန်သွားတာပဲ၊ ရွာပြန်တာနေမှာပေါ့"

"ဟာ... ခင်ဗျားဟာကဟုတ်ရဲ့လားဗျ၊ ကျွန်တော်တို့ကိုတောင် ဘာမှပြောမသွားဘူး"

အဆောင်ပိုင်ရှင်က မျက်မှောင်ကြုံ့ကာ...

"ဒါတော့ မင်းတို့ကိုမယုံကြည်လို့ ဘာမှပြောမသွားတာနေမှာပေါ့"

"ခင်ဗျားမို့ ဒီစကားပြောထွက်ရဲတယ်ဗျာ၊ ကျွန်တော်တို့ချင်း ဘယ်လောက်ချစ်ကြတယ်ဆိုတာ ခင်ဗျားအသိပဲ၊ ခင်ဗျားနဲ့ကမှ စကားများဖူးသေးတယ်"

"ဘာဆိုင်လဲ... များပေမယ့်ပြေလည်တာပဲ၊ ကျန်တာငါမသိဘူး၊ သူငါ့ကိုပေးစရာရှိတဲ့ အဆောင်ကြေးတွေ ဘာတွေ ရှင်းစရာ အားလုံးရှင်းသွားတယ်၊ ပြီး... ထွက်သွားတယ်၊ အထုပ်အပိုးတွေလည်း ပါသွားတယ်၊ ဒါ... ပြန်တာပဲနေမှာပေါ့ '

ထိုအခါ ကိုမျိုးကြည်၊ ကိုရဲဝင်းနှင့် ကိုကျော်ဦးညိုတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ ဟုတ်တော့လည်း ဟုတ်သည်။ အခန်းထဲမှာ ရဲဘုန်းမင်း၏ပစ္စည်းများက ဘာမှမကျန်ရစ်ခဲ့။

ပိုဆိုးသည်က မည်သည့်နေရာသို့ ထွက်သွားမှန်းမသိလိုက်ဘဲ ဘယ်သူ့ကိုမှလည်း အကျိုးအကြောင်းစာ၊ စကားလေးမှ မထားခဲ့ခြင်းဖြစ်လေသည်။

ထိုကြောင့် ရဲဘုန်းမင်း ပျောက်ဆုံးသွားရသည့်အတွက် သူတို့ဦးနှောက်ခြောက်ရသည်နှင့်အမျှ ရတက်မအေးလည်း ဖြစ်ကြရလေသည်။ အဘယ်ကြောင့်ဆိုသော် ဓာရီ၏သူငယ်ချင်းများဖြစ်သည့် မီမီထွေး၊ သိန်းသန်းစု၊ ခင်နှင်းသဇင်တို့မှ တစ်ဆင့် 'လူသတ်သမားသား' ဟူသည့်ကိစ္စကို အထိုက်အလျောက်သိခဲ့ပြီး ဖြစ်သောကြောင့် ဖြစ်သည်။

ပိုဆိုးသည်က ဥမ္မာဦးထံမှတစ်ဆင့် ကိုရဲဝင်းအား ဇော်မြင့်မြင့်ဦး မွှေနှောက်ခဲ့သည့်ကိစ္စများကို ခရေစေ့တွင်းကျ သိခဲ့ရ၍ ဖြစ်သည်။ ခုလည်း သူတို့ ဘာမှမဆိုင်သောအဆောင်ပိုင်ရှင်ကို ကုလားမနိုင် ရခိုင်မဲသလို သွားမဲနေမိခြင်းသာဖြစ်သည်။

ပြောကြကြေးဆိုလျှင် သူတို့ဘက်မှလည်း ဘာမှထောက်ပြပြောဆိုနိုင်စရာ အကြောင်းအချက်လည်း ရှိလေသည် မဟုတ်ချေ။ နောက်ဆုံးမှ ကိုကျော်ဦးညိုက...

"ကဲပါဗျာ... ပြန်ကြရအောင်၊ အခန်းထဲမှာပဲ သွားဆွေးနွေးရအောင်"

ထိုကဲ့သို့ အဆောင်ပိုင်ရှင်အနီးက လှည့်ထွက်ကာနီးမှ ကိုရဲဝင်းက

"သြော်... ခင်ဗျားကို တစ်ခုတော့မှာခဲ့ဦးမယ်"

အဆောင်ပိုင်ရှင်က...

"ဘာလဲ"

"ရဲဘုန်းမင်းထွက်သွားပေမယ့် နောက်လူတစ်ယောက်တော့ ဒီအခန်းမှာထည့်ဖို့ မကြိုးစားပါနဲ့ဦး၊ ဟုတ်လား၊ သူပြန်လာမှာပါ"

"ဒါလေးယောက်ခန်းလေ"

"ဟုတ်တယ်၊ ခု... သုံးယောက်နေတယ်၊ နောက်တစ်ယောက် ထပ်မသွင်းနဲ့"

"အဲဒါဆိုတစ်ယောက်စာ ခင်ဗျားတို့က ပေးမှာလား"

"ဟာ... လူမှုရေးမျက်နှာတော့ နည်းနည်းကြည့်ဦးလေ၊ ရဲဘုန်းမင်းပြန်လာမှာပေါ့၊ ပြန်မလာလည်း ကျုပ်တို့ လိုက်ရှာဦးမှာပေါ့"

"ဟာ... ဘာတွေလဲ၊ ရှုပ်ကရှုပ်နဲ့"

"မဟုတ်ဘူးလေ... လူမှုရေးမျက်နှာဆိုတာ ခင်ဗျားကိုကျုပ်က ပြောပြပြီးပဲ၊ ခင်ဗျား ဒီလောက် ငွေမျက်နှာမက်သလား"

"ငွေမျက်နှာတင် မဟုတ်ဘူး၊ တခြားအကြောင်းတွေ အများကြီးရှိသေးတယ်၊ သူဘာတွေရှုပ်သွားလဲ မသိနိုင်ဘူး၊ အဆောင်ကို ဖုန်းတွေလာ၊ လူတွေလာ၊ ရဲတွေလာဆိုရင် ဘယ်လိုလုပ်လုပ်မတုံး"

"ဟာ... အဲဒါတွေ တစ်ခုမှမဖြစ်နိုင်ဘူးဗျာ၊ ကျုပ်တို့တာဝန်ယူတယ်"

"ခင်ဗျားတို့ တကယ်တာဝန်ယူသလား"

"ဟိုဘက်ကမ်းလွှန်တဲ့အထိ ယူတယ်ဗျို့"

"အေး... ဒါဖြင့်လည်းပြီးရောလေ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ နှစ်လသုံးလထက်တော့ ပိုပြီး ကျုပ်ကမစောင့်နိုင်ဘူး၊ နောက်တစ်ယောက်သွင်းရမှာပဲ၊ မနေချင်ရင် ခင်ဗျားတို့သုံးယောက်ပါဆင်း"

"ဟာ... ခင်ဗျားက ရိုင်းလှချည်လား"

ထိုသို့နှင့် စကားဝိုင်းက မထင်မှတ်ဘဲ တစ်ယောက်နှင့်တစ်ယောက် တင်းမာလာသည်။ ထိုအခါကျမှ အဆောင်ပိုင်ရှင်က သူ့စကားကို သူနည်းနည်းပြန်လျှော့သွားသည်။

"ကဲ... ထားပါတော့ဗျာ၊ သွားတော့ သွားတော့၊ ခင်ဗျားတို့ဘာသာ သွားတော့"

အမှန်ဆိုလျှင် အဆောင်ပိုင်ရှင်သည်လည်း စီးပွားရေးဆန်လှသူမဟုတ်ချေ။ ထို့အပြင်ရဲဘုန်းမင်းအပေါ်မှာလည်း ချစ်ခင်သူ ဖြစ်သည်။ ယခုကဲ့သို့ ရဲဘုန်းမင်းထွက်သွားရခြင်းနှင့်ပတ်သက်၍ ကိုမျိုးကြည်တို့က လာရောက်ဟောက်ဟမ်းနေ၍သာ တုံ့ပြန်နေရခြင်းဖြစ်၏။ ရဲဘုန်းမင်းအပေါ်မှာတော့ ပြောခဲ့သလို သံသယရှိရှာသူမဟုတ်ပါ။

ထိုသို့ဖြင့် ကိုမျိုးကြည်၊ ကိုကျော်ဦးညို၊ ကိုရဲဝင်းတို့အားလုံး အခန်းထဲသို့ပြန်လည်ရောက်ရှိ သွားကြသည်။ ရဲဘုန်းမင်း အိပ်ခဲ့သော ခုတင်လေးကိုကြည့်ပြီး သုံးယောက်သားလွမ်းဆွေးသလိုပင် ဖြစ်နေသေးတော့၏။

အတန်ကြာမှ ကိုမျိုးကြည်က ပြင်းပြင်းထန်ထန် တောက်ခေါက်လိုက်ပြီး...

"ဒီ ဇော်မျိုးမျိုးဦးဆိုတဲ့လူဟာ အတော့်ကိုပြဿနာရှာတဲ့ကောင်ပဲ"

ထိုအခါကိုရဲဝင်းက...

"မင်းတို့ကလည်း မှားနေပြန်ပြီ၊ ဇော်မျိုးမျိုးဦးမဟုတ်ပါဘူး၊ ဇော်မြင့်မြင့်ဦးပါ"

"အင်း... ဟုတ်တယ်၊ အဲဒီဇော်မြင့်မြင့်ဦး ဇော်မြင့်မြင့်ဦး၊ အဲဒီလူက အတော်ကို မွှေတဲ့လူပဲဗျာ"

"အေးလေ... သူကလည်း ဓာရီ့ကိုကြိုက်နေတာကိုး၊ နောက်ပြီး ဓာရီကလည်း ရဲဘုန်းမင်းကို စိတ်ဝင်စားနေတဲ့ပုံစံတွေတာကိုး"

ကိုကျော်ဦးညိုက ဖြည့်စွက်၍ဝင်ပြော၏။

"ပြီး... ကိုကျော်ဦးညိုရဲ့ အမြင်ကိုပြောရမယ်ဆိုရင်ဖြင့်..."

သူ့ကိုယ်သူ ထိုသို့မိတ်ဆက်လိုက်သေးသည်။ ကိုရဲဝင်းနှင့်ကိုမျိုးကြည်တို့က နားကြားပြင်းကပ်ဟန်ဖြင့်...

"လိုရင်းကိုပြောဗျာ"

"ဩော်... ရဲဘုန်းမင်းကလည်း ဓာရီရှေ့မှာ သူ့ကိုအရှက်ခွဲလိုက်သလို ဖြစ်သွားတာကိုး၊ သူဘယ်ကျေနပ်ပါ့မလဲ"

"အင်း... အဲဒါတော့ဟုတ်တယ်၊ သူမကျေနပ်ကြောင်းကို အဲဒီနေ့ ဝိုင်းကအထမှာတင် ပြောင်မပြောရုံတမယ် ပြောဆိုသွားတာပဲ"

"အေးလေ... ဟုတ်တယ်၊ ကဲ... ထားလိုက်ပါတော့၊ ထားလိုက်ပါတော့၊ အဲဒါတွေအကုန်လုံးကို ခဏမေ့ထားလိုက်ကြရအောင်"

"ဟင်... အဲဒါကိုမေ့ထားပြီး ကျုပ်တို့က ဘာလုပ်ကြရမှာတုံး"

"စဉ်းစားမယ်လေ... စဉ်းစားမယ်၊ တစ်ယောက်ကို ဆယ်မိနစ်စဉ်းစားမယ်"

ထိုစကားကြောင့် သုံးယောက်သား ဆေးပေါ့လိပ်များကို လိုက်ရှာ။ တစ်ယောက်တစ်လှည့် မီးညှိလိုက်ကြပြီး မီးခိုးငွေ့တထောင်းထောင်းထအောင် ဖွာရှိုက်လျက် စုံထောက်ကြီးဦးစံရှားလိုလို၊ ဆားပုလင်းနှင်းမောင်လိုလိုနှင့် စဉ်းစားခန်းဝင်ကြလေတော့သည်။

အတော်ကြာတော့ ကိုမျိုးကြည်က...

"ကဲ... ဆယ်မိနစ်တော့မပြည့်သေးဘူး၊ ဒါပေမဲ့ ကျုပ်အတွေးတစ်ခုရလာလို့ ပြောတော့မယ်ဗျာ"

"ပြောစမ်းပါဦး၊ ဘာများလဲ"

"ရဲဘုန်းမင်းရဲ့အဖေဟာ လူသတ်သမားလို့ ဇော်မြင့်မြင့်ဦးပြောသွားတာဟာ အမှန်လားဆိုတာကနေ စစဉ်းစားကြမယ်"

"ဟုတ်တယ်... အဲဒါကနေစစဉ်းစားရမယ်၊ ဒါပေမဲ့ ကျုပ်အနေနဲ့ပြောရမယ်ဆိုရင်တော့ မှန်တယ်ထင်ရတယ်"

ထိုစကားကို ကိုရဲဝင်းက ဝင်ပြောခြင်းဖြစ်သည်။

"ဘာဖြစ်လို့တုံး"

"ဒါကြောင့်သာ သူစိတ်ညစ်ပြီး ထွက်သွားတာနေမှာပေါ့ဗျ"

"ဒါလည်းဖြစ်နိုင်တာပဲ၊ ဒါပေမဲ့..."

ကိုရဲဝင်း၏ဆက်မည့်စကားကို အားလုံးက ဆေးပေါ့လိပ်အဖွာရပ်ကာ နားစွင့်နေကြသည်။

"ဆက်ပြောလေ၊ ဘာ... ဒါပေမဲ့လဲ"

"ရဲဘုန်းမင်းက သူ့အဖေအကြောင်း သူ့ဟာသူတောင် သိတာမှမဟုတ်တာ"

"အင်းလေ... မသိအောင် သူ့အဘိုးနဲ့အမေက လျှို့ဝှက်ထားတာကြီးကိုက မသင်္ကာစရာဖြစ်မနေဘူးလား"

ကိုကျော်ဦးညိုက...

"ဒါလည်းဖြစ်နိုင်တာပဲ၊ တစ်ခုတော့ရှိတယ်"

"တစ်ခုမကဘူး ခင်ဗျားအရင်ပြော၊ ရှိချင်သလောက်ရှိ"

ကိုမျိုးကြည်ကပါ ဝင်ပြောပြန်၏။ ကိုကျော်ဦးညိုက...

"ဒါ ဇော်မြင့်မြင့်ဦးဆိုတဲ့ကောင်က သက်သက်မဲ့ပြဿနာရှာတာ၊ လုပ်ဇာတ်ခင်းတာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပါပဲ၊ ဒါပေမဲ့ လုပ်ဇာတ်တစ်ခုကို ရဲဘုန်းမင်းလိုလူက အဆောင်ကထွက်သွားရတဲ့ထိ ခေါင်းစားခံမှာမဟုတ်ဘူး၊ အကြောင်းတစ်ခုရှိရမယ်"

"အင်း... အဲဒီလိုအကြောင်းက ဟိုဗျာ... ဥပမာ အသည်းကွဲတာတို့၊ ဘာတို့ ဒီကိစ္စနဲ့မပတ်သက်တဲ့ တခြားအကြောင်း တစ်ခုခုကြောင့်ရော မဖြစ်နိုင်ဘူးလား"

ထိုအခါကိုရဲဝင်းက...

"ဘယ်လိုပဲတွေးတွေး စိတ်ညစ်လို့ပဲထွက်သွားသွား ရဲဘုန်းမင်းလို စိတ်နဲ့ပတ်သက်ပြီး ဒီလောက် လေ့ကျင့်ထားတဲ့သူက ဒီလောက်ခံစားစရာ အကြောင်းရှိလို့လား"

ကိုရဲဝင်းစကားကြောင့် အားလုံးငြိမ်သွားပြီး ဇဝေဇဝါတွေထပ်ဖြစ်ကုန်သည်။ သူ့စကားကမှန်နေသည်ကိုး။ အတော်လေးကြာမှ ကိုရဲဝင်းကပင်...

"ခံစားရမယ်ဆိုရင် တစ်ကြောင်းပဲရှိမယ်"

"ဘာလဲ"

"သူက သွေးလှူတယ်လေ"

"ဘာဆိုင်လဲ"

"ဆိုင်တယ်၊ သူသွေးလှူခဲ့တဲ့သူတွေက မကောင်းမှုတွေလုပ်နေတဲ့သူတွေဖြစ်နေလို့ သူခံစားခဲ့ရတာကို ပြောဖူးတယ်"

"အေးလေ... အဲဒါက အဲဒါပဲ"

"ဆိုင်တာပြောမယ်၊ သူ့သွေးနဲ့အသက်ရှင်နေတဲ့သူတွေ မကောင်းမှုလုပ်တာတောင် သူခံစားရရင်..."

အားလုံးက စကားမဆုံးမီမှာပင် သဘောပေါက်သွားသလို ခေါင်းတဆတ်ဆတ်ညိတ်ကြ၏။

"လူသတ်သမားရဲ့ အသွေးအသားနဲ့ကြီးပြင်းလာရတဲ့ သူ့ခံစားချက်ကိုတွေးကြည့်ပေါ့၊ ဒီကိစ္စကတော့ တော်ရုံစိတ်စွမ်းအား လေ့ကျင့်ထားတဲ့သူပဲဖြစ်ဖြစ် အနည်းနဲ့အများတော့ စိတ်ထိခိုက်မှာပဲလို့ ငါထင်တယ်"

ဘယ်လိုပဲ ဘာတွေတွေးတွေး၊ ပြောပြော လိုရင်းကတော့မရောက်။ သူတို့ လိုရင်းမရောက်သလို သိန်းသန်းစု၊ မီမီထွေးနှင့် ခင်နှင်းသဇင်တို့ကလည်း လိုရင်းမရောက်မှာကိုသိလျက်နှင့် ဒီအကြောင်းကိုပဲ ဆွေးနွေးနေမိကြသည်။

"ဟဲ့... ဇော်မြင့်မြင့်ဦးဆိုတဲ့ကောင် ပြောတာ ဟုတ်နေလားမသိဘူး"

"ဘာဖြစ်လို့ နင်က ဒီလိုပြောရတာလဲ"

သိန်းသန်းစု၏အမေးကို မီမီထွေးကပြန်မေးခြင်းဖြစ်၏။

"ရဲဘုန်းမင်း ပျောက်နေတယ်ဆိုတာကိုး"

"ပျောက်တာနဲ့ ဟုတ်ရမှာလား"

"မဟုတ်ရင်ကော ပျောက်စရာလိုလား"

"ကဲပါ"

ခင်နှင်းသဇင်က ဝင်တား၏။

"ပျောက်နေတာလည်း ဟုတ်ချင်မှဟုတ်မှာပါ၊ ဟိုဇော်မြင့်မြင့်ဦးဆိုတဲ့လူ ပြောတာကလည်း ဟုတ်ချင်မှဟုတ်မှာပဲ"

"နင်ကသာ ဟုတ်ချင်မှဟုတ်မှာပါလုပ်နေတာ၊ ဓာရီကတော့ ဟတ်ထိနေပြီထင်တယ်"

"ဘာထိစရာလိုလဲဟာ"

"ဪ... နင်ကလည်း ဓာရီ့အဖေက သူများသတ်တာခံရတာလို့ ပြောဖူးတယ်လေ၊ ဒါကြောင့် သူ့အမေကလည်း စကားမပြောတတ်တော့တာတဲ့၊ အဲ့ဒီတည်းကပဲဆိုပါတော့"

"အဲဒီတော့ နင်ဆိုလိုချင်တာက..."

ခင်နှင်းသဇင်က စကားကိုဆက်၏။

"ဪ... သူ့အဖေဟာ လူသတ်သမားလက်ချက်နဲ့ သေရတယ်၊ ရဲဘုန်းမင်းရဲ့အဖေကလည်း လူသတ်သမား တစ်ယောက်ဖြစ်နေတယ်၊ ဒီတော့ ရဲဘုန်းမင်းကို တိမ်းညွတ်နေတဲ့ ဓာရီက စိတ်တော့ထိခိုက်မှာပေါ့"

ထိုအခါသိန်းသန်းစုက...

"အဲဒါမှဒုက္ခ"

"ဟဲ့... ဘာဒုက္ခဖြစ်ရပြန်တာလဲ"

"ကိုရဲဘုန်းမင်းကပါ တစ်နေ့မှာ လူသတ်သမားဖြစ်လာရင်"

"နင့်ကို အရင်ဆုံးလာသတ်မှာပေါ့"

"မြတ်စွာဘုရား"

"ကြံကြီးစည်ရာပယ်"

မီထွေးနှင့်သဇင်က ထိုသို့ဝင်ပြောမိကြ၏။

"ဘာပဲဖြစ်ဖြစ်လေ... ငါတို့ ဒီကိစ္စကို ဘယ်လိုဖြေရှင်းပေးရမလဲ"

"ဘယ်လိုဖြေရှင်းချင်လို့လဲ"

"မသိလို့မေးနေတာပေါ့ဟ"

"မစင်ကိုမဆေးဘဲ နင်ကဒီအတိုင်း ထား,ထားတတ်လို့လား"

အကြံကတော့ သူတို့ဆီရောက်မလာပါ။ အသံကတော့ သူတို့ဝိုင်းထဲရောက်လာသည်။ ကိုကျော်ဦးညို၏ အသံဖြစ်၏။ သူ့အဖေအကြောင်းကိုလည်း ကြုံလျှင်မေးထားရဦးမည်။

"ဟဲ့… ဘာတွေကြိတ်တိုင်ပင်နေတာလဲ၊ အိမ်ထောင်ပြုကြတော့မလို့လား"

သိန်းသန်းစုက…

"အဲဒီကိစ္စကလွယ်တယ်၊ ဒီလောက်တိုင်ပင်နေစရာမလိုဘူး၊ ရှင့်ကိုဖယ်လိုက်ရင် တွေးရအတော်သက်သာသွားတယ်"

ခင်နှင်းသဇင်ကပါ…

"အေးလေ… အလွယ်ဆုံးမို့ နောက်ဆုံးမှလုပ်ဖို့ ဘေးတောင်ကပ်ထားတာ၊ ဘာဖြစ်လို့ ဝိုင်းထဲဝင်လာတာလဲ"

"ဒါ့ထက် နင်တို့အဖေတွေလည်း လူသတ်သမားတွေပဲဆို"

"ဘာ…"

"နင်တို့ကိုမွေးပြီး သန္ဓေတားဆေးတွေ သုံးခဲ့ကြတယ်ဆို"

သိပ်တော့မရယ်ဖြစ်ကြ။

နေရာက မီမီထွေးတို့နားက အအေးဆိုင်ကလေးဖြစ်၏။ အတော်ရောင်းကောင်းပုံရသည်။ လူပင်မရှိ။ ဆိုင်ရှင်က သူတို့ အုပ်စုကိုပင် အတော်ကျေးဇူးတင်နေပုံရသည်။ စိတ်တော့ သိပ်မချရ။ သူ့ပုံစံက ဇော်မြင့်မြင့်ဦး ရောက်လာလျှင်လည်း ကျေးဇူးတင်ဦးမည့်ပုံဖြစ်သည်။

ထုံးစံအတိုင်း သူတို့စကားဝိုင်းက ဓာရီနှင့်ရဲဘုန်းမင်းတို့ဆီ ရောက်သွားကြသည်။

"ခင်ဗျားတို့ ဓာရီ့အကြောင်းပြောနေကြတာမဟုတ်လား၊ ကျွန်တော်တို့လည်း ရဲဘုန်းမင်းအကြောင်းပဲ အဖြေမထွက်တဲ့ထိ ပြောနေဖြစ်ကြတယ်"

"သတင်းလေးဘာလေး ရပြီလား"

"ခုထိတော့ဘာမှမသိသေးဘူး၊ သူကလည်းသူပဲ၊ ဒီလောက်ခင်တဲ့သူတွေကိုတောင် စာတစ်လုံးမှရေးမထားခဲ့ပေးဘူး၊ ကျွန်တော်တို့ စာဖတ်တတ်မှန်းသိရဲ့သားနဲ့"

"အင်းလေ… ဓာရီလည်း ဆိုင်တွေတောင်မသွားတာ သုံးရက်ရှိပြီတဲ့"

ကိုရဲဝင်းကတော့ စဉ်းစဉ်းစားစားဟန်နှင့် ဝင်ပြော၏။

"အမှန်က သူတို့နှစ်ယောက်က ချစ်သူတွေဖြစ်ရမှာဗျ"

"ဟုတ်တယ် ဟုတ်တယ်"

အားလုံးက ထောက်ခံ၏။

"အဲဒီ ဇော်မြင့်မြင့်ဦးဆိုတဲ့လူ ဝင်ရှုပ်လို့ပေါ့"

သိန်းသန်းစုကမကျေမချမ်းဆိုသည်။

"အင်းလေ... ခုလို မထင်မှတ်ဘဲ မမျှော်လင့်တဲ့ထောင့်က ပြဿနာဝင်လာတော့ သူတို့ဇာတ်လမ်းက ဘာဆက်ဖြစ်မလဲတောင် မသိနိုင်တော့ဘူး"

"ဝေးချင်ဝေးသွားကြမှာ"

ခင်နှင်းသဇင်ကတော့...

"ဟယ်... ဒီကိစ္စက သေချာ၏ မသေချာ၏လည်း သေချာမသိသေးဘဲနဲ့ ဝေးသွားကြမယ်လို့တော့ မပြောပါနဲ့"

"ဒါဆိုလည်း ဘယ်လိုပြောရမလဲ"

"ပြောတာနောက်ထား၊ ပထမဆုံး ရဲဘုန်းမင်းကိုရှာ၊ နောက် အဲဒီကိစ္စဟုတ်မဟုတ် နီးစပ်ရာစုံစမ်း၊ ပြီးရင် ဇော်မြင့်မြင့်ဦးဆိုတဲ့ လူကိုရှာပြီး..."

"ဘာလုပ်ချင်သေးလို့လဲ"

သိန်းသန်းစုကပြောမှ ခင်နှင်းသဇင်ဇက်ကလေး ပုသွားရသည်။ ပြီးမှ တွေးတွေးဆဆဟန်ဖြင့်...

"အင်း... ခုလောက်ရှိ ဓာရီလည်း တော်တော်ခံစားနေရမှာပဲနော်"

သူတို့ဝိုင်းလေး ငြိမ်သက်သွား၏။ ဓာရီ့ရင်ထဲက ဝေဒနာကို ဓာရီကအသိဆုံးဖြစ်ပါလိမ့်မည်။

ဓာရီပြီးလျှင်တော့ သူတို့ကအသိဆုံး၊ အင်း... ရဲဘုန်းမင်း၏ ဝေဒနာကရော...

ဓာရီလည်း သူနားတရွေ့ရွေ့ကပ်လာသော ခြေသံကြောင့် အတွေးနယ်လွန်စိတ် နယ်ချဲ့နေရာမှ မော့ကြည့်မိတော့ ဓာရီ့အမေ။

"မေမေ"

မေမေက သူ့ကို ကရုဏာသက်သောမျက်ဝန်းအစုံဖြင့် ကြည့်နေသည်။ ပြီး... မေးဆတ်ပြကာ 'ဘာဖြစ်နေလဲ' ဟူသောသဘောနှင့် မေး၏။

"ဘာမှမဖြစ်ပါဘူး မေမေရာ..."

မေမေ့ကို ဆက်ရှင်းနေလျှင် ပြီးမှာမဟုတ်သဖြင့် ဆရာမကိုပါ တဆက်တည်းအော်ခေါ်လိုက်ရသည်။ မေမေ့နားက အကူသူနာပြုကလေးက...

"အန်တီက အပြင်ထွက်ချင်လို့ ပေးထွက်လိုက်တာပါမဓာရီ၊ သူ မဓာရီကို အခန်းထဲက လှမ်းလှမ်းကြည့်နေတာ ကြာပြီ"

ဓာရီ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရသည်။ မေမေကတော့ ဓာရီ့ကိုသာ မမိုတ်မသုန် အကဲခတ်နေဆဲ။ ဓာရီက ဘာမှမဖြစ်သလို မျက်နှာအနေအထားကိုပြင်လိုက်ပြီး...

"ဆရာမ မေမေ့ကိုဆေးတိုက်ပြီးပြီလား၊ ထမင်းရောစားပြီးပြီလား"

"ထမင်းလည်းစားပြီးပြီ၊ စားတာကတော့နည်းတယ်၊ ဆေးလည်းတိုက်ပြီးပြီ"

"မေမေသွားနားတော့နော်၊ သမီးဘာမှမဖြစ်ဘူး၊ ဆိုင်(၄)က အလုပ်သမားအားလုံးလဲဖို့ အင်တာဗျူးထားတာတွေ စဉ်းစားနေလို့"

မေမေက သူ့ကိုအဓိပ္ပာယ်ပါပါတစ်ချက်ကြည့်ကာ ဆရာမလေးခေါ်ဆောင်ရာသို့ အသာတကြည် လိုက်သွား၏။ ထိုစဉ်မှာပင်...

"ကလင်... ကလင်... ကလင်"

ဖုန်းသံကမြည်လာ၏။ မေမေကလှည့်ကြည့်နေသဖြင့်...

"သမီးကိုင်လိုက်မယ်"

ထိုအခါမှ မေမေအိပ်ခန်းထဲဝင်သွား၏။

"ဟဲလို"

"ဓာရီဆိုတာနဲ့ စကားပြောချင်တယ်"

တစ်ဘက်မှာ တစ်ခါမှမကြားဖူးသော သူစိမ်းအမျိုးသားတစ်ယောက်၏ အသံ။

"ဟုတ်ကဲ့ ကျွန်မဓာရီပါ"

"ကျွန်တော် ပြောစရာရှိလို့ပါ"

"ဟုတ်ကဲ့... ပြောပါ၊ ဒါပေမဲ့ ရှင်ကဘယ်သူလဲ၊ ဘာကိစ္စလဲ"

အလောတကြီးမေးပြီးမှ သတိရ၏။ ဟိုကပြောပါမည်ဆိုမှ အကြောင်းတော့မဟုတ်ပါ။ ဟိုကလည်း တကယ်ပြောပါသည်။ ပျော့ခြင်း၊ မာခြင်းမရှိသော ပုံမှန်လေသံနှင့်ဖြစ်၏။ မြန်မာသံစစ်စစ်နှင့် ပြောခြင်းဖြစ်သော်လည်း...

"ကျွန်တော့်နာမည် ဘာဘူလို့ပဲမှတ်ထားပါ"

"ရှင်... ဘာဘူဟုတ်လား၊ ကျွန်မရှင့်ကိုမသိဘူး"

"ဟုတ်ကဲ့ ကျွန်တော်လည်း ခင်ဗျားကိုမသိပါဘူး"

"ဒါဖြင့်..."

"ပြောစရာရှိတာပါ"

"ပြော"

ဖုန်းသရဲလားဟု ထင်လိုက်မိသေးသော်လည်း မဖြစ်နိုင်။ တစ်ဘက်မှ အသံက နောက်နောက်ပြောင်ပြောင်ဟန် မရှိ။

"ဇော်မြင့်မြင့်ဦးပြောတဲ့ ကိစ္စပါ"

"ရှင်"

"ဟုတ်တယ်... ရဲဘုန်းမင်းကိစ္စ"

ဓာရီ တစ်ချက်အံ့သြသွားမိသည်။ သို့သော် တစ်ဘက်မှစကားကို ဆုံးအောင်နားထောင်လိုက်၏။

"ရဲဘုန်းမင်းရဲ့ အဖေကလူသတ်သမားဆိုတာ မဟုတ်ပါဘူးဓာရီ"

ဓာရီက တစ်ချက်ရယ်လိုက်၏။

"ရှင်က ဘာမို့ ဒီလိုပြောနိုင်ရတာလဲ၊ ရှင်ဘယ်သူလဲ"

"ဘာဘူပါ"

စိတ်ညစ်သွားရသည်။ ဒီလူနှယ် မှည့်စရာနာမည်ရှားလို့ဟုလည်း တွေးမိ၏။ သို့သော်လည်း ရဲဘုန်းမင်းကိစ္စဆိုတော့ စိတ်ဝင်းစားသည်။ လောလောဆယ် မတွေ့ချင်သော်လည်း မေ့၍ရသောကိစ္စမဟုတ်ပါ။ ထို့ကြောင့်...

"ရှင်ဘာဖြစ်ဖြစ်ထားပါ၊ ဒီမှာ..."

"ဟုတ်ကဲ့"

"ရဲဘုန်းမင်းအဖေက လူသတ်သမား၊ လူသတ်မှုနဲ့ထောင်ကျပြီး ထောင်ထဲမှာတင်သေသွားခဲ့တာ၊ ပြီးတော့ ဒါဇော်မြင့်မြင့်ဦးပြောလို့မဟုတ်ဘူး၊ ကျွန်မဘာသာစုံစမ်းပြီးသိတာ"

"အဲဒါက ဟုတ်ပါတယ်"

"ဟင်... အဲဒါကဟုတ်ရင် ရှင်းနေတာပဲ"

"မဟုတ်သေးဘူး၊ ဒါတွေကဖြစ်ခဲ့တာပဲရှိသေးတယ်၊ ပြောရရင်ရှည်မှာ"

"ရှည်လည်းကိစ္စမရှိပါဘူး၊ ပြောပါ"

တစ်ဘက်မှ အသံနည်းနည်းတိတ်သွား၏။ပြီးမှ...

"ကျွန်တော့်အမြင်ပြောရရင်..."

တီခနဲလိုင်းပြတ်သွား၏။ လိုင်းမင်းများ တိုင်တက်ပြန်ပြီထင်၏။ ဓာရီကတော့ဆန့်တငံ့ငံ့နှင့် စိတ်တိုပြီး ဖုန်းခွက်ကြီးကို ဆက်ကိုင်ထားမိလေသည်။

"ဓာရီ"

ဖုန်းထဲမှ အသံမဟုတ်ပါ။ အပြင်မှအသံဖြစ်၏။ လှည့်ကြည့်လိုက်တော့ သိန်းသန်းစု၊ မီမီထွေး၊ ခင်နှင်းသဇင်၊ ကိုရဲဝင်း၊ ကိုမျိုးကြည်နှင့် ကိုကျော်ဦးညို။

"လာကြ"

"နင်ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"

"အဲဒါပဲပြောပြချင်နေတာ၊ ထိုင် အအေးသောက်မလား၊ အပူသောက်မလား"

"အပူ"

အအေးဆိုင်မှ ထလာသူများပီပီ တညီတညွတ်တည်း တောင်းဆိုကြ၏။ ဘယ်သူကမှ 'ရပါတယ်' 'နေပါစေ' ဟုမငြင်းကြ။ အပူရည် ကော်ဖီများရောက်လာပြီးမှ ဓာရီက စကားစ၏။

"ခုပဲ ဘာဘူဆိုတာ ဖုန်းဆက်တယ်"

"ဘာဘူ"

"ဘာဘူ"

သိန်းသန်းစုက လိုက်ရွတ်၏။

"အေး... ဘာဘူတဲ့"

"ဘယ်က ဘာဘူလဲ"

ခင်နှင်းသဇင်က ဝင်မေး၏။

"ကုလားသံတော့မပေါက်ဘူးဟ၊ ဗမာလိုပြောသွားတာမှ ဖြူးနေတာပဲ"

"ဘာတဲ့လဲ"

"ရဲဘုန်းမင်းအဖေက လူသတ်သမားမဟုတ်ဘူတဲ့"

"ဟင်"

အားလုံး 'ဟင်' သွားကြ၏။ သူမလည်း ကျိုးကြောင်းကုန်စင်ပြောလိုက်ပြီးမှ ဖုန်းကျသွားသည့်နေရာရောက်တော့ အားလုံး 'ဟာ' သွားကြပြန်သည်။

"ဒါ အကြောင်းရှိရမယ်ကွ"

ကိုကျော်ဦးညိုက လက်ညှိုးတထောင်ထောင်နှင့် ဝင်ပြော၏။

"ဒါတော့ မင်းပြောမှလားကွ"

"အေးလေ... ဟိုက အကြောင်းမရှိဘဲ အားအားယားယားဆက်မလား"

ကိုရဲဝင်းနှင့် ကိုမျိုးကြည်က ဝင်ပြော၍ ကျော်ဦးညိုက...

"နေပါဦးကွ၊ ဆက်ပြောမှာပါ"

"ပြော"

"ဖုန်းပြန်လာဦးမလား၊ စောင့်ကြတာပေါ့"

ထိုညနေက တော်တော်လေးမိုးချုပ်သည်ထိ အားလုံး ဓာရီ့အိမ်မှာထိုင်ကာ ဖုန်းစောင့်ကြသော်လည်း ဖုန်းက မလာတော့။

"ကဲ... ပညာရှိ ဖုန်းကမလာဘူး၊ ဘာလုပ်ကြမလဲ"

သိန်းသန်းစုက မေး၏။ ကျော်ဦးညိုက...

"အင်း... စဉ်းစားနေတယ်"

ကိုရဲဝင်းက...

"ဇော်မြင့်မြင့်ဦးဆီ သွားမေးရင်ရမလား၊ သူညာတာလားဆိုတာ သိရအောင်"

"ဩော်... ဟိုကညာပါတယ်လို့ ပြောမလား"

"ဒါလည်းဟုတ်တာပဲ"

"ဒါဖြင့် ဘာလုပ်ကြမလဲ"

ဓာရီကပဲ ဝင်ပြောရ၏။

"အသိတွေထဲမှာ ဘာဘူဆိုတာ မရှိဘူးလား"

အားလုံး ဇဝေဇဝါ ကြောင်စီစီလေးတွေ ဖြစ်ကုန်ကြ၏။ ပြီး မီမီထွေးကပဲ ပြန်မေးခွန်းထုတ်လိုက်၏။

"ဘာလုပ်မလို့လဲ"

"ဘာဘူ့ကို ရှာရမယ်လေ"

"ဘာဘူ့ကို ရှာမယ်"

"အေးလေ"

"မသိဘဲ ရှာမယ်"

"လွယ်တော့မလွယ်ဘူးပေါ့၊ ဒါပေမဲ့ ရဲဘုန်းမင်းကိုလည်းသိ၊ ငါ့လည်းသိ၊ ငါ့ဖုန်းလည်း သိနေတဲ့သူ ဆိုတော့ ဒီပတ်ဝန်းကျင်ထဲက ဖြစ်မှာပဲထင်တယ်"

ဓာရီစကားကို အားလုံးကလက်ခံကြ၏။ ထို့ကြောင့် 'ဘာဘူ' ဆိုသောလူကို ဘယ်လိုရှာရရှာရ ရှာကြရန် သဘောတူလိုက်ကြလေသည်။

*ရှုးသွပ်မှုတွေကို အနားပေးလိုက်ပါ*

*အရာရာဟာ စနစ်တကျနားလည်ပေးပါလိမ့်မယ်*

*သေချာတယ်*

*အဲဒါဟာအမှန်တရားပဲ။*

*မနော်ဟာရီ*

*( . . . . . . . . . . . . . . . . . . . . . . . . မှ )*

ဤအချိန်သည် အထူးအဆန်းဆုံးဖြစ်နေလေတော့သည်။ မိခင်ဖြစ်သူသည် မထင်မှတ်ဘဲ ရောက်လာသော သားကိုကြည့်ကာ...

"ဟဲ့... သား စာမလာသတင်းမပါးနဲ့ ဘယ်နှယ့်ရောက်လာပါသလဲ"

"ဒီလိုပါပဲ အမေရယ်"

"နေပါဦး... ဘယ်လိုဖြစ်လို့ ဒီလိုအဆောတလျင်ပြန်လာရတာတုံး၊ ပစ္စည်းပစ္စယလည်း ဘာမှပါမလာပါလား"

ခါတိုင်း ရန်ကုန်မှာနေ၍ ဤနယ်မြို့ကလေးသို့ပြန်လာသည့်အချိန်တွင် ရဲဘုန်းမင်းသည် ရန်ကုန်မှ စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများ စသည်တို့ကို ယူလာနေကျဖြစ်၏။

ယခုအချိန်တွင်မူ မည်သည့်ပစ္စည်းမှပါမလာသည့်တိုင် အကြောင်းကြားမှုလည်းမရှိဘဲ မျက်နှာအမူအရာ တစ်မျိုးတစ်ဖုံဖြင့် အိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သောကြောင့် မိခင်တစ်ယောက်အနေနှင့် ထူးဆန်းနေလေတော့သည်။

ရဲဘုန်းမင်းက မည်သို့မှ ထူးထူးခြားခြား အကြောင်းပြန်ခြင်းမရှိဘဲ သူ၏ပစ္စည်းပစ္စယများကို သင့်တင့်လျောက်ပတ်သည့် နေရာများတွင် သွားရောက်၍ထားရှိပြီးကာမှ...

"အမေ... နေကောင်းတယ်နော်"

"ကောင်းပါတယ်သားရယ်"

"အဘိုးလည်း နေကောင်းတယ်မဟုတ်လား"

"အေး... ကောင်းပါတယ်၊ ဒါပေမဲ့ လူကြီးဆိုတော့လည်း နည်းနည်းတော့ချူချာတာပေါ့ သားရယ်"

"အင်း... အင်း... အနည်းဆုံး ကျန်းကျန်းမာမာရှိရင်ပြီးတာပဲ"

ထိုသို့ပြောပြီး မည်သည့်စကားကိုမှ ဆက်မဆိုဘဲ ရဲဘုန်းမင်းငြိမ်သက်သွားပြန်လေသည်။ ယခုမှ ပြန်းစားကြီး အိမ်သို့ ရောက်လာသောသားက ဤကဲ့သို့ငူတူတူကြီးဖြစ်နေသည့်အတွက်ကြောင့် မိခင်ဖြစ်သူဒေါ်ခင်မှာ နေမရ၊ ထိုင်မရဖြစ်ပြီး...

"သား..."

"ပြော... အမေ"

"ဘာဖြစ်လာသလဲ"

"ဘာကို ဘာဖြစ်ရမှာလဲ"

"မဟုတ်ဘူးလေ... မြို့မှာ သားဘာဖြစ်လာသလဲ၊ အဆင်မပြေဘူးလား... ဟုတ်လား"

"အဆင်ပြေပါတယ်၊ မြို့မှာ သားအဆင်ပြေပါတယ်၊ ဘာမှမဖြစ်ပါဘူး"

"သား တစ်ခုခုဖြစ်လာပါတယ်"

"အဲဒီလို သားတစ်ခုခုဖြစ်လာတယ်ဆိုလို့ရှိရင်လည်း အဲဒါကို အမေဘယ်လိုလုပ်သိသလဲ"

"ဩော်... သားရယ် မင်းကိုမွေးထားတဲ့အမေပဲ သိတာပေါ့"

"ဒါဆိုရင် သားမေးချင်တယ်အမေ"

"ပြောပါဦးကွယ်"

"ဒီထက်မက ဘာဖြစ်တယ်ဆိုတာကိုကော အမေမသိဘူးလား"

ထိုစကားကြောင့် မိခင်ဖြစ်သူသည် ထိတ်လန့်တုန်လှုပ်သွားသကဲ့သို့ အမူအယာပျက်ပြီး...

"သားဘာတွေဖြစ်လာသလဲ၊ အပမှီလာသလား"

ရဲဘုန်းမင်းက ခပ်သဲ့သဲ့ရယ်ကာ...

"အမေရယ် ကျွန်တော်ကစိတ်ညှို့ဆရာပါ၊ ကျွန်တော့်ကို အပမှီလို့မရပါဘူး"

"ဒါဖြင့် ဘာဖြစ်လာတာတုံး"

ရဲဘုန်းမင်းက သူ့အမေ၏စကားကို တိုက်ရိုက်ပြန်မဖြေဘဲ...

"အဘိုးကော"

"မင်းအဘိုး အပေါ်ထပ်မှာ အိပ်နေတာပေါ့ကွယ်"

ရဲဘုန်းမင်း လက်မှနာရီကိုကြည့်ကာ...

"သြော်... ခဏကြာရင်နိုးတော့မှာပေါ့"

"အင်း... ဟုတ်တယ်၊ ခဏကြာရင်နိုးတော့မယ်"

"ကောင်းပါပြီ... အမေနဲ့အဘိုး နှစ်ယောက်စလုံးဆုံမှပဲ ကျွန်တော်ပြောစရာရှိတာကို ပြောပါတော့မယ်"

"သား ဘာဖြစ်လာသလဲ"

"အဲဒီအခါကျရင် ပြောမယ်လေ"

"အခု အမေ့ကိုကြို့ပြောပါ"

"သား... အဲဒီအခါကျမှပဲ ပြောမယ်လို့ပြောပြီးပြီပဲအမေရယ်၊ ဘယ်လောက်မှ မကြာတော့ပါဘူး၊ စောင့်လိုက်ပေါ့၊ ဒါမှမဟုတ်လည်း အဘိုးကိုသွားနှိုးလိုက်ပေါ့"

"ဟာ..."

မိခင်ဖြစ်သူသည် သား၏ပစ္စည်းများကို စနစ်ကျသည်ထက်ကျအောင် လှည့်ပတ်၍သိမ်းဆည်းပြီးကာမှ ရင်ထဲမှာ တစ်စုံတစ်ရာကို ထိတ်လန့်ခံစားနေရလေသည်။

သားဖြစ်သူသည် ဖုံးကွယ်ထားသည့် လျှို့ဝှက်ချက်တစ်စုံတစ်ရာကို သိရှိလာပြီဖြစ်ကြောင်းကိုလည်း သူမ၏စိတ်ထဲတွင် မည်သူကမှ မတိုက်တွန်းရဘဲ သိနေသလိုလည်း ရှိနေလေသည်။

ရဲဘုန်းမင်း၏ ကံလား၊ သူ့မိခင်၏ကံလား မပြောနိုင်ဘဲ မကြာလှသောအချိန်အတွင်းမှာပင် အဘိုးဖြစ်သူက နိုးထလာကာ အိမ်ပေါ်ထပ်မှနေ၍ အောက်ထပ်သို့ဆင်းလာလေတော့သည်။ သူသည်လည်း ရဲဘုန်းမင်း၏မိခင် ကဲ့သို့ပင် အံ့သြတကြီး ဖြစ်စွာ...

"ဟာ... ဟော့ကောင်"

"သြော်... အဘိုး နိုးလာပြီကိုး"

"မင်း... ဘယ်လိုဖြစ်လို့ ဒီအချိန်ကြီးရောက်လာရတာတုံး"

"သြော်... ဒီအချိန်ကြီး ထွက်လာလို့ ဒီအချိန်ကြီးရောက်လာတာပေါ့ အဘိုးရယ်"

"ဟာ... မင်းကွာ၊ နည်းနည်းပါးပါး ကြိုအကြောင်းကြားရောပေါ့"

ရဲဘုန်းမင်းက မရယ်ချင်ရယ်ချင်ဖြင့် ခပ်မဲ့မဲ့အမူအယာကိုပြုလျက်...

"မသိဘူးလေ... အဘိုးက မြန်မာပညာရှိဆိုတော့ ကျွန်တော်ကမပြောလည်း ကိုယ့်ဘာသာကိုယ် သိမယ်အောက်မေ့လို့ ကြိုအကြောင်းအကြားလိုက်တာ"

ထိုအခါ အဘိုးဖြစ်သူ၏ငယ်မူငယ်သွေးပါလှသော ဆဲဆိုသံများကိုကြားရပြီးသည့်နောက်တွင် ရဲဘုန်းမင်း၏နံဘေးမှာ အမေနှင့်အဘိုးတို့ အတူတကွဝန်းရံ၍ ထိုင်မိလျက်သား ဖြစ်နေကြရလေတော့သည်။

မိခင်ဖြစ်သူက...

"သား..."

"ပြောပါအမေ"

"သား ဒီတစ်ခါလာတာ ထူးဆန်းသလိုပဲ"

"ဟုတ်တယ်၊ သိပ်သေချာတယ်"

"ဘာထူးဆန်းလာသလဲသားရယ် ကေနွှ မိန်းမများယူလာလို့လား၊ အခုကောင်မလေးကို ဘယ်မှာထားခဲ့သလဲ၊ ခေါ်လာခဲ့လေသားရယ်၊ မိသားဖသားပီပီ အမေလိုက်တောင်းပေးမှာပါ"

ရဲဘုန်းမင်းက မျက်နှာတည်တည်နှင့် ခေါင်းခါပြလိုက်၏။ ထိုအခါ မြန်မာပညာရှိဆန်လှသော သူ၏အဘိုးက...

"ဟာ... သမီးကလည်းကွယ် မဟုတ်တရုတ်တွေ သွားမေးသေးတယ်၊ ဒီကောင်ဖြစ်လာတာက သတ်သတ်တစ်ခုကွဲ"

"ရှင်... ဘာလဲအဖေ ပြောပါဦး"

"ဒီကောင်ဖြစ်လာတာက အသည်းကွဲဝေဒနာ၊ သူ့ကိုသူကြိုက်နေတဲ့ကောင်မလေးက ပြန်မကြိုက်တော့လို့ အသည်းကွဲပြီးပြန်ရောက်လာတာ"

"ဟာ... ဟုတ်လားသား"

သူတို့၏ ကပေါက်တိကပေါက်ချာစကားများကို ရဲဘုန်းမင်းစိတ်ဝင်စားမှုမရှိဘဲ နားထောင်နေပြီးကာမှ...

"အဘိုး..."

"ဟေ... ပြော"

"ဒီမြို့ဒီရွာမှာတော့ အဘိုးကို မြန်မာပညာရှိလို့ပြောကြတယ်၊ ဟုတ်မဟုတ် ကျွန်တော်မသိဘူး၊ အဘိုးက မြန်မာပညာရှိဖြစ်သည် ဆိုတာကိုကော မဖြစ်သည်ဆိုတာကိုကော ကျွန်တော်စိတ်မဝင်စားဘူး၊ အဓိကအရေးကြီးတာက အဘိုးက ကျွန်တော့်အဘိုးဖြစ်နေဖို့ပဲ"

"အေး... ဟုတ်တယ်လေ၊ ငါကမင်းအဘိုးပဲ"

"အဲဒါဆို အဘိုးဟာ မြေးတစ်ယောက်အပေါ်မှာ သစ္စာမရှိသင့်ဘူးလား"

"ဟေ... ခွမ်းနဲ့မှပဲ၊ မင်း ငါ့ကို ဘာစကားပြောတာတုံး"

"ဒီစကား အဘိုးစိတ်ဆိုးရမယ့်စကား မဟုတ်ပါဘူး၊ ကျွန်တော်ရိုးရိုးလေးပြောတဲ့စကားပါပဲ၊ အဘိုးတစ်ယောက် အနေနဲ့ မြေးတစ်ယောက်ပေါ်မှာ သစ္စာမရှိသင့်ဘူးလား၊ အဲဒါကို ကျွန်တော်မေးတာ"

အဘိုးသည် အူကြောင်ကြောင်ဖြစ်လျက်၊ မြေးဖြစ်သူ ရဲဘုန်းမင်းကို မျက်မှောင်ကြီးကြုံ့ပြီး ကြည့်ကာ...

"မင်း ဘာဖြစ်လာတာလဲ"

"မဟုတ်ဘူးလေ... ဘာဖြစ်လာသလဲဆိုတာ မကြာခင်သိရမယ်၊ ကျွန်တော်မေးတဲ့ အမေးကိုပဲ အဘိုးက အရင်ဆုံးဖြေပါ"

"ဟ... ငါ မင်းရဲ့အဘိုးပဲ၊ ငါ မင်းကို ဘာညာစရာအကြောင်းရှိလဲ"

"မညာဘူးနော်"

"အေး..."

"သေချာတယ်နော်"

"အေး..."

"အဲဒါဆိုရင် အခုကျွန်တော်မေးမယ်... ဖြေ၊ မှန်အောင်ဖြေ"

"အေး... မှန်အောင်ဖြေမယ် မေး"

"ကျွန်တော့်အဖေဟာ လူသတ်သမားဆိုတာ ဟုတ်သလား"

"ဟေ…"

ထိုအချိန်တွင် ခြောက်သွေ့လှသော နယ်မြို့လေးတစ်မြို့၏ တိတ်ဆိတ်လှသော နေအိမ်တစ်အိမ်တွင် တင်းမာမှုမှိုင်းသော အငွေ့အသက်များဝေဆိုင်းသွားကာ အမျိုးအမည်မသိသော အိမ်မက်တစ်ခု၏ ဖြတ်သန်းမှုကို ခံစားလိုက်ရသလို အလိုလို ငြိမ်သက်သွားလေတော့သည်။

အတန်ကြာမှ အဘိုးဖြစ်သူကပင် မြေးဖြစ်သူကို…

"မြေး… ရဲဘုန်းမင်း"

"ပြောပါ အဘိုး"

"မင်းကို ဒီစကားတွေ ဘယ်သူက ဘယ်လိုပြောလိုက်တုံး"

"အမှန်တော့ ဒီစကားတွေဟာ အဘိုးတို့ ကျွန်တော့်ကိုပြောထားရမယ့် စကားတွေပါ၊ အခု သူများပြောမှ သိရတော့ မကောင်းဘူးပေါ့အဘိုးရယ်၊ အဘိုး ကျွန်တော်အပေါ်မှာ သစ္စာမရှိခဲ့ဘူး"

ထိုစကားကြောင့် အဘိုး၏မျက်နှာပေါ်တွင် စိတ်မကောင်းခြင်း အရိပ်အယောင်များ ဖြတ်သန်းသွားကာ…

"ဟာ… အဲဒီလိုတော့မပြောပါနဲ့ ငါ့မြေးရယ်၊ မင်းအပေါ်မှာ ငါ သစ္စာမရှိတာ မဟုတ်ပါဘူး၊ သစ္စာရှိလွန်းလို့ ဒီစကားကို ထုတ်မပြောတာဘဲ"

"ဘယ်လိုပဲဖြစ်ဖြစ်အဘိုး… အမှန်တရားဆိုတာ အမှန်တရားပဲ၊ အမှန်တရားဆိုတာသစ္စာပဲ၊ အခု ကျွန်တော် သိချင်တယ်၊ ကျွန်တော့်အဖေက လူသတ်သမား ဟုတ်သလား၊ ကျွန်တော့်အဖေဦးရဲတင့်ဟာ လူသတ်သမားဆိုတာ ဟုတ်သလား၊ လူသတ်မှုနဲ့ အဖမ်းခံရပြီး ထောင်ထဲမှာ သေသွားရတဲ့ လူတစ်ယောက်ဆိုတာ ဟုတ်သလား၊ အဲဒါကို ကျွန်တော် သိချင်တယ်၊ အဘိုးပြောပါ"

"မင်းအမေကို ဘာကြောင့် မမေးတာလဲ"

"မိန်းမဆိုတာ စိတ်နုတယ်၊ ကွယ်ဝှက်တတ်တယ်၊ ဟိုလိုလို ဒီလိုလိုလှည့်တတ်တယ်၊ ဒါ… အမေ့ကို စော်ကားနေတာ မဟုတ်ဘူး၊ အမျိုးသမီးတွေရဲ့သဘာဝကို ပြောတာ၊ အခု ကျွန်တော် အဘိုးကို တိုက်ရိုက်မေးတယ်ဆိုတာ ယောကျာ်းချင်း မေးတာ၊ အဘိုးကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ဖြေပါ"

သူနှင့်အဘိုး ဤကဲ့သို့ စကားပြတ်ပြတ်သားသား ပြောဆိုနေချိန်တွင် သူ့အမေသည် တရှုံ့ရှုံ့ရှိုက်ငိုနေပြီ ဖြစ်လေသည်။ မည်သည့်စကားကိုမှ ဝင်၍မပြောခြင်းကို ထောက်သောအားဖြင့် ရဲဘုန်းမင်းမေးသည့်

စကားများသည် အမှန်ဖြစ်ပြီး အဘိုးဖြစ်သူ၏ ပြန်လည်ဖြေကြားမှုအပေါ်တွင် စိုးထင့်စိတ်ပေါ်နေသည်ကိုလည်း တစ်ပိုင်းတစ်စအားဖြင့် သိသာစေလေသည်။

အဘိုးသည် ရဲဘုန်းမင်း၏ စကားကို ချက်ချင်းပြန်မဖြေဘဲ...

"မြေး... ငါ့ကို ကွမ်းအစ်ကြီး ပေးစမ်းကွာ"

"ရတယ်... ကွမ်းအစ်တင်မကဘူး အကုန်ပေးမယ်"

ကွမ်းအစ်ထဲတွင်ပါသည့် ကွမ်းသီး၊ ကွမ်းညှပ်၊ ထုံးဘူးစသည်များ ဆေးဖတ်များပါမကျန် လမ်းမှာ ခေါင်းရွက်သည်ထံမှ ဝယ်လာသော ကွမ်းရွက်များကိုပါ ရဲဘုန်းမင်းက အဘိုးရှေ့တွင် ချပေးလိုက်လေသည်။

"ကျွန်တော် သိချင်တာက ကျွန်တော့်အဖေ လူသတ်သမား ဟုတ်မဟုတ်ဆိုတာပါပဲ"

ထိုအခါ အဘိုးသည် ရဲဘုန်းမင်း၏မျက်နှာကို မကြည့်ဘဲ၊ ရဲဘုန်းမင်း၏ မိခင်ဖြစ်သူ သူ့သမီး၏မျက်နှာကိုလည်း မကြည့်ဘဲ အဝေးတစ်နေရာဆီသို့ ငေးကြည့်ကာ...

"ဒီအကြောင်းတွေကို ပြောမယ်ဆိုရင်တော့ အရှည်ကြီးပဲ"

"ရှည်ပါစေ၊ နားထောင်ပါ့မယ်"

"ဒါပေမဲ့ မင်းနားထောင်လည်း ငါ ရှည်ရှည်မပြောနိုင်ဘူး၊ တိုတိုပဲ ပြောမယ်"

"အဲဒါဆိုလည်း နားထောင်ပါ့မယ်၊ လိုရင်းကိုတော့ ပေါ်ရင်ပြီးတာပါပဲ"

"ကောင်းပြီ... မင်းနားထောင်ပေတော့"

အဘိုးက ချက်ချင်းမှာ မည်သည့်စကားကိုမှ မပြောဘဲ သူ့ဘာသာ ကွမ်းယာ ယာစားနေသည်။ ထုံးစံအတိုင်းပင် အတော်ကြီးအကြာမှ ကွမ်းတမြုံ့မြုံ့ဝါးလျက်...

"ကဲ... မြေး ရဲဘုန်းမင်း မင်းသိချင်တာကို အခု အဘိုးပြောပြမယ်"

"ပြောပြပါ သိချင်နေပါပြီ"

"မင်းအဖေ ဦးရဲတင့်ဟာ အင်မတန်မှ စိတ်ထားကောင်းမွန်တဲ့ လူတစ်ယောက်ဖြစ်တယ်၊ အထူးသဖြင့် လူတစ်ဖက်သား အပေါ်မှာ သည်းခံစိတ် အလွန်ကြီးတဲ့ လူတစ်ယောက်ဖြစ်တယ်၊ သူဟာ စားသောက်ဆိုင်တစ်ဆိုင်မှာ ဒုလက်ထောက် မန်နေဂျာအဖြစ် အလုပ်ထမ်းရသူလည်း ဖြစ်တယ်"

"ဘယ်မှာလဲ"

"ရန်ကုန်မှာ"

"ဟုတ်ပြီ... အဲဒီတော့ ဆက်ပြောပါဦး"

"အဲဒီစားသောက်ဆိုင်က ဘာအဓိကထားလည်းဆိုလို့ရှိရင် အရက်ကို အဓိကထားပြီး ရောင်းတဲ့ဆိုင် ဖြစ်တယ်၊ အဲဒီဆိုင်ကို လာပြီး စားသောက်တဲ့လူတွေထဲမှာလည်း အင်မတန်ဆိုးဝါးတဲ့လူတချို့ရှိတယ်၊ အဲဒီထဲမှာမှ နှစ်ယောက်ဟာ မင်းအဖေကို အင်မတန်နိုင်ထက်စီးနင်း နိုင်ခဲ့ဖူးတယ်"

"အဲဒီလူတွေရဲ့နာမည်ကို ကျွန်တော် နောက်မှမေးတော့မယ် အဘိုး၊ အခု ကျွန်တော့်ကို ရှေ့ ဘယ်လို ဆက်ဖြစ်တယ် ဆိုတာကိုပဲ ပြောပြပါ"

"အေး... ဟုတ်ပြီ ဆက်ပြောမယ်၊ အဲဒီလူနှစ်ယောက်ထဲမှာမှ တစ်ယောက်ကတော့ အဓိကပေါ့ကွယ်၊ သူကတော့ ဆရာကြီးပေါ့၊ တစ်ယောက်ကတော့ သူနဲ့အတူပါလာတဲ့အဖော်တစ်ယောက်ပါ၊ ဒါပေမဲ့ သူကတော့ မင်းအဖေအပေါ်မှာ နှောင့်ယှက်မှု၊ နှိပ်စက်မှု ဘာတစ်မှ မရှိခဲ့ပါဘူး၊ သူကလည်း သူ့သူဌေးကို ထိန်းသိမ်းဖို့အတွက် လိုက်လာရတဲ့ အလုပ်သမားအဆင့်ပါ"

"ဒါဆို အဲဒီသူဌေးပဲပေါ့၊ အဓိကက အဲဒီပုဂ္ဂိုလ်ကြီးကပဲ အဓိကပေါ့၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်... အဲဒီလူက အဓိကပဲ၊ အဲဒီလူက မင်းအဖေအပေါ်မှာ အင်မတန်မှနိုင့်ထက်စီးနင်း နိုင်တယ်"

"ဘယ်လိုမျိုးလဲ"

"ဩော်... လူကြားသူကြားထဲမှာ အော်ဟစ်ဆဲဆိုတယ်ကွာ၊ ထိုးကြိတ် ရိုက်နှက်တယ်ကွာ၊ မျက်နှာကို တံတွေးနဲ့ ထွေးတယ်ကွာ၊ အဲဒီလိုမျိုးတွေ မျိုးစုံလုပ်တယ်ကွာ"

"အဲဒါကို ကျွန်တော့်အဖေက သည်းခံနေတယ်တဲ့လား"

"သည်းမခံလို့လည်း မရဘူးကွ၊ သူလုပ်နေတဲ့ ဆိုင်ပိုင်ရှင် သူဌေးကိုယ်နှိုက်ကိုယ်ကအဲဒီပုဂ္ဂိုလ်ကြီးရဲ့ကျေးဇူး မကင်းရာ မကင်းကြောင်း ဖြစ်နေတယ်၊ တပည့်လို ဖြစ်နေတယ်၊ ဆိုင်ပိုင်ရှင် ကိုယ်တိုင်ကိုယ်က ဒီလူကြီးကို ဒီလိုဒီပုံသည်းခံပါဆိုပြီး သူ့ကိုမှာကြားထားတာလေးတွေ ရှိနေတယ်၊ အဲဒါကြောင့် သူဟာ အဲဒီပုဂ္ဂိုလ်လုပ်သမျှ အကုန်လုံးသည်းခံနေရှာရတယ်၊ ဒါပေမဲ့ သည်းခံခြင်းဟာ မင်းအဖေအတွက် အဆန်းမဟုတ်ပါဘူး၊ မင်းအဖေဟာ အင်မတန်မှ စိတ်သဘောထား နူးညံ့တဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့်သူ့ကို ဘယ်လိုပဲ နိုင့်ထက်စီးနင်း လုပ်သည်ဖြစ်စေ သူ သည်းခံနေတာပါပဲ"

"ကဲ... ဟုတ်ပြီ၊ အဲလိုလူက ဘယ်လိုလုပ် လူသတ်သမားဖြစ်သွားလဲ၊ ကျွန်တော့်ကိုပြောပါ"

"အေး... အဲဒါပြောဖို့ဆိုတာက တို့အတွက် တော်တော့်ကိုခက်ခဲတဲ့အကြောင်းအရာဖြစ်နေတယ်၊ ဒါပေမဲ့ မင်း အရမ်းသိချင်နေတယ်ဆိုလို့ရှိရင်တော့ ခက်ခက်ခဲခဲကြားကပဲ လွယ်ကူအောင် ငါ ပြောပြရတော့မှာပဲ"

"ပြောပါအဘိုး... ကျွန်တော် သိချင်တယ်"

အဘိုးသည် ပါးစပ်ထဲမှာ ကွမ်းမြုံ့လျက် ဘာရည်ရွယ်ချက်မှ မရှိဘဲ ကွမ်းသီးစိပ်များကို ညှပ်ဖြင့် ချပ်ခနဲစိပ်ကာ အဝေးသို့ ငေးကြည့်နေလေသည်။

မိခင်ဖြစ်သူသည် တရှုံ့ရှုံ့ရှိုက်ငိုကာ သားဖြစ်သူကို ငေးကြည့်ပြီး မည်သည့်စကားကိုမှ ဝင်မပြောဘဲ ရင်မောနေလေသည်။ အဘိုးဖြစ်သူကသာ...

"တစ်နေ့မှာပေါ့ကွာ..."

"ဟုတ်ပြီ အဲဒီတစ်နေ့မှာ ဘာဖြစ်သလဲ၊ ကျွန်တော်ကလည်း အဲဒါကိုပဲသိချင်နေတာ"

"အဲဒီလူကြီးသောက်မယ့် အရက်ခွက်ထဲကို မင်းအဖေက အဆိပ်ခတ်လိုက်ပါတယ်ဆိုပြီး ရုံးတင် တရားစွဲခံရတယ်၊ ထောင်ကျတယ်"

"ကျွန်တော့်အဖေ အဆိပ်ခတ်တယ်ဆိုတာက ဟုတ်လို့လား"

"ဟုတ်တယ်"

"ဟိုလူက သေသွားလား"

"သေတယ်၊ ပွဲချင်းပြီးကို သေသွားတယ်"

"ကျွန်တော့်အဖေက အဆိပ်ခတ်တယ်ဆိုတာကို မျက်မြင်သက်သေ ရှိသလား"

"ရှိတယ်၊ ဆိုင်ဝန်ထမ်းတော်တော်များများကကို မျက်မြင်သက်သေတွေပဲ"

"ကျွန်တော့်အဖေက သည်းခံခွင့်လွှတ်တတ်တယ်ဆိုတာကိုကော သူတို့တွေ မသိဘူးလား"

"သိကြပါတယ်"

"ဒါဖြင့်..."

"လူတစ်ယောက်ရဲ့ နားကျည်းမှုပေါ့၊ အဲဒီလိုပဲ သတ်မှတ်ကြတယ်"

"အဖေကကော သူသတ်ခဲ့ပါတယ်လို့ ဝန်ခံသလား"

"ဝန်မခံဘူး"

"ဘာ"

"ဝန်မခံဘူး၊ နောက်ဆုံးအချိန် အထိ ဝန်မခံဘူး"

"အဲဒါကို မယုံကြည်ကြဘူးလား"

"ဟုတ်တယ်၊ မယုံကြည်ကြဘူး"

"ဘယ်သူကမှ မယုံကြည်ကြဘူလား"

"ဟုတ်တယ်"

"မယုံကြည်တဲ့သူတွေထဲမှာ အမေနဲ့အဘိုးကော ပါသလား"

"ဒါ..."

အဘိုးက စကားဆက်မပြောနိုင်ဘဲ ရဲဘုန်းမင်း၏ အမေဖြစ်သူကို တစ်ချက်လှည့်ကြည့်၏။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဖြစ်သောကြောင့် ရဲဘုန်းမင်းသည် အခြေအနေကို သဘောပေါက်နားလည်သွား၏။

သို့သော်လည်း မေးစရာရှိသည့်မေးခွန်းကိုမူ သူ့အနေနှင့် မကျန်အောင် ဆက်မေးလေသည်။

"အဲဒီတုန်းက ကျွန်တော်တို့က ရန်ကုန်မှာပေါ့၊ ဟုတ်လား..."

"ဟုတ်တယ်"

"အဖေလုပ်တဲ့စားသောက်ဆိုင်နာမည်က ဘာတုံး၊ ဘယ်နေရာမှာ ရှိတာတုံး"

"ရန်ကုန်မြို့လယ်ခေါင်က စားသောက်ဆိုင်တစ်ခုပါပဲ၊ 'သီတာထွန်း' ရက်စတောရန့်... တဲ့"

"ဆိုင်ပိုင်ရှင်က ဘယ်သူတုံး"

"ဦးရင်မောင်... တဲ့"

"ဟုတ်ပြီ... နောက်တစ်ခု ဆက်မေးဦးမယ်"

"တစ်ခုမဟုတ်ဘူး မင်း မေးချင်သလောက်သာ ဆက်မေးပေတော့၊ ဒီနေ့အဖို့တော့ မင်းမေးသမျှအကုန်လုံးကို ငါဖြေမယ်"

"အဖေသတ်လိုက်တယ်ဆိုတဲ့ လူရဲ့နာမည်က ဘယ်လိုခေါ်သတုံး"

"ဦးချမ်းငြိမ်းကျော်လို့ ခေါ်တယ်"

"သူ ပွဲချင်းပြီးသေရလောက်အောင် အဖေခတ်လိုက်တဲ့အဆိပ်က ဘာအဆိပ်လဲ"

ထိုမေးခွန်းကို မြန်မာပညာရှိဖြစ်သူအဘိုးက ခေတ္တတုံ့ဆိုင်းနေပြီးမှ 'မသိဘူး' ဟု ပြန်ဖြေသည်။

"ဘိလပ်ကလာတဲ့ အဆိပ်ပဲကွ၊ ငါလည်း မသိဘူး"

"အဖေ အဲသလိုအဆိပ်မျိုးကို ကိုင်နိုင်သလား"

"ငါဖြင့် မတွေ့ဖူးပါဘူး"

"တခြား ဘယ်အဆိပ်ကို ကိုင်တာ တွေ့ဖူးသလဲ"

"အဲဒါကိုလည်း မတွေ့ဖူးပါဘူး"

စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွားသည်။ အတန်ကြာမှ ရဲဘုန်းမင်းက...

"အဖေ့အတွက် ရှေ့နေ ငှားမပေးကြဘူးလား"

"ပြစ်မှု အရမ်းထင်ရှားနေတယ်၊ ဘာမှ လုပ်လို့မရဘူး"

"အဖေက ဒီအရက်ခွက်ထဲ အဆိပ်ခတ်လိုက်တယ်ဆိုတာကို ဘယ်သူတွေ မြင်တာတုံး"

"မီးဖိုခန်းထဲရှိနေတဲ့ ဝန်ထမ်းအားလုံးက မြင်တယ်၊ လေး၊ ငါးယောက်က သက်သေထွက်သွားတယ်"

"အဘိုးကို ကျွန်တော် တစ်ခုမေးပါရစေဦး၊ တစ်ခုဆိုပေမယ့် နှစ်ခု သုံးခုလည်း ဖြစ်နိုင်တယ်၊ မှန်ရာကို ဖြေပေးကြပါ"

"မေးလို့ ပြောပြီးပြီ"

"(၁)အချက်"

"အင်း ..."

"ကျွန်တော့်အဖေက လူတစ်ယောက်ကို သတ်လောက်တဲ့အထိ စိတ်ဓာတ် ကြမ်းတမ်းဖူးလား"

"အဲဒါကတော့ ပြောလို့မရဘူးကွာ"

"ဘယ်လိုပြောလို့ မရတာလဲ"

"လူတစ်ယောက်ဟာ တစ်ချိန်မှာ သိုးလေးတစ်ကောင်လို သိမ်မွေ့ပေမယ့် တစ်ချိန်မှာ ကျားရိုင်းတစ်ကောင်လို ခက်ထန် သွားတတ်တယ်"

"အဲဒါဆိုလည်း သူသတ်တယ်၊ မုန်းလို့သတ်တယ်၊ ဘာကိစ္စငြင်းနေရတာတုံး"

"အဲဒါတော့ ငါလည်း မပြောတတ်ဘူး"

"ကဲ... ဒါဖြင့် ထပ်မေးမယ်၊ (၂)အချက်"

"မေး"

"ကိုယ်သတ်တာကို မသိစေချင်တဲ့ လူတစ်ယောက်က မီးဖိုခန်းထဲက အလုပ်သမားတွေရှေ့မှာ ဒီအရက်ခွက်ထဲကို ပေါ်ပေါ်ထင်ထင် အဆိပ်ထည့်ပါ့မလား ဖြစ်နိုင်ပါ့မလား"

"အဲဒါ ငါလည်း မသိဘူး"

"အဘိုးမသိတာတွေ အရမ်းများနေပြီ"

"ဟုတ်တယ် ငါညံ့တယ်"

"တကယ်တော့ အဘိုးက ပညာရှိတဲ့လူပါ၊ ဘာကိစ္စ စေ့စေ့စပ်စပ် မတွေးတောခဲ့တာလဲ၊ ဒီကိစ္စကြီးတစ်ခုလုံးကို ကွမ်းလို ဝါးပြီး ကွမ်းတံတွေးလို ထွေးပစ်လိုက်တာပဲလား"

အဘိုးက မည်သည့်စကားကိုမှ ပြန်မပြောချေ။ ရဲဘုန်းမင်းက မိခင်ဖြစ်သူဘက်သို့လှည့်ကာ နူးနူးညံ့ညံ့ မေးလိုက်၏။

"ကိုယ့်လင်သားက တရားခွင်မှာ တိုက်ပွဲဝင်နေတုန်း အမေ့ဘက်က ဘာစစ်ကူတွေ သုံးခဲ့သလဲ ဟင်၊ အမေကလည်း ပွဲကြည့်ပရိသတ်ပဲလား၊ အများထဲက တစ်ယောက်ပဲလား"

အမေကလည်း အဘိုးနည်းတူ ဘာမှ ပြန်မပြောဘဲ တရှုံ့ရှုံ့ငိုနေသည်။

"အဲသည်တုန်းက ကျွန်တော် ဘယ်အရွယ်ရှိပြီလဲ ပြောပါဦး"

"လေးနှစ်"

"သေချာတာတစ်ခုတော့ရှိတယ်၊ ကျွန်တော်သာ အရွယ်ရောက်နေပြီဆိုလို့ရှိရင် အဖေသည်လိုဖြစ်မှာ မဟုတ်ဘူး"

စကားဝိုင်းက တိတ်ဆိတ်သွားကြပြန်သည်။ အတန်ကြာမှ ရဲဘုန်းမင်းက အမှု၏ နောက်ဆက်တွဲကိစ္စများကို မိသားစုဆန်စွာ ဆက်လက်မေးမြန်း၏။

"အဖေ့ကို ထောင်ဝင်စာလေးဘာလေးတောင် သွားမတွေ့ကြဘူးလား"

ထိုအမေးစကားကိုတော့ မိခင်ဖြစ်သူကပင် ရှိုက်သံတစ်ဝက်နှင့် ပြန်လည်ဖြေကြားလေသည်။

"မင်းအဖေကိုယ်တိုင်ကကို လာအတွေ့မခံတာ"

"ထောင်ထဲရောက်ပြီး ဘယ်လောက်အကြာမှာ အဖေက ဆုံးသွားတာတုံး"

"မကြာပါဘူး၊ သုံးနှစ်ကျော်ကျော်မှာ ဆုံးသွားတယ်"

"ဘာရောဂါနဲ့လဲ"

"နလုံးရောဂါနဲ့"

"ဘာတွေခံစားရလို့ပါလိမ့်"

"အင်း... အဲဒါပြောရင်တော့ ရင်နင့်စရာပဲ"

"ခုမှတော့ ဘာမှ မထူးတော့ပါဘူး၊ ပြောစရာရှိတာ အကုန်ပြောပါ"

"အဲသည်တုန်းက ငါတို့ဟာ မင်းအဖေ စားသောက်ဆိုင်မှာ လုပ်တဲ့ ဝင်ငွေနဲ့ပဲ ရပ်တည်နေခဲ့ရတယ်၊ အဲဒါကြောင့်လည်း မင်းအဖေက အားလုံးကို သည်းခံခဲ့တာပါ၊ မင်းအဖေကိုထောင်ဒဏ် တစ်သက်တစ်ကျွန်းချလိုက်တဲ့နေ့မှာပဲ မင်းအဘွားက စိတ်ထိခိုက်ပြီး ဆုံးသွားတယ်၊ အဲဒါကို ထောင်ထဲက မင်းအဖေက မသိဘူး"

"အင်း... ဆက်ပါဦး"

"ဒါပေမဲ့ နောက်သုံးနှစ်လောက်အကြာမှာ ငါတို့ရဲ့ အသိအကျွမ်းထဲက လူတစ်ယောက်ဟာ လောင်းကစားမှုနဲ့ ထောင်ထဲ ရောက်သွားတယ်၊ သူ့ဆီကတစ်ဆင့် ဒီအကြောင်းကိုသိသွားပြီး မင်းအဖေလည်း ဆုံးသွားတယ်"

ရဲဘုန်းမင်းက နာကျည်းစွာ ရယ်မောလိုက်မိ၏။

"ဟား ဟား ဟား ကုလားကားကျနေတာပဲနော်၊ ဒီလူသတ်မှုကို ကျွန်တော့်အဖေ မကျူးလွန်ဘူးဆိုတာကို ယုံကြည်တဲ့သူများ မရှိခဲ့ကြဘူးလား"

"သုံးလေးငါးယောက်တော့ ရှိပါတယ်"

"ဘယ်သူတွေလဲ၊ ဘယ်မှာလဲ"

"ငါတို့က အဲဒီအမှုကြောင့် ရှက်စိတ်ဝင်ပြီး ရန်ကုန်ကနေနယ်ကို ပြောင်းလာခဲ့တယ်၊ အဲဒီလူတွေကတော့ ရန်ကုန်မှာပဲ ကျန်ခဲ့ကြတာပေါ့"

"အင်း... ဒါဆိုလဲ ကျွန်တော် ရန်ကုန်ကို ပြန်သွားရဦးမှာပေါ့"

"သူတို့မသေသေးဘူးဆိုရင်တော့ မင်းနဲ့ တွေ့ကြမှာပါ"

"ကျွန်တော့်အဖေလည်း သေခဲ့ပြီ၊ ကျွန်တော့်အဘွားလည်း သေခဲ့ပြီ၊ ဒီလူတွေလည်း သေရင် သေသွားကြလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော်မသေသေးဘူး၊ ဒါကြောင့် ဒီအမှုလည်း မသေသေးဘူး"

*မြင်းစီးကြည့်တာပဲ*

*အထီးမှန်း အမမှန်း မသိတော့လည်း*

*ဘာဖြစ်လဲ*

*ဒီတောင်အဆင်းမှာ*

*လေနီကြမ်းကို ခွင်းနိုင်ရင် ပြီးတာပဲ။*

*မီ း နို း ဖြ ူ*

*( ကျွ န် း သို့ ပြ န် သွ မှ )*

"ဒီနာမည်နဲ့ပတ်သက်လို့ ကျုပ်က ဘာမှတ်မိရမှာလဲ၊ ပက်ထရီလူသတ်မှုဆိုတာတော့ မှတ်မိတာပေါ့၊ မင်းသိချင်တာ အဲဒါလား၊ ကျုပ်တစ်သက်မှာ စိတ်မချမ်းသာစရာ အကောင်းဆုံးအချိန်ကို ကျုပ် ဘယ်မေ့လိမ့်မလဲ၊ ဒါပေမဲ့ ဒါနဲ့ မင်းနဲ့ ဘာဆိုင်လို့လဲ"

"ကျွန်တော် ရီးစ်ပက်ထရီရဲ့ သားပါ"

မျက်နာကြက်နိမ့်နိမ့်ဆိုင်ခန်းလေးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ အဘိုးကြီးလည်း ပေါလ်အား ခြေဆုံးခေါင်းဆုံး ကြည့်လျက် သူ့ရှေ့က ကောင်တာပေါ်တွင်တင်ထားသည့် နာမှုန့်ဘူးကို ယူ၍ဖွင့်ကာ နာမှုန့်တစ်တို့ကို သူ၏နာခေါင်းဝသို့ ပွတ်၍ ရှူလိုက်၏။

"မင်း... ကျုပ်ဆီကို ဘာဖြစ်လို့ လာတာလဲ"

"ကျွန်တော် မ... မပြောတတ်ဘူး၊ ကျွန်တော် ဒီကိုလာတာက ဒီလိုပါ"

ပေါလ်သည် သူ စတုန်းဟိုထံသို့ ထွက်လာခဲ့ရသည့်အကြောင်းများကို အထစ်ထစ်အငေါ့ငေါ့ဖြင့် ကြိုးစား၍ ရှင်းလင်းပြောသည်။ ပြီးမှ… "ကျွန်တော် ဒီကို မနက်ကရောက်ပါတယ်၊ ဘဲလ်ဘက်ကို ကူးတဲ့ သန်းခေါင်သင်္ဘောအမီ ဒီကည ကိုးနာရီရထားနဲ့ ပြန်ရပါ့မယ်၊ ကျွန်တော် တစ်ခုခုများ သိသွားရမလားလို့…၊ ဒီလိုပါ… ခင်ဗျား၊ ကျွန်တော်လည်း မပြောတတ်ပါဘူး၊ ဒီလိုပါ သက်ညှာနိုင်တဲ့ အကြောင်းအချက်ကလေးတို့ ဘာတို့ပေါ့ ခင်ဗျာ၊ အဲဒီလိုဆိုရင် ကျွန်တော် အိမ်ပြန်သွားတောင်စိတ်သက်သာရာ ရမလားလို့ ဦးဆီကို လာခဲ့တာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အမှုတစ်ခုလုံးက သက်သေတွေထဲမှာ သူ့ဘက်က ကောင်းကောင်းထွက်တာက ဦးတစ်ယောက်ပဲဆိုလို့…" ဟု အပြီးသတ်လိုက်၏။

ပရပ်စတီက စိတ်တိုသွားဟန်ဖြင့်…

"သူ့ဘက်က ကောင်းကောင်းထွက်ဆိုတယ်ဆိုတာက ဘာကို ဆိုလိုတာလဲ၊ မင်းက ဘာကို သိချင်တာလဲ" ဟု ကန့်ကွက်သလို ဆိုလိုက်သည်။

"ဒီလိုဆို ဦး ကျွန်တော့်ကို ဘာမှပြောမပြနိုင်ဘူး ဆိုပါတော့"

"ဟ… ငါက ဘာပြောနိုင်ရမှာလဲ ငါ့လူရ"

"ကျွန်… ကျွန်တော် မသိဘူး" ဟု ပေါလ်က သက်ပြင်းချရင်း ပြော၏။ ခဏမျှနားရပြီးသော် သူသည် ပခုံးကို မတ်လိုက်ပြီး တံခါးဆီသို့ လှည့်လိုက်၏။ သူ၏အသံမှာ တည်ငြိမ်နေ၏။

"ကောင်းပါပြီ ခင်ဗျား ကျွန်တော် သွားလိုက်ပါဦးမယ်၊ ဦးကို လာပြီး ဒုက္ခပေးရတာ အားနာပါတယ်၊ အခုလို လက်ခံစကားပြောတာကို ကျေးဇူးတင်ပါတယ်"

သူလှည့်ထွက်သွား၍ တံခါးမရောက်မီ လမ်းခုလတ်တွင် 'ဟေ့ . . . နေဦး' ဟု ကိုဆတ်ဆတ် အမိန့်ပေးသံကြောင့် သူရပ်နေလိုက်၏။

ဆရာထင်လင်း ဘာသာပြန်သည့် 'တစ်ကျွန်းစံ၏အပြန်လမ်း' အမည်ရှိဝတ္ထုကို ဖတ်နေမိခြင်းဖြစ်သည်။ အမှန်ဆိုရင် ဓာရီဝတ္ထုတွေကို မဖတ်တာ ကြာပြီ။ ယခုတလောစိတ်တွေလေနေသဖြင့် ပြေရာပြေကြောင်း ဖြစ်လိုဖြစ်ငြား ခြံထဲမှာ ဒန်းစီးရင်း ထိုဝတ္ထုကို ဖတ်နေမိခြင်း ဖြစ်သည်။

ဝတ္ထုထဲမှ အကြောင်းအရာများကလည်း သူမ၏စိတ်ကို ပြေငြိမ်းခြင်းငှာ မစွမ်းသာ။ ဇာတ်ကောင်လူငယ်က လူသတ်သမားဟု အဖမ်းခံခဲ့ရသော သူ၏ဖခင်အတွက် လိုက်လံစုံစမ်းမှုများပြုနေသည်။

ရဲဘုန်းမင်းအကြောင်းကို ရင်ထဲမှာ နင့်နေအောင်နာသည်အထိ သတိတရ တွေးတောမိပြန်သည်။ ယခုဆို သူသည်လည်း ထိုသို့ပင် ဖြစ်နေပြီလား…။ ဖြစ်ဖို့ များပါတယ်။ အဘယ်ကြောင့်ဆိုသော် သူက လူတွေ၏စိတ်ကို ဖတ်တတ်သည်။

သွေးကိစ္စကိုအခြေခံ၍ ပေါ်ပေါက်လာသော အမှန်တရားဆိုင်ရာကိစ္စလည်း ဖြစ်နိုင်သည်။ သူ အဆင်ပြေရဲ့လား။ သူ ဝမ်းနည်းနေသလား။ သူ ဘာအခက်အခဲတွေ တွေ့နေသလဲ၊ သူ့အဖေကကော ဘာကြောင့် လူသတ်ရတာလဲ။

ရဲဘုန်းမင်းနှင့် သူမတို့ မဆုံတွေ့တာ နှစ်လခန့်ကြာမြင့်ခဲ့ပါပြီ။ နှစ်လဟူသောအချိန်သည် ဘာမှမရှိပါ။ မည်သို့ပင်ဖြစ်စေ လွမ်းတတ်သူအတွက်ကတော့ နှစ်လဟူသောအချိန်သည်လည်း အသင်္ချေတမျှ ကြာမြင့်လှပါသည်။

"ဓာရီ"

အသံကြား၍မော့ကြည့်လိုက်တော့ ထုံးစံအတိုင်း သိန်းသန်းစုတို့ အုပ်စုဖြစ်နေသည်။ သူတို့အုပ်စုနှင့်အတူ ကိုမျိုးကြည်၊ ကိုကျော်ဦးညို၊ ကိုရဲဝင်းတို့လည်း လိုက်ပါလာပါသည်။ ထွေထွေထူးထူးကိစ္စ ရှိပုံမပေါ်ပါ။ သူမကို အားပေးသည့် သဘောဖြင့် သူတို့တွေ ထိုကဲ့သို့ ရောက်ရောက်လာတတ်သည်မှာ လေးငါးကြိမ်ရှိခဲ့ပါပြီ။

"ထိုင်ကြလေ"

လောကွတ်ပြု၍ ပြောသောစကားပါ။ အမှန်ဆို လောကွတ်ပြုရမည့်သူတွေလည်း မဟုတ်ပြန်။ ကိုရဲဝင်းက ဓာရီ့လက်မှ ချလိုက်သောဝတ္ထုကို တစ်ချက်လှမ်းကြည့်ပြီး...

"သြော်... ဒီဝတ္ထု ဖတ်နေတာကိုး"

"ဟုတ်တယ်... ကိုရဲဝင်း ဖတ်ဖူးလား"

"အလွတ်တောင် ရတယ်"

"ဟင်... တကယ်"

"ငါ ဘယ်တုန်းက ညာဖူးလို့လဲ"

"ကိုမျိုးကြည်တို့ ကိုကျော်ဦးညိုတို့ရော ဖတ်ဖူးလား"

"သူ့လိုတော့ အလွတ်မရဘူးပေါ့လေ၊ ဖတ်တော့ ဖတ်ဖူးပါတယ်၊ နှစ်ခေါက်သုံးခေါက်ကို ဖတ်ဖူးတယ်"

သူတို့ပုံစံကြည့်ပြီး အကင်းပါးသလောက် စပ်စုတတ်ပုံရသော သိန်းသန်းစုက...

"အဲဒါ ဘာဝတ္ထုမို့တုံး"

ခင်နှင်းသဇင်ကတော့ အူကြောင်ကြောင် ကြည့်နေသည်။ အတန်ငယ်စာဖတ်ပုံရသော

မီမီထွေးက...

"ဒီလိုဟယ်..."

"ဘယ်လိုလဲ"

"ကျွန်းကြီးတစ်ကျွန်းရှိတယ်ဟယ်၊ အဲဒီမှာ စံစားနေတဲ့ လူတစ်ယောက်ရှိတယ်၊ တစ်နေ့မှာ သူက အဲဒီက ပြန်ချင်ရော...၊ အဲဒီမှာ လမ်းရှာတယ်ဟာ...၊ အဲဒီဝတ္ထု"

သိန်းသန်းစုနှင့် ခင်နှင်းသဇင်က မီမီထွေးကို အထင်ကြီးစွာကြည့်၏။ ဆက်မေး၏။

"ထင်လင်းဆိုတာကရော အဲဒီလူကြီးရဲ့ နာမည်လား၊ သူက အဲဒီကျွန်းမှာ ဘာသွားလုပ်နေတာလဲ"

"အဲဒါတော့ မမှတ်မိဘူးဟ၊ ပျော်လို့နေမှာပေါ့"

"သူ့နာမည်က ဘာလို့ ထင်လင်း ဖြစ်နေတာလဲ"

"သူ့ကို ကြည့်လို့ရတယ်ဟ၊ 'ထင်' တယ်၊ ပြီးတော့ 'လင်း' နေတယ်"

"နင်တွေ့ဖူးလို့လား"

"ဟင့်အင်း"

စိတ်ညစ်ရသည့်အထဲ ဘာတွေမှန်းလည်းမသိ လာပြောနေကြသည်။ ထိုအချိန်မှာ...

ရဲဘုန်းမင်းက ထိုအမှုကို ကိုင်တွယ်ခဲ့သော ရဲသားကြီးတစ်ယောက်နှင့် စကားပြောဆိုနေချိန်ဖြစ်လေသည်။

"ကျွန်တော့်အဖေက လူမသတ်ခဲ့ဘူးလို့ ဦးလေးကလည်း ယုံတယ်ပေါ့"

"အေး"

ရဲသားကြီးမှာ အငြိမ်းစားယူခဲ့ပြီးပြီဖြစ်၏။

ဆံပင်တွေလည်း ကျိုးတို့ကျဲတဲပေါက်နေပြီ။ သို့သော် ရဲကြီး(ခေါ်) ဘတင့်(ခေါ်) ရဲတင့်၏လူသတ်မှု အကြောင်းကိုတော့ သူ မှတ်မိနေဆဲဖြစ်လေသည်။

ရဲဘုန်းမင်း၏ဖခင်အမည်က ဦးရဲတင့်ဖြစ်၏။ သို့သော်လည်း တရားခံဖြစ်ရသူတို့ထုံးစံအတိုင်း ငယ်နာမည်များ၊ နာမည်ပြောင်များအားလုံးကို သိမ်းကျုံးခေါ်ဆိုလိုက်သောအခါ ရာဇဝင်လူဆိုးကြီးတစ်ဦးပမာ ရဲကြီး(ခေါ်) ဘတင့်(ခေါ်) ရဲတင့် ဖြစ်သွားရလေသည်။

"ကျွန်တော့်အဖေ သတ်တာမဟုတ်ဘူးလို့ ဦးလေးက ဘာလို့ထင်ရတာတုံး"

"ထင်ချင်လို့ထင်တာပေါ့ကွာ"

အငြိမ်းစားရဲအိုကြီးက ထိုကဲ့သို့ ဘုဆတ်ဆတ် ဆို၏။ ရဲဘုန်းမင်းက အလိုက်တသိဖြင့် စားပွဲထိုးကို လှမ်းခေါ်ကာ...

"ဝီစကီတစ်ပိုင်းလောက် ထပ်ချပါဦး၊ ဝက်ကြော်တစ်ပွဲနဲ့ ငါးမုန့်ကြော်တစ်ပွဲပါ ယူခဲ့"

ရေချိန်မကိုက်သေးသော အဘိုးကြီးကို လိုအပ်သောအတိုင်းအတာထိ ဆက်တွန်းပေးရ၏။ အဘိုးကြီးက ဇရက်မင်း စည်းစိမ် မဟုတ်သော်လည်း ကျီးကန်းမင်းစည်းစိမ်လောက်နှင့် ဆက်လက်ဇိမ်ယစ်နေသည်။ အတန်ကြာမှ...

"ဟေ့ကောင်လေး"

"ဗျာ"

"ငါသိတယ်ကွ၊ ရဲတင့်က ဒီအမှုရဲ့လူသတ်တရားခံမဟုတ်ဘူး"

"ဘယ်လိုသိသလဲဆိုတာကို ကျွန်တော်ကြားချင်တာပါ"

အဘိုးကြီးက တစ်ချက်ငိုင်သွားပြီး...

"ဒီအတိုင်း သိတာကွ"

"ဘယ်လို ဒီအတိုင်းသိတာလဲ"

"ငါ အမှုတွေအများကြီး လိုက်ခဲ့ဖူးတဲ့ ရဲပဲ၊ တရားခံ အများကြီးကိုလည်း ဖမ်းခဲ့ဖူးတယ်၊ ဟုတ်ရင် ဟုတ်မှန်းသိတယ်၊ မဟုတ်ရင် မဟုတ်မှန်းသိတယ်၊ စိတ်ထဲကအလိုလိုကို သိတယ်၊ မင်းအဖေက တရားခံအစစ်မဟုတ်ဘူးဆိုတာ ငါ စိတ်ထဲကသိနေတယ်"

"ဒါနဲ့များ ကျွန်တော့်အဖေကို ဘာလို့ဖမ်းပြီး ထောင်ချရတာလဲဗျာ..."

အဘိုးကြီးက သက်ပြင်းမောတစ်ချက်ကို ချ၏။

"ကိုယ့်စိတ်ထဲမှာ သိရုံနဲ့ မပြီးဘူးလေ ကောင်လေးရဲ့၊ တရားရုံးဆိုတာက အထောက်အထားရှိရတယ်၊ သက်သေတွေ ရှိရတယ်၊ မင်းအဖေဟာ လူသတ်တရားခံပါဆိုတဲ့ အထောက်အထားတွေ၊ သက်သေတွေက ခိုင်မာနေတယ်"

"အဖေက မငြင်ဘူးလား"

"ငြင်းတာပေါ့၊ နောက်ဆုံးအချိန်ထိ ငြင်းတယ်"

"ဘယ်လိုအကြောင်းပြချက်တွေနဲ့ ငြင်းသလဲ"

အဘိုးကြီးက နဖူးကြောရှုံ့သွား၏။ မမေ့နိုင်သေးဟုဆိုသည့်တိုင် နှစ်(၂၀)ကျော်ကြာခဲ့ပြီဖြစ်သော အမှုတစ်ခုအတွက် သူ ပြန်လည်၍တော့ စဉ်းစားယူရသေးသည်။ ဝက်အူချောင်းတစ်ဖက်နှစ်ဖက်ကို ကောက်ဝါးပြီးခွက်ထဲသို့ အရက်ထပ်ငှဲ့သည်။ ထို့နောက်မှ...

"မင်းအဖေက အဲဒီဆေးကို ဦးချမ်းငြိမ်းကျော် သောက်မယ့်ခွက်ထဲ ထည့်လိုက်တာတော့ သေချာတယ်၊ ဒါပေမဲ့..."

"တစ်အချက်က ဒါဟာ အဆိပ်လို့ သူ မသိဘူး၊ အရက်နဲ့ တွဲဖက်သောက်ရတဲ့ အားဆေးတစ်မျိုးလို့ပဲ ထင်နေတယ်၊ နှစ်အချက်ကတော့ အဲဒီဆေးမှုန့်ကို ဦးချမ်းငြိမ်းကျော်ကိုယ်တိုင်က သူသောက်မယ့်အရက်ထဲ ထည့်ခတ်ပေးပါလို့ မင်းအဖေကို ခိုင်းလိုက်တာတဲ့"

"ဘယ်မှာခိုင်းတာလဲ"

"သူတို့သောက်နေတဲ့ အရက်ဝိုင်းမှာပါပဲ၊ လူပုံအလယ်မှာ ခိုင်းလိုက်တာ"

"အဲဒီဆေးထုတ်လေးကိုလည်း လူပုံအလယ်မှာပဲ ပေးတယ်ပေါ့... ဟုတ်လား"

"ဟုတ်တယ်"

"အဲဒါကို ဘေးလူတွေ မမြင်ကြဘူးလား"

"မမြင်ကြဘူး"

"ဘာဖြစ်လို့ မမြင်ကြတာလဲ"

"အဲဒီနေရာမှာလည်း အကြောင်းသုံးချက်ရှိတယ်"

"ပြောပါဦး"

"တစ်အချက်... ဦးချမ်းငြိမ်းကျော်က အဲဒီလိုပဲ မင်းအဖေကိုခေါ်ခေါ်ပြီး ပြောနေကျ၊ ခိုင်းစေနေကျ၊ ဆဲဆို ရိုက်နှက်နေကျ၊ ဒါကြောင့်အားလုံးက သူတို့ကို အထူးအထွေလုပ်ပြီး ကြည့်မနေကြတော့ဘူး"

"နှစ်အချက်ကရော"

"မင်းအဖေကို သူပေးတဲ့ အဲဒီဆေးထုပ်လေးက သေးလွန်းအားကြီးတယ်၊ တော်ရုံတန်ရုံလူ မြင်လိုက်ဖို့ မလွယ်ဘူး"

"သုံးအချက်ကရော"

"အဲဒါကတော့ ကံကြမ္မာပဲ..."

"ကံကြမ္မာ... ဟုတ်လား၊ ဘာကံကြမ္မာလဲ"

"မင်းအဖေကို ဦးချမ်းငြိမ်းကျော်က အဲဒီလို ဆေးထုပ်ကမ်းပေးတဲ့အချိန်မှာ တခြားဝိုင်းတစ်ဝိုင်းက ဖန်ခွက်ကျကွဲတယ်၊ အဲဒီ ခွမ်းခနဲ ဖန်ခွက်ကျကွဲသံကို လူတွေအားလုံး အာရုံရောက်သွားတယ်၊ စားသောက်သူတွေရော၊ ဆိုင်ဝန်ထမ်းတွေရော အားလုံးပေါ့ကွာ"

"အဲဒီတော့..."

"အဲဒီတော့ ဒီဆေးထုပ်ဟာ မင်းအဖေကို ကာယကံရှင်ကိုယ်တိုင်က ခတ်ဖို့ပေးလိုက်တာပါဆိုတာကို ဘယ်သူမှ သက်သေ မခံနိုင်ကြဘူးပေါ့"

ရဲဘုန်းမင်းက မဲ့ပြုံး ပြုံးလိုက်မိသည်။ လွန်ခဲ့သောနှစ်(၂၀)ကျော်မှ ဖန်ခွက်တစ်လုံးက သူ့နားထဲသို့ 'ခွမ်း' ခနဲကျကွဲသလို ခံစားလိုက်ရ၏။

"အဘကိုလည်း ကျွန်တော် အားနာပါတယ်၊ တစ်ခွန်းနှစ်ခွန်းထပ် မေးပါရစေ"

"တစ်ခွန်းနှစ်ခွန်း... ဟုတ်လား အေး... နှစ်ခွန်းပဲမေးတော့ကွာ၊ ငါလည်းခေါင်းရှုပ်လှပြီ"

"အဲဒီ ဦးချမ်းငြိမ်းကျော်က အရက်သောက်ရင် အရင်နေ့တွေကကော အဲဒီလိုပဲ ဆေးခတ်သောက်တတ်သလား"

"ဟင့်အင်း... အဲဒီအတွက် ထွက်ဆိုချက် လုံးဝမရှိဘူး"

"ဟုတ်ပြီ... ခု နောက်ဆုံးမေးခွန်းကို မေးတော့မယ်"

"ဒီအမှုမဖြစ်ခင်နဲ့ ဖြစ်ပြီးကာလမှာ အဲဒီဆိုင်အနေနဲ့ အပြောင်းအလဲတစ်ခုခုများ ရှိခဲ့သလား"

အဘိုးကြီးက နဖူးကြောရှုံ့သွားပြန်သည်။

"အာ... မင်း ဒီမေးခွန်းက ခက်တယ်ကွ"

"ဘာများခက်လို့လဲ အဘရယ်"

"မမှတ်မိတော့ဘူးကွ၊ အဲဒီလောက်ကြီး မမှတ်မိတော့ဘူး"

"စဉ်းစားကြည့်ပါဦး အဘရယ်"

အဘိုးကြီးက ရီဝေဝေငေးမောကာ...

"အေး... တစ်ခုတော့ရှိတယ်"

ရဲဘုန်းမင်း အားတက်သွား၏။

"အင်း... ပြောပါဦးအဘ"

"အဲဒီဆိုင်မှာ လက်တိုလက်တောင်းခိုင်းတဲ့ ဘာဘူဆိုတဲ့ကောင်လေး ပျောက်သွားတယ်"

"ဘာဘူ... ဟုတ်လား"

"အင်း"

"ဘယ်လိုပျောက်သွားတာလဲ"

"ကချင်ပြည်နယ်ဘက်သွားတဲ့ ကုန်သည်တချို့နဲ့ လိုက်သွားတယ်လို့ ဆိုတာပဲ"

"သူက အဲဒီဆိုင်မှာ လုပ်တာ ကြာပြီလား"

"နှစ်နှစ်လောက်တော့ ရှိပြီဆိုပဲ"

"သူပျောက်သွားတော့ အဲဒီဆိုင်မှာ ဘာထူးခြားသွားသတုံး"

"ဟ... ဘာထူးခြားရမှာတုန်း၊ ဘာမှမထူးခြားဘူး"

"ဘာဖြစ်လို့တုံး"

"အစကတည်းက လက်တိုလက်တောင်းခိုင်းတဲ့ကောင်လေး ဆယ်နှစ်ကျော်လောက်ပဲ ရှိဦးမယ်၊ ခုလည်း မင်းထက်ကြီးလှ ခြောက်နှစ်ပေါ့၊ သူ မရှိလို့လည်း အဲဒီဆိုင်က ဘာမှဖြစ်မသွားပါဘူး၊ နောက်ကောင်လေးတစ်ယောက် ခေါ်လိုက်တာပေါ့"

"ဘာဘူဆိုတော့ သူက ကုလားလား"

"မဟုတ်ပါဘူး၊ မြန်မာလေးပါပဲ"

"ဒီနေ့ထက်ထိ ပြန်မတွေ့တော့ဘူး ဟုတ်လား"

"ခွီးထဲမှ တွေ့စရာကော ဘာအကြောင်းရှိလို့လဲ"

စကားစက ပြတ်သွားပြီဖြစ်၏။ အဘိုးကြီးလည်း ရေချိန်ကိုက်သွားပြီ။ အဘိုးကြီးကို အငှားကားပေါ်တင်ပေးကာ ရဲဘုန်းမင်းတစ်ယောက်တည်း ခြောက်ကပ်စွာ လမ်းလျှောက်နေမိတော့သည်။

စိတ်ပျက်အားလျော့မှု အလျဉ်းမရှိပါ။ သူ့အတွက် မျှော်လင့်ချက်တွေ ကျန်ပါသေးသည်။ ထို့ကြောင့် လုပ်စရာတွေလည်း ရှိပါသေးသည်။

တစ်နေရာအရောက်မှာ ရဲဘုန်းမင်း စီးကရက်ဝင်ဝယ်၏။ ကွမ်းယာဆိုင်မှ ကုလားက မည်သည့်စီးကရက်အလိုရှိသနည်းဟု မေးသည်ကိုပင် ရဲဘုန်းမင်း ချက်ချင်းမဖြေနိုင်။ အဘယ်ကြောင့်ဆိုသော် သူ စီးကရက်မသောက်တတ်သောကြောင့် ဖြစ်သည်။

သို့သော် စီးကရက်တစ်ဘူးကို ဟန်ပြဝယ်ရင်း...

"အစ်ကိုကြီး ဒီမှာ ကွမ်းယာဆိုင်ဖွင့်ထားတာ ကြာပြီလား"

"ကြာပေါ့၊ နှစ်သုံးဆယ်လောက် ရှိပြီ"

"ဒီမျက်စောင်းထိုးနားမှာ အရင်က 'သီတာထွန်း' ရက်စတောရင့်ဆိုတာ ရှိခဲ့တယ်နော်"

"အင်း... လူသတ်မှုတစ်ခုဖြစ်ပြီး သိပ်မကြာဘူး ပိတ်သွားတယ်"

"အေးဗျာ... အဲဒီတုန်းက ဘာဘူဆိုတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက် ဒီဆိုင်မှာ အလုပ်လုပ်ဖူးတယ် ဆိုပဲ"

"ဘာဘူ... ဟုတ်လား"

"ဟုတ်တယ်... ဘာဘူဆိုပေမယ့် မြန်မာပါ၊ ကျွန်တော့်ထက်ကြီးမှ လေးငါးခြောက်နှစ် ပေါ့၊ အဲဒီတုန်းက ချာတိတ်ပေါ့"

"ငါ့ညီက သူ့ကို လာရှာတာလား"

"ကြုံလို့ သတိရလို့ မေးတာပါဗျာ၊ တွေ့မယ်လည်း မထင်ပါဘူး"

"တွေ့ရင်ကော..."

"ဘယ်လိုလုပ် တွေ့နိုင်တော့မှာလဲဗျာ"

"ဒီလိုကွ... ဘာဘူဆိုတဲ့ချာတိတ်က ကျောက်စိမ်းသွားတူးမယ်ဆိုတဲ့ အုပ်စုနဲ့ ပါသွားတာ၊ ဘာကျောက်စိမ်းမှလည်း မရခဲ့ပါဘူး၊ နှစ်နှစ်လောက်အကြာမှာ ငှက်ဖျားမိလို့ ပိန်ချုံးပြီး ဒီဆိုင်ကို ပြန်ရောက်လာတယ်"

"ဒီဆိုင်ဆိုတာက..."

"သီတာထွန်းရက်စတောရင့်ကိုပေါ့ကွာ၊ ဒါပေမဲ့ ဆိုင်က လူသတ်မှုဖြစ်ပြီးကတည်းက အရောင်းအဝယ်မကောင်းလို့ ပိတ်လိုက်ရတယ်"

"ဒါဖြင့်..."

"ဘာဘူ့ကို ငါပဲ ခေါ်ထားရတာပေါ့၊ ဒီကောင်လေးက စိတ်ကောင်းရှိပါတယ်၊ အလုပ်လုပ်တာလည်း ကျိုးနွံပါတယ်"

"အဲဒီဆိုင်က လူသတ်သမား ဦးရဲတင့်နဲ့ကော သူနဲ့ အဆင်ပြေသလား"

"ဦးရဲတင့်က သူနဲ့တင်မဟုတ်ဘူး၊ ငါနဲ့ပါ အဆင်ပြေတယ်ကွ၊ ပြီး... လူသတ်သမားလို့လည်း မပြောပါနဲ့ကွာ၊ သူ့ခမျာ လူကောင်းကြီးပါ"

"ဒါဖြင့် ဘယ်လိုဖြစ်တာတုံး"

"အဲဒါကတော့ မင်းဘာသာ ဘာဘူ့ကိုပဲ မေးကြည့်ပေတော့"

"ဘာဘူက ဘယ်မှာလဲ"

"ဟိုမှာ လာနေပြီ၊ အိမ်ပြန်ပြီး ထမင်းချိုင့်ယူတာ၊ မင်းတို့ သူငယ်ချင်းတွေ အေးအေးဆေးဆေး စကားပြောကြလေ"

ထိုသို့ဖြင့်...

ဓာရီနှင့် အဖွဲ့သားတို့ ခြံထဲမှာ စုဝေးက စကားတွေ ပြောနေကြစဉ် ပထမဆုံးစတင်ရောက်ရှိလာသူက ဥမ္မာဦးဖြစ်သည်။

ဓာရီက ဆီးမေးလိုက်၏။

"ဥမ္မာဦး ဘာကိစ္စလဲ၊ အလုပ်ကိစ္စဆိုရင်တော့ ဘာမှလာမပြောနဲ့"

"အလုပ်ကိစ္စ မဟုတ်ပါဘူး"

"အလုပ်ကိစ္စ မဟုတ်ပါဘူး"

"အလုပ်ကိစ္စမဟုတ်ရင် ဘာကိစ္စတုံး"

"အစ်မ နေမကောင်းဘူးဆိုလို့"

"နင့်ကို ဘယ်သူပြောလဲ"

"ကိုရဲဝင်း"

ခဲအိုလောင်းနှင့် ခယ်မလောင်းတို့ ရန်ဖြစ်ကြသည်။

"ဓာရီ နေမကောင်းဘူးလို့ နင့် ငါ ဘယ်တုန်းကပြောလို့လဲ"

"ကိုရဲဝင်းပဲ ပြောတာပဲ၊ နင်တို့အစ်မ ကြွေနေတယ်ဆို"

"အဲဒါနဲ့ နေမကောင်းတာနဲ့ ဘာဆိုင်လဲ"

"မသိဘူးလေ၊ ကျွန်မက..."

သူတို့ချင်း ရှုပ်ကုန်သည်။ ရန်မဟုတ်တာကို ရန်လုပ်နေကြ၏။ ကိုမျိုးကြည်နှင့် ကိုကျော်ဦးညိုတို့က ကိုရဲဝင်းကို ဝိုင်းဖျောင်းဖျကြ၏။

"ခင်ဗျားကလဲဗျာ... လိုက်ပွဲလေးကို ကြင်နာမှပေါ့"

သူတို့က တိုးတိုးပြောသော်လည်း ဥမ္မာဦးက နားစွန်နားဖျား ကြား၏။

"လိုက်ပွဲ... ဘာလိုက်ပွဲတုံး"

"မဟုတ်ပါဘူး တိုက်ပွဲလို့ပြောတာပါ"

"ရှင်တို့နော်"

ထိုအချိန်မှ ထပ်မံရောက်ရှိလာသူက ဦးဝင်းကို။

"ဓာရီ... အော့... ဘာဖြစ်လို့... အော့... ဆိုင်ကိုမလာတာလဲ.... အော့"

ဓာရီ့ကိုယ်စား သည်းမခံနိုင်သည့် သိန်းသန်းစုက ဝင်ပြော၏။

"ဦးဝင်းကိုကလည်း ခုထိ ကျို့ထိုးတာ မပျောက်သေးဘူးလား"

"ခုဟာက... အော့... နောက်တစ်ခေါက်... အော့... ထပ်ဖြစ်တာ... အော့"

"သိတယ် စကားမများနဲ့"

"သိရင်... အော့... ဘာဖြစ်လို့... အော့... မေးနေတာလဲ... အော့"

ထိုအချိန်မှာ ထပ်မံ၍ရောက်ရှိလာသူက အားလုံးက လိုးလားတောင့်တခြင်း မရှိလှသော ဇော်မြင့်မြင့်ဦး ဖြစ်လေ၏။ ဝမ်းမြောက်ဝမ်းသာနှင့်ပင် မီမီထွေးက အိမ်ထဲသို့ လှမ်းအော်လိုက်သည်။

"အန်တီ ဒေါ်မြင့်မြင့်ဦးရေ..."

"ဟေ..."

"လာပါဦး... ဒီမှာ ကိုဇော်မြင့်မြင့်ဦးနဲ့ မိတ်ဆက်ပေးမလို့"

ရှာရှာဖွေဖွေခေါ်လာသော ရပ်ကွက်ထဲမှ အဒေါ်ကြီးဖြစ်၏။ သူ့ခမျာလည်း ဘာမသိညာမသိ လိုက်လာရခြင်းဖြစ်သည်။ ထိုအဒေါ်ကြီး၏ ပုံပန်းသဏ္ဍာန်က လက်သုံးဖက်စာလောက်ရှိသည့် ထန်းပင်ကို အထက်ဆင်ဖြင့် ခြားထားသလို ရှိ၏။

"အန်တီ... ဒါက ဇော်မြင့်မြင့်ဦး... တဲ့"

"ဟုတ်... ဟုတ်ကဲ့"

"ဒါကတော့ ဒေါ်မြင့်မြင့်ဦး... တဲ့"

"ဟုတ်... ဟုတ်ကဲ့"

"ဆွေးမျိုးတော့ မတော်ကြပါဘူးနော်"

"မတော်... မတော်ပါဘူး"

"တော်တော် မတော်တော် စကားပြောကြလေ"

"ဩော်... အင်း... အဟီး... ဇော်မြင့်မြင့်ဦး"

"ဩော်... အင်း... အဟီး... ဒေါ်မြင့်မြင့်ဦး"

ထိုအချိန်မှာ...

ပတ်ဝန်းကျင်တစ်ခုလုံး သံမဏိတစ်တုံး၏ ငြိမ်သက်အေးစက်မှုမျိုး ခံစားလိုက်ရသလို ဖြစ်သွားပြီး ကျောထဲမှာ စိမ့်ခနဲဖြစ်သွားကြရ၏။ လှည့်ကြည့်မိတော့...

"ဟင်... ရဲဘုန်းမင်း"

"ဟာ... ကိုရဲဘုန်းမင်း"

ရဲဘုန်းမင်းက မည်သည့်စကားကိုမှ မဆိုပါ။ အားလုံးကို ခေါင်းတစ်ချက်ဆတ်၍ အသိအမှတ်ပြုသလိုနှုတ်ဆက်ပြီး မလှမ်းမကမ်းမှ ကုလားထိုင်ပေါ်တွင်တင်ထားသည့် ကက်ဆက်ဆီ လျှောက်သွားသည်။ ခလုတ်ကို နှိပ်လိုက်သည်။

"မိန်းမ x x ယူဖို့ x x ငါ့မှာ ပိုက်ဆံမရှိဘူး x x"

ရဲဘုန်းမင်းက ကက်ဆက်ခလုတ်ကို ပြန်ပိတ်လိုက်၏။ ရဲဘုန်းမင်းက တစ်ယောက်တည်းလာသည် မဟုတ်ချေ။ သူ့နောက်မှာ လူရွယ်တစ်ယောက် ပါလာသည်။ ထိုလူရွယ်က ရဲဘုန်းမင်းကို တိုးတိုးပြော၏။

"ယောက်ျားယူဖို့ကော ပိုက်ဆံရှိသလားဟင်"

ရဲဘုန်းမင်းက မည်သည့်စကားကိုမျှမဆိုဘဲ ကက်ဆက်ထဲသို့ အခွေလဲထည့်၏။ မြန်မာပြည်သိန်းတန်၏ စုံတော်မြိုင် ' အခွေဖြစ်နေသည်။ တီးလုံးအစမှာပင် ရဲဘုန်းမင်းက...

"ကိုဇော်မြင့်မြင့်ဦး"

"ဘာလဲ"

ဇော်မြင့်မြင့်ဦးက တင်းမာပုံရသော်လည်း ရဲဘုန်းမင်းက ချစ်ခင်ရင်းနှီးစွာ လက်ဆွဲနှုတ်ဆက်သည်။ ထိုသို့ လက်ဆွဲနှုတ်ဆက်နေရင်းကပင် စကားအေးအေးဆိုသည်။

"တီးလုံးလေးက ကောင်းတယ်နော်"

"ကောင်းမှာပေါ့၊ LPJ ပဲ"

"မကချင်ဘူးလား"

ဇော်မြင့်မြင့်ဦး တစ်ချက်တွေထွက်သွားပြီး...

"က... ကချင်တယ်"

"စုံတောမြိုင်ဆိုတော့ မျောက်လည်းရှိတယ်"

"ဟုတ်... ဟုတ်ကဲ့"

"မျောက်ကလေး မကချင်ဘူးလား"

"က... ကချင်တယ်"

"တက်တက်ကြွကြွ ဖြေစမ်းပါ"

"ကချင်တာပေါ့၊ ကချင်တာပေါ့"

"ဒါဖြင့်လည်း က... ဗျာ"

ထိုသို့ပြောပြီး ရဲဘုန်းမင်းက လက်လွှတ်ပေးလိုက်သည်။ အံ့သြဖွယ်ရာကောင်းလောက်အောင်ပင် ဇော်မြင့်မြင့်ဦးက ရင်ဘတ်ကို လက်ကလေးနှင့်ဖိကာ သူ့ကိုသူ ထိန်းချုပ်နေရှာသည်။

ထိုအရာများကို ရဲဘုန်းမင်းက ဂရုမထားပါ။ ဓာရီဘက်သို့လှည့်ကာ...

"ဓာရီ"

"ပြောပါ"

"ခင်ဗျားအမေက စကားမပြောနိုင်တော့တဲ့ ဝေဒနာသည်တစ်ယောက်ဆိုတာကို မကြာသေးမီကမှ ကျွန်တော် သိခဲ့ရတယ်၊ ကျွန်တော် ကုပေးနိုင်ပါတယ်၊ ဒါပေမဲ့ နှစ်တွေက(၂၀) နီးပါးရှိပြီဆိုတော့ နည်းနည်းအားစိုက်ရလိမ့်မယ်၊ ဘာပဲပြောပြောလေ ခင်ဗျားနဲ့ကျွန်တော်နဲ့ဟာ သူငယ်ချင်းတွေပါပဲ၊ ကျွန်တော့်ကို ခင်ဗျားအမေနဲ့ ခဏတွေ့ပေးပါ"

ဓာရီ စိတ်လှုပ်ရှားသွားသည်။

"ရှင်... ရှင် တကယ် ကယ်နိုင်တယ်လား"

"လူသတ်သမားရဲ့သားဟာ လူမကယ်နိုင်ဘူးလို့ ခင်ဗျား ထင်နေသလား"

"အာ... အဲ... အဲဒီလိုတော့မပြောပါနဲ့၊ လာ... မေမေ့ဆီ သွားကြမယ်"

ရဲဘုန်းမင်းတင်မကပဲ တစ်ပြုံတစ်မကြီး နောက်က ပါသွားကြသည်။ မျောက်က ကနေသော ဇော်မြင့်မြင့်ဦးနှင့် ရင်ဖိ၍ကြည့်နေသော ဒေါ်မြင့်မြင့်ဦးတို့သာ ကျန်ခဲ့ကြသည်။ အိမ်ထဲဝင်၍ အပေါ်ထပ်သို့တက်သော လှေခါးထစ်မှာ ရဲဘုန်းမင်းက ပြော၏။

"တကယ်လို့သာ လူတစ်ယောက်က စိတ်ညှို့တတ်တယ်၊ ပစ္စည်းအကူအညီကို မသုံးဘဲ သူ့ရဲ့စိတ်တန်ခိုးသက်သက်နဲ့ ညှို့တတ်တယ် ဆိုလို့ရှိရင် အဲဒီလူနဲ့ လက်ဆွဲနှုတ်ဆက်တဲ့နေရာမှာ သတိထားပါ၊ ကိုယ့်ရဲ့လက်ခလယ်ကို သူ့ရဲ့ လက်ခလယ်နဲ့အပေါ်က ထပ်လိုက်ပြီဆိုလို့ရှိရင် သူ့ရဲ့ ညှို့စက်ကွင်းထဲ ကိုယ်မိသွားပြီလို့သာ မှတ်လိုက်ပေတော့၊ သူခိုင်းတာကို ကိုယ်လုပ်ရတော့မယ်"

အပေါ်ထပ်တက်သွားသောအခါ နံရံမှာချိတ်ထားသည့် ဓာတ်ပုံကြီးတစ်ပုံကိုကြည့်ပြီး ရဲဘုန်းမင်းက...

"ဒါ ဘယ်သူလဲ"

ဓာရီက...

"အဲဒါ ဓာရီ့ဦးလေးလေ... ပထွေးလို့ပြောရင်လည်း ရတာပေါ့၊ ဖေဖေဆုံးသွားတော့ ဦးလေးက မေမေ့ကိုပဲ ဆက်လက်ထပ်ခဲ့တယ်"

ရဲဘုန်းမင်းက ဓာတ်ပုံရှေ့မှာ လက်နှစ်ဖက်နောက်ပစ်ပြီး ခေါင်းတဆတ်ဆတ်ညိတ်၏။ နောက်ဘက်သို့ ငဲ့စောင်းကြည့်သောအခါ သူနှင့်အတူပါလာသည့်လူရွယ်က ခေါင်းညိတ်ပြသည်။ ထိုအချိန်မှာပဲ နာ့စ်မ၏ အကူအညီဖြင့် ဓာရီ့မေမေက အခန်းထဲမှ ထွက်လာသည်။

ရဲဘုန်းမင်းက ဓာရီ့မေမေ၏မျက်နှာရှေ့ကို လက်ဝါးဖြန့်၍ တစ်ချက်သပ်ချ၏။ ထို့နောက် ခေါင်းညိတ်ကာ...

"ကုလို့ရနိုင်ပါတယ်၊ အခန်းထဲပြန်ဝင်ပါ"

အခန်းထဲရောက်တော့ ရဲဘုန်းမင်းက ဓာရီ့မေမေကို ချက်ချင်းဆိုသလို အိပ်မွေ့ချလိုက်သည်။ မျက်ခုံးနှစ်ခုကြား အလယ်တည့်တည့်နေရာကို လက်ညှိုးနှင့်ထောက်ပြီး အိပ်မွေ့ချလိုက်ခြင်းဖြစ်သည်။

ထို့နောက် ဆံဖျားမှခြေဖျားထိ အစုန်အဆန် အသားကိုမထိဘဲ လက်နှင့် သပ်နေသေး၏။ အတန်ကြာမှ ဓာရီ့ဘက်သို့ လှည့်ကြည့်ကာ

"ဓာရီ"

"ရှင်"

"ခင်ဗျားအမေရဲ့ရောဂါက ကုလို့ရပါတယ်"

"ဟင်... ဟုတ်လား၊ ဝမ်းသာလိုက်တာ"

"ဒါပေမဲ့ စနစ်တကျကုမှ ဖြစ်မယ်၊ ဒီလိုကုလို့ မရဘူး"

"ဘယ်လိုကုရမှာလဲ"

"အရေးကြီးတဲ့လူတွေကို စိတ်ညှို့အိပ်မွေ့ချတဲ့ ကျွန်တော့်ရဲ့သီးသန့်ခန်းရှိတယ်၊ မနက်ဖြန်ခါ အဲဒီကို လာခဲ့ပါ"

"ကျွန်မ တစ်ခါမှ မရောက်ဖူးဘူး"

"ခင်ဗျားတင်မဟုတ်ပါဘူး၊ ကျွန်တော်ရဲ့တစ်ဆောင်တည်းတစ်ခန်းတည်းနေတဲ့ ကိုရဲဝင်းတို့တောင် မရောက်ဖူးဘူး၊ ရော့... ဒီမှာ ကျွန်တော့်ရဲ့ ဒုတိယလိပ်စာကတ်၊ မနက်ဖြန်ညနေလေးနာရီ ဆက်ဆက်လာခဲ့ပါ"

"ဟုတ်... ဟုတ်ကဲ့"

"ခု ခင်ဗျားအမေကို ကျွန်တော် အိပ်မွေ့ဖြေမသွားဘူး၊ ဒါပေမဲ့ နောက်နှစ်နာရီအကြာမှာ သူ့ဘာသာသူ ရွှင်ရွှင်လန်းလန်း နိုးလာလိမ့်မယ်၊ ကဲ... ကျွန်တော်သွားမယ်"

သူနှင့်အတူပါလာသော လူရွယ်ကလည်း လိုက်ထွက်သည်။ ကိုရဲဝင်းတို့အုပ်စုကလည်း လိုက်ထွက်သည်။ အပြင်မှာတော့ ဇော်မြင့်မြင့်ဦးက မျောက်က ကလို့ကောင်းတုန်း၊ ဒေါ်မြင့်မြင့်ဦးကလည်း ရင်ဘတ်ဖိပြီး ပရိသတ်လုပ်တုန်း။

*ဆပ်ပြာပူဖောင်းလေးတွေ*

*လိမ့်ကာရမ်းကာတက်သွား*

*နေ့သစ်မှာ... ကျွန်တော်ပေါက်ကွဲနေမိတယ်။*

## မ င် း စ စ် အိ မ်

## ( ဓ ါ် သံ ကွဲ အ ၁ း မှ )

အခန်းက အလင်းအမှောင်ညီသည်။ အပူအအေးလွန်ကဲမှုလည်းမရှိဘဲ တိတ်ဆိတ်သည်။ မကျဉ်းမကျယ် အနေအထားဖြင့် လေဝင်လေထွက်ကောင်းကာ ညှို့ဓာတ်တစ်စုံတစ်ရာ ရှိနေသည်ဟုပင် အလိုအလျောက် ခံစားရသည့် အခန်းတစ်ခု ဖြစ်သည်။

အခန်းထဲမှာရှိသော ပစ္စည်းအားလုံးသည် အရာရာသေသပ်ကျနစွာ...။ ရဲဘုန်းမင်းကို တစ်ခါမှ မမြင်ဘူးသော ပုံစံအနေအထားဖြင့် မြင်ရသည်။ နီညိုရောင်ဝတ်ရုံတစ်ထည်ကိုခြုံထားပြီး ဝတ်ရုံ၏ ဘယ်ဘက်ရင်စွန်းမှာ ခြောက်ထောင့်ကြယ်တစ်လုံးပုံကို ရေးထိုးထားသည်။ သူ၏မျက်နှာက အထူးတည်ငြိမ်လျက် ရှိလေသည်။

မိခင်ဖြစ်သူကို တွဲခေါ်လာသည့် ဓာရီသည်လည်းကောင်း၊ သူတို့နောက်မှ တသီတသန်းကြီးလိုက်ပါလာသည့် သူငယ်ချင်းအုပ်စုကြီးသည်လည်းကောင်း ထိုအခန်းထဲရောက်သွားသည်နှင့် အလိုအလျောက် သိမ်ငယ် ဝပ်ပျော့ ကျသွားသလို ကိုယ့်ကိုယ်ကို ခံစားလိုက်ကြရသည်။

ယခုကဲ့သို့ သူတို့တွေ တပြုံတမကြီးရောက်လာသည်နှင့် ပတ်သက်၍ ရဲဘုန်းမင်းက အံ့သြဟန်မပြပါ။ ဓာရီ၏ မိခင်ဖြစ်သူကိုသာ ခုတင်ပေါ်တွင်လှဲခိုင်းပြီး ကျန်သူများကို အခန်းထောင့်စွန်းမှ ခုံအသီးသီးတွင် ထိုင်ခိုင်းသည်။

စကားနှင့်ပြောဆိုခြင်း မဟုတ်ပါ။ လက်နှင့်ညွှန်၍ စေခိုင်းခြင်းဖြစ်သည်။ အားလုံးကလည်းသူ့အလိုကို လိုက်ကြရလေသည်။

ဓာရီနှင့် ရဲဘုန်းမင်းတို့၏ အခြေအနေက ရှေ့လျှောက်မှာ ဘယ်လိုဆက်ဖြစ်မည်လဲ။ အဲဒါကို သိချင်သည်။ လောလောဆယ်မှာတော့ နှစ်(၂၀)ကျော်ခန့် အသံပျောက်နေသည့် ဓာရီ့မိခင် ဒေါ်နှင်းသော်ဝေ၏ ရောဂါအခြေအနေ မည်သို့ဆက်ဖြစ်မည်နည်း။ ရဲဘုန်းမင်းက မည်သို့မည်ပုံ ကုသမည်နည်းဆိုသည်ကို ပို၍ စိတ်ဝင်းစားနေကြသည်။

ခုကုတင်ပေါ်တွင်လှဲ၍ သူ့အား မျက်လုံးအဝိုင်းသားလေးနှင့်ကြည့်နေသော ဒေါ်နှင်းသော်ဝေကို ရဲဘုန်းမင်းက ပထမအကြိမ်တုန်းကလိုပင် အိပ်မွေ့ချလိုက်သည်။ သူ့အတွက်ကတော့ လွယ်ကူပေါ့ပါးလွန်းလှပါသည်။ မျက်လုံးနှစ်လုံးကို လက်နှင့်သပ်၍ မှိတ်ခိုင်းလိုက်သည်။

ထို့နောက် မျက်ခုံးနှစ်ခုကြားနေရာကို ညာဘက်လက်မနှင့်ထိကာ သုံးကြိမ်တိုင် လက်ျာရစ် ရစ်လိုက်ပြီး လက်လွှတ်လိုက်သည်။ မည်သည့်စကားကိုမှ မဆိုလိုက်ရဘဲ အသက်မှန်မှန်ရှူလျက် ဒေါ်နှင်းသော်ဝေ အိပ်မောကျသွားသည်။ ထိုအခါကျမှ ရဲဘုန်းမင်းက...

"ဓာရီ"

"ရှင်"

"အခု ခင်ဖျားအမေရဲ့ရောဂါကို ကျွန်တော်ကုပေးမယ်"

"ဟုတ်ကဲ့"

"အမှန်တော့ ခင်ဖျားအမေရဲ့ရောဂါကို ကုဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ နှစ်ပေါင်းများစွာကြာခဲ့တဲ့ ဝေဒနာကိုး၊ အခု ကျွန်တော်ကုမယ့် နည်းစနစ်ကို ပြောပြမယ်"

"ဟုတ်ကဲ့ ပြောပါ၊ ကျွန်မကလည်း အရမ်းသိချင်တာပါ"

ဓာရီတင်မဟုတ်ပါ။ အားလုံးက သိချင်နေကြပါသည်။

"အခု ခင်ဖျားအမေကို အိပ်မွေ့ချပြီးပြီ၊ လွန်ခဲ့တဲ့နှစ် နှစ်ဆယ်ကျော်ထိ ကျွန်တော်က ပြန်ခေါ်သွားရလိမ့်မယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ စကားပြောနိုင်ခဲ့တဲ့ ဟိုတုန်းကကာလဆီကိုပေါ့"

"ဟုတ်ကဲ့... ဟုတ်ကဲ့ လွယ်ပါ့မလား"

"အဲဒါက ခင်ဖျားပူစရာ မလိုပါဘူး၊ ကျွန်တော့်အလုပ်ပါ"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

"အဲဒီကာလရောက်တဲ့အခါမှာ ခင်ဖျားအမေကို စကားပြောခွင့် အများကြီးပေးထားရလိမ့်မယ်၊ အိပ်မွေ့ကျနေလျက်ကပဲ သူ စကားတွေပြောနေလိမ့်မယ်၊ ခင်ဖျားမှတ်မိပါ့မလားတောင် မသိတဲ့ ခင်ဖျားအမေရဲ့ စကားပြောသံကို ကြားရလိမ့်မယ်"

"ဟုတ်... ဟုတ်ကဲ့"

ဓာရီ့ စိတ်တွေလှုပ်ရှားနေလေသည်။ မလှမ်းမကမ်းမှ ငြိမ်သက်ကြည့်ရှုနေကြသည့် အပေါင်းအပါတွေကလည်း ရင်တခုန်ခုန် ဖြစ်နေကြရ၏။ တစ်ခါမှ မမြင်ဘူးသည့် မြင်ကွင်းတစ်ခုကို တွေ့ကြုံကြရတော့မည်ကိုး။

ရဲဘုန်းမင်းက သူ့စကားကို ဆက်၏။

"ခင်ဗျားအမေကို အဲဒီလိုစကားတွေပြောခိုင်းထားပြီးတော့မှ ခုကာလထိကိုတစ်ဖြည်းဖြည်း ပြန်ဆွဲခေါ်လာမယ်၊ ခုချိန်ကာလမှာလည်း စကားပြောနိုင်တဲ့ အနေအထားကိုရောက်နေတာ ခင်ဗျားတို့ တွေ့ကြရလိမ့်မယ်"

"ဟုတ်ကဲ့"

"သူ အိပ်မွေ့ပျယ်သွားပြီး စကားပြောနိုင်နေတဲ့အချိန်မှာ ခင်ဗျားတို့ သားအမိ ဘာတွေပြောကြမယ်ဆိုတာကို ကိုယ့်ဘာသာကိုယ် စဉ်းစားထားနှင့်ပေါ့"

"ဟုတ်... ဟုတ်ကဲ့"

တံတွေးမျိုချကာ လက်ဖဝါးနစ်ဖက်ကို တွင်တွင်ပွတ်ရင်း ဓာရီ့ရင်ထဲမှာ တလှပ်လှပ်ခံစားနေရ၏။

"ကဲ... ခုချိန်ကစပြီး ခင်ဗျားအပါအဝင် အားလုံး ငြိမ်ကြမယ်"

"ဟုတ်ကဲ့"

"တစ် အသံမထွက်ပါနဲ့"

"ဟုတ်ကဲ့"

"နှစ် မလှုပ်ရှားပါနဲ့"

"ဟုတ်ကဲ့"

"သုံး ဆေးလိပ်မသောက်ပါနဲ့၊ လေး ဘယ်လိုအခြေအနေကိုကြုံနေရ ကြုံနေရ ဘေးကနေ ဝင်မစွက်ဖက်ပါနဲ့"

"ဟုတ်ကဲ့"

"ကောင်းပြီ... ဒါဖြင့်ရင် စကြမယ်"

အားလုံးက အသက်ကိုပင် ရဲရဲမရှူရဲကြ။ ရဲဘုန်းမင်းလုပ်သမျှကို လိုက်ကြည့်နေသည်။ ကြည့်မယ့်သာကြည့်ရသည် ရဲဘုန်းမင်းက ဘာမှ မလုပ်သေး။

အိပ်မွေ့ကျနေသော လူနာ၏ကုတင်ဘေးမှာ လက်နစ်ဖက်နောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန် သွားလာနေသည်။ ခြေသံမကြားရ။ အဝတ်အစားတို့၏ တိုးခတ်သံ မကြားရ။ နူးညံ့သည်နှင့်အမျှ လေးနက်သိမ်မွေ့သည်။

သူ့ကိုကြည့်ရသည်မှာလည်း အရင့်အရင်က မြင်ခဲ့ဘူးသည့် ရဲဘုန်းမင်း မဟုတ်သလို။ ပျော့ပျောင်းသောမျက်နှာနှင့် မျက်လွှာကို ချထားလျက်က မျက်လုံးတို့ လေးနက်စူးရှနေသည်။

ခဏကြာမှ ကက်ဆက်ခလုတ်ကိုနှိပ်လိုက်၏။ ကီတာရိုး၏ 'ထရန့်' အမည်ရှိ တီးလုံးက တိုးတိုးညင်းညင်းကလေး ထွက်ပေါ်လာနေသည်။ ရဲဘုန်းမင်းက သူ့အချိန်အဆကို သူ သိပုံရသည်။ တိုးညင်သော ထိုဂီတသံကိုပင် တိုးသည်ထက် တိုးအောင် အဆင့်ဆင့် လျှော့ချပြီး နောက်ဆုံး လုံးလုံးလျားလျား ပြန်ပိတ်ပစ်လိုက်သည်။

ကုတင်ပေါ်မှ ဒေါ်နှင်းသော်ဝေ မပြောနှင့်၊ ခပ်လှမ်းလှမ်းမှ လှေလာကြည့်ရှုသူအားလုံးပင်လျှင် အိပ်မွေ့အချခံရသလို ဖြစ်နေကြသည်။ ရဲဘုန်းမင်းက ဒေါ်နှင်းသော်ဝေ၏ကိုယ်ခန္ဓာ တစ်ထွာလောက်အကွာမှ သူ့လက်ဖဝါးများကို သပ်သပ်ချပြီး လက်ချောင်းလေးတွေ တဆတ်ဆတ်တုန်ယင်နေသည်ကို တွေ့ရ၏။

ထိုကဲ့သို့ ရှစ်ကြိမ်မျှလုပ်ပြီးမှ...

"ဒေါ်နှင်းသော်ဝေ"

"....."

"ဒေါ်နှင်းသော်ဝေ"

"....."

"ဒေါ်နှင်းသော်ဝေ"

"....."

ဒေါ်နှင်းသော်ဝေက မည်သို့မှ တုံ့ပြန်နိုင်စွမ်းမရှိချေ။ ရဲဘုန်းမင်းက အတိုးအကျယ် အလျော့အတင်းမရှိသော ပုံမှန်လေသံဖြင့် ရှင်းလင်းပီသစွာ ဆက်ပြော၏။

"အခု ခင်ဗျားအသက်ဟာ ခုနစ်နှစ် ပြန်ငယ်သွားပြီ"

"....."

"သိလား... အဲဒါကို သိလား"

ဒေါ်နှင်းသော်ဝေက စကားပြန်မပြောနိုင်ပါ။ သို့သော် နှုတ်ခမ်းလေးတွေရှုန်းနေသည်။ ထို့ကြောင့် ပြန်ပြောခြင်းဟု ယူဆရသည်။

"ကဲ... ဟုတ်ပြီ၊ အဲဒါကို သိတယ်ဆိုရင် နောက်ထပ်သုံးနှစ်ထပ်ငယ်ချလိုက်ပြန်ပြီ၊ အဲဒါကို သိတယ်ဆိုလို့ရှိရင် နောက်ထပ် သုံးနှစ်ထပ်ငယ်ချလိုက်ပြန်ပြီ"

"....."

"ဒါကိုရော သိလား လက်ခံလား '

အသံမထွက်သော်လည်း နှုတ်ခမ်းတွေ ရှန်းလာပြန်သည်။

"ဟုတ်ပြီ... ဟုတ်ပြီ၊ တောက်လျှောက် ဒီအတိုင်း သွားမယ်နော်၊ သုံးနစ်ကနေ ငါးနစ်၊ ငါးနစ်ကနေ ရှစ်နစ်၊ ထပ်ငယ်သွားရင် လက်ခံနိုင်ရမယ်နော်"

ဒေါ်နှင်းသော်ဝေ၏ ခန္ဓာကိုယ် အတန်ငယ် တုန်တုန်ယင်ယင် ဖြစ်လာသည်။ ထိုသို့ဖြင့် ရဲဘုန်းမင်းက သူမ၏အသက်ကို စကားပြောနိုင်စဉ် အချိန်ကာလထိ ဆွဲယူ ငယ်ရွယ်ချလိုက်၏။ ထို့နောက်...

"ကဲ... ဒေါ်နှင်းသော်ဝေ နည်းနည်းမောသွားပြီ၊ အနားယူပါ၊ ခဏလေး သက်တောင့်သက်သာ ပြန်လှဲလိုက်ပါဦး"

ကီတာရိုး၏ ထရန့်တီးလုံးကို မူလအနေအထားအတိုင်း ပြန်ဖွင့်ပြပြန်သည်။ ထူးခြားလာသည်ကတော့ ထိုအတောအတွင်းမှာ ဒေါ်နှင်းသော်ဝေ၏ အသက်ရှူသံတို့က တဖြည်းဖြည်း ပြင်းလာခြင်းဖြစ်သည်။

"ကဲ... ဒေါ်နှင်းသော်ဝေ၊ ကျွန်တော် လက်ဖျစ်သုံးချက်တီးမယ်၊ တတိယမြောက် လက်ဖျစ်သံဆုံးတဲ့အခါမှ ခင်ဗျားနဲ့ ကျွန်တော် စကားပြောကြမယ်"

ထို့နောက် ရဲဘုန်းမင်းက လက်ဖျစ်တီးသံ သုံးချက်ကို တိုင်ပင်ကိုက် တီး၏။ တတိယမြောက်လက်ဖျစ်တီးသံ အဆုံးမှာ...

"ကဲ... ဆရာမေးမယ်၊ ခု ဒေါ်နှင်းသော်ဝေ ဘာလုပ်နေတာတုံး"

"ကျွန်မ... ကျွန်မ အိပ်ပျော်နေတယ်"

ထိုသော ဒေါ်နှင်းသော်ဝေ၏ တုံ့ပြန်စကားကြောင့် ဓာရီ့ရင်ထဲမှာ ဒိုင်းခနဲဖြစ်သွားရသည်။ ကျန်လူအကုန်လုံးလည်း အံ့သြခြင်းကြီးစွာနှင့် အာမေဋိတ်သံ ပြုမိမလိုဖြစ်ပြီးမှ ကိုယ့်ကိုယ်ကို မနည်းပြန်လည်ထိန်းချုပ်ထားရသည်။

ထူးခြားသည်မှာ ဒေါ်နှင်းသော်ဝေ၏အသံက လူကြီးပိုင်းအသံမျိုးမဟုတ်ဘဲ လူရွယ်ပိုင်းအသံလို ဖြစ်နေခြင်းပင်။

"ဒေါ်နှင်းသော်ဝေ အိပ်မက်တွေ ဘာတွေများ မက်နေသေးလား"

"မမက်ဘူး"

သို့သော်လည်း အသက်ရှူနှုန်းက ဝရုန်းသုန်းကား ဖြစ်နေသည်။ ခြေတွေလက်တွေကလည်း ရှန်းချင်ကန်ချင်သလို တွန့်တွန့်လူးနေသည်။

"ခု ဒေါ်နှင်းသော်ဝေ ဘာဖြစ်နေတာတုံး"

"ကြောက်တယ်၊ ကြောက်တယ်"

"ဘာကို ကြောက်တာလဲ"

".....”

"ဘာကို ကြောက်တာလဲ”

".....”

"ကဲ... အဲဒါဆိုရင် ခဏထပ်အိပ်လိုက်ဦးနော်၊ စိတ်တွေကို လျှော့ချလိုက်၊ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်လိုက်၊ ပြန်အိပ်လိုက်”

ဒေါ်နှင်းသော်ဝေ၏ အသက်ရှူသံ ပြန်လည်၍ တိုးလျော့ကျသွားသည်။ ပုံမှန်အိပ်ပျော်နေသူတစ်ဦး၏ အနေအထားသို့ ပြန်ရောက်သွား၏။ အားလုံးက အသည်းတယားယားဖြင့် ဝိုင်းကြည့်နေမိကြသော်လည်း ရဲဘုန်းမင်းက အထူး တည်ငြိမ်လျက်ရှိ၏။

ကုတင်နံဘေးမှာ လက်နှစ်ဖက်နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် သွားမြဲဖြစ်သည်။ ပြီး... မျှော်လင့်မထားဘဲ ဥမ္မာဦးဆီသို့ လျှောက်သွားသည်။ တိုးညင်းစွာပြော၏။ ဒေါ်နှင်းသော်ဝေကိုပြောသော လေယူလေသိမ်းမျိုးနှင့်တော့ မတူချေ။

"အပြင်မှာ ဦးဝင်းကို ရောက်နေတယ်၊ အထဲကိုအဝင်မခံနဲ့၊ သူကျို့ထိုးနေရင် အနောက်အယှက်ဖြစ်မယ်”

ဥမ္မာဦး ထထွက်သွားသည်။ ဦးဝင်းကိုကို မည်သို့တားဆီးရသည် မသိ။ သူမပါ ပြန်ရောက်မလာတော့ချေ။ ရဲဘုန်းမင်းက...

"ဒေါ်နှင်းသော်ဝေ အိပ်ရေးဝပြီလား”

".....”

"အိပ်ရေးဝပြီဆိုရင် ကျွန်တော့်ကို မျက်တောင်သုံးချက်ခတ်ပြပါ”

မျက်တောင် သုံးချက်ကို တဖျတ်ဖျတ်ခတ်ပြ၏။

"ကဲ... ဒါဖြင့် ကျွန်တော်တို့ စကားဆက်ပြောကြမယ်နော်”

မျက်တောင် ခတ်ပြ၏။

" ဒေါ်နှင်းသော်ဝေ ကြောက်နေတုန်းပဲလား”

" ကြောက်တယ်...”

"ဘာကို ကြောက်တာလဲ”

"ကိုချမ်းငြိမ်းကျော် သေသွားပြီ"

"သူက ခင်ဗျားနဲ့ ဘာတော်လဲ"

"အစက မတ်၊ ယောက်ျားရဲ့ညီ၊ ကျွန်မယောက်ျားဆုံးသွားပြီးတော့ သူနဲ့လက်ထပ်ရတယ်၊ လက်ရှိ ကျွန်မယောက်ျား"

"သူက ဘာကြောင့်ဆုံးသွားတာလဲ"

"အသတ်ခံရတယ်"

"ဘယ်သူက သတ်တာလဲ"

".....''

"ဘယ်သူက သတ်တာလဲ"

".....''

"ဆရာမေးနေတယ်၊ မဖြေချင်လို့မရဘူး၊ တရားခံကို ဒေါ်နှင်းသော်ဝေ သိတယ် မဟုတ်လား"

"သိတယ်"

"ဘယ်သူလဲ"

".....''

"ဘယ်သူလဲလို့ ထပ်မေးမယ်၊ ဖြေရမယ်၊ ဒီမေးခွန်းကို ရှောင်လွှဲလို့ မရဘူး၊ ထပ်မေးမယ်၊ ဦးချမ်းငြိမ်းကျော်ကို သတ်တဲ့တရားခံက ဘယ်သူလဲ"

ဒေါ်နှင်းသော်ဝေ အသက်ရှူသံ အလွန်အမင်း ပြင်းထန်လာသည်။ တစ်ကိုယ်လုံး လူးသလိုလိမ့်သလို လှုပ်ရှားလာပြီး မျက်နှာနာကျင်ရှုံ့မဲ့လာသည်။ ဓာရီက တစ်စုံတစ်ခု ဝင်ပြောမည်အလုပ်မှာ ရဲဘုန်းမင်းက လက်ညှိုးထိုးပြီး ငြိမ်ငြိမ်နေခိုင်း၏။

အမိန့်အာဏာအပြည့်ပါသော သူ့ပုံဟန်ကြောင့် ဓာရီလည်း ငြိမ်သွားသည်။ ရဲဘုန်းမင်းက ဒေါ်နှင်းသော်ဝေဘက်သို့ ပြန်လှည့်ကာ…

"ကဲ… ဒေါ်နှင်းသော်ဝေ ဆရာမေးနေတာကို ဖြေပါ၊ အဲဒီလိုသိရက်နဲ့ မျိုသိပ်ထားရတာကြောင့် နှစ်ပေါင်းများစွာ အသံ 'အ' ခဲ့ရပြီးပြီ၊ ခု စကားပြန်ပြောနိုင်ပြီ… ပြော… ပြော…"

".....”

"မျိုသိပ်မထားနဲ့... ပြော... ပြော”

".....”

"အားလုံးကို ပြောချပစ်လိုက်၊ နှစ်ပေါင်းများစွာ မျိုသိပ်ခဲ့ရသမျှတွေကို ပြောချပစ်လိုက်၊ ပြောလိုက်...၊ ဦးချမ်းငြိမ်းကျော်ကို သတ်တဲ့တရားခံ ဘယ်သူလဲဆိုတာကိုပြောလိုက်”

".....”

"ဆရာအမိန့်ပေးတယ်၊ တရားခံဘယ်သူလဲ... ပြော”

"ကျွန်မ...”

"ဘယ်သူလဲ... ထပ်ပြော”

"ကျွန်မ...”

"အားလုံးကြားအောင် ကျယ်ကျယ်ထပ်ပြော၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ အကျယ်လောင်ဆုံး ပြော”

"တရားခံက ကျွန်မပဲ၊ ဦးချမ်းငြိမ်းကျော်ကို ကျွန်မပဲသတ်တာ”

မလှမ်းမကမ်းမှ ကြည့်နေကြသူအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်မည့်ဟန်ပန်ရှိသဖြင့် ရဲဘုန်းမင်းက သူတို့ဘက်သို့လှည့်ကာ ညာဘက်လက်နှင့် ဝေ့ရိုက်ချလိုက်၏။ လှိုင်းဆန်သည့်အားအင်တစ်ခု ရိုက်ခတ်ခံရသလို ဖြစ်သွားပြီး အကုန်လုံး ငြိမ်သက် တိတ်ဆိတ်သွားကြရပြန်သည်။

ရဲဘုန်းမင်းက မီးကို ပိတ်ချလိုက်သည်။ အခန်းထဲမှာ မှောင်သွားသည်။ သို့သော် ဒေါ်နှင်းသော်ဝေ၏ မျက်နှာကိုတော့ ဆလိုက်မီးထိုးပေးထားသည်။ သူ့ဝတ်ရုံမှ ခြောက်ထောင့်ကြယ်က အရောင်လက်နေသဖြင့် သူ့ကိုလည်း ဝိုးတဝါး မြင်နေရသည်။

"ကဲ... ဒေါ်နှင်းသော်ဝေ ဆက်ပြောမယ်၊ ဦးချမ်းငြိမ်းကျော်ကို ခင်ဗျား ဘာဖြစ်လို့ သတ်ရတာလဲ”

"ကျွန်မကို နှိပ်စက်တယ်”

"အကျယ်တဝင့် ပြောပြပါ”

"ကျွန်မ သူ့ကို မချစ်ဘူး၊ မချစ်ဘဲ ယူခဲ့ရတာ၊ သူက အစကတည်းက ကျွန်မယောကျ်ား ကိုချမ်းငြိမ်းမော် အပေါ်မှာလည်း ညီအစ်ကိုချင်း မနာလိုစိတ် ရှိခဲ့တယ်၊ မရီးဖြစ်တဲ့ ကျွန်မကိုလည်း အကြိမ်ကြိမ်ရိသဲ့သဲ့ လုပ်ခဲ့တယ်”

"ဟုတ်ပြီ... ဆက်ပြော"

"ကျွန်မတို့လင်မယားရဲ့ ကုမ္ပဏီလုပ်ငန်းတွေထဲမှာ သူဟာမန်နေဂျာပဲ၊ ကျွန်မယောက်ျား ကိုချမ်းငြိမ်းမော် သေသွားတော့ လုပ်ငန်းတွေအတွက် သူ့ကိုပဲ အားထားရတယ်၊ သူကလည်း အဲဒီအခွင့်အရေးကို အပြည့်အဝယူတယ်၊ နီးစပ်ရာ လူပေါင်းစုံနဲ့ ကျွန်မကို စကားကြောင်းလမ်းတယ်"

"အဲဒီတော့ ဒေါ်နှင်းသော်ဝေက ငြင်းခဲ့လား"

"ငြင်းချင်တယ်၊ သူ့ကို လင်သားအဖြစ် ဘယ်လိုမှ စဉ်းစားလို့မရဘူး၊ ဒါပေမဲ့ ခေါင်းညိတ်ခဲ့ရတယ်"

"ဘာဖြစ်လို့လဲ"

"အကြောင်းနှစ်ချက် ရှိတယ်"

"တစ်ချက်ချင်း ပြောပါ"

"နောင်တစ်ချိန်မှာ အရွယ်ရောက်လာမယ့် ကျွန်မရဲ့သမီးလေးကို ပထွေးနဲ့ မနေစေ့ချင်လို့ ဦးလေးအရင်းနဲ့ဆိုတော့ တော်သေးတယ်"

"အိမ်ထောင်မပြုဘဲ ခင်ဗျား မနေနိုင်ဘူးလား"

"မိန်းမတစ်ယောက်အနေနဲ့ ဒီစီးပွားရေးလုပ်ငန်းတွေကို ကျွန်မ မဦးစီးနိုင်ဘူး၊ အရွယ်ရှိသေးတဲ့ မုဆိုးမတစ်ယောက် အနေနဲ့လည်း ပတ်ဝန်းကျင်မှာ ယောက်ျားသားတွေနဲ့အလုပ်လုပ်နေရတာ မတင့်တယ်ဘူး"

"ကဲ... ဟုတ်ပြီ၊ နောက်တစ်ချက်ဆက်ပြော"

"သူ့ကို မယူလို့မရတဲ့ အခြေအနေရောက်သွားတယ်၊ တစ်ညမှာ သူကကျွန်မကို မတော်မတရား၊ လာကျင့်သွားတယ်"

"ကဲ... ယူလိုက်ရပြီဆိုပါတော့၊ စိတ်မချမ်းသာရဘူးပေါ့၊ ဟုတ်လား..."

"တစ်ရက်မှ စိတ်မချမ်းသာရဘူး၊ နေ့တိုင်းမျက်ရည်နဲ့မျက်ခွက် နေခဲ့ရတယ်၊ အပြင်လူတွေကတော့ မသိဘူးပေါ့"

"ခင်ဗျား သူ့ကို ဘယ်လိုသတ်ပစ်လိုက်တာလဲ"

"သူက ညဘက်ဆို အရက်သောက်ပြီးမှ အိမ်ပြန်လာတတ်တယ်၊ အိမ်ရောက်ရင် ကချင်မုဆိုးတစ်ယောက်ဆီက ရထားတဲ့ သွေးဆေးလေး သောက်တတ်တယ်"

"အင်း... ဟုတ်ပြီ"

"တစ်ရက်ကျတော့ အမှုးလွန်ပြီး အိမ်ရောက်အောင် ကားကို မနည်းမောင်းလာရတယ်၊ အဲဒါကြောင့် ကျွန်မက သွေးဆေးကို အိမ်ရောက်မှ သောက်မယ့်အစား ဆိုင်က ပြန်လာခါနီးမှာ တစ်ခါတည်းသောက်ခဲ့ပါလားလို့ အကြံပေးလိုက်တယ်၊ သူကလည်း အဲဒါကိုလက်ခံတယ်"

"ဟုတ်ပြီ... ဘယ်လိုဆက်ဖြစ်သတုံး"

"ပထမတစ်ရက် သူ စမ်းလုပ်ကြည့်တယ်၊ အဆင်ပြေသတဲ့၊ နောက်တစ်ရက်မှာကျမှ ကျွန်မက အဲဒီသွေးဆေးနဲ့ အဆိပ်နဲ့ကို လဲထားလိုက်တယ်"

"ဟုတ်ပြီ... အမှုက ရုပ်လုံးပေါ်လာပြီ၊ ဆက်ပြောပါဦး"

"အဲဒီညမှာ ကျွန်မဟာ သူ့ရဲ့သတင်းဆိုးကို ရင်တထိတ်ထိတ်နဲ့ စောင့်မျှော်နေရတယ်၊ နောက်တော့ သူသေပြီဆိုတာကို သိရတယ်၊ အောင်မြင်ပြီလို့ ခံစားလိုက်ရတယ်၊ ဒါပေမဲ့ တစ်ဘက်မှာလည်း အရမ်းကြောက်သွားတယ်၊ ရဲတွေက ကျွန်မကို လာမေးမှာစိုးတယ်၊ ဖြေတဲ့အခါ စကားမများဖို့လိုတယ်ဆိုပြီး ကိုယ့်ကိုယ်ကို အကြိမ်ကြိမ် သတိပေးတယ်၊ အဲဒီလိုနဲ့ တစ်ခါတည်း အသံ 'အ' သွားတယ်၊ လူတွေကတော့ စိတ်ထိခိုက်လို့လို့ ထင်ကြတာပေါ့၊ ဒါပေမဲ့ အဖြစ်မှန်က အဲဒီအတိုင်းပဲ"

"ခင်ဗျားကိုယ်စား စားသောက်ဆိုင်အလုပ်သမားတစ်ယောက်က တရားခံဖြစ်သွားရတာကိုရော သိသလား"

"အဲဒီကြားထဲမှာ ကျွန်မ ဆေးရုံတက်လိုက်ရသေးတယ်၊ လေးလလောက်ကြာတယ်၊ ဆေးရုံကပြန်ဆင်းလာမှ သိပါတယ်၊ ဒါပေမဲ့ လွန်ကုန်ပြီ"

"အဲဒီစားသောက်ဆိုင်ဝန်ထမ်းရဲ့ အမေကြီးက သူ့သားကို လူသတ်တရားခံအဖြစ်ဖမ်းသွားပြီလို့ သိတော့ တစ်ခါတည်း အသက်ထွက်သွားတယ်၊ အဲဒါကိုရော သိသလား"

"မ... မသိပါဘူး"

"တရားခံမဟုတ်ဘဲ ထောင်ထဲရောက်ခဲ့ရတဲ့ ဝန်ထမ်းကလည်း သူ့အမေ သူ့ကြောင့်ဆုံးတယ်လို့ ကြားပြီး နလုံးရောဂါနဲ့ ထောင်ထဲမှာပဲ သေသွားတယ်၊ အဲဒါကိုရော သိသလား"

"မ... မသိပါဘူး"

"အဲဒီဝန်ထမ်းမိသားစုကို တစ်ဖက်လှည့်နဲ့ ကူညီမယ်လို့ကော စိတ်ကူးမရှိခဲ့ဘူးလား"

"ကျွန်မ ကြိုးစားပါတယ်၊ ဒါပေမဲ့ သူတို့က ခြေရာဖျောက်သွားကြတယ်၊ ရန်ကုန်ကနေ အပြီးအပိုင် ပြောင်းသွားကြတယ်"

"ကဲ... ဒေါ်နှင်းသော်ဝေ စကားပြောတာ အတော်များသွားပြီ၊ ပြန်အိပ်လိုက်ဦးနော်၊ အိပ်ရာကနိုးလာတဲ့အခါကျရင် အသံ' အ ' မနေတော့ပါဘူး၊ အရင်လိုပဲ စကားပြောလာနိုင်လိမ့်မယ်၊ စိတ်ချမ်းသာလက်ချမ်းသာ အိပ်လိုက်ပါတော့... အိပ်... အိပ်... အိပ်..."

အသက်ရှူသံတရှူးရှူးနှင့် ဒေါ်နှင်းသော်ဝေ ပြန်လည်အိပ်ပျော်သွားသည်။ အားလုံးလည်း ကြက်သေသေလျက်။ ဓာရီ့ရင်ထဲမှာလည်း ပြောမပြနိုင်သလို ခံစားမှုတွေ ဘယ်အချိန်တည်းက စီးကျနေခဲ့သလဲမသိသော မျက်ရည်တွေ။

ရဲဘုန်းမင်းက မီးကို ပြန်ဖွင့်လိုက်၏။ အခန်းထောင့်ကွယ်က နောက်ထပ် ကက်ဆက်တစ်လုံးဆီသွားကာ တိပ်ခွေကို ထုတ်ယူလိုက်သည်။ သူတို့မြင်သာအောင် ထိုတိပ်ခွေကို ထောင်ပြကာ...

"ဒါဟာ ဒေါ်နှင်းသော်ဝေ ပြောသွားတဲ့ ဖြောင့်ချက်စကားတွေပါ"

ထို့နောက် အတွင်းမှာကာထားသည့် လိုက်ကာဆီသို့လှည့်ကာ...

"ကဲ... လူကြီးမင်းတို့ ထွက်လာလို့ ရပါပြီ"

သံဝေဂ ရနေသောမျက်နှာမျိုးနှင့် လူလေးငါးခြောက်ယောက် လိုက်ကာနောက်ကွယ်မှ ထွက်လာကြသည်။

"ဒါ... အမှုအကြောင်း၊ ဥပဒေအကြောင်း နားလည်တဲ့ လူကြီးလူကောင်းတွေပါပဲ၊ လွန်ခဲ့တဲ့နှစ်(၂၀)ကျော်က ဒီအမှုကို ကိုင်တွယ်ခဲ့ရတဲ့ ပုဂ္ဂိုလ်တချို့လည်း ပါပါတယ်"

မနေ့က ဓာရီ့တို့အိမ်သို့ ရဲဘုန်းမင်းအလာမှာ ပါလာသူ လူရွယ်ကလည်း သက်ပြင်းတစ်ချက်ချလျက်...

"ဘာဘူဆိုတာ ကျွန်တော်ပါ၊ အဲဒီတုန်းက ကျွန်တော်က ဆယ်နှစ်လောက်ပဲ ရှိဦးမှာပေါ့၊ ဦးချမ်းငြိမ်းကျော်က ကျွန်တော့်ကို အဲဒီလို အရက်ခွက်ထဲ ဆေးထည့်ခိုင်းတယ်၊ ဘာမှမဖြစ်ပါဘူး၊ ရယ်တယ်၊ အဆိပ်နဲ့များ လဲထားမလားလို့၊ အခုမလဲဘူးကိုး၊ ငါ့မိန်းမက ငါ့ကိုထင်သလောက် မရက်စက်ပါဘူးလို့ပြောတယ်၊ နောက်နေ့မှာပဲ ကျွန်တော်က ကချင်ပြည်နယ်ဘက်ကို ကုန်သည်တစ်စုနဲ့ လိုက်သွားတယ်၊ နှစ်နှစ်ကျော်ကြာလို့ ပြန်လာပြီး ဒီအကြောင်းတွေသိရမှ ဦးရဲတင့်က ကန့်လန့်ကန့်လန့် ခံလိုက်ရပုံ ပေါ်တယ်လို့ ကျွန်တော်တွေးမိတယ်၊ နီးစပ်ရာကိုတော့ ပြောပြမိတယ်၊ ဒါပေမဲ့လွန်ကုန်ပြီ၊ ဒါပေမဲ့ ရဲဘုန်းမင်းလာမေးတော့ ကျွန်တော် အကုန်ပြောပြလိုက်တယ်"

ရဲဘုန်းမင်းက...

"စိတ်ညှို့အိပ်မွေ့ချခဲ့တဲ့ အတွေ့အကြုံတွေ ကျွန်တော့်မှာ အတော်ရှိခဲ့ပါပြီ၊ ဒေါ်နှင်းသော်ဝေကို လက်နဲ့ Passing လုပ်ကြည့်တော့ သွေးရိုးသားရိုးမဟုတ်ဘဲ အကြောင်းအရာတစ်ခုကြောင့် မျိုသိပ်လွန်းရင်း အသံ 'အ ' သွားရတယ်လို့ ကျွန်တော်နားလည်လိုက်တယ်၊ ဧည့်ခန်းကဓာတ်ပုံကြီးက ဦးချမ်းငြိမ်းကျော်ဆိုတာကိုတော့ ဘာဘူပြောလို့ ကျွန်တော် သိလိုက်ပါတယ်၊ ဒေါ်နှင်းသော်ဝေဟာ ဒီအမှုနဲ့ ပတ်သက်နေတဲ့သူဆိုတာကို

အိပ်မွေ့ချသူနဲ့ အိပ်မွေ့ချခံရသူတို့ကြားက စိတ်ဆက်သွယ်မှုတစ်ခုအရ ကျွန်တော် သိလိုက်ပါတယ်၊ အင်္ဂလိပ်လို Rapport လို့ခေါ်တယ်”

သက်ပြင်းတစ်ချက်ချ၍ ဆက်ပြောသည်။

“ပြီးတာတွေလည်း ပြီးခဲ့ပါပြီ၊ သေသူတွေလည်း ပြန်ရှင်လာကြတော့မှာ မဟုတ်ဘူး၊ ဒါဖြင့် ဘာကြောင့်များ ဒီအလုပ်ကို လုပ်ရတာလဲ၊ ဆိုကရေးတီး ပြောသလိုပေါ့လေ… ဂုဏ်သိက္ခာအရ တိုက်ရတာပါ”

ရဲဘုန်းမင်း၏လေသံက နူးညံ့သော်လည်း ပြတ်သားလှသည်။

“လူသတ်သမားလို့ မတရားစွပ်စွဲခံခဲ့ရတဲ့ ကျွန်တော့်အဖေရဲ့ဂုဏ်သိက္ခာ၊ ကျွန်တော်တို့ မရှိဆင်းရဲသား ဆွေမျိုးအသိုင်းအဝိုင်းလေးရဲ့ဂုဏ်သိက္ခာ၊ နောက်နောင် ကျွန်တော်ကနေ မွေးဖွားလာနိုင်တဲ့ သားလေးတွေ၊ သမီးလေးတွေရဲ့ ဂုဏ်သိက္ခာ… အဲဒါတွေအတွက် ကျွန်တော်တိုက်ရတာပါပဲ၊ ကျွန်တော့်ကို ခွင့်မလွှတ်ကြပါနဲ့၊ နားလည်ပေးသူရှိရင်ပဲ ကျေနပ်ပါပြီ”

ထိုသို့ပြောကာ အာခြောက်သွားဟန်ဖြင့် ရဲဘုန်းမင်းက ရေတစ်ခွက်ကို မော့သောက်သည်။ ပြီး လက်ထဲမှာ ကိုင်ထားသော ဖန်ခွက်အလွတ်ကို မဲ့ပြုံးနှင့်ကြည့်ကာ…

“ဒါ… ကံကြမ္မာလား”

မည်သူကမှ ပြန်မဖြေကြ။

“ဒါမှမဟုတ်ရင် ဒါဟာ သံသရာလား”

လက်ထဲမှ ဖန်ခွက်ကို ရဲဘုန်းမင်းက လွှတ်ချလိုက်၏။

ဖန်ခွက်က သံမံတလင်းပေါ်သို့ အရှိန်နှင့်

ပြုတ် . . .

ကျ . . .

သွား . . .

သည် . . .။

‘ ခွမ်း ’

'နိဂုံး'

ငါသည် သူ့ကို ချစ်ခဲ့၏။

သူသည်လည်း ငါ့ကို ချစ်ကောင်း ချစ်လိမ့်မည်။

သို့သော်...

(သီချင်းစာသားထဲကလို...)

**စိတ္တေမြတ်ထံ ဆုပန်သ...**

**ခုတဖန်ဘဝ မဆုံရသည်ရှိသော်...**

*ငါသည်သာ ပန်းဖြစ်၍*

*နောက်တစ်ကြိမ် ပြန်ပွင့်ခွင့်ရခဲ့သော်...*

**လေးစားစွာ...**

**တ ာ ရ ာ မ င် း ေ ဝ**

(၉.၄.၂၀၀၂)